# တော်လှန်သော ဒဿန

## Revolution in Philosophy

သခင်မြသန်း

## အခန်း(၁)
## အဘိဓမ္မာနှင့်လူ့အဖွဲ့အစည်း

အဘိဓမ္မာသည် လူမှုတိုက်ပွဲများနှင့် ခွဲခြား၍ မရအောင် ဆက်စပ်၍ နေ၏။ အဘိဓမ္မာသည် လူတန်းစား တစ်ဦးဦးဘက်သို့ လိုက်၏။ ဤသို့ဆိုခြင်းကြောင့် အဘိဓမ္မာကို ငြင်းဆိုခြင်း၊ သို့မဟုတ် ၎င်း၏ တန်ဖိုးကို ပစ်ပယ်ခြင်းမဟုတ်ပေ။ ၎င်းသည် လူတို့၏ ပြဿနာများနှင့် အမှန်တကယ် ဆက်စပ်နေကြောင်း၊ အဓိပ္ပာယ်ရှိနေကြောင်း ပြလိုခြင်းသာဖြစ်၏။ ရှေးတရုတ်၊ အိန္ဒိယ၊ ဂရိတ်၊ ရောမခေတ်မှ စ၍ ယနေ့အထိ၊ အဘိဓမ္မာ ဆွေးနွေးခြင်း၊ ငြင်းခုံကြမှုများသည် လူထုတိုက်ပွဲများကို အရောင်ရိုက်ခတ်ခဲ့ခြင်းသာ ဖြစ်ပေသည်။

အဘိဓမ္မာသည် ကျိုးကြောင်းဆင်ခြင်မှုသက်သက်ကြောင့် ရရှိလာခြင်း ဖြစ်သည်။ စီးပွားရေး၊ နိုင်ငံရေးတို့ကို ဆွဲသွင်းရောထွေးလာလျှင်၊ အဘိဓမ္မာသည် တန်ဖိုးယုတ်လျော့သွားလိမ့်မည်ဟူ၍ များစွာသော အဘိဓမ္မာဆရာတို့က ယူဆခဲ့ကြ၏။ အမှန်မှာ လူမှုပြဿသနာများနှင့် ဆက်စပ်နေခြင်း၊ ဘက်လိုက်ခြင်း၊ ဤလူမှု ပြဿနာများကို လောကကြီးနှင့် လူသားတို့၏ အဘိဓမ္မာသည် တန်ဖိုးလဲရှိ၊ အဓိပ္ပာယ်လည်း ရှိ၍ နေခြင်းဖြစ်လေသည်။

ဝမ်းနည်းစရာ ကောင်းသည်မှာ အဘိဓမ္မာဆရာများသည် လူမှုပြဿနာများ၊ လူတန်းစားအနေအထားများနှင့် ကင်းကွာနေသည်ဟု ကိုယ်တိုင်က ထင်မှတ်နေကြရာ၊ အဘိဓမ္မာဆရာဆိုသည်မှာ လူ့လောကအပေါ်က အရာများကို စဉ်းစားတွေးခေါ်သူများ ဖြစ်သည်ဟု အများက ယူဆနေကြခြင်း ဖြစ်လေသည်။ ထို့ကြောင့် ရိုးရိုးလူများသည် အဘိဓမ္မာဆိုတာ ''ဒို့လိုဉာဏ်နုတွေနဲ့ မဆိုင်''ဟု ယူဆနေကြတော့၏။ သို့ရာတွင်

လူများသည် အဘိဓမ္မာနှင့် ကင်းကွာနေ၍ ရသည်မဟုတ်ပေ။ စင်စစ်မှာ နယ်ချဲ့စနစ်ခေတ်၏ လူတန်းစားတိုက်ပွဲများ ဖြစ်ပေါ်နေသည့် နေရာတွင် အပြင်းထန်ဆုံးသော အဘိဓမ္မာရေး၊ သို့မဟုတ် အယူအဆရေးတိုက်ပွဲသည် တစ်ချိန်တည်းတွင် ဖြစ်ပေါ်လျက်ရှိနေပေသည်။

အဘိဓမ္မာဆိုသော ဘာသာရပ်တွင် ရာဇဝင်အရ၊ အောက်ပါပြဿနာများ ပါဝင်၏။ *၁။ လူတို့သည် မိမိ၏ ဘဝပြဿနာများကို ဖြေရှင်းရာတွင် အရေးအကြီးဆုံး သက်ဆိုင်နေသည့် ပြဿနာများ။ ၂။ နေ့စဉ်အတွေ့အကြုံအရလည်းကောင်း၊ တွေ့ရှိသမျှ ဝိဇ္ဇာပညာ အသိအရလည်းကောင်း၊ မဖြေရှင်းနိုင်သော ပြဿနာများတို့ဖြစ်၏။* ဤပြဿနာများကို လေးလေးနက်နက် လေ့လာသူများကို အဘိဓမ္မာဆရာများဟုခေါ်၏။

အဘိဓမ္မာနှင့် ဆိုင်သည်ဟု ဆိုသော ပြဿနာများကား ဘာတွေလဲ။ ၎င်းတို့မှာ ငါတို့သည် လူ့လောကကြီး အတွင်း၌ ဘာအတွက်တည်ရှိနေကြသလဲ။ ငါတို့ ဘယ်ကနေ ရောက်လာကြသလဲ။ လောကကြီး ဆိုသည်ကား။ မည်သည့်အရာနည်း။ ဤထက် တိတိကျကျဆိုလျှင်၊ လောကကြီးကို ဘုရားသခင်က ဖန်ဆင်းလေသလား။ သို့မဟုတ် အနတက္ကမက ကာလကတည်ရှိ လာခဲ့သလား၊ မြင်မြင်သမျှ အရာဝတ္ထုတို့သည် တစ်စုံတစ်ရာသော အလိုတော်အတွက် တစ်စုံတစ်ခုသော အစီအစဉ်နှင့် ဖြစ်ပေါ်လာခဲ့ခြင်းလား။ သို့မဟုတ် သဘာဝတရား၏ လှုပ်ရှားမှုအရ၊ ဖြစ်ပေါ်လာခြင်းလား။ ကမ္ဘာလောကကြီးကို ငါတို့အတွက် ဖန်ဆင်းပေးခြင်းလား သို့မဟုတ် ငါတို့သည် ကမ္ဘာလောကကြီး၊ တိုးတက်ဖြစ်ပေါ်လာမှုထဲမှ ပေါ်ထွက်လာခြင်း သက်သက်မျှသာ ဖြစ်သလော။ သေပြီးနောက် ဘဝရှိသေးသလော။ သို့မဟုတ် ဤဘဝ၊ ဤမျှသာလော။ မြင်မြင်သမျှ သခါရချည့်လော။ သို့မဟုတ် ထာဝရတည်မြဲ နေသလော။ ကမ္ဘာလောကကြီးသည် တကယ်တည်ရှိသလော။ သို့မဟုတ် အိပ်မက်မျှသာလော။ ကမ္ဘာလောကကြီးကို ငါတို့၏ အာရုံများနှင့် ထိတွေ့ခံစားနိုင်သလော၊ သို့မဟုတ် အာရုံများ အလှမ်းမမီသည့် နေရာတွင် ရှိနေသလား။ ကောင်းတယ်ဆိုတာဘာလဲ၊ တစ်စုံတစ်ရာကို ကောင်းအောင် ဘာက လုပ်ပေးသလဲ။ စိတ်ဆိုတာ ဘာလဲ။ ရုပ်ဝတ္ထုဆိုတာ ဘာလဲ။ ဤနှစ်ခု၏ ဆက်သွယ်မှု ဘာလဲ။ လူတို့သည် ကမ္ဘာကြီးနှင့် ပတ်သက်၍ ယဉ်ကျေးမှုစကတည်းက ဤမေးခွန်းများကို မေး၍ လာခဲ့ကြ၏။ ၎င်းမှာ အဘိဓမ္မာပင် ဖြစ်ပေသည်။

ဤမေးခွန်းများကို ကြည့်လျှင် လူ့အဖွဲ့အစည်းနှင့် ဘာမျှမဆိုင်ဟု ပထမ၌ထင်စရာရှိ၏။ သို့ရာတွင် ဤမေးခွန်းများ၏ အဖြေများသည် လူ့ဘဝနှင့်လည်းကောင်း။ လူမှုအဖွဲ့အစည်း၏ ပုံသဏ္ဌာန်များနှင့်လည်းကောင်း။ လှုပ်ရှားမှု၏ အခြေခံမှုများနှင့်လည်းကောင်း။ တိုက်ရိုက်သက်ဆိုင်သည့် အခြားသော မေးခွန်းများကို ဖြေဆိုဖို့ရာ

အတွက် အခြေခံရစေပေသည်။ ထိုမေးခွန်းများမှာ ငါတို့၏ ယခုဘဝသည် တစ်ခုတည်းသော ဘဝလော၊ သို့မဟုတ် နောင်ကောင်းရာသုဂတိသို့ လားရေးအတွက် ပဏာမဘဝလော၊ ဖြစ်ရမည့် အရာဟူသမျှကို ဘုရားသခင်က အမိန့်ပေးသလော၊ သို့မဟုတ် ငါတို့၏ ကံကြမ္မာသည် ငါတို့၏ လက်ထဲမှာလော ဖြစ်ရမည့်အရာဟူသမျှကို ဘုရားသခင်က အမိန့်ပေးသလော။ သို့မဟုတ် ငါတို့၏ ကံကြမ္မာသည် ငါတို့၏ လက်ထဲမှာလော။ ငါတို့သည် သဘာဝတရားနှင့် လူ့အဖွဲ့စည်းဖြစ်ပေါ်မှုတရားတို့ကို ပိုင်နိုင်စွာ သိရှိပြီး ငါတို့၏ ကံကြမ္မာကို စီမံဖန်တီးနိုင်သလော။ သို့မဟုတ် ငါတို့၏ အသိဉာဏ်သည် အကန့်အသတ်ရှိနေပြီး ငါတို့၏ ကံကြမ္မာကို ငါတို့မဖန်တီးနိုင်ဘဲ ရှိနေသလော။ လူတို့၏ စရိုက်သည် ပြောင်းလဲနိုင်သလော။ သို့မဟုတ် အကျင့်စာရိတ္တ မပြောင်းလဲဘဲ ပုံသေဖြစ်နေသလော။ ယောက်ျားနှင့် မိန်းမတို့သည် လက်တွဲလျက် လူ့လောကကောင်းကျိုးအတွက် ဆောင်ရွက်နိုင်သလော။ သို့မဟုတ် အစဉ်သဖြင့် ဖိုမဆက်ဆံရေးပြဿနာ သက်သက်သလော။ ငါတို့သည် လူတစ်မျိုးနှင့်တစ်မျိုး တန်းတူငြိမ်းချမ်းစွာ အတူတကွ တည်ရှိနေနိုင်သလော။ သို့မဟုတ် လူဖြူများက ကမ္ဘာကို လွှမ်းမိုးရမည်လော။ တစ်စုံတရာသည် ဘုရားသခင်က အမိန့်ပေးထားသည့်အတွက် ကောင်းတာလား။ သို့မဟုတ် လူသားတို့၏ အလိုဆန္ဒအကျိုးစီးပွားကို ဖြည့်စွမ်းနိုင်လို့ ကောင်းတာလား။ ခေါင်းဆောင်များ၏ စိတ်ကူးများက လူ့အဖွဲ့အစည်းကို တိုးတက်စေသလား။ သို့မဟုတ် လူထုများ၏ တိုက်ပွဲများက တိုးတက်စေသလား။ ဤမေးခွန်းများ၏ အဖြေများသည် ပထမမေးခွန်းများ၏ အဖြေများအပေါ်တွင် အမှီပြုနေပေသည်။

ၚင်းအပြင် အဘိဓမ္မာဆရာများ တစ်လျှောက်လုံး ဆွေးနွေးလာခဲ့ကြသည့် ပြဿနာများ မြောက်မြားစွာ ရှိသေး၏။ များစွာသော ပြဿနာများမှာ တိုးတက်လာသော ဝိဇ္ဇာပညာက ဖြေရှင်း၍ပေးခဲ့ရာ၊ အဘိဓမ္မာဆရာများအတွင်း ဆွေးနွေးစရာ မကျန်လောက်အောင် ဖြစ်လာခဲ့ပေသည်။ အမှန်အားဖြင့် ဤကျမ်း၏ စစ်တမ်းတစ်ခုမှာ လူတန်းစားတိုက်ပွဲ၏ အဆုံးသတ်သည် ဤပြဿနာများအားလုံးကို ဝိဇ္ဇာနည်းကျကျ ဖြေဆိုမှုကို ပြုလိမ့်မည်။ ဤနည်းအားဖြင့် အဘိဓမ္မာကို တော်လှန်ပြောင်းလဲမှု ပြုလိမ့်မည်ဆိုသည့်အချက်ဖြစ်ပေသည်။ ယခုအခါ ဤပြဿနာများကို အမျိုးမျိုး ဖြေဆိုနေကြခြင်းမှာ ယခုခေတ် လူ့အဖွဲ့စည်းအတွင်းရှိ မတူကွဲပြားခြားနားသော လူတန်းစားများ၊ အစုံများ၏ အနေအထားများကို အရောင်ရိုက်ခတ်နေခြင်းဖြစ်ပေသည်။

မာ့က်စ်ဝါဒမှလွဲ၍ အဘိဓမ္မာရာဇဝင်တွင် အစွဲကြီးတစ်ခုရှိခဲ့၏။ ၎င်းမှာ အဘိဓမ္မာဆရာများ သုံးသပ်ဆင်ခြင်ဖို့ရာ အတွက် ကမ္ဘာလောကကြီး တည်ရှိနေရသည်ဆိုသော အယူအဆဖြစ်၏။ တစ်နည်းအားဖြင့်ဆိုလျှင် ရုပ်ဝတ္ထုဆိုင်ရာ ထုတ်လုပ်မှုများသည် အသိဉာဏ်ဆိုင်ရာ ထုတ်လုပ်မှုများအတွက် တည်ရှိနေကြသည်။ အသိဉာဏ်

ဆိုင်ရာ ထုတ်လုပ်မှုများ၏ လက်အောက်ခံဖြစ်သည် ဆိုသောအယူအဆဖြစ်၏။ အမျိုးမျိုးသော လူမှုဆိုင်ရာ၊ စီးပွားရေးဆိုင်ရာ ဆက်ဆံရေးများက ဤအယူအဆနှင့် ပတ်သက်၍ အမျိုးမျိုးသော ပုံသဏ္ဍာန်များကို ဖော်ထုတ်ကြသော်လည်း အခြေခံတူညီသော တခုတည်းသော အယူအဆမှာ ဤသို့ဖြစ်၏။

လူ့အဖွဲ့အစည်းအတွင်းရှိ လူထုများကို လိုအပ်မှုအရ နှစ်ပိုင်းခွဲခြားထားသည်။ တစ်ပိုင်းက အလုပ်ကြမ်းလုပ်သူများ ဖြစ်၍ အခြားတစ်ပိုင်းက အလုပ်ကြမ်းကို ကိုယ်တိုင်မလုပ်ဘဲ၊ အခြားသူများကို ညွှန်ကြားခိုင်းစေကာ ကိုယ်တိုင်ကမူ အသိဉာဏ် ပညာဆိုင်ရာ အလုပ်များကို လုပ်သော အပိုင်းဖြစ်၏။ ဤအယူအဆသည် ခေတ်ကာလ တစ်လျှောက်လုံး အုပ်စိုးသူလူတန်းစားများအတွက် ရှေ့နေလိုက်ထားသည့် အယူအဆ ဖြစ်လေသည်။ ဤကျမ်း၏ အခြား စစ်တမ်းတစ်ခုမှာ စက်မှုတော်လှန် ရေးဖြစ်ပေါ်လာခြင်း ခေတ်မီ အလုပ်သမားလူတန်းစား ပေါ်ထွက်လာခြင်းတို့ကြောင့် လူ့အဖွဲ့အစည်းကို အလုပ်ကြမ်းလုပ်သူနှင့် အသိဉာဏ်ဆိုင်ရာအလုပ် လုပ်သူဟူ၍ ခွဲခြားရန် မလိုတော့ကြောင်း၊ ဤသို့ ခွဲခြားထားမှုကို ဆက်လက်၍ ခံနေတော့မည် မဟုတ်ကြောင်းပင်ဖြစ်၏။

ယခုအခါ ရှေးဟောင်းဘာသာရေးအယူအဆ အစွဲအလမ်းများသည် သန်းပေါင်းများစွာသော လူတို့၏ အပေါ်တွင် ဩဇာလွှမ်းမိုးမှုလျော့နည်း၍လာ၏။ ၎င်းလူများသည် ဤအစွဲအလမ်းများကို သိသိသာသာ ချွတ်ခွာပြီး၊ ကမ္ဘာလောကကြီးနှင့် ပတ်သက်၍ အမြင်သစ်ကို ရရှိလာကြသည် ဟူ၍ကား ဆိုလိုခြင်းမဟုတ်။ မည်သည့် လူမျိုး၊ မည်သည့် ဘာသာဝင်မဆို သူတို့၏ ဘဝအခြေအနေများကြောင့် အရှုံးပေး ငုံ့ခံနေကြမည့်အစား တိုက်ပွဲဆင်ရေးကို ယုံကြည်၍လာကြ၏။ နောင်ဘဝ ကောင်းစားဖို့ စောင့်ရမည့်အစား လက်ရှိနေရေး၊ ထိုင်ရေး၊ စားရေး၊ ဝတ်ရေးတို့က ပို၍ ရေးကြီးကြောင်း မြင်ကြ၏။ ကမ္ဘာ၏ ဆိုရှယ်လစ်မဟုတ်သော တိုင်းပြည်များတွင် သွေးစုတ်သူနှင့် အမြတ်ထုတ်ခံရသူ စစ်လိုလားသူနှင့် ငြိမ်းချမ်းရေးလိုလားသူ စသည်ဖြင့် ကွဲပြား၍ ဤအကွဲသည် အဘိဓမ္မာရေးရာတွင် ခေတ်နောက်ကျသော အစွဲအလမ်းဟောင်းများနှင့် ဘဝပြဿနာများကို ရုပ်ဝတ္ထုကျကျ ချည်းကပ်မှုတို့အကြားတွင် ပေါ်လွင်ထင်ရှား၍ နေပေသည်။

တိုက်ပွဲဆင်နေသူများက သိသည်ဖြစ်စေ၊ မသိသည်ဖြစ်စေ၊ ယခုအခါ အမြင်နှစ်ခုသည် တိုက်ပွဲဆင်လျက်ရှိနေ၏။ အလုပ်သမားတယောက်သည် သူ၏ အလုပ်ရှင်နှင့် အခြေအခံအမြင်ကွဲလွဲကြောင်း သတိပြုမိခြင်းမှ ပြုမိပေလိမ့်မည်။ သို့ရာတွင် လုပ်ခ၊ အလုပ်ချိန်၊ လူမှုဖူလုံရေး၊ ပြဿနာ စသည်တို့ ပေါ်လာသည့်အခါတွင် သူတို့နှစ်ဦး၏ အမြင်သည် ကွဲလွဲကြောင်း တွေ့ရပေလိမ့်မည်။

အလုပ်သမားအဖို့ရာ၌ မိမိအိမ်ထောင်အတွက် လုံလောက်မည့် လုပ်ခ၊

ထိခိုက်မှုမှကာကွယ်ရေး အစီအစဉ်တို့ကို စဉ်းစားမည်ဖြစ်၏။ အလုပ်ရှင်ကား သူ့ဘယ်လောက် အမြတ်ရနိုင်မည်ကို စဉ်းစားပေလိမ့်မည်။

ဤတိုက်ပွဲသည် ယခုအခါ တိုင်းပြည်တစ်ခု၏ နယ်နိမိတ်ကို ကျော်လွန်ကာ တစ်ကမ္ဘာလုံး ပြန့်နှံ့လျက်ရှိ၏။ ကမ္ဘာ့အရင်းရှင်းစနစ် အထွေထွေ အကျပ်အတည်းတွေ့သည်မှာ အနှစ်လေးဆယ်ပင် ကျော်ခဲ့လေပြီ။ သုံးပုံတစ်ပုံသော လူသားတို့သည် အရင်းရှင်စနစ်ကို ပစ်ပယ်ကာ လူ့အဖွဲ့အစည်းသစ်တစ်ရပ်ကို တည်ဆောက်နေကြလေပြီ၊

ဤတိုက်ပွဲသည် အယူအဆရေးရာ (ဝါ) အဘိဓမ္မာနှင့် လူ့ကျင့်ဝတ်ရေးရာတို့တွင် အရောင်လာ၍ ရိုက်ခတ်နေသည်မှာ မတော်တဆဖြစ်ခြင်းမဟုတ်ဘဲ၊ ရာဇဝင်၏ လိုအပ်ချက်များကြောင့် ဖြစ်ပေါ်လာခဲ့ခြင်းဖြစ်ပေသည်။ ဤတိုက်ပွဲသည် အယူအဆရေးရာများကို နှစ်ပိုင်းခွဲခြား၍ ပစ်လိုက်၏။ ၎င်းတို့မှာ အဖိနှိပ်ခံလူတန်းစား၊ အလုပ်သမားအဘိဓမ္မာနှင့် လူ့ကျင့်ဝတ်များကတစ်ဖက်၊ နယ်ချဲ့သမားများ သွေးစုပ်သူများ၏ အဘိဓမ္မာနှင့် လူ့ကျင့်ဝတ်များက တဖက်ဖြစ်၏။ အဘိဓမ္မာနှင့် တွေးခေါ်မှုရေးရာ နယ်ပယ်တွင် ဖြစ်ပွားနေသော ဤကွဲပြားမှုသည် မည်မျှအခြေခံကျ၍ နက်နဲသနည်းဆိုလျှင် ဖိနှိပ်သော လူတန်းစားဘက်မှ အဘိဓမ္မာဆရာများသည် ဤသို့သော ကွဲပြားမှုမရှိဟု ငြင်းဆိုကြသည်အထိ ဖြစ်ပေသည်။ *ပရက်မက်တစ်ဇင်း*နှင့် *ပေါ်ဇတစ်ဗစ်ဇင်း*ဟု ခေါ်သော အဘိဓမ္မာဂိုဏ်းများသည် လူတန်းစားများမရှိ တိုက်ပွဲမရှိသည့်အတွက် အယူအဆရေးရာ နယ်ပယ်တွင်လည်း လူတန်းစား ကွဲပြားမှုမရှိဟု ငြင်းဆိုကြသည်အထိ ဖြစ်ပေသည်၊ *ပရက်မက်တစ်ဇင်း*နှင့် *ပေါ်ဇတစ်ဗစ်ဇင်း*ဟု ခေါ်သော အဘိဓမ္မာဂိုဏ်းများသည် လူတန်းစားများမရှိ၊ လူတန်းစား တိုက်ပွဲမရှိဟု အဆိုရှိကြလေသည်။ လူတန်းစားတိုက်ပွဲမရှိသည့်အတွက် အယူအဆရေးရာ နယ်ပယ်တွင်လည်း လူတန်းစား ကွဲပြားမှုမရှိဟူ၍ အရင်းရှင်လူတန်းစား၏ အယူအဆရေးရာ ကိုယ်စားလှယ်များက ဆိုကြ၏။ ထို့ကြောင့် သူတို့၏ အဘိဓမ္မာသည် လူတန်းစား ဘက်လိုက်မှုမရှိ၊ လောကကြီး၏အပေါ်ကနေ၍ အမှန်တရားကို ထင်မြင်မှု ဖြစ်သည်ဟူ၍ ဆိုကြလေသည်။

လွန်ခဲ့သော နှစ်ပေါင်းသုံးလေးရာ လောက်ကတည်းက အလားဟူပင် အဘိဓမ္မာနှစ်မျိုးနှစ်စားရှိ၏။ တစ်မျိုးက ကျောင်းများတွင် သင်ကြားရသော အဘိဓမ္မာဖြစ်၍၊ အခြားတစ်မျိုးက ထိုအချိန်က တက်သစ်စဖြစ်သော အရင်းရှင် လူတန်းစားကို ကိုယ်စားပြုသည့် အဘိဓမ္မာကျောင်းများ၏ အပြင်ဘက်က သူပုန်များ၏ အဘိဓမ္မာဖြစ်၏။ ကျောင်းများတွင် သင်ရသည့် အဘိဓမ္မာသည် ပဒေသရာဇ်စနစ်ကို ခိုင်မြဲစွာ အကာအကွယ်ပေးခဲ့၏။ ၎င်းနှင့် ဆန့်ကျင်လျက် ပဒေသရာဇ် စနစ်အောက်မှ လွတ်မြောက်ရေးအတွက် အရင်းရှင် အဘိဓမ္မာက တိုက်ပွဲဝင်ခဲ့၏။ ဤသို့ တိုက်ပွဲဝင်ရင်း ဘရူနိုကဲ့သို့သို့သော လူများသည် ကျဆုံးခဲ့ကြ၏။ ဗမာပြည်တွင် မင်းတုန်းမင်းကြီး

Burma Marxist Learner



လက်ထက်က ဇာတ်ဆရာကြီး ဆရာပိုသည် ကျဆုံးခဲ့၏။

ယနေ့တွင်လည်း တစ်ဖန်အဘိဓမ္မာနှစ်မျိုးတို့သည် အသေအလဲ တိုက်ပွဲဆင်နေ ကြပြန်လေသည်။ သို့ရာတွင် ယခုအကြိမ်တွင်ကား မိမိတို့နိုင်ငံရေး အာဏာရရန် တိုက်ပွဲဆင်နွှဲကြသော ကုန်သည်များ၊ လုပ်ငန်းရှင် လူတန်းစားများ၏ တိုက်ပွဲမဟုတ်တော့၊ ချုပ်နှောင်မှုအောက်မှ လွတ်မြောက်ရန် တိုက်ပွဲဆင်နေကြသည့် သန်းပေါင်းများစွာသော လူထုကြီး၏ တိုက်ပွဲဖြစ်တော့၏။ ၎င်းမှာ လူလောကတွင် ပေါ်ခဲ့ဘူးသမျှ အကြီးမားဆုံးသော လူမှုတော်လှန်ရေးကြီးဖြစ်၏။ ၎င်းမှာ လူနည်းစုလက်အောက်မှ လူများစုကြီး၏ လွတ်မြောက်ရေးတိုက်ပွဲဖြစ်၏။ ၎င်း၏ ပန်းတိုင်မှာ လူတန်းစား အဖွဲ့အစည်းမှ လူတန်းစားမဲ့ လူ့အဖွဲ့အစည်းသို့ ကူးပြောင်းရေးဖြစ်၏။ ၎င်းတွင် အသိဉာဏ်တော်လှန်ရေးကြီး တစ်ရပ်ပါ ပါဝင်၏။ မာ့က်စ်နှင့် အိန်ဂျယ်တို့က ကွန်မြူနစ်ကြေညာစာတမ်းတွင် ဤသို့ပြောခဲ့၏။ *"ကွန်မြူနစ် တော်လှန်ရေးသည် မိရိုးဖလား အစဉ်အလာ ပစ္စည်းဆက်သွယ်မှုများနှင့် အခြေခံအကျဆုံးကနေပြီး ခွဲခွာလိုက်ခြင်း ဖြစ်၏။ ၎င်း၏ ဖြစ်ပေါ်မှုတွင် မိရိုးဖလာ အစဉ်အလာအယူအဆများနှင့် အခြေခံ အကျဆုံးကနေပြီး ခွဲခွာမှု ပါဝင်သည်မှာ အံ့သြစရာမဟုတ်ပေ။"*

ဤကျမ်း၏ ရည်ရွယ်ချက်မှာ အဘိဓမ္မာ၏ သဘာဝတွေ၊ ၎င်း၏ ရာဇဝင်၊ ယနေ့ကမ္ဘာတွင် ၎င်း၏ နေရာတို့နှင့်ပတ်သက်၍ အခြေခံကျ၍၊ ရှင်းလင်းသော အယူအဆများကို ဖော်ပြရန် ဖြစ်၏။ အချက်အချာကျသည့် ပြဿနာမှာ အဘိဓမ္မာဆိုတာဘာလဲ ဆိုချက်နှင့် အဘိဓမ္မာ ဖြစ်ပေါ်တိုးတက်လာမှုတို့ဖြစ်၏။ တစ်ခုနှင့်တစ်ခု ဆန့်ကျင်နေသည့် ထင်ရှားသော ခနရှင်အယူအဆနှစ်ခုမှာ ၁။ အဘိဓမ္မာသည် ကမ္ဘာလောက ကြီး၏ သဘာဝ၊ လူတို့၏ သဘာဝနှင့် ပတ်သက်၍ လူပုဂ္ဂိုလ်အသီးသီးတို့၏ ထင်မြင်ချက်များကို စီထားခြင်း သက်သက်မျှသာဖြစ်သည်။ ၂။ အဘိဓမ္မာသည် ဉာဏ်ပညာကို မြတ်နိုးမှု ဖြစ်သည်။ ၎င်း၏ ရာဇဝင်သည် ကမ္ဘာလောကကြီးကို လူတို့က တိုးတက်သိရှိနားလည်မှု၏ ရာဇဝင်ဖြစ်သည်။

ဤအမြင်နှစ်ခုစလုံး ကျေနပ်စရာမရှိပေ၊ အဘိဓမ္မာ၏ ရာဇဝင်သည် ပုဂ္ဂိုလ်အသီးသီးတို့၏ အမြင်များကို စီထားခြင်းသက်သက် ဖြစ်သည့်ဟူသော အယူအဆမှာ ဝိဇ္ဇာပညာနှင့်အတတ်ပညာတို့၏ တိုးတက်မှုအဆင့်ဆင့်ကို အသိအမှတ်ပြုရန် ပျက်ကွက်ခြင်းပင် ဖြစ်၏။ အခြားတဖက်ကဆိုလျှင် အဘိဓမ္မာ၏ ရာဇဝင်သည် ကမ္ဘာလောကကြီးကို လူတို့ တိုးတက်သိရှိလာမှုနှင့် ထပ်တူဖြစ်သည်ဟု မဆိုနိုင်ပေ။ ဤသို့ ဆိုပါက အဘိဓမ္မာ၏ ရာဇဝင်သည် ဝိဇ္ဇာပညာ၏ ရာဇဝင်နှင့် တစ်ထပ်တည်းဖြစ်နေ ပေလိမ့်မည်။ ဤသို့ကား မဟုတ်ပေ။

ကျွန်ုပ်တို့သည် အဘိဓမ္မာကို လူတန်းစား လူ့အဖွဲ့အစည်းအတွင်း ၎င်း၏

ရာဇဝင်အရ ဖြစ်ပေါ်တိုးတက်မှုကို လေ့လာလျှင် ဤပြဿနာမှာ ရှင်း၍သွား၏။ ၎င်းမှာ ရှေးခေတ်မှစ၍ ယနေ့တိုင် ကမ္ဘာလောကကြီးကို ဝိဇ္ဇာနည်းကျကျ၊ ရုပ်ဝတ္ထုကျကျ ရှုမြင်သူများနှင့် ဘာသာရေးနည်းအရ၊ စိတ်ဝါဒနည်းအရ ရှုမြင်သူများတို့အတွင်း ဖြစ်ပွားသော တိုက်ပွဲတစ်ရပ်ပင် ဖြစ်၏။ ဤကျမ်း၏ အဓိက စစ်တမ်းမှာ အဘိဓမ္မာ၏ စစ်မှန်သော ရာဇဝင်ရေးရာအဓိပ္ပာယ်နှင့် ၎င်းမှာ ရုပ်ဝါဒအမြင်အတွက် အားလုံးသော ဆန့်ကျင်ဘက်သဘောထားများကို တိုက်ခိုက်ထားခြင်းဖြစ်၏။

ဤကျမ်းတွင် အောက်ပါ အဓိကတင်ပြချက် ငါးရပ်ကို ဖော်ထုတ်ထား၏။

၁။ အဘိဓမ္မာ၏ ရာဇဝင်သည် ကမ္ဘာလောကကြီးကို ဝိဇ္ဇာနည်းကျကျ၊ ရုပ်ဝတ္ထုကျကျ ရှုမြင်နိုင်ရေးအတွက် စိတ်ဝါဒနှင့် ပြုပြင်တိုးတက်မှုကို ဆန့်ကျင်သော ဝါဒပုံသဏ္ဍာန်အားလုံးတို့ကို လူတို့က ဆန့်ကျင်တိုက်ခိုက်သည့် ရာဇဝင်ပင်ဖြစ်၏။

၂။ ဤတိုက်ပွဲသည် လူတန်းစား တိုက်ပွဲကို အရောင်ရိုက်ခတ်မှု ဖြစ်၏။ လူတန်းစား တိုက်ပွဲနှင့် ခွဲခြား၍မရ၊ တိုးတက်သော လူတန်းစားများက ရုပ်ဝါဒကို တိုးတက်ကြီးထွားအောင် လုပ်၏။ ဖောက်ပြန်သော လူတန်းစားများက စိတ်ဝါဒကို ခိုင်မြဲအောင် လုပ်ကြ၏။ တက်သစ်စ အရင်းရှင် လူတန်းစားသည် မာ့က်စ်၏ ရုပ်ဝါဒ အတွက် အုတ်မြစ်ချခဲ့၏။

၃။ မာ့က်စ်ဝါဒမှတစ်ပါး အားလုံးသော အဘိဓမ္မာတို့သည် ပညာတတ် လူနည်းစုကလေး၏ အလုပ်သာဖြစ်ခဲ့၏။ ကုန်ထုတ်လုပ်မှုအစဉ်အတွင်း၌ တိုက်ရိုက် ပါဝင်မှုမရှိပေ။ ထို့ကြောင့်ပင် ၎င်းတို့သည် အဘိဓမ္မာ၏အရေးကြီးသော ပြဿနာများ ဖြစ်သည့် စိတ်နှင့် ရုပ်ဆက်သွယ်မှု၊ အသိပညာဖြစ်စဉ်၏ အရင်းအမြစ်နှင့် အကျယ် အဝန်း၊ ကောင်းသောဘဝ၏ သဘောသဘာဝ စသည်တို့ကို မဖြေရှင်းနိုင်ခဲ့ပေ။

၄။ မာ့က်စ်ဝါဒသည် ခေတ်သစ် စက်မှုအလုပ်သမား လူတန်းစား၏ ဝါဒဖြစ်ရာ အဘိဓမ္မရေးရာတွင် လုံးဝတော်လှန်ပြောင်းလဲမှုကို ဖြစ်စေခဲ့၏။ အကြောင်းမူ ၎င်းဝါဒသည် ရာဇဝင်တွင် ပထမဦးဆုံးအကြိမ် လက်တွေ့ကုန်ထုတ်လုပ်သူများ၏ ရပ်တည်မှုအပေါ်တွင် အခြေခံခဲ့၏။ ၎င်းမှာ လူတန်းစားများအားလုံး သွေးစုတ်မှု အားလုံးကို ဖျက်သိမ်းရေးအတွက် တိုက်ပွဲဝင်ခဲ့သည့် လူတန်းစား၏ အမြင်ဖြစ်၏၊ ၎င်းသည် ယခင်အထိ ဓမ္မများက မဖြေရှင်းနိုင်သဖြင့် ကျန်နေသော ပြဿနာများကို ဖြေရှင်းနိုင်ခဲ့၏။

၅။ မာ့က်စ်ဝါဒနှင့် ၎င်း၏ခိုင်မာသော ရုပ်ဝတ္ထုကျကျ၊ အနုပဋိလောမနည်း ကျကျ ကမ္ဘာ့အမြင်တို့ကြောင့် အဘိဓမ္မာရာဇဝင်အရ ပန်းတိုင်သို့ ရောက်စပြု၍လာ၏။ ၎င်း၏ နေရာကို သဘာဝနှင့် လူမှုဝိဇ္ဇာပညာတို့ကလည်းကောင်း၊ လောဂျစ်နှင့် အနုပဋိလောမများ တို့ကလည်းကောင်း တိုး၍ယူလာနေ၏။ ၎င်းမှာ မဖြေရှင်းရသေး

သော ပြဿနာများ မရှိတော့ဟု ဆိုလိုခြင်းမဟုတ်၊ အဘိဓမ္မာသဘောအားဖြင့် စိတ်ကူးတွေးခေါ်ခြင်းထက် ဝိဇ္ဇာနည်း ကျကျ စူးစမ်းရှာဖွေခြင်းအားဖြင့် ပြဿနာများအားလုံးကို ဖြေရှင်းနိုင်ရမည်ဆိုလိုခြင်း ဖြစ်၏။

အဘိဓမ္မာသည် စကတည်းက လူတန်းစားတိုက်ပွဲ၌ ပါဝင်ခဲ့၏။ နတ်နှင့် မှော်ဝိဇ္ဇာအတတ်တို့သည် ရှေးဟောင်း ပဒေသာပင်ခေတ်၏ အမှတ်လက္ခဏာဖြစ်သကဲ့သို့ အဘိဓမ္မာသည် လူတန်းစား လူအဖွဲ့အစည်း၏ အမှတ်လက္ခဏာဖြစ်ခဲ့၏။ ၎င်းမှာ ရှေးတရုတ်၊ အိန္ဒိယနှင့် ဂရိတ်ပြည်တို့တွင် ခရစ်မပေါ်မီ ရာစုနှစ် ငါးရာခြောက်ရာလောက်ကစခဲ့သော လှုပ်ရှားမှုများကြောင့် တားမြစ်ခြင်း ခံရပြန်၏။ ထိုအခါမျိုးတွင် များစွာသော အဘိဓမ္မာတို့မှာ ဝိဇ္ဇာပညာ၏ အကူအညီနှင့် သဘာဝကို လူတို့က နိုင်နင်းအောင် ကြိုးစားခြင်းထက်လူလူချင်း ဖိနှိပ်ရေးအတွက် ကြိယာအဖြစ်အသုံးပြုခဲ့ရခြင်းကသာ များလေသည်။ နောက်ဆုံး၌ လူတန်းစား လူ့အဖွဲ့အစည်းမှာ အလုပ်ကြမ်းလုပ်သူနှင့် အသိဉာဏ်နှင့် အလုပ်လုပ်သူဟူ၍ ကွဲပြားနေရာ၊ ၎င်း၏ အမှတ်လက္ခဏာမှာ အဘိဓမ္မာဝါဒအပေါ်သို့လာ၍ ရိုက်ခတ်သည့်အခါတွင် အဘိဓမ္မာမှ အကောင်အထည် မရှိဖြစ်ခါ လူတို့၏ လက်တွေ့ ပြဿနာများနှင့်လည်းကောင်း၊ လူတို့၏ ရုပ်ဝတ္ထုဆိုင်ရာ၊ စိတ်ဓာတ်ဆိုင်ရာ သုခချမ်းသာရှိရေးနှင့်လည်းကောင်း ကင်းကွာ၍ သွားရတော့သည်။

ဤကျမ်း၏ ရည်ရွယ်ချက်မှာ အထက်တွင် ဖော်ပြခဲ့သည့် ယေဘုယျစစ်တမ်းများကို ဖော်ပြရန်ဖြစ်၏။ မာ့က်စ်၊ အိန်ဂျယ်၊ လီနင်တို့၏ ကြွယ်ဝသော အဘိဓမ္မာတွေးခေါ်ချက်များကို တိကျစွာ ဖော်ပြလျက် လူသားတို့၏ ကိုလိုနီဘဝလွတ်မြောက်ရေးတိုက်ပွဲများနှင့် ဆိုရှယ်လစ်စနစ်တိုက်ပွဲများတွင်လည်းကောင်း၊ အဘိဓမ္မာ၏ အကျိုးသက်ရောက်မှုတို့ကို ဖော်ပြမည်ဖြစ်၏။ လူ့အဖွဲ့အစည်းကို ဆိုရှယ်လစ်စနစ်အရ ပြောင်းလဲမှုသည် လူတို့၏ စီးပွားရေးနှင့် လူမှုရေး၊ ဆက်ဆံရေးတွင်သာ ပြောင်းလဲရေးမဟုတ်၊ လူကိုယ်တိုင်ကိုရော သူ၏ ကမ္ဘာ့အမြင်တစ်ခုလုံးကိုရော ပြောင်းလဲပစ်ရေး ဖြစ်လေသည်။

အဘိဓမ္မာ၏ ရာဇဝင်သည် ဝိဇ္ဇာနည်းကျကျ ရုပ်ဝတ္ထုကျကျ ကမ္ဘာလောကကြီးကို ရှုမြင်နိုင်ရေးအတွက် လူသားတို့၏ ကြိုးပမ်းမှုရာဇဝင်ဖြစ်၏။ အဘိဓမ္မာသည် လူတန်းစားလူ့အဖွဲ့အစည်းတစ်ခုခု၏ အပေါ်ယံ အဆောက်အအုံမှ အစိတ်အပိုင်းတစ်ခုသက်သက်မျှသာ မဟုတ်ပေ။ အဘိဓမ္မာသည် ဝိဇ္ဇာပညာနှင့်လည်းကောင်း၊ လူတို့၏ ဘဝနှင့်လည်းကောင်း ဆက်စပ်နေသည်၊ အဓိပ္ပာယ်ရှိနေသည်ဟူ၍ ယူဆကိုင်တွယ်ရမည်ဖြစ်၏။

အဘိဓမ္မာ၏ ရာဇဝင်ကို မာ့က်စ်ဝါဒအမြင်အရ ကြည့်ရာတွင် ဖန်ဆင်းသော ဘုရားသခင်ရှိသလား၊ သေပြီးနောက် ဘဝရှိသလား။ ဘဝ၏ ရည်ရွယ်ချက်သည် ဘာလဲ၊ ဆိုသော သမရိုးကျ မေးခွန်းကြီးများကို အထူးအရေးပါသည်ဟု ယူဆကာ

မာ့က်စ်ဝါဒက ဤမေးခွန်းကြီးများကို ဆန်းစစ်ထားလေသည်။

ရာဇဝင်တွင် ပေါ်ပေါက်လာခဲ့သော သို့မဟုတ် ယခုခေတ်တွင် ပေါ်ပေါက်နေသော တွေးတောကြံဆသူများကို မာ့က်စ်ဝါဒအရ ချည်းကပ်ရာ၌ သူတို့၏ စိတ်ကောင်း စေတနာကောင်းများအရ၊ သို့မဟုတ်အခြား ကတ္တားပိုင်း အချက်အလက်များအရ မကြည့်ပေ။ လူမှုရေးနှင့် လူတန်းစား ဆက်သွယ်ရေးဆိုင်ရာ ရုပ်ဝတ္ထု အချက်အလက်များ အရလည်းကောင်း၊ ဝိဇ္ဇာပညာနှင့် အတတ်ပညာတိုးတက် ဖြစ်ပေါ်မှု အဆင့်ဆိုင်ရာ ရုပ်ဝတ္ထု အချက်အလက်များအရ လည်းကောင်း၊ လူတန်းစားတိုက်ပွဲ တိုးတက်ဖြစ်ပေါ်မှု အဆင့်ဆိုင်ရာ ရုပ်ဝတ္ထုအချက်အလက်များအရလည်းကောင်း ကြည့်ပေသည်။ အဘိဓမ္မာဆရာများသည် သူတို့၏ ပတ်ဝန်းကျင်တွင် ရှိနေကြသော လူတန်းစား အမျိုးမျိုးကို ဘယ်လို ရှုမြင်ခဲ့ရသလဲ။ သူတို့သည် လူထုများကို နှစ်သက် ယုံကြည်ခဲ့သလား၊ သို့မဟုတ် ကြောက်ရွံ့ခဲ့သလား၊ သူတို့သည် လူတန်းစား ဆက်သွယ်ရေး ပြောင်းလဲမှုကို ယုံကြည်သလား၊ သို့မဟုတ် မယုံကြည်ဘူးလား၊ ဥပမာ ပလေတိုသည် ပြောင်းလဲရန် ဖြစ်နိုင်လိမ့်မည်ဟု မမြင်ခဲ့၊ အာရစ်စတိုတယ်ကား ပြောင်းလဲတို့ ဖြစ်နိုင်စရာရှိသည်ဟု ဆိုခဲ့၏၊ ဆိုလိုချက်မှာ အဘိဓမ္မာဆရာများသည် လူမှုယဉ်ကျေးမှုနှင့် စီးပွားရေးဘဝတွင် ပါဝင်နေသော သူများသာဖြစ်ကြသည် ဆိုခြင်း ဖြစ်၏။ သူတို့၏ လူတန်းစားသည် ကောင်းလျှင် (ဝါ) အလားအလာရှိလျှင် ကုန်လုပ်စွမ်းအားစုများ တိုးတက်အောင် ပြုလုပ်နိုင်လျှင် သူတို့သည် ကောင်းသောသူများဖြစ်၏။ ၎င်းမှာ တစ်စုံတစ်ယောက်သည် ဘယ်လူတန်းစားက မွေးလာလဲဆိုချက်ကို ကြည့်ရမည် ပလေတို၊ ဟူး၊ ဌျန်၊ ဂျူးဝီး၊ ဘက်ထရစ်ရပ်ဆယ် စသော အဘိဓမ္မာဆရာများကို ကြည့်ရာ၌ သူတို့သည် ဘယ်လူတန်းစားအတွင်း၌ ပါဝင်နေကြသည်၊ ထိုလူတန်းစားသည် ထိုအချိန် ထိုအခါ၌ လူမှုဖြစ်ပေါ်တိုးတက်မှုတွင် ဘယ်အခန်းက ပါဝင်သည်ကို ကြည့်ရမည်ဖြစ်။ ဤနည်းအားဖြင့် အဘိဓမ္မာဆရာများကို တန်ဖိုးဖြတ် ရမည်ဖြစ်၏။

၁၉၁၇ ခုနှစ်အထိ ကွန်ဆာဗေးတစ်၊ လူတန်းစားများက ရာဇဝင်ကို လွှမ်းမိုးခဲ့ရာ၊ အဘိဓမ္မာ၏ ရာဇဝင်ကို ကွန်းဆာဗေးတစ်ဘက်က လွှမ်းမိုး၍ ထိုခေတ်အခါက တည်ရှိနေသည့် စနစ်ကို ဖော်လတိုင်းယားက ဝေဖန်ခဲ့သည်။ အဓိပ္ပာယ်မှာ ထိုခေတ်အခါက တိုးတက်လာသော လူတန်းစားသစ်က လူ့အဖွဲ့အစည်းရေးရာများကို သူ စီမံနိုင်သည်ဟု ယူဆနိုင်ကြောင်း ဖော်ပြသည့် အဓိပ္ပာယ်ပင်ဖြစ်၏၊ တဖန်နယ်ချဲ့စနစ် ပေါ်ပေါက်၍လာရာ ပြင်းထန်သော လူတန်းစား တိုက်ပွဲများကို လိမ္မာပါးနပ်စွာ ဖုံးကွယ်ရန် လိုလာသည့်အခါ၊ လွှမ်းမိုးနေသော ရုပ်ဝတ္ထုကို အသိအမှတ်ပြုသည့် စိတ်ဝါဒကို၊ ရုပ်ဝတ္ထုကို အသိအမှတ်မပြုသည့် စိတ်ဝါဒက ဆန့်ကျင်၍ လာခဲ့ပေသည်။

လွန်ခဲ့သော ရာစုနှစ်အတွင်းတုန်းက စံထားသည့် အဘိဓမ္မာတွင် ကွန်ဆာ

Burma Marxist Learner



ပေးတစ်လက္ခဏာ အဘယ်မျှ ရှိနေသည်ကို အမေရိကန်ဂျာနယ်တစ်ခုတွင် အောက်ပါအတိုင်း ရေးခဲ့သည်ကို ကြည့်လျှင်သိနိုင်၏ *"အဘိဓမ္မာသည် ပေါင်မုန့်ကိုတော့ ဖုတ်မပေးပါ သို့ရာတွင် ကျွန်ုပ်တို့အတွက် ဘုရားသခင်။ လွတ်လပ်ရေးနှင့် မသေခြင်းတရားတို့ကို ပေးပါသည်။"* အဓိပ္ပာယ်မှာ အဘိဓမ္မာသည် ယခုဘဝ ဤကမ္ဘာလောကကြီးကို ကျွန်ုပ်တို့ နိုင်နင်းရေးနှင့် ဘာမျှမဆိုင်ဘဲ နောင်ဘဝ လွတ်မြောက်ရေးအတွက်သာ ဖြစ်သည်ဟု ဆိုလိုခြင်းဖြစ်၏။ ဤအဘိဓမ္မာက လွတ်မြောက်ခြင်းဆိုသည်မှာ ရုပ်ဝါဒနှင့် ဝိဇ္ဇာပညာတို့မှ ကင်းလွတ်ရေးတို့ပင် ဖြစ်တော့၏။ ယခုအခါ အုပ်စိုးသော လူတန်းစား၏ အဘိဓမ္မာသည် ကျဆုံးသော အဆင့်သို့ရောက်၍ နေပေသည်။

အမေရိကန်တွင် အဘိဓမ္မာ၏တိုးတက်မှုနှင့် ပတ်သက်၍ ကျေနပ်ဖွယ်မရှိသဖြင့် ဒုတိယကမ္ဘာစစ်ကြီးအတွင်းက အဘိဓမ္မာအသင်းက စုံစမ်းရေးကော်မရှင်ဖွဲ့၍ စုံစမ်းခဲ့ရာ၌ ယခုခေတ်တွင် အားလုံးက လက်ခံနိုင်သည့် အဘိဓမ္မာမရှိ။ ရှေးအခါက အဘိဓမ္မာဆရာကြီးများမှာ အချိန်ကာလ၊ နေရာဒေသ၊ လူ့အဖွဲ့အစည်းတို့ကို ကျော်လွန်၍ အဆုံးစွန် တရားများကို ထိုးထွင်း၍ မြင်ခဲ့ကြကြောင်း စသည်ဖြင့် အစီရင်ခံထားခဲ့ကြ၏။ သူတို့သည် အဘိဓမ္မာကို ဤကဲ့သို့ အသိခက်သော ချဉ်းကပ်နေကြသော ကျောင်းသားများအား အဘိဓမ္မာအား ကျောခိုင်းသွားအောင် လုပ်ရာရောက်ပေသည်။

ခေတ်ရှင်အဘိဓမ္မာ၏ ထူးခြားသည့်လက္ခဏာမှာ ဤအဘိဓမ္မာသည် ရှေးခေတ်က အစွဲအလမ်းများနှင့် နောက်ပေါ်ပေါက်လာသော ဝိဇ္ဇာပညာတို့အကြား ရောက်ရှိနေခြင်းဖြစ်၏ ရှေးခေတ်အစွဲအလန်းနှင့် ပို၍နီးစပ်၏။ အဘိဓမ္မာဆရာကြီး ဘာထရန်ရပ်ဆယ်က အဘိဓမ္မာကို ဤသို့အဓိပ္ပာယ် ဖော်ပြခဲ့၏။ ကျွန်ုပ်နားလည်သည့်အတိုင်းဆိုလျှင် အဘိဓမ္မာဆိုသည်မှာ ဘာသာရေးပညာနှင့် ဝိဇ္ဇာပညာတို့ ကြားတွင်ရှိနေသည့်အရာဖြစ်ပေ၏။ ရုပ်ဝါဒသမား အီပစ်ကြူးရပ်စ် သည်ပင်လျှင် ဖန်ဆင်းသော ဘုရားသခင်ရှိသည် ဆိုချက်ကို မပယ်ဖျက်ခဲ့။ ဖယ်ရှားရုံသာဖယ် ရှားခဲ့၏။ ပလေတိုနှင့် အာရစ်စတိုတယ်တို့သည် သူတို့၏ နိုင်ငံရေး ရည်ရွယ်ချက်များ အတွက် ဘုရားသခင်ရှိသည်ဟူ၍ ပွင့်ပွင့်လင်းလင်းပင် ပြောကြားခဲ့ကြ၏။ အဘိဓမ္မာသည် လူတန်းစားဆက်သွယ်မှုများနှင့် အခြေအနေများကို လိုက်၍ တခါတရံတွင် ဘာသာရေးအပေါ်၊ တစ်ခါတစ်ရံတွင် ဝိဇ္ဇာပညာအပေါ် ပို၍ မှီခိုနေခဲ့၏။ ဆယ့်ရှစ်ရာစုနှစ်က ပြင်သစ်ပြည်တွင် ပေါ်ပေါက်ခဲ့သော ဒိုင်ဒီရော့နှင့် ဟိုလ်ဘက်တို့မှတပါး မည်သည့် အဘိဓမ္မာဆရာသည် ဘာသာရေးကို ဆန့်ကျင်၍ ရပ်တည်ရဲခဲ့ပါသနည်း။ သူတို့သည် သွေးစုတ်သော လူတန်းစားများ၏ ကိုယ်စားလည်များ ဖြစ်ကြသည့်အတိုင်း ပြတ်သား ခိုင်မာသော ရပ်တည်မှု မရှိခဲ့ကြပေ။

စတေး က ဟီဂယ် အကြောင်းရေးရာ၌ ဤသို့ ရေးသားခဲ့၏။ "ကမ္ဘာ

လောက ကြီးတစ်ခုလုံးသည် အသွင်သဏ္ဍာန်သာဖြစ်သည်။ ဆိုချက်သည် ပထမဦး လူတို့၏ ရိုးရိုးအမြင်နှင့် ဆန့်ကျင်နေသည်ဟု ထင်စရာရှိ၏။ ထို့ကြောင့် ဤနေရာတွင် အဘိဓမ္မာသည် လူတို့၏ ရိုးရိုးယုံကြည်မှုနှင့် မကွဲကြောင်း ဖော်ပြရန်သင့်၏။ ဤတရားသည် ဘာသာရေးအသိ၌ အထင်အရှား ပေါ်လွင်၍နေ၏။ ခရစ်ယန်ဘာသာ၌ ထာဝရဘုရားသခင်သည် ကမ္ဘာလောကကြီးကို ဖန်ဆင်းခဲ့၏။ ထာဝရဘုရားသခင်သည် ကိုယ်တိုင်မူကား မည်သူကမှ ဖန်ဆင်းခြင်း မဟုတ်ပေ။ ထို့ကြောင့် ဘုရားသခင်သည် သာလျှင် အစစ်အမှန်တည်ရှိ၍ ကမ္ဘာလောကကြီးမှာမူ အသွင်သဏ္ဍာန်သာလျှင် ဖြစ်ပေသည်။''

အဘိဓမ္မာအားလုံး၏ အခြေခံအချက်ကြီးမှာ တွေးခေါ်ခြင်းနှင့် ဘဝသည် မည်သူက အလျှင်လာသလဲ၊ စိတ်နှင့် ရုပ်သည် မည်သူက အလျှင်လာသလဲ၊ ကမ္ဘာလောကကြီးကို ထာဝရဘုရားသခင်က ဖန်ဆင်းသလား၊ သို့မဟုတ် အနတက္ကမကာလက တည်ရှိလာခဲ့သလားဆိုသော ပြဿနာပင်ဖြစ်သည်ဟူ၍ အိန်ဂျယ်က ပြောခဲ့၏။ အထက်တွင် စတေး၏ ပြောကြားချက်၌ လူတို့၏ ရိုးရိုးအမြင်'ကို စံအဖြစ် ယူထားသည်ကို တွေ့ရ၏။ ၎င်းမှာဘုန်းကြီးများနှင့် ဘာသာရေးဆရာတို့က ထာဝရဘုရားသခင်ဆိုတာရှိရမည် အဘယ်ကြောင့်ဆိုသော် လူတို့၏ ရိုးရိုးအမြင်အသိက ဤအတိုင်းပင် ဖြစ်သောကြောင့်ဖြစ်သည်ဟူသော ဆိုချက်နှင့် တထေရာထည်းလာ၍ တူနေပေသည်။ ဟီဂယ်သည် ဘာသာအားလုံး၏ အခြေခံအယူအဆကို ဘာသာရေးမဟုတ်သော ပုံသဏ္ဍာန်ဖြင့် တင်ပြထားခြင်း ဖြစ်သည်ဟူ၍ စတေးကဆို၏။

အဲလ်ဖရက် ဝက်ဘားက အဘိဓမ္မာ၏ အဓိပ္ပာယ်ကိုငင်း၊ အဘိဓမ္မာနှင့် လောကဓာတ်ပညာတို့ ဆက်သွယ်ပုံကိုငင်း ဤသို့ဖော်ပြခဲ့၏။

''အဘိဓမ္မာသည် ဘာသာတရားကို ပြည့်စုံစွာ ရှုမြင်ရေးအတွက် ကြိုးပမ်းမှုဖြစ်သည်။ အရာဝတ္ထုများကို တစ်လောကလုံးနှင့် ခြုံ၍ အဓိပ္ပာယ်ဖော်ပြရေးအတွက် အားထုတ်မှုဖြစ်သည်။ အဘိဓမ္မာသည် ဝိဇ္ဇာပညာများ၏ အချုပ်လဲဖြစ်သည်။ ဝိဇ္ဇာပညာများကို ပြီးပြည့်စုံအောင် လုပ်ထားချက်လည်း ဖြစ်သည်၊ ယေဘူယျဝိဇ္ဇာပညာလည်း ဖြစ်သည်၊ ဝိဇ္ဇာပညာနယ်နှင့် ခြားနားသည့် ထူးခြားမှုတခုလည်း ဖြစ်သည်။ အဘိဓမ္မာသည် ၎င်း၏ အမတော်များဖြစ်ကြသော ဘာသာရေးနှင့် ကဗျာလင်္ကာပညာတို့ကဲ့သို့ပင် လူတို့၏ စိတ်ဓာတ်အသွင်လက္ခဏာများ အကြား၌ သီးခြားဌာနတခုအဖြစ် တည်ရှိ နေသည်။''

ဤကဲ့သို့ အဘိဓမ္မာခံယူချက်မျိုးကို ချုပ်လိုက်လျှင် အဘိဓမ္မာသည် ၁။ လူတို့၏ စိတ်ဓာတ်ကို သီးခြား ဖော်ပြချက်တစ်ခုဖြစ်သည်။ ၂။ ဝိဇ္ဇာပညာများကို ပြီးပြည့်စုံအောင် ပြုလုပ်သည်။ ဝိဇ္ဇာပညာများ၏ အပေါ်က ရှိသည်။ ၃။ အရာဝတ္ထု၊

အားလုံးကို တစ်ချက်တည်းနှင့် ပြည့်စုံအောင် အဓိပ္ပာယ်ဖော်ပြသည်။

ဝက်ဘားသည် သူ၏ အဘိဓမ္မာ၏ ရာဇဝင်ဆိုသောစာအုပ်၌ အဘိဓမ္မာနှင့် ဝိဇ္ဇာပညာဆက်သွယ်မှုကို ဤသို့ဖော်ပြထား၏။ ''တကယ့် ဝိဇ္ဇာပညာနှင့် တကယ့် အဘိဓမ္မာတို့သည် အစဉ်သဖြင့် လုံးဝညီညွတ်မှုရှိခဲ့သည်။ ပညာတစ်ရပ်နှင့် တစ်ရပ် ပြိုင်ဆိုင်မှု လက္ခဏာ ရှိကောင်းရှိသော်လည်း၊ ယနေ့ ၎င်းတို့၏ ဆက်သွယ်မှုများမှာ လုံးဝညီညွတ်မှု ရှိပါသလော။''

ဤနှစ်ခုကို ခွဲခြားရန် ခဲယဉ်းသည်ဟု ဆိုခြင်းသည် အချက်အလက်အရရော၊ သဘောတရားရေးအရရော မှားယွင်းချက်များစွာ ရှိပေသည်။ အဘိဓမ္မာနှင့် ဝိဇ္ဇာပညာတို့သည် အစဉ်သဖြင့် လုံးဝညီညွတ်မှုရှိသည်။ ထပ်တူထပ်မျှ ဖြစ်သည်ဟု ဆိုလျှင် အဘိဓမ္မာသည် အပိုသာဖြစ်ခဲ့ပေလိမ့်မည်။ အဘိဓမ္မာသည် ဝိဇ္ဇာပညာရပ်များကို ဘာသာရေးကို အခြေခံကာ မိရိုးဖလာအစဉ်အလာ အစွဲအလမ်း အမြင်များကို လွန်ဆန်၍ထွက်မသွားအောင် ချုပ်ထိန်းထားရန် ကြိုးစားခဲ့လေသည်။ ဒုတိယအချက် အားဖြင့် ယနေ့လွန်ခဲ့သော နှစ်ပေါင်းခုနှစ်ဆယ်လောက်အတွင်းက ဝိဇ္ဇာပညာများနှင့် တစ်စုံတစ်ရာ ဆပ်စပ်မှုရှိ၍ ဩဇာရှိသော အဘိဓမ္မာများသည် ဝိဇ္ဇာပညာက တွေ့ရှိချက်များကို မဆန့်ကျင်ဘဲ နေခဲ့ကြသောကြောင့်သာဖြစ်၏။ တစ်ချိန်တည်း၌ ဝိဇ္ဇာပညာများသည် အဟုတ်ရှိ တကယ်ရှိသော အရာအကြောင်းနှင့် ပတ်သက်၍ဘာမျှ မပြောနိုင်ကြဟူ၍ ၎င်းအဘိဓမ္မာတို့က ဆိုကြကုန်၏။ ၎င်းတို့မှာ လွန်ခဲ့သော ရာစုနှစ် နောက်ပိုင်းလောက် တုန်းက ပေါ်ခဲ့ကြသည်။ *မက်စ်ဝါဒ၊ လက်တွေ့သက်သက်ဝါဒ၊ ပရက်မက်တစ်ဇင်း ဝါဒတို့ဖြစ်ကြ၏။* ၎င်းတို့မှာ ဩစတေးရီးယား၊ ဂျာမနီ၊ ပြင်သစ်၊ အင်္ဂလန်နှင့် အမေရိကန် တို့တွင် ပေါ်ခဲ့ကြသော ဝါဒများဖြစ်၏။ အမေရိကန်မှ ဤဝါဒများ၏ ကိုယ်စားလှယ်တစ်ဦး ဖြစ်သော အဘိဓမ္မာဆရာ ဖီးလစ်ဖရန့်က ဤအဘိဓမ္မာဂိုဏ်းသည် ဝိဇ္ဇာပညာကို သူ၏ ရန်သူများလက်မှ ကယ်တင်ထားသည်ဟု သူက ဆို၏။ သူက ဘယ်အထိပြော သနည်း ဆိုလျှင် ''*အနုပဋိလောမရုပ်ဝါဒသည် မက်တားခေါ် ရုပ်ဝတ္ထုကို အဟုတ်ရှိ တကယ်ရှိလေဟန် ဖော်ပြမှုကို မပြုလုပ်ပါက ဤဝါဒသည် ဝိဇ္ဇာပညာအတွက် အဘိဓမ္မာကောင်းတစ်ရပ်ဖြစ်ပေလိမ့်မည်*''ဟူ၍ဖြစ်၏။

*ဂျက်၊ မာရိတန်ဆိုသော အဘိဓမ္မာဆရာကမူ ပေါဇတစ်ဗစ်ဇင်းဟု ခေါ်သော ဝါဒနှင့် ပတ်သက်၍ ဤသို့ပြောခဲ့၏။ ''ဝိဇ္ဇာပညာကို ထာဝရဘုရားမရှိဆိုသော ယေဘူယျ ခံယူချက်နှင့် ဆက်စပ်ပေးခြင်း၊ သို့မဟုတ် 'ဝိဇ္ဇာနည်းကျသော ထာဝရဘုရား မရှိဝါဒ' ဆိုသော စကားကို ပြောဆိုခြင်းတို့သည် ပေါဇတစ်ဗစ်ဇင်းဝါဒအလိုအရ ဘာမျှအဓိပ္ပာယ် မရှိပေ။ ဤနေရာတွင် အခြားသော သဘောထားများကို အကြီးအကျယ် ဆန့်ကျင်နေ၏။ အထူးသဖြင့် အနုပဋိလောမရုပ်ဝါဒက တင်ပြထားသော ဝိဇ္ဇာပညာ၏ အဘိဓမ္မာကို*

ဆန့်ကျင်နေ၏။''

ဤကား ဓနရှင်အဘိဓမ္မာ၏ ပုံကားချပ်ပင် ဖြစ်တော့၏။ ဤအဘိဓမ္မာသည် ၎င်း၏ အဆုံးပိုင်းသို့ ရောက်ရှိနေပြီဖြစ်၏။ ဤအဆုံးပိုင်းကာလတွင် ၎င်းသည် စောစောပိုင်းက ကြွေးကြော်ခဲ့သော ကမ္ဘာလောကကြီးကို သိရှိရန်ဆိုသော ကြွေးကြော်ချက်ကို စွန့်ပစ်လိုက်ပြီဖြစ်၏။ တိုးတက်သော ရာဇဝင်ဆိုင်ရာ အဘိဓမ္မာ၏ ယူဆချက်ကြီးတစ်ခုကို ရှေ့သို့ ဆောင်ယူသည့် တစ်ခုတည်းသော အဘိဓမ္မာမှာ အလုပ်သမားလူတန်းစား၏ အဘိဓမ္မာဖြစ်သော အနုပဋိလောမရုပ်ဝါဒပင် ဖြစ်၏။ ဤယူဆချက်ကြီးမှာ ကျွန်ုပ်တို့၏ အာရုံအတွေ့အကြုံနှင့် ကျိုးကြောင်း ဆင်ခြင်မှုအရ ဝိဇ္ဇာပညာများ၏ နည်းစနစ်များအရ ကျွန်ုပ်တို့သည် အရာဝတ္ထုများ၏ သဘောသဘာဝတို့ကို ပို၍ ပို၍ သိရှိသွားကာ ဤသို့အားဖြင့် ကမ္ဘာလောကကြီးကို တိုး၍တိုး၍ နိုင်နင်းသွားနိုင်သည် ဆိုသော အယူအဆကြီးပင်ဖြစ်သည်။

အလုပ်သမားလူတန်းစားသည် လူ့အဖွဲ့အစည်းအတွင်း၌ ရောက်ရှိနေသော သူ၏ အနေအထားအရ၊ သူ၏ လိုအပ်ချက်များနှင့် အကျိုးစီးပွားများအရ သူသည် မှားယွင်း၍ ဝိဇ္ဇာနည်းမကျသော အယူအဆများကို ပယ်ဖျက်ရန် ကြိုးစား၏။ ဘဝသစ် ဖန်တီးရန် ကြိုးစား၏။ သူသည် ရုပ်ဝါဒအရ ရပ်တည်မှုမရှိသည့်အခါတွင် အရေးရှုံးနိမ့်၏။ သူ၏ လူတန်းစားအဘိဓမ္မာဖြစ်သော အနုပဋိလောမရုပ်ဝါဒ၏ ခေါင်းဆောင်ညွှန်ပြမှုရှိသည့် အခါမှသာလျှင် အောင်မြင်ရန် သေချာပေသည်။ သူသည် လူ့လောကကြီး၏ လွတ်မြောက်မှုကို ဆောင်ရွက်ရန်အတွက် သွေးစုတ်သူလူတန်းစားများက တည်ဆောက်ထားသည့် အယူအဆရေး အနှောင်အဖွဲ့များအောက်မှ လူတို့၏ တွေးခေါ်မှုကို လွတ်မြောက်အောင်မလုပ်နိုင်လျှင် အောင်မြင်မည်မဟုတ်ပေ။ အလုပ်သမား လူတန်းစားသည် ကမ္ဘာလောကကြီး လူ့အဖွဲ့အစည်းရာဇဝင်နှင့် လူ့အဖွဲ့အစည်း လှုပ်ရှားမှုတရားများကို ဝိဇ္ဇာနည်းကျကျ ချဉ်းကပ်ရန်လိုပေသည်။

အနာဂတ်ကာလတွင် သဘောတရားရေး ပြဿနာများသည် သဘောသဘာဝတရားနှင့် လူမှုဆိုင်ရာ တရားတို့ကို လူတို့က တိုးတက်သိရှိလာကြသည်နှင့် အမျှ အရေအတွက်ရော၊ အကျယ်အဝန်းပါ တိုးတက်များပြားလာပေလိမ့်မည်။ ဤသဘောတရားများကို လေ့လာကိုင်တွယ်ကြမည်ဖြစ်သည်။ သို့မဟုတ် ဤပြဿနာများသည် လောဂျစ်နှင့် အနုပဋိလောမနယ်အတွင်းတို့ ရောဝင်လာသည့်ပြဿနာမျိုးဖြစ်လျှင် ၎င်းတို့သည် ရာဇဝင်တွင်သော အဘိဓမ္မအဖြစ်တည်ရှိနေကြလိမ့်မည်ဖြစ်၏။ နောက်ဆုံးတွင် အဘိဓမ္မ၏ ရာဇဝင်ကို လေ့လာမှုသည် ထင်ရှားသော နေရာကို ရယူလိမ့်မည် ဖြစ်သည်။

အဘိဓမ္မာအားလုံး၏ အခြေခံပြဿနာကြီးမှာ တွေးခေါ်မှုနှင့် ဘဝတို့၏

ဆက်စပ်မှုပြဿနာဖြစ်သည်ဟု အိန်ဂျယ်က ပြောခဲ့၏။ ဤအကြောင်း အခန်း (၃) တွင် ဖော်ပြထား၏။ ဤပြဿနာမှာ ဝိဇ္ဇာပညာတိုးတက်လာသော ယခုအချိန်တွင် လုံးဝ ဖြေရှင်း၍ ရနိုင်ပြီဖြစ်၏။ သို့ရာတွင် ကုန်လုပ်ကြိယာတန်ဆာပလာများကို ပုဂ္ဂလိက ပိုင်ဆိုင်မှုအပေါ်တွင် အခြေခံသော လက်ရှိလူမှုဆက်ဆံရေးကြောင့်သာ ဤပြဿနာ ဖြေရှင်းပြီးပြတ်၍ မသွားသေးခြင်းဖြစ်၏။ ဤပြဿနာ ဖြေရှင်းပြီးပြတ်သွားရေးအတွက် လက်တွေ့လိုအပ်ချက်များမှာ အောက်ပါ အတိုင်းဖြစ်၏။

(၁) လူတန်းစားမဲ့ လူ့အဖွဲ့အစည်းတစ်ရပ်ရရှိခြင်း၊ ၎င်းနှင့်အတူ မိမိတို့၏ အကျိုးစီးပွားများအတွက် အစွဲအလမ်းများကို ထိန်းသိမ်းထားသည့် လူတန်းစားများ အားလုံးကို ဖျက်သိမ်းခြင်း၊ သဘာဝတရားနှင့် လူတို့ကို ဝိဇ္ဇာနည်းကျကျ ချဉ်းကပ်မှု မှတစ်ပါး အခြားအရာတို့ကို ယုံကြည်မှု၊ သင်ကြားမှုတို့ကို ဖျက်သိမ်းခြင်း။

(၂) အဘိဓမ္မာလက်တွေ့"ပျောက်ကွယ်သွားရေး"အတွက် ဒုတိယလိုအပ် ချက်မှာ လူအပေါင်းတို့ကို သဘာဝတရား၊ ဘဝနှင့် လူ့အဖွဲ့အစည်းတို့ကို ဝိဇ္ဇာနည်း ကျကျ ချဉ်းကပ်ရေးအတွက် ပညာပေးခြင်းဖြစ်၏။ ၎င်းမှာ ပထမအချက် အပေါ်တွင် အမှီပြုနေ၏။

လူ့အဖွဲ့အစည်းအတွင်း၌ လွှမ်းမိုးနေသည့် အင်အားစုများက ဖြစ်စေချင်လျှင် လူအများသည် ကမ္ဘာလောကကြီးကို ဝိဇ္ဇာနည်းကျကျ ချဉ်းကပ်နိုင်ကြမည်သာ ဖြစ်၏။ ဆိုရှယ်လစ်နိုင်ငံများတွင် ဤအတိုင်းဖြစ်နေ၏။ အဘိဓမ္မာနေရာကို ဝိဇ္ဇာပညာက ယူလိမ့်မည်ဖြစ်၏။

(၃) ဒုတိယအချက် ပြီးမြောက်ဖို့အတွက် တတိယလိုအပ်ချက်မှာ နေ့စဉ် လက်တွေ့ဘဝတွင် ဝိဇ္ဇာပညာအတတ်ပညာနှင့် လူမှုဆက်ဆံရေးတို့ကို ညီညွတ် အောင် ပြုလုပ်ပေးခြင်း ဖြစ်၏။ ဤနည်းအားဖြင့် လူတို့ မသိနိုင်၊ မချုပ်ထိန်းနိုင်ဆိုသော အရာများ ရှိတော့မည်မဟုတ်ဘဲ၊ မသိသေးသည့် အရာများသိရန်လမ်းပေါ်သို့ ရောက်နေ သည့် အရာများသာ ရှိတော့မည်ဖြစ်၏။

ဤလူမှုပြောင်းလဲမှုဖြစ်စဉ်အရ သမရိုးကျ ပုံသဏ္ဍာန်ရှိသော အဘိဓမ္မာသည် ဆုံးခန်းသို့ရောက်တော့မည်ဖြစ်၏။ ၎င်းမှာ ပန်းတိုင်ပင်ဖြစ်၏ လူသားတစ်ရပ်လုံးတို့သည် စဉ်းစားတွေးခေါ်မှုနှင့် လုပ်ကိုင်ဆောင်ရွက်မှုဟူသမျှတို့တွင် ဒဏ္ဍာရီသဘောမှ ဝိဇ္ဇာပညာ သို့ကူးပြောင်း ကြတော့မည်ဖြစ်၏။ ဆိုရှယ်လစ်စနစ်ကို ထူထောင်နိုင်ကာ ပဋိပက္ခ ဖြစ်နေသော စီးပွားရေးဆိုင်ရာ လူတန်းစားများကို လုံးဝဖျက်သိမ်းနိုင်သော အခါကျမှ သာလျှင် ဤပန်းတိုင်သို့ ရောက်နိုင်မည်ဖြစ်၏။ ဤအခါကျမှသာလျှင် သွေးစုပ်သော လူတန်းစားများလည်း လူတို့၏ ရှေးကျ မသိနားမလည်မှုများလည်း အဆုံးသတ်သွားမည် ဖြစ်ပေသည်။

ဤသို့ ကူးပြောင်းရေးအတွက် လူတို့၏ တွေးခေါ်မှုတွင် တော်လှန်ပြောင်းလဲမှု တစ်ရပ်လို၏။ ဤအတွေးအခေါ် တော်လှန်မှုမှာ လူ့အဖွဲ့အစည်း တော်လှန်ပြောင်းလဲမှု အားဖြင့်သာလျှင် ဖြစ်နိုင်ပေသည်။

ယခုအခါ သန်းပေါင်းများစွာသော လူတို့သည် ကျွန်ဘဝက ရုန်းထွက်ကာ ဘဝသစ်ကို တည်ဆောက်နေကြ၏။ ယခင်က အဖိနှိပ်ခံလူတန်းစားများသည်၊ ပုန်ကန်ထကြွခဲ့ကြ၏။ ရာဇဝင်အရကား၊ တိုးတက်ပါ၏။ သို့ရာတွင် သူတို့သည် သွေးစုတ်မှု တစ်ခုနေရာတွင် အခြားသွေးစုတ်မှုတစ်ခုကို အစားထိုးခဲ့ကြ၏။ အစွဲအလမ်းတစ်ခု နေရာတွင် အခြားအစွဲအလမ်းတစ်ခုကို အစားထိုးခဲ့ကြ၏။ သောမတ်စ်ဟော့စ် ဆိုသော ပုဂ္ဂိုလ်ကြီးက ဘာသာရေးနှင့် အစွဲအလမ်းကို ခွဲခြားရာ၌ လူ့အဖွဲ့အစည်းကို လက်ခံမှုကို စံထား၍ ခွဲခြားခဲ့၏။ *ဒဏ္ဍာရီများထဲမှ တန်ခိုးရှင်များကို ကြောက်ရွံ့မှုကို* လူ့အဖွဲ့အစည်းက လက်မခံသည့်အခါတွင် အစွဲအလမ်းဟူ၍ ကျွန်ုပ်တို့က ဆို၏။ သို့ရာတွင် ဒဏ္ဍာရီများကို လက်ခံအတည်ပြုလိုက်သည့် အခါတွင် ဘာသာရေးဟူ၍ ကျွန်ုပ်တို့ ခေါ်ကြလေသည်။ သို့ရာတွင် ရှိသေလေးစားမှုမှာ နှိုင်းယှဉ်ချက်အားဖြင့်သာဖြစ်၏။ လူ့အဖွဲ့အစည်း၏ အစိတ်အပိုင်းတစ်ခုက ဘာသာရေးနှင့် ကျေနပ်တင်းတိမ်နေသည့် အခါတွင် ပညာတတ်အစိတ်အပိုင်းများက အဘိဓမ္မာရေးရာစိတ်ဝါဒကို လိုလားလာကြလေသည်။

ယခုအခါ အုပ်စိုးသော လူတန်းစား၏ တရားဝင်ကိုယ်စားလှယ်များသည် သူတို့၏ ယိမ်းယိုင်နေသော အုပ်စိုးမှု၏ အသက်သွေးကြောအဖြစ် ဘာသာရေးကို အသုံးပြုရန် အစွမ်းကုန် ကြိုးစားနေကြ၏။ မည်သည့် နိုင်ငံရေးသမား စစ်ဗိုလ်ကြီးများနှင့် လုပ်ငန်းရှင်ကြီးများဘက်မှ ဆိုရှယ်လစ်လောကကို တိုက်ဖျက်ရေးအတွက် ပြင်ဆင်ရာတွင် ဘာသာရေးအကြောင်းကို ထည့်မပြောဘဲ မပြီးပေ။ အုပ်စိုးသော လူတန်းစားများသည် ဘာသာရေးကို ခုတုံးလုပ်နေကြသည်မှာ နေရာတိုင်းမှာပင် တွေ့မြင်နေရပေသည်။

ယနေ့ အလုပ်သမား လယ်သမားတို့၏ တိုက်ပွဲ အမျိုးသားရေးနှင့် ကိုလိုနီခေတ် လွတ်မြောက်ရေးတိုက်ပွဲတို့သည် လူသားတစ်ရပ်လုံး ဝိဇ္ဇာနည်းကျကျ ရုပ်ဝတ္ထုကျကျ ကမ္ဘာ့အမြင်ရရှိရေး လှုပ်ရှားမှုကြီး၏ အစဖြစ်ပေသည်။ ယခုအခါ လူသားတို့သည် ပထမဆုံးအကြိမ် အောက်ပါအတိုင်း ကြွေးကြော်နိုင်သည့် အချိန်အခါသို့ ရောက်လာခဲ့ပြီဖြစ်ပေ၏။ ''*ငါတို့မျက်စိများကို ပိတ်ထားသည့် အရာများကို မလိုပြီ၊ ချုပ်ချယ်ထားသည့် အရာများကို ငါတို့ မလိုပြီ၊ အမှန်တရားသည်သာလျှင် ငါတို့ကို လွတ်မြောက်စေ၍ လွတ်လပ်ရေးကို ထိန်သိမ်းစေနိုင်လိမ့်မည်ဖြစ်သည်။*''

ယနေ့ တရုတ်ပြည်တွင် အလုပ်သမားများ လယ်သမားများနှင့် ကျောင်းသား

များသည် အနုပဋိလောမနှင့် ရာဇဝင်ရေးရုပ်ဝါဒကို လေ့လာနေကြသည်မှာ မတော်တဆဖြစ်ခြင်းမဟုတ်ဘဲ မလွှဲမရှောင်သာသော ရာဇဝင်ဖြစ်စဉ်တစ်ရပ်ပင်ဖြစ်၏။ သန်းပေါင်းများစွာသော ဒေါ်လာများနှင့် သာသနာပြု ဆရာများ၏ ကြိုးစားချက်များသည် ခရစ်ယာန်ဘာသာ သို့မဟုတ် အနောက်တိုင်း အဘိဓမ္မာကို လက်တစ်ဆုပ်စာ တရုတ်များ၏ ထံလောက်သာရောက်အောင် တတ်နိုင်ခဲ့ကြ၏။ သို့ရာတွင် ကမ္ဘာ့အလုပ်သမားလူတန်းစား ခေါင်းဆောင်ကြီးများ ချမှတ်ထားသည့် သဘောတရားလမ်းညွှန်ပြမှုကို ခံယူလျက် ပြည်သူလူထုကြီးတစ်ရပ်လုံး ကိုယ်တိုင် လွတ်မြောက်ရေးအတွက် တိုက်ပွဲဝင်ခဲ့ကြသည့်အခါတွင်ကား နှစ်အနည်းငယ်အတွင်း ဝိဇ္ဇာနည်းကျသော ရုပ်ဝတ္ထုကျသော ကမ္ဘာ့အမြင်ကို ရရှိခဲ့ကြလေသည်။

*ဒီမိုကရစ်တပ်စ်၊ အီပစ်ကြူးရပ်စ်နှင့် လူကရီတီးယပ်စ်* ဆိုသော ပုဂ္ဂိုလ်ကြီးများ၏ ရဲရင့်၍ အကြောက်အရွံ့ကင်းမဲ့သော ရုပ်ဝါဒသည် ရှေးဟောင်းကျေးကျွန်အာဏာကို မကျော်လွှန်နိုင်ခဲ့ပေ။ အချိန်မှာ မရင့်မာခဲ့သေးပေ။ ယခုအခါတွင်ကား အရင်းရှင်စနစ်ပေါ်ထွက်လာကာ ၎င်း၏ သင်္ချိုင်းကို *တူးသူများ* ဖြစ်သော အလုပ်သမားလူတန်းစားဖြင့် အင်အားကြီးထွားမှု၊ အသိဉာဏ်မြင့်မားလာမှုတို့ကြောင့် ကျေးကျွန်များသည် ကိုယ်ပိုင်အဘိဓမ္မာတစ်ရပ်ကို ရရှိလာကြပေသည်။ ဤအဘိဓမ္မာသည် သူတို့ကို ချည်နှောင်ထားသည့် သံကြိုးများကို ဖယ်ရှားပစ်နိုင်လေပေသည်။

ရှေးကျေးကျွန်ခေတ် အီဂျစ်ပြည် ပိရမစ်အဆောက်အဦကြီးများကို ဆောက်လုပ်ခဲ့ကြရသူများ၏ ကြောက်မက်ဖွယ်ရာ ဒုက္ခခံစားကြရမှုများ၊ ရောမနှင့် ဥရောပမှ ကျေးကျွန်များ၏ ဒုက္ခရောက်ကြပုံများ စသည်တို့ကို ကြည့်လျှင် တဖက်က အတင်းအကျပ် ရိုက်နှက်စေခိုင်းသော လက်နက်များနှင့် အခြားတဖက်က မှော်ဝိဇ္ဇာဆရာတို့ ဘုန်းကြီးတို့နှင့် ပူးပေါင်းလုပ်ဆောင်ခဲ့ခြင်းဖြစ်ကြောင်း တွေ့ရမည်ဖြစ်၏။ ယခုအခါမသေဘဲ ကြွင်းကျန်နေသော သူများမှ ဆင်းသက်လာခဲ့ကြသည့် နောင်လာနောင်သားများသည် ပထမဆုံးအကြိမ် အစွဲအလမ်းမှ ဝိဇ္ဇာပညာဘက်သို့ ဦးတည် သွားလာနေကြလေပြီ၊ သူတို့၏ ဖိနှိပ်မှုနှင့် သွေးစုပ်မှု ဆန့်ကျင်ရေးတိုက်ပွဲ ငြိမ်းချမ်းရေးနှင့် နေထိုင်မှုအဆင့်အတန်းမြင့်ရေးတိုက်ပွဲတို့၏ ဖြစ်စဉ်သည်ပင်လျှင် တစ်ချိန်တည်း၌ စိတ်ဓာတ်အချုပ်ချယ်ခံနေရသောဘဝမှ လွတ်မြောက်ရေးဖြစ်စဉ်ဖြစ်ပေသည်။

ဤသို့အားဖြင့် နှစ်ဆယ်ရာစုနှစ်၏ အမျိုးသားလွတ်လပ်ရေးငြိမ်းချမ်းရေး ဒီမိုကရေစီရေးနှင့် နောက်ဆုံး နောက်ဆုံး ဆိုရှယ်လစ်ရေးတို့အတွက် ဆင်နွှဲသော ပြည်သူလူထုကြီး၏ တိုက်ပွဲများကြောင့် လူ့လောကကြီး၏ ပြဿနာအရပ်ရပ်ကို ဝိဇ္ဇာပညာနည်းအားဖြင့် ဖြေရှင်းနိုင်မှုမှာ အကောင်အထည်ပေါ်၍ လာခဲ့လေပြီ၊ လူတန်းစားမဲ့ လူ့အဖွဲ့အစည်းအတွင်း၌ မသိနားမလည်မှုနှင့် သွေးစုပ်မှုတို့၏ အယူဝါဒရေး

ထင်ဟပ်ချက်ဖြစ်သော အစွဲအလမ်းသည် မတည်ရှိနိုင်ပေ။ ခေရှင်အဘိဓမ္မာသည် လမ်းဆုံးသို့ ရောက်နေလေပြီ။ မာ့က်စ်ဝါဒ အဘိဓမ္မာတစ်ရပ် အဖြစ်ပေါ်ထွက်လာခြင်းသည် ခေတ်သစ်တစ်ရပ်သို့ ရောက်လာခြင်းပင်ဖြစ်၏။ ကမ္ဘာ၏ သုံးပုံတစ်ပုံတွင် မာ့က်စ်၊ လီနင်တို့၏ သင်ကြားချက်အရ ခေတ်သစ်ကို ထူထောင်နေကြပြီဖြစ်၏။ ဤကားလူသားတို့၏ ဝိဇ္ဇာနည်းမကျမီ ကမ္ဘာ့အမြင်မှ ဝိဇ္ဇာနည်းကျသော ကမ္ဘာ့အမြင်သို့ ချီတက်နေသည့် လှုပ်ရှားမှုကြီးပင် ဖြစ်လေသည်။

⚒ ⚒ ⚒

## အခန်း(၂)
## ကမ္ဘာ့အမြင်သစ်

အရင်းရှင်စနစ်သည် လုပ်ခစား အလုပ်သမား လူတန်းစားသစ်တစ်ရပ်ကို မွေးထုတ်လိုက်၏။ အလုပ်သမားများသည် သူတို့၏ လုပ်အားမှလွဲ၍ ဘာမျှမရှိကြပေ။ သို့ရာတွင် ဤအသစ်ဖြစ်သော ပစ္စည်းမဲ့လူတန်းစားသည် ကမ္ဘာ့စနစ်သစ်တစ်ရပ်ကို ဖန်တီးမည့်သူ ဖြစ်လာခဲ့၏။ ၎င်းသည် နိုင်ငံရေးဘောဂဗေဒကို နားမလည်ခဲ့၊ သို့ရာတွင် နိုင်ငံရေးဘောဂဗေဒကို လူမှုစီမံကိန်းဝိဇ္ဇာပညာရပ်အဖြစ် ပြောင်းလဲပစ်ရန် တာဝန်ရှိခဲ့၏။ ၎င်းသည် အဘိဓမ္မာကို နားမလည်ခဲ့၊ သို့ရာတွင် အဘိဓမ္မာသည် ကမ္ဘာကြီးကို စိတ်ကူးနှင့် အဓိပ္ပာယ်ပြန်နေသည့်အဖြစ်မှ ကမ္ဘာကြီးကို ပြောင်းလဲပစ်သည့် ဝိဇ္ဇာပညာရပ်တစ်ရပ် အဖြစ်သို့ ရောက်အောင် ပြောင်းလဲပစ်ရန် တာဝန်ရှိခဲ့၏။ အလုပ်သမားလူတန်းစားသည် အဘိဓမ္မာကို ပိုင်နိုင်အောင်လုပ်ရင်း သူ့ကိုယ်သူ လွတ်မြောက်အောင် လုပ်ရန်ဖြစ်၏။ သူ့ကိုယ်သူ လွတ်မြောက်အောင်လုပ်ရင်း အဘိဓမ္မာကို တော်လှန်ပြောင်းလဲပစ်ရန် ဖြစ်ပေသည်။

ရှေးခေတ်က ပေါ်ခဲ့သော အစွဲအလမ်း၊ မှော်ဝိဇ္ဇာပညာနှင့် ဒဏ္ဍာရီတို့မှာ လူက သဘာဝကို နိုင်နင်းရန်အတွက် ဖြစ်၏။ ဤမှနေ၍ ဘာသာများပေါ်လာခဲ့၏။ ၎င်းတို့မှာ မှော်ဝိဇ္ဇာပညာတို့ကဲ့သို့ သဘာဝကို ချုပ်ကိုင်ရန်အတွက် မဟုတ်တော့ဘဲ လူများကို ချုပ်ကိုင်ရန်အတွက် ဖြစ်၏။ ၎င်းမှာ လူတန်းစား၊ လူ့အဖွဲ့အစည်း၏ အခြေခံလိုအပ်ချက်ပင် ဖြစ်ခဲ့၏။

သို့ရာတွင် ယခုအခါ အရင်းရှင်စနစ်၏ ကုန်ထုတ်လုပ်ရေး တော်လှန်ပြောင်းလဲမှုကြောင့် လူတန်းစားသစ်တစ်ရပ် ပေါ်ထွက်၍လာခဲ့၏။ ဤလူတန်းစားသည် သူ့ဘဝ၏ လိုအပ်ချက်များကြောင့် သူ့ကိုယ်သူ ဝိဇ္ဇာနည်းကျသော ရုပ်ဝတ္ထုကျသော

Burma Marxist Learner



ကမ္ဘာ့အမြင်သစ်ကို ရရှိစေသည့် ဝိဇ္ဇာပညာလက်နက်ကို တပ်ဆင်ခဲ့ရ၏။ ဤလူတန်းစားသည် သူ့ဘဝ၏ လိုအပ်ချက်များကြောင့် သူ့ကိုယ်သူ ဝိဇ္ဇာနည်းကျသော ရုပ်ဝတ္ထုကျသော ကမ္ဘာ့အမြင်သစ်ကို ရရှိစေသည့် ဝိဇ္ဇာပညာလက်နက်ကို တပ်ဆင်ခဲ့ရ၏။ ဤအမြင်အရ လူအပေါင်းကို အရာဝတ္ထုများကို နိုင်နင်းရေးအတွက် စည်းရုံးမည်ဖြစ်၏။ ကွန်မြူနစ်စနစ်၏ အောက်တွင် အလုပ်သမားလူတန်းစားသည် လူကိုလူချင်း ချုပ်ကိုင်စီမံသည့် အစိုးရကို အဆုံးသတ်ကာ အရာဝတ္ထုများကို လူတို့က ချုပ်ကိုင်စီမံမှုကို အဆုံးသတ်ပစ်မည်ဖြစ်၏။ ၎င်းပြင် လူကိုလူချင်း အောက်ကျနောက်ကျ ဖြစ်နေရသည့် စိတ်ဓာတ်များကိုလည်း အဆုံးသတ်ပစ်မည်ဖြစ်၏။ ၎င်းမှာ တကယ့်စစ်မှန်သော လူ့လောကကောင်းကျိုးချမ်းသာကို ဆောင်ရွက်သော ဝါဒကြီးပင်ဖြစ်၏။

အဘယ်ကြောင့် ဤလူတန်းစားသည် ကမ္ဘာ့ရာဇဝင်ပေးတာဝန်များကို ထမ်းဆောင်နိုင်ပါသနည်း။ အဘယ်ကြောင့် အခြားလူတန်းစားများမဟုတ်ဘဲ အလုပ်သမားလူတန်းစားကမှ ထမ်းဆောင်နိုင်ပါသနည်း။

ဤနေရာတွင် မာ့က်စ်နှင့် အိန်ဂျယ် တို့၏ ကြီးမားသော ဉာဏ်ပညာသည် တည်ရှိနေပေသည်၊ ဆယ့်ကိုးရာစုနှစ် စောစောပိုင်းတုန်းက စိတ်ကူးယဉ်ဆိုရှယ်လစ်များသည် အလုပ်သမားလူတန်းစားများကို ဒုက္ခအရောက်ဆုံးသော လူတန်းစားအဖြစ်သာ မြင်ခဲ့ကြ၏။ ၎င်းနှင့် ဆန့်ကျင်ဘက် မာ့က်စ်နှင့် အိန်ဂျယ်တို့က အလုပ်သမားလူတန်းစားသည် အနာဂတ်ကို ပိုင်နိုင်ဖို့အတွက် အချက်အချာ နေရာက ရှိနေသူများဖြစ်ကြောင်း မြင်ခဲ့ကြလေသည်။ အလုပ်သမားများသည် ခေတ်သစ်အရင်းရှင် စက်မှုလုပ်ငန်းအတွင်း၌ *"၎င်းတို့၌ နှောင်ကြိုးများမှလွဲ၍ ဘာကိုမျှဆုံးရှုံးရန်မရှိ၊ ကမ္ဘာကြီးကို ပိုင်ဆိုင်ဖို့ ရှိသည်"* ဆိုချက်မှာ မာ့က်စ်နှင့် အိန်ဂျယ်တို့၏ အခြေခံအကျဆုံးသော ထိုးထွင်း သိမြင်ချက်ပင်ဖြစ်၏။

အလုပ်သမားလူတန်းစား၏ အနေအထား လက္ခဏာသုံးရပ်က သူ၏ အတွေးအခေါ်၏ အနှစ်သာရနှင့် ပုံသဏ္ဍာန်တို့ကို ပြဋ္ဌာန်းကာ အဘိဓမ္မာကို တော်လှန်ပြောင်းလဲအောင် ပြုလုပ်နိုင်စွမ်းရှိပေသည်။ ပထမလက္ခဏာမှာ အလုပ်သမားလူတန်းစားသည် သဘာဝတို့၏ ဆက်စပ်မှုဖြစ်၏။ အလုပ်သမားလူတန်းစားသည် ကမ္ဘာ့ရာဇဝင်တွင် ကိုယ်ပိုင်ကမ္ဘာ့အမြင်ရှိသော ပထမဆုံးသော ကုန်ထုတ်လုပ်သူ လူတန်းစားဖြစ်၏။ သူတို့သည် သဘာဝနှင့် ဆက်သွယ်ရာ၌ အခြားလူတန်းစားများနှင့် မတူပေ။ ရှေးကျေးပိုင်ကျွန်ပိုင်များ၊ ပဒေသရာဇ်များ၊ ခေတ်ရှင်ပညာတတ်များ စသည်တို့၏ သဘာဝနှင့် ဆက်သွယ်မှုများမှာ စိတ်ကူးဆန်သော ဆက်သွယ်မှုများဖြစ်၏။ အလုပ်သမားများ၏ ဆက်သွယ်မှုကား လှုပ်လှုပ်ရှားရှား ဆက်သွယ်နေရခြင်းဖြစ်၏။ ဘဝအတွက် လိုအပ်သော အစား၊ အဝတ်၊ နေရာထိုင်ခင်းများကို ထုတ်လုပ်နေကြ၏။ သဘာဝနှင့်

အရာဝတ္ထုများမှာ သူတို့အဖို့ စိတ်ကူးယဉ်စရာ ပစ္စည်းများ မဟုတ်တော့၊ သုံးစွဲဖို့အတွက် အလုပ်လုပ်ရန်ပစ္စည်းများသာ ဖြစ်ကြတော့၏။ မက်တာဆိုသော ရုပ်ဝတ္ထုမှာ အကောင်အထည် မရှိသော အရာမဟုတ်တော့ အလုပ်လုပ်ရန် အကြမ်းထည်ပစ္စည်းများ၊ ကြိယာများ ထွက်လာသည့် ကုန်ပစ္စည်းများ၊ အလုပ်သမားနှင့် အလုပ်လုပ်သည့် ဖြစ်စဉ်တို့ကို ခေါ်သည့် အမည်သာ ဖြစ်ပေသည်။ ဤကဲ့သို့သော သဘာဝနှင့် ဆက်သွယ်မှုက အလုပ်သမား လူတန်းစားအား သဘာဝနှင့် ပတ်သက်၍လည်းကောင်း အသိပညာနှင့် ပတ်သက်၍လည်းကောင်း၊ တော်လှန်သော အမြင်ကို ရစေပေသည်။

အလုပ်သမားလူတန်းစား၏ ဒုတိယထူးခြားသည့် လက္ခဏာမှာ ၎င်း၏ အမှန်တရားကို လိုအပ်ခြင်းဖြစ်၏။ အမှန်တရားမှ လွဲ၍ ဘာကိုမျှမလိုပေ၊ အာဏာရဖို့ ကြိုးစားနေကြသော လူတန်းစားများ အားလုံးသည်လည်းကောင်း၊ အာဏာရနေကြသော လူတန်းစားများသည် လည်းကောင်း၊ အမှန်တရား အတော်အတန် ရှိနေဖို့လိုကြ၏။ သို့ရာတွင် အတိုင်းအတာကား များစွာ ခြားနားပေသည်။ သွေးစုပ်ခြယ်လှယ်သော လူ့အဖွဲ့အစည်းအားလုံးတွင် ဒဏ္ဍာရီကဲ့သို့ မှားယွင်းသော အယူအဆများကို လိုလေသည်၊ ၎င်းမှာ သူတို့၏ သွေးစုပ်ခြယ်လှယ်ရေးစနစ် ဆက်လက်တည်မြဲနိုင်ရေးအတွက် အထောက်အကူရနိုင်ရန်ဖြစ်၏၊ အလုပ်သမားလူတန်းစားသည် ဤမှားယွင်းသော အယူအဆများကို ဆန့်ကျင်ဖျက်ဆီးလေသည်။ ရောဘတ်ဘရစ်ဖေါ့ဆိုသော ပုဂ္ဂိုလ်ကြီးက ဤသို့ ပြောဘူး၏။ "မသိ နားမလည်မှု၏ တန်ဖိုးသည် ထာဝရသတ္တိရှိ နိုးကြားနေမှု ဖြစ်သည်" သူဆိုလိုသည့် အဓိပ္ပာယ်မှာ အုပ်စိုးသော လူတန်းစားသည် လူထုများကို မသိနားလည်သည့်အဖြစ်တွင် ရှိနေစေရန်၊ အစွဲအလမ်းများနှင့် ဖုံးလွှမ်းနေစေရန် အစဉ်သဖြင့် သတိထား၍ အကြီးအကျယ်ပစ္စည်း ကြိယာများကို သုံးစွဲကာ ကြိုးစားနေသည် ဟူ၍ ဖြစ်၏၊ အမေရိကန်တွင် ဒေါ်လာကို ရေလိုသုံး၍ ရုပ်ဝါဒဆန့်ကျင်ရေးဝါဒဖြန့်မှု "ပြည်သူ့အရင်းရှင်စနစ်" ဆိုသည့်တို့ကို ဝါဒဖြန့်မှုတို့ကို ကြည့်ပါ။

ဤအစွဲအလမ်းများနှင့် ဒဏ္ဍာရီများကို ကျော်လွှားရန်အတွက်၎င်း၊ အစွဲအလမ်းများ ဒဏ္ဍာရီများကို ဖန်တီးကာ ခိုင်မြဲအောင်ပြုလုပ်ထားသော အင်အားစုများနှင့် အခြေအနေများအောက်မှ လူ့အဖွဲ့အစည်းကို လွတ်မြောက်အောင် ပြုလုပ်ရမှာ အလုပ်သမားလူတန်းစား၏ မလွှဲမရှောင်သာသော ရာဇဝင်ပေး တာဝန်ဖြစ်ပေသည်။

ခေတ်သစ်စက်မှု အလုပ်သမားလူတန်းစားသည် အမှန်တရားကို ဆိုလိုခြင်းမှာ အခြားကြောင့်မဟုတ်ပေ။ မှားယွင်းသော အယူဝါဒ အစွဲအလန်းများသည် ၎င်း၏ ရာဇဝင်ပေးတာဝန်များကို မထမ်းဆောင်နိုင်အောင် ဟန့်တားထားသောကြောင့် ဖြစ်၏။ ၎င်းသည်ကပင် ရာဇဝင်တွင် သဘာဝကို အချုပ်အခြယ်မရှိ၊ အပိုအလိုမရှိ၊ ရှုမြင်နိုင်သည့် ပထမဦးဆုံးသော လူတန်းစားဖြစ်လေသည်။ အလုပ်သမား လူတန်းစား၏ တကယ့်

အကျိုးစီးပွားသည် ဘာသာရေးနှင့်ဆန့်ကျင်၏။ ၎င်းသည် သဘာဝကို အဓိပ္ပာယ်ပြန်ဆိုခြင်းထက်၊ လူသားတို့၏ အကျိုးစီးပွားအတွက် သဘာဝကို နိုင်နင်းရေးကို ပို၍ လိုလားလေသည်။

၁၈၄၈ ခုနှစ်က ချားလ်စ်ကင်းစလေးက ဓနရှင်များ ဘာသာရေးကို အသုံးချပုံနှင့် ပတ်သက်၍ ဤသို့ပြောခဲ့၏"ကျွန်ုပ်တို့သည် သမ္မာကျမ်းစာကို အထူးပုလိပ်၏ လက်စွဲစာအုပ်ကဲ့သို့ အသုံးပြုခဲ့ပါသည်။ ဝန်သယ်သော တိရစ္ဆာန်များ ခံနိုင်ရည်ရှိအောင် ဘိန်းကျွေးရသကဲ့သို့ ဖြစ်ပါသည်။ ဤသမ္မာကျမ်းစာအုပ်မှာ ဆင်းရဲသားများကို ငြိမ်ဝပ်ပိပြားအောင် လုပ်ထားသည့် စာအုပ်သက်သက်မျှသာ ဖြစ်သည်။ အလုပ်သမားလူတန်းစားသည် ဤကဲ့သို့သော ဘိန်းမျိုးကိုမလို၊ ဝန်သယ်သည့် တိရစ္ဆာန်အဖြစ်က ရပ်ရန်လိုပေသည်။"

တက်သစ်စဓနရှင်သည် ရူပဗေဒဆိုင်ရာ ဝိဇ္ဇာပညာကိုလိုခဲ့၏။ လူမှုဝိဇ္ဇာပညာကိုလည်း လိုခဲ့၏။ ၎င်းသည် ဤအဓိကဌာနနှစ်ခုတွင် ကြီးစွာသောတိုးတက်မှုများကို ပြုလုပ်ခဲ့၏။ ၎င်းသည် နိုင်ငံရေး ဝိဇ္ဇာပညာတစ်ရပ်ကို ပြုလုပ်ရန် ကြိုးစားခဲ့၏။ နိုင်ငံရေးဘောဂဗေဒပညာကို တိုးတက်အောင် ပြုလုပ်ခဲ့၏။ ၎င်းသည် ဤလူမှုဝိဇ္ဇာပညာများကို ဆယ့်ကိုးရာစုနှစ် ပထမပိုင်းမကုန်မီ အထိသာ လိုခဲ့၏။ ထိုအချိန်တွင် ၎င်း၏ ပဋိပက္ခများမှာ စီးပွားရေး အကျပ်အတည်းဆိုက်သည့် ပုံသဏ္ဌာန်နှင့် ပေါ်၍လာခဲ့ကာ အလုပ်သမားလူတန်းစားက ၎င်း၏အုပ်စိုးမှုကို ခြိမ်းခြောက်၍ လာခဲ့လေသည်။

ကားလ်မာ့က်စ်သည် ၁၈၇၃ ခုနှစ် အရင်းကျမ်း ပထမတွဲ ဒုတိယနှိပ်ခြင်း၏ နိဒါန်းတွင် ဓနရှင်အတွေးအခေါ်၏ အကြီးအကျယ်နောက်ဆုတ်သွားပုံများ၊ အရင်းရှင်များသည် အမှန်တရားကို ကြည့်သည့်နေရာ၌ မှန်မမှန်ကို ကြည့်ခြင်းထက် အရင်းအနှီးအတွက် အကျိုးရှိ မရှိ၊ နိုင်ငံရေးအရ အန္တရာယ်များမများဆိုသည်တို့ကို အခြေခံ၍ ကြည့်ပုံများ စသည်တို့ကို ဖော်ပြထားလေသည်။

ထိုအချိန်မှစ၍ ဓနရှင်သည် စစ်မှန်သော လူမှုဝိဇ္ဇာပညာနေရာတွင် ဒဿနိကကို အစားထိုးခဲ့၏။ နိုင်ငံရေးနှင့်စီးပွားရေးတို့ကို ရုပ်ဝတ္ထုကျကျ ချဉ်းကပ်သည့်နေရာတွင် ရုပ်ဝတ္ထုကို အသိအမှတ်မပြုသော စိတ်ဝါဒကို အစားထိုးခဲ့၏။ လျှော်ကန်သင့်မြတ်မှုကို အဘိဓမ္မာ၏ အခြေခံမှုအဖြစ် မြှင့်တင်ခဲ့ကြ၏။ ဝီလျံဂျိမ်းစ်က အမှန်တရားသည် ကျွန်ုပ်တို့စဉ်းစားတွေးခေါ်သည့်နေ့တွင် လျော်ကန်သင့်မြတ်မှုသာဖြစ်သည်ဟု ဆိုတော့၏။ သို့ရာတွင် အလုပ်သမားလူတန်းစားများနှင့် စည်းလုံးညီညွတ်သော လူသားတို့က ဝိဇ္ဇာပညာ၏ အကူအညီနှင့် နေရာတိုင်းတွင် အမှန်တရားကို ရှာဖွေမှုကိုမူ တားဆီးနိုင်မည်မဟုတ်ပေ။

အလုပ်သမားလူတန်းစား၏ တတိယ ထူးခြားသည့် လက္ခဏာမှာ ၎င်းတို့

လိုအပ်ချက်က ပြောင်းလဲမှုကို ကန့်သတ်မထားခြင်းဖြစ်၏။ မည်သည့် သွေးစုပ်သော လူတန်းစားမဆို တည်ရှိနေသော ကုန်ထုတ်လုပ်မှု၏ ဆက်ဆံရေးများကို သူ၏ အနေအထားအရ ထိန်းသိမ်းထားရမည်ဖြစ်၏။ သူသည် ပိုနေမြဲ ကျားနေမြဲကိုသာ အလိုရှိ၏။ သွေးစုပ်သော လူတန်းစားသစ်တစ်ရပ်ဖြစ်လာရန်အတွက် အာဏာရရှိရန် ကြိုးစားသော မည်သည့် လူတန်းစားမဆို ယင်း၏ အာဏာခိုင်မြဲယုံအထိသာ ပြောင်းလဲမှုကိုလို၏။ ထိုနောက်တွင်ကား၊ သူသည် ပြောင်းလဲမှုကို ရွံမုန်းလာတော့၏။ အလုပ်သမား လူတန်းစားကား အဆုံးမရှိသော ပြောင်းလဲမှုကို ရင်ဆိုင်၏။

အလုပ်သမား လူတန်းစားသည် ကမ္ဘာ့ရာဇဝင်တွင် အဆုံးမရှိသော ပြောင်းလဲမှုနှင့် တိုးတက်မှုကို ခံယူပြုလုပ်သည့် ပထမဆုံးသော လူတန်းစားဖြစ်၏။ ထို့ကြောင့်ပင် ဤလူတန်းစားသည် ရာဇဝင်တွင် လုံးဝအနုပဋိလောမနည်းကျသော ကမ္ဘာ့အမြင်နှင့် အနုပဋိလောမဝိဇ္ဇာပညာကို ၎င်းဘာသာ ထူထောင်နိုင်သည့် ပထမဆုံးသော လူတန်းစားဖြစ်ခြင်း ဖြစ်ပေသည်။ ဤသို့ ထူထောင်နိုင်သည်မှာ လူသားတို့၏ အဆုံးမရှိသော ဖြစ်ပေါ်တိုးတတ်မှုကို မြင်ရုံကြောင့်သာလျှင်မက ဖြစ်ပေါ် တိုးတက်မှုအားလုံးတွင် ရှိနေသော ပဋိပက္ခနှင့် တိုက်ပွဲများကို မရှောင်မလွှဲသာဘဲ တွေ့သိရသောကြောင့်လည်း ဖြစ်ပေသည်၊ ငယ်ရွယ်နုနယ်အားနည်း၍ သတ္တိကြောင်သော ဂျာမန်ဓနရှင်ကို ကိုယ်စားပြုသည့် ဟီးဂဲလ်သည် အင်္ဂလန်မှ စက်မှုတော်လှန်ရေး၏ အောင်မြင်ချက်များနှင့် ပြင်သစ်ပြည်တော်လှန်ရေးကြီးတို့၏ လှုံ့ဆော်ချက်အရ အနုပဋိလောမတရားများကို ကြီးမားစွာ အထောက်အကူပြု၏။ သို့သော်လည်း သူ၏ လူတန်းစားအနေအထားအရ သူ၏ အနုပဋိလောမတရားများမှာ စနစ်တစ်ရပ်အတွင်း၌ ကျပ်တည်းစွာ ပိတ်ဆို့ထားခြင်းကို ခံခဲ့ရ၏။ မာ့က်စ်နှင့် အိန်ဂျယ်တို့သည် အင်္ဂလန်၊ ပြင်သစ်နှင့်၊ ဂျာမနီ ပစ္စည်းမဲ့ လူတန်းစားများ၏ တိုက်ပွဲများတွင် ပါဝင်ရရှိသော တိုက်ရိုက်အတွေ့အကြုံများအရ ဟီးဂဲလ်၏ အနုပဋိလောမတရားများကို ဓနရှင် အကျဉ်းထောင်အတွင်းမှ ကယ်တင်နိုင်ခဲ့ကြလေသည်။ သူတို့သည် အနုပဋိလောမတရားများကို အလုပ်သမားလူတန်းစား လှုပ်ရှားမှုသို့ ပေးခဲ့လျှင် ၎င်းမှာ ဤလှုပ်ရှားမှုက အနုပဋိလောမတရားများကို အလိုရှိကာ အသုံးချ၍ တိုးတက် ဖြစ်ထွန်းအောင် ပြုလုပ်နိုင်သောကြောင့်သာလျှင်ဖြစ်ပေသည်။

ဤကား အလုပ်သမား လူတန်းစားတွေးခေါ်မှု၏ ထူးခြားချက်လက္ခဏာများပင်ဖြစ်ကြ၏။ ဤတွေးခေါ်မှုသည်တကယ့် လူတန်းစားတိုက်ပွဲ၏ အရောင်ရိုက်ခတ်မှုပင်ဖြစ်၏။ အနုပဋိလောမရုပ်ဝါဒနှင့် ရာဇဝင်ရေး ရုပ်ဝါဒတို့ကို ပထမဆုံးထူထောင်သူမှာ အလုပ်သမားများကိုယ်တိုင် မဟုတ်ပေ။ သို့ရာတွင် မာ့က်စ်ဝါဒ၊ အနုပဋိလောမရုပ်ဝါဒသည် အလုပ်သမားလူတန်းစား၏ အတွေ့အကြုံနှင့် ပူးပေါင်းပေးခြင်း၊ ယခင်လူတန်းစား၏ အကောင်းဆုံးသော အတွေးအခေါ်တို့ကို လေ့လာပူးပေါင်းပေးခြင်း

တို့လိုပေသည်။ ဤဝါဒသည် ဂျာမာန်လူမျိုးများထံမှ ပေါ်ထွက်လာခြင်းမှာ မတော်တဆ မဟုတ်ပေ။ ထိုအချိန်က အလွန်နုနယ်ငယ်ရွယ်သော ဂျာမာန်ဓနရှင်သည် ပဒေသရာဇ် စနစ်ကို တိုက်ပွဲဆင်ရန်လိုနေသည့် ထူးခြားသောအခြေအနေရှိနေပေသည်။ သူတို့သည် အင်္ဂလန်နှင့် ပြင်သစ်ပြည်တို့ရှိ ပိုရှေ့တန်းကျသော လူတန်းစားတိုက်ပွဲများ၌လည်း တက်ကြွစွာ ပါဝင်ခဲ့ပေသည်။ မာ့က်စ်နှင့် အိန်ဂျယ်တို့သည် ဆိုရှယ်လစ်ဝါဒ၊ ကွန်မြူနစ်ဝါဒတို့ကို တွေ့ရှိခဲ့သူများသည် ထွင်ခဲ့သူများမဟုတ်ပေ။ သူတို့သည် ထိုဝါဒကို ဝိဇ္ဇာနည်းကျအောင် လုပ်ပေးခဲ့ခြင်းသာဖြစ်၏။ ထိုဝါဒကိုအိမ်မက်မှ အကောင်အထည် အဖြစ်သို့ စိတ်ကူးယဉ်မှ ဝိဇ္ဇာပညာအဖြစ်သို့ပြောင်းလဲပေးခဲ့၏။သူတို့သည် အဘိဓမ္မာကို တော်လှန်ပြောင်းလဲခဲ့၏။ အလုပ်သမားလူတန်းစားအတွက် တော်လှန်သော သဘော တရား အသစ်တရပ်ကို ထူထောင်ခဲ့ကြ၏။

အလုပ်သမားလူတန်းစား၏ တွေးခေါ်မှုပုံသဏ္ဌာန်သည် ဝိဇ္ဇာနည်းကျခြင်း ဖြစ်၏။ မည်သည့်အဘိဓမ္မာစနစ်မှ ဝိဇ္ဇာပညာရပ်များ၏ အပေါ်က မရှိသည့်အတိုင်း အဘိဓမ္မာမှာလည်း အထူးပုံသဏ္ဌာန်မှာလည်းမရှိပေ။

တက္ကသိုလ်ပညာတတ်အဘိဓမ္မာဆရာများက သူတို့သည် မာ့က်စ်ဝါဒအဘိ ဓမ္မာကို ရှာမတွေ့ဟုဆိုကြ၏။ထုံးတမ်းအစဉ်အလာအရ ကျမ်းစာစနစ်သဘောအရ ဆိုလျှင် မာ့က်စ်ရော အိန်ဂျယ်ရော မည်သူမှ အဘိဓမ္မာစာအုပ်ကို မရေးခဲ့ကြပေ။ သို့သော် သူတို့ရေးသမျှ စာအုပ်တိုင်းတွင် အဘိဓမ္မာသစ်သဘောမှာ ပါဝင်နေ၏။ ယင်းမှာ သဘာဝတရားနှင့် လူ့အဖွဲ့အစည်း အသွင်လက္ခဏာအားလုံးတို့ကို ရုပ်ဝါဒ ကျကျ အဓိပ္ပါယ်ပြန်ဆိုခြင်း သို့မဟုတ် ခံယူခြင်းနှင့် ယင်းတို့၏ လှုပ်ရှားမှုကို အနုပဋိ လောမနည်းအရ ချဉ်းကပ်ခြင်းတို့ဖြစ်ပေသည်။

မာ့က်စ်ဝါဒ အဘိဓမ္မာ၏ အနှစ်သာရကိုကော မည်သို့အဓိပ္ပာယ် သတ်မှတ် မည်နည်း။ ၎င်းမှာလည်းမလွယ်ကူပေ။ မာ့က်စ်ဝါဒတွင် အနုပဋိလောမတရားများမှ တစ်ပါး၊ ဝိဇ္ဇာပညာရပ်များထက် ပို၍ထူးခြားသော မည်သည့်အနှစ်သာရမျှမရှိပေ။ မက့်စ် အဘိဓမ္မာ၏ တစ်ခုတည်းသော ထူးခြားသည့် အနှစ်သာရမှာ စဉ်းစားတွေးခေါ်မှု နှင့် အရာဝတ္ထုများ၏ လှုပ်ရှားမှုတရားများကို ယေဘုယျချုပ်ထားသည့် ပုံသဏ္ဌာန်ပင် ဖြစ်၏။ ဝိဇ္ဇာပညာရပ်တိုင်းသည် ၎င်း၏ဆိုင်ရာ ဘာသာရပ်၏ ဖြစ်ပေါ်တိုးတက်မှု၊ လှုပ်ရှားမှုတရားများကို လေ့လာရမည်ပင်ဖြစ်၏။

အဘိဓမ္မာကို အခြားသော ဘာသာရပ်များနှင့် မရောဘဲ သီးခြားဘာသာရပ် တစ်ခုဖြစ်စေသည့် အရာမှာ ဤတရားများကို လေ့လာ၍ သတ္တုချခြင်း၊ လှုပ်ရှားမှုနှင့် ဖြစ်ပေါ်တိုးတက်မှုတို့က ဆောင်သည့် အခြေခံအကျဆုံးသော၊ တစ်လောကလုံးနှင့် ဆိုင်သော ပုံသဏ္ဌာန်များကို တွေ့ရှိရန် အမျိုးမျိုးသော ဝိဇ္ဇာပညာရပ်များမှ ယေဘုယျ

Burma Marxist Learner



ချုပ်ယူခြင်းတို့ ဖြစ်၏။ ထုံးတမ်းစဉ်လာ အဘိဓမ္မာနှင့် ခြားနားသည်မှာ မာ့က်စ်ရုပ်ဝါဒသည် ကမ္ဘာကြီး၏ အဆုံးစွန်စနစ်ကို ထူထောင်ရန် မကြိုးစားဘဲ၊ သဘာဝလူ့အဖွဲ့အစည်းနှင့် အတွေးအခေါ်တို့၏ အသွင်လက္ခဏာအားလုံး၏ လှုပ်ရှားမှုတရားများကို အစဉ်စူးစမ်းရှာဖွေ သတ္တုချသွားခြင်းဖြစ်ပေသည်။ ဤနည်းအားဖြင့် မာက်စ်ရုပ်ဝါဒသည် ဝိဇ္ဇာပညာသည်များအဖို့ လမ်းညွှန်ဖြစ်ပေသည်။

ဤသို့ဆိုသဖြင့် မက်စ်ဝါဒသည် တရားကိုယ်မရှိ။ နည်းလမ်းသက်သက်သာဖြစ်သည်ဟု မယူဆစေလိုပေ။ ''*ငါတို့၏သဘောတရားသည် တရားသေမဟုတ်၊ အလုပ်လမ်းညွှန် ဖြစ်သည်*'' ဟု *အိန်ဂျယ်က* ပြောခြင်းမှာ မက်စ် နိုင်ငံရေးဘောဂဗေဒနှင့် ရာဇဝင်ရုပ်*ဝါ*ဒတို့မှာ အခြေခံမှုများ၊ ဝိဇ္ဇာပညာရပ်များ၏ တရားကိုယ်များမဟုတ်ဟု ဆိုလိုခြင်းမဟုတ်။ သူသည် မာ့က်စ်တွေးခေါ်မှု၏ အခြေခံလက္ခဏာတစ်ချက်ကို အလေးအနက် ဖော်ပြလိုခြင်းသာဖြစ်၏။ ၎င်းမှာ မက်စ်ဝါဒသည် အချိန်အခါအားလုံး၊ နေရာအားလုံးနှင့် အခြေအနေ အားလုံးတို့အတွက် အပြီးသတ်တရားကို ရရှိပြီဟူ၍ မဆိုခြင်းပင်ဖြစ်၏။ ဤအချက်နှင့် ပတ်သက်၍ လီနင်သည် သူ၏ ရုပ်ဝါဒနှင့် ကိုယ့်တွေ့သက်သက် ဝေဖန်ရေးဆိုသောကျမ်း၌ ဤသို့ရှင်းလင်းစွာ ဖော်ပြထား၏။ ''*မာက့်စ်သဘောတရားလမ်းအတိုင်းလိုက်လျှင် ရုပ်ဝတ္ထုကျသော အမှန်တရားနှင့် နီးသည်ထက်နီးကပ်သွားရမည်။ (ဘယ်တော့မှ ဆုံးခန်းတိုင် ရောက်သွားမည်ကား မဟုတ်။) သို့ရာတွင် အခြားတစ်လမ်းလမ်းကလိုက်လျှင်ကား ကျွန်ုပ်တို့သည် ရှုပ်ထွေးမှုနှင့် ညာလှိုင်းများဆီက လွဲ၍ တခြားဘယ်ဆီမျှရောက်မည် မဟုတ်ပေ။*''

ဤတင်ပြချက်သည် မာ့က်စ်အဘိဓမ္မာအတွက် မှန်ကန်၏။ လူသားတို့ပေါ်ထွက်လာခဲ့သည်မှာ နှစ်ပေါင်းသိန်းချီ၍ရှိပြီ ဖြစ်ကာ ဝိဇ္ဇာပညာရပ်များနှင့်အတူ လူ့ယဉ်ကျေးမှုမှာ နှစ်ပေါင်းထောင်ချီ၍ ရှိပြီဖြစ်ရာ ကျွန်ုပ်တို့သည် ကမ္ဘာလောကကြီးအကြောင်းကိုလည်းကောင်း၊ ကျွန်ုပ်တို့နှင့် ကျွန်ုပ်တို့၏ အပြင်ဘက်တွင်ရှိသော သဘာဝတို့၏ ဆက်ဆံမှုများအကြောင်းကိုလည်းကောင်း၊ ကျွန်ုပ်တို့၏ အသိပညာနှင့် လူမှုဆက်ဆံရေးများ၊ အကြောင်းကိုလည်းကောင်း၊ အတော်အတန် ဖေါ်ပြပြောဆိုနိုင်ပြီဖြစ်၏၊ အနုပဋိလောမတရားများ အပါအဝင် ဤပြောဆိုတင်ပြချက်များသည် မာ့က်စ်အဘိဓမ္မာ၊ အနုပဋိလောမရုပ်ဝါဒနှင့် ရာဇဝင်ရေးရုပ်ဝါဒတို့၏ အသည်းနှလုံးပင် ဖြစ်ပေသည်။

ပထမဦးစွာ အဘက်ဘက်က ချဉ်းကပ်ရန်လို၏။ ဤသို့ချဉ်းကပ်မှုသည် အလုပ်သမားလူတန်းစားအဘိဓမ္မာ၏ ထူးခြားချက်ပင်ဖြစ်၏။ ဤချဉ်းကပ်မှုသည် ရာဇဝင်ရေးရုပ်ဝါဒ၏ အနှစ်သာရဖြစ်လျက် မာ့က်စ်၏အကြီးမားဆုံး အထင်အရှားဆုံးသော ဖြည့်စွမ်းမှုကြီးပေသည်။ လက်တွေ့အားဖြင့် ဝိဇ္ဇာနည်းကျသော ဆိုရှယ်လစ်ဝါဒ

အခြေခံမှုများ၏ အချက်အချာမှာ (ပထမ) ကုန်ထုတ်လုပ်မှုသည် လူ့ဘဝ၏ ရုပ်ဝတ္ထု အခြေခံအချက်ဖြစ်၏။ (ဒုတိယ) ကုန်ထုတ်လုပ်မှု ဆက်ဆံရေးများ၏ အခြေခံအုတ်မြစ်ပေါ်တွင် လူ့အဖွဲ့အစည်း၏ အယူဝါဒရေး အပေါ်ယံအဆောက်အအုံသည် တည်ရှိနေသည်ဆိုသော အချက်ဖြစ်၏။

လူ့ဘဝ၏ ရုပ်ဝတ္ထုအခြေခံသည် ကုန်ထုတ်လုပ်မှုတွင်၊ အလုပ်တွင် တည်ရှိနေ၏။ ပလေတိုက လူသည် အမွေးအမျှင်မရှိသော ခြေနှစ်ချောင်း သတ္တဝါဖြစ်သည်ဟု ဆို၏။ မှန်ပါ၏၊ သို့ရာတွင် ၎င်းမှာလူ၏ အထူးခြားဆုံးသော လက္ခဏာမဟုတ်ပေ။ အာရစ်စတိုတယ်ကမူ လူသည် ကျိုးကြောင်းဆင်ခြင်တတ်သော သတ္တဝါဖြစ်သည်ဟုဆို၏။ မှန်ပါ၏၊ သို့ရာတွင် လူသည်မည်ကဲ့သို့ ဤသို့ တိုးတက်ဖြစ်ပေါ်လာပုံများကို ဤအဆိုက မဖော်ပြပေ။ မာ့က်စ်နှင့် အိန်ဂျယ် တို့၏ အမြင်အရဆိုလျှင် အလုပ်သည် လူ၏သဘာဝအတွက်လည်းကောင်း၊ သူ၏တစ်ဦးချင်းတိုးတက်ဖြစ်ပေါ်မှုနှင့် လူမှုဖြစ်ပေါ်တိုးတက်မှုတို့အတွက်လည်းကောင်း၊ သော့ချက်ဖြစ်၏။ လူသည် သူ၏ အသက်ရှင်နေနိုင်ရေးအတွက် ကုန်ထုတ်လုပ်သော သတ္တဝါဖြစ်ရာ၊ ဤသို့ပြုလုပ်ခြင်းအားဖြင့်၊ သူကိုယ်တိုင်၏ သဘာဝကိုရော၊ သူ၏ လူ့အဖွဲ့အစည်းကိုရော၊ ပြုလုပ်လေသည်။ သွေးစုပ်ခြယ်လှယ်သော လူတန်းစားများအတွက်မူ၊ အလုပ်ကို အပြစ်ဒဏ် ခံရခြင်းကဲ့သို့ သဘောထားကြ၏။ လူတန်းစားအဖွဲ့အစည်းအတွင်း၌ ဤသို့ပင် ဖြစ်၏။ အကြောင်းမူကား လူတန်းစား ကွဲပြားနေသော လူ့အဖွဲ့အစည်းအတွင်း၌ လူနည်းစုကလေး၏ အကျိုးစီးပွားအတွက် လူများစုကြီးက အလုပ်လုပ်ကြရလေသည်။

ဤကဲ့သို့ ခွန်အား စိုက်ထုတ်၍လုပ်ရသော အလုပ်နှင့် ပတ်သက်သော သဘောထားကို ရှေးအခါက ဆိုကရေးတီးဆိုသော ပညာရှိကြီးကလည်း ဤသဘောထားမျိုးပင် ထားခဲ့၏။ ပလေတိုကလည်း ဤသဘောထားမျိုးပင်ရှိခဲ့၏။ အာရစ်စတိုတယ်၏ သဘောထားမှာလည်း အလားတူပင်ဖြစ်၏။ "အလုပ်ကြမ်းသမားများသည် အသက်မရှိသော အရာဝတ္ထုများ လှုပ်ရှားနေပုံနှင့်တူလှပေ၏၊ သူတို့သည် ဘာလုပ်နေကြသည် ဆိုသည်ကို ကိုယ့် ဘာသာကိုယ်မသိကြ" ဟူ၍ သူကဆို၏၊ လူတန်းစားလူ့အဖွဲ့အစည်းအတွင်း၌ အလုပ်ကို ဤသို့ပင် သဘောထားကြ၏။ သွေးစုတ်သူနှင့် သွေးစုတ်ခံရသူတို့၏ အထင်ရှားဆုံး ကွဲပြားခြားနားချက်မှာ အလုပ်လုပ်ခြင်းနှင့် အလုပ်မလုပ်ခြင်းတို့ပင် ဖြစ်၏။

သို့ဖြစ်ရာ အလုပ်သည် လူကိုအဆင့်နိမ့်သော သတ္တဝါများနှင့် ကွဲပြားခြားနားစေ၏၊ အလုပ်သည် သဘာဝကို ပုံဖော်ခဲ့၏။ အလုပ်သည် လူသားတို့အား ကိုယ့်ကံကြမ္မာ ကိုယ်ဖန်တီးနိုင်သည့် တန်ခိုးစွမ်းအားကို ပေးထား၏ ဆိုသော အမှန်တရားကို အလုပ်လုပ်နေသော လူတန်းစားမှတစ်ပါး အခြားမည်သူက အသိအမှတ်ပြု နိုင်ပါမည်

Burma Marxist Learner



နည်း။ ဤအချက်ကို ခေတ်သစ်စက်မှုပစ္စည်းမဲ့ လူတန်းစား၏ ကိုယ်စားလှယ်များ ဖြစ်ကြသော မာက့်စ်နှင့် အိန်ဂျယ်တို့က ဖေါ်ထုတ်ခဲ့ကြပေသည်။ လူနှင့်တိရစ္ဆာန်တို့၏ ခြားနားချက်မှာ လူသည် မိမိ၏အသက်ရှင် နေထိုင်ရေးအတွက် ကုန်ထုတ်လုပ်ခြင်း ဖြစ်ကြောင်း သူတို့က ဆိုခဲ့ကြ၏။

အိန်ဂျယ်က အလုပ်သည်''လူတို့၏ တည်တံ့ရေးအတွက် မူလအခြေခံ လိုအပ်ချက်ဖြစ်သည်။ ဤအဓိပ္ပာယ်အရ အလုပ်သည် လူကိုဖန်တီးသည်ဟူ၍ ကျွန်ုပ်တို့ ဆိုရခြင်းဖြစ်သည်''ဟု ရေးခဲ့၏။ ဤအဆိုပြုချက်နှင့် လူတို့၏ လက်၊ ဖြစ်ပေါ် တိုးတက်မှုသည် လူဦးနှောက်နှင့် အသိဉာဏ်ဖြစ်ပေါ် တိုးတက်မှု၏ အလျှင်ဖြစ်သည်၊ ဦးနှောက်နှင့် အသိဉာဏ်ဖြစ်ပေါ် တိုးတက်မှုကိုဖြစ်စေသည်ဆိုသော အယူဝါဒတို့၏ တိုက်ရိုက် ဆက်သွယ်မှုကို တွေ့ရမည်ဖြစ်၏။ အာရစ်စတိုတယ်တို့ လက်ထက်ကတည်းကဖြစ်သော ဤပြဿနာသည် ဒုတိယအခြေခံမှုကို ဆွေးနွေးရန်အတွက် ဖော်ထုတ် လိုက်၏။ ၎င်းမှာ ကုန်လုပ်ဆက်ဆံရေးများသည် အယူဝါဒအရေးပေါ်အရ အဆောက်အအုံကြီး တစ်ခုလုံးကို ပြဋ္ဌာန်းသည်ဆိုသော အချက်ဖြစ်၏။

မာ့က်စ်မတိုင်မီ လက်ထက်က ရုပ်ဝါဒများသည် ကုန်ထုတ်လုပ်မှု အစဉ်မှတစ်ပါး အခြားအရာဝတ္ထုများ အားလုံးအတွင်း၌ လူနှင့်လူ့အဖွဲ့အစည်းတို့၏ ရုပ်ဝတ္ထုအခြေခံကို ရှာဖွေခဲ့ကြ၏။ သူတို့သည် အစားအသောက်၊ ရာသီဥတု၊ ပထဝီနေရာဒေသစသည်တို့အတွင်း၌ ရှာဖွေခဲ့ကြ၏။ သို့ရာတွင် လမ်းမှန်သို့ မရောက်ခဲ့။ အနုပဋိလောမရုပ်ဝါဒသမားများ ဖြစ်ကြသော မာ့က်စ်နှင့် အိန်ဂျယ်တို့က ဤအချက်ကို မြင်တွေ့ခဲ့ကြ၏။ ၎င်းမှာ လူတို့သည် မိမိတို့၏ အသက်မွေးဝမ်းကြောင်းမှုအတွက် စွမ်းအားစုများကို ထုတ်လုပ်ရေးဖြစ်စဉ်သည် တစ်ချိန်တည်း၌ လူ့ကိုယ်တိုင်၏သဘာဝကို ပုံဖော်သည့် ဖြစ်စဉ်ပင် ဖြစ်သည်ဆိုသော အချက်ပင်ဖြစ်၏။ မာ့က်စ်နှင့် အိန်ဂျယ်တို့က ဤသို့ ရေးခဲ့ကြ၏။

(ဤကုန်ထုတ်လုပ်ပုံ၊ ထုတ်လုပ်နည်းကို လူအသီးသီးတို့၏ အသက်ရှင် နေထိုင်ရေးအတွက် ထပ်ဖန်တလဲလဲ ကုန်ထုတ်လုပ်နေမှုလောက်သာဖြစ်သည်ဟူ၍ မမှတ်ယူရ၊ ၎င်းကုန်ထုတ်လုပ်မှုသည် ဤပုဂ္ဂိုလ်အသီးသီးတို့၏ တိကျသော လှုပ်ရှားမှုပုံသဏ္ဌာန်တစ်ရပ်ဖြစ်၏။ တိကျသော သူတို့၏ ဘဝပုံသဏ္ဌာန်တစ်ရပ်ဖြစ်၏။ လူပုဂ္ဂိုလ်အသီးသီးတို့သည် သူတို့၏ဘဝကို ဖော်ပြသည့်အတိုင်း သူတို့သည်ဖြစ်ကြ၏၊ ထို့ကြောင့် လူတို့သည်သာ ဖြစ်သည်။ ဆိုသည်မှာ သူတို့၏ ကုန်ထုတ်လုပ်မှု၊ သူတို့သည် ဘာနှင့်ကုန်ထုတ်လုပ်သလဲ၊ ဘယ်လိုကုန်ထုတ်လုပ်သလဲ၊ ဆိုသည်တို့နှင့် ထပ်တူထပ်မျှ ဖြစ်ပေသည်။ ဤသို့အားဖြင့် လူပုဂ္ဂိုလ်အသီးသီးတို့၏ သဘာဝသည် သူတို့၏ ကုန်ထုတ်လုပ်မှုကို ပြဋ္ဌာန်းသော ရုပ်ဝတ္ထုအခြေခံများအပေါ်တွင် တည်ရှိနေပေသည်။)

ဤတွေ့ရှိချက်သည်၊ လူသားတို့၏ လွတ်လပ်ရေးနှင့် ပတ်သက်၍၊ တစ်ခုတည်းသော မှန်ကန်သည့် ခံယူချက်အတွက် အခြေခံရစေ၏။ ဤအကြောင်းကို နောက်ဆုံးအခန်းတွင် ဖော်ပြမည်ဖြစ်၏။ ဤတွေ့ရှိချက်အရ လူသည် သူ့ဘဝ၏ အခြေခံအချက်များဖြစ်ကြသော အလုပ်ဖြစ်စဉ်။ ကုန်ထုတ်လုပ်မှု၏ ဖြစ်စဉ်တို့ကို နိုင်နင်းကာ၊ ချုပ်ထိန်း စီမံနိုင်လာ၏။ စိတ်ဝါဒ သဘောတရားသည် စွမ်းအားကြီးမားသော ရုပ်ဝတ္ထုအခြေခံများကို ဖုံးကွယ်ထားခဲ့၏။ ရုပ်ဝါဒသဘောတရားက လူ့အတွေးအခေါ်များ၏ စစ်မှန်သော အဓိပ္ပာယ်နှင့် ဦးတည်ချက်ကို ဖော်ပြလေသည်။ တိရစ္ဆာန်သည် ကုန်မထုတ်လုပ်ရ၊ ရှာဖွေ၍စားသောက်နေထိုင်၏။ လူကား ကုန်ထုတ်လုပ်လျက် ဤသို့ ထုတ်လုပ်ရင်း မိမိကိုယ်ကိုထပ်ခါထပ်ခါ ပုံသွင်း၍သွားလေသည်။

ဒုတိယ အခြေခံမာ့က်စ်ဝါဒမှာမူ ဤသို့ဖြစ်၏။ လူတို့သည် ဘယ်လို ကုန်ထုတ်လုပ်သလဲ။ ဘာကို ထုတ်လုပ်သလဲ။ ဘာနှင့် ထုတ်လုပ်သလဲဆိုသော အချက်များနှင့် ဤဖြစ်စဉ်တွင် တစ်ဦးနှင့်တစ်ဦးဆက်ဆံရေးတို့က ကျန်အားလုံးသော သူတို့၏ ဘဝနှင့် တွေးခေါ်မှုတို့ကို ပြဋ္ဌာန်း၏။ ဤအချက်များနှင့် ပတ်သက်၍ စတာလင်သည် သူ၏ အနုပဋ္ဋိလောမနှင့် ရာဇဝင်ရေးရုပ်ဝါဒကျမ်း၌ ရှင်းလင်းပြတ်သားစွာ ဖော်ပြထား၏။ "*လူ့အဖွဲ့အစည်း၏ အသွင်လက္ခဏာကိုလည်းကောင်း၊ လူမှုစနစ်၏ လက္ခဏာကိုလည်းကောင်း၊ စနစ်တစ်ခုမှတစ်ခုသို့ လူ့အဖွဲ့အစည်း တိုးတက်ပြောင်းလဲ ဖြစ်ပေါ်မှုကိုလည်းကောင်း၊ ပြဋ္ဌာန်းသည် အဓိက အင်အားစုသည် ဘာလဲ*"ဟု သူကမေးပြီးနောက်၊ အောက်ပါအတိုင်း ဖြေကြားထားလေသည်။

*(ဤအင်အားစုသည် လူတို့၏ တည်တံ့ရေးအတွက် လိုအပ်သော အသက်ရှင်ရေး စွမ်းအားစုများကိုရယူနည်း။ အသက်ရှင်ရေးနှင့် လူ့အဖွဲ့အစည်း တိုးတက်ဖြစ်ပေါ်ရေးတို့အတွက် မရှိမဖြစ်သော အစား၊ အဝတ်၊ ဖိနပ်၊ အိမ်များ၊ ထင်းမီး၊ ကုန်လုပ်ကြိယာများစသော ရုပ်ဝတ္ထုတန်ဖိုးများကို ထုတ်လုပ်ပုံ ထုတ်လုပ်နည်းဖြစ်သည်ဟူ၍ ရာဇဝင်ရေး ရုပ်ဝါဒက ယူဆ၏။)*

ရုပ်ဝတ္ထုတန်ဖိုးများကို ထုတ်လုပ်သော ကုန်လုပ်ကြိယာများ ကုန်လုပ်ကြိယာများကို ကိုင်စွဲအသုံးချ၍ ရုပ်ဝတ္ထုတန်ဖိုးများကို ထုတ်လုပ်ကြသည့်လူများ ကုန်လုပ်အတွေ့အကြုံနှင့် အလုပ်ကျွမ်းကျင်မှုများ ဤအရာများ အားလုံးစုစုပေါင်းသည် လူ့အဖွဲ့အစည်း၏ ကုန်လုပ်စွမ်းအားစုများ ဖြစ်ကြ၏။

ကုန်ထုတ်လုပ်မှု၏ အခြားသောသွင်ပြင်။ ကုန်ထုတ်လုပ်နည်း၏ အခြားသောသွင်ပြင်တစ်ခုမှာ ကုန်ထုတ်လုပ်မှု၏ ဖြစ်စဉ်တွင် လူကိုတစ်ဦးနှင့်တစ်ဦး ဆက်ဆံမှုဖြစ်၏။ လူတို့၏ ကုန်လုပ်ဆက်ဆံရေးများ ဖြစ်၏။ လူတို့သည် သဘာဝကို ရင်ဆိုင်ကြိုးပမ်းရာ၌ ရုပ်ဝတ္ထုတန်ဖိုးများကို ထုတ်လုပ်ရေးအတွက် သဘာဝကို အသုံးချရာ၌ တစ်ဦးနှင့်

တစ်ဦး သီးခြားကင်းကွာ၍ လုပ်ကြသည်မဟုတ်။ အစုလိုက်အဖွဲ့လိုက် လုပ်ကြခြင်းဖြစ်၏။ ထို့ကြောင့် ကုန်ထုတ်လုပ်မှုသည်၊ မည်သည့်အချိန်အခါ မည်သည့် အခြေအနေအောက်တွင်မဆို၊ လူ့အဖွဲ့အစည်းနှင့်ဆိုင်သော ကုန်ထုတ်လုပ်မှုသာဖြစ်၏။ ရုပ်ဝတ္ထုတန်ဖိုးများကို ထုတ်လုပ်ရာတွင် လူတို့သည်ဤထုတ်လုပ်မှုအတွင်း၌ တစ်နည်းမဟုတ်တစ်နည်း၊ အချင်းချင်းဆက်ဆံကြရ၏။ တစ်နည်းမဟုတ်တစ်နည်း ကုန်လုပ်ဆက်ဆံရေးများ ပြုလုပ်ကြရ၏။ ဤဆက်ဆံရေးများသည် သွေးစုပ်မှုကင်းသော လူများအချင်းချင်းအတွင်း၊ ကူညီရိုင်းပင်း လုပ်ကိုင်ကြသည့် ဆက်ဆံရေးများသော်လည်းကောင်း ဖြစ်၏။ ဖိနှိပ်မှုနှင့် အဖိနှိပ်ခံရမှုတို့ရှိသော ဆက်ဆံရေးများသော်လည်းကောင်း ပုံသဏ္ဍာန်တစ်ခုမှ ပုံသဏ္ဍာန်တစ်ခုသို့ ကူပြောင်းနေဆဲသော်ငှင်း ဖြစ်မည်။ သို့ရာတွင် မည်သို့သောလက္ခဏာရှိသည့် ကုန်လုပ်ဆက်ဆံရေးများပင်ဖြစ်စေ၊ အစဉ်သဖြင့် စနစ်တိုင်းအတွင်း၌ ၎င်းတို့သည် လူ့အဖွဲ့အစည်း၏ ကုန်လုပ်စွမ်းအားစုများကဲ့သို့ပင် ကုန်လုပ်ရေး၌ အရေးကြီးသော အစိတ်အပိုင်းတစ်ခုအဖြစ်ပါဝင်ပေသည်။

ဤနေရာတွင် သတိပြုရမည့် အချက်များစွာရှိ၏။ အချက်တစ်ခုမှာ ကုန်ထုတ်လုပ်မှုသည် လူ့အဖွဲ့အစည်းနှင့် ဆိုင်သည်။ သီးခြားမဟုတ်ဆိုသော အချက်ဖြစ်၏။ ကုန်ထုတ်လုပ်မှုကို လူများသည် အချင်းချင်းမှီခိုဆက်သွယ်၍ လုပ်ကိုင်ကြရခြင်းဖြစ်၏။

မာ့က်စ်ဝါဒအရ ချဉ်းကပ်မှု၏ အခြားသော ထူးခြားသည့် လက္ခဏာတစ်ရပ်မှာ ကုန်လုပ်ကိရိယာတန်ဆာပလာများအပေါ်တွင် အလေးအနက်ပြုခြင်းဖြစ်၏။ လူများသည် ကုန်ထုတ်မှုသက်သက်ကိုသာ ပြုလုပ်ခြင်းမဟုတ်။ ကုန်ထုတ်ရာ၌ ကုန်လုပ်ကိရိယာများကို ကိုင်စွဲ၍ ထုတ်လုပ်ကြ၏။ ကုန်ထုတ်ကိရိယာများကို ကိုင်စွဲ အသုံးပြုရင်း၊ ကုန်လုပ်ကိရိယာများကို ထပ်၍ ထပ်၍ လုပ်ကိုင်ကြလာရင်း၊ ကုန်လုပ်ကိရိယာများမှာ တိုးတက်၍လာခဲ့၏။ လူတို့က ကုန်လုပ်ကိရိယာများကို လုပ်သကဲ့သို့ ကုန်လုပ်ကိရိယာများကလည်း လူတို့ကိုပြန်၍ လုပ်သည်ဟု ဆိုနိုင်၏။ ကျွန်ုပ်တို့သည် မြေကို စူးထိုး၍ စိုက်ပျိုးသလော၊ လယ်ထွန်စက်နှင့် ထွန်ယက်စိုက်ပျိုးသလော။ ကျွန်ုပ်တို့၏ အဆင့်အတန်းသည် ဤသို့ ကုန်ထုတ်လုပ်ရာတွင် တည်ရှိနေ၏။

မာ့က်စ်ဝါဒ ရပ်တည်မှု၏ အခြားထူးခြားသည့် လက္ခဏာတစ်ရပ်မှာ တစ်ချိန်ချိန်တွင် အသင့်ရှိသည့် ကုန်လုပ်ကိရိယာများကို အသုံးပြုကြသည်။ အလုပ်သမားများ၏ ကုန်လုပ်အတွေ့အကြုံနှင့် အလုပ်ကျွမ်းကျင်မှုတို့အပေါ်တွင် အလေးအနက်ပြုခြင်းဖြစ်၏။ မာ့က်စ်ဝါဒ၏ ဤအမြင်သည် မှန်ကန်ကြောင်း ခေတ်သစ်စက်မှုလုပ်ငန်းက အကောင်းဆုံးသက်သေခံနေ၏။ ပြည်သူ့တို့အတွက် အခမဲ့ပညာမသင်မနေရစနစ် တည်ထွင်ခြင်းမှာ အခြားကြောင့်မဟုတ်၊ အလုပ်သမားများအဖို့ တိုးတက်လာသော ကုန်လုပ်ကိရိယာများကို အသုံးပြုရာတွင် စာတတ်ရန်၊ အခြေခံသင်္ချာကို နားလည်ရန်

စသည်တို့ လိုလာသောကြောင့် ဖြစ်ပေသည်။

လူတို့သည် ကုန်လုပ်ကြိယာများကို အသုံးချကြရာ၌ တစ်ဦးနှင့် တစ်ဦး ဆက်ဆံမှုများကို ပြုလုပ်ကြရလေသည်။ ကုန်လုပ်ကြိယာများ၏ အခန်းကို ခနရှင် အတွေးသမားများကပင်လျှင် ဖော်ပြကြ၏။ အထူးသဖြင့် ဆက်ဆံသော ရုပ်ဝါဒ သဘောထားရှိသူများက ဖော်ပြကြ၏။ သူတို့က ကုန်လုပ်ကြိယာများကို ရာဇဝင်၏ တစ်ခုတည်းသော ထင်ရှားသည့် တွန်းအားအဖြစ် ဖော်ကြ၏။ သူတို့သည် ကုန်လုပ် ဆက်ဆံရေးကို ထည့်မတွက်ကြဘဲ၊ လူမှုပြောင်းလဲချက်ဟူသမျှသည်၊ ကုန်လုပ်ကြိယာ များ ပြောင်းလဲချက်ကြောင့်ဟု ဆိုကြရာ၊ လူတန်းစားများနှင့် လူတန်းစားတိုက်ပွဲ၏ အခန်းသည်၊ လုံးဝပျောက်၍ နေလေသည်။ ၎င်းမှာ မာ့က်စ်ဝါဒ၏ ရာဇဝင်ရေးရုပ်ဝါဒ တွင် အရေးကြီးဆုံးအချက်တစ်ချက်နှင့် မကြာခဏ ရှုပ်ထွေးလေ့ရှိသော အချက်ဖြစ်၏။ လူ့အဖွဲ့အစည်း၏ ရုပ်ဝတ္ထုအခြေခံမှာ ကုန်ထုတ်လုပ်ပုံဖြစ်၏။ ကုန်ထုတ်လုပ်ပုံတွင် တစ်ခုနှင့်တစ်ခု အပြန်အလှန်အမှီပြုနေသော အရာနှစ်ခုပါဝင်၏။ ၎င်းတို့မှာ ကုန်လုပ် စွမ်းအားများနှင့် ကုန်လုပ်ဆက်ဆံရေးတို့ ဖြစ်၏။ ဤနှစ်ခုတွင် ကုန်လုပ်စွမ်းအားစုအတွင်း ၌ ပြောင်းလဲမှုများက ပထမဖြစ်၏။ ဤပြောင်းလဲများက ကုန်လုပ်ဆက်ဆံရေးများ၏ လက္ခဏာနှင့် ကုန်လုပ်ဆက်ဆံရေးများအတွင်း ပြောင်းလဲမှုများကို ပြဋ္ဌာန်း၏။ ကုန်လုပ် ဆက်ဆံမှုများအပေါ်တွင် အဖွဲ့အစည်းနှင့် အယူဝါဒရေး အဆောက်အအုံကြီး တစ်ခုလုံး တည်ရှိနေ၏။ ကုန်လုပ်ဆက်ဆံမှုများကို ရှောင်ကွင်းသွားခြင်းသည် လူမှုဆက်ဆံရေးများ အားလုံးအနက် အခြေခံအကျဆုံးသော ဆက်ဆံရေးကို ရှောင်ကွင်းသွားခြင်းပင်ဖြစ်၏။ ကြိယာများသည်၊ သူ့ဘာသာ သူ့အနေနှင့် လူ့အဖွဲ့အစည်း တစ်ရပ်ရပ်အတွက်လည်း ကောင်း၊ ၎င်း၏ ဖြစ်ပေါ် တိုးတက်မှုအတွက်လည်းကောင်း ပြဋ္ဌာန်းသော အင်အားစု ဖြစ်နေသည်မဟုတ်။ ၎င်းတို့ကို အသုံးပြုသည့် လူများပါဝင်သည့် ဆက်ဆံရေးများအား ဖြင့်သာလျှင်၊ ၎င်းတို့သည် ပြဋ္ဌာန်းသော အင်အားစုဖြစ်နိုင်ခြင်းဖြစ်လေသည်။

လူတန်းစားများနှင့် လူတန်းစားတိုက်ပွဲကို မာ့က်စ်လက်ထက် မတိုင်မီကပင် သိရှိခဲ့ကြ၏။ သို့ရာတွင် ကုန်လုပ်ဆက်ဆံရေးများဆိုသော ခံယူချက်မဟုတ်ပေ။ အဘယ် ကြောင့်ဆိုသော် မာ့က်စ်၏အခေါ်အရဆိုလျှင် ရောင်းကုန်ပစ္စည်းများကို ကိုးကွယ်မှု ကြောင့် ဖြစ်၏။ ဤကုန်စည်များကို အရာဝတ္ထုများအဖြစ် သဘောထားခဲ့ကြ၏။ ဤ အရာဝတ္ထုများကို၊ ပိုင်ဆိုင်မှုကို အရာဝတ္ထုများနှင့် လူတို့၏ ဆက်ဆံရေးဟု မှားယွင်းစွာ ထင်မှတ်ခဲ့ကြ၏။ ပစ္စည်းပိုင်ဆိုင်မှုနှင့် မပိုင်ဆိုင်မှုတို့၏ ဆက်ဆံရေးများမှာ လူတို့ တစ်ဦးနှင့်တစ်ဦး ဆက်ဆံရေးသာဖြစ်ကြောင်း၊ ဤပစ္စည်းပိုင်ဆိုင်မှု ဆက်ဆံရေး များသည် ကုန်လုပ်စွမ်းအားစုများကဲ့သို့ပင် အရေးကြီးကြောင်း မာ့က်စ်ဝါဒက ပထမဦးဆုံး ညွှန်ပြခဲ့လေသည်။

Burma Marxist Learner



ဤကား လူ့အဖွဲ့အစည်း၏ ရုပ်ဝတ္ထုအခြေခံဖြစ်၏။ ၎င်းသည် အဘိဓမ္မာနှင့် မည်သို့ သက်ဆိုင်ပါသနည်း။ ရှေးက အဘိဓမ္မာဆရာကြီးများသည် ဤပြဿနာများကို မကိုင်တွယ်ခဲ့ကြ။ ယခုခေတ်တိုင် သူတို့၏ တပည့်များသည် မကိုင်တွယ်ကြ။ စံတော်ဝင် အဘိဓမ္မာသည် အလုပ်၏ အခန်းကို အသိအမှတ် မပြုသကဲ့သို့ ကုန်လုပ်စွမ်းအားစုများ နှင့် ကုန်လုပ်ဆက်ဆံရေးတို့၏ အခန်းကိုလည်း အသိအမှတ်မပြုပေ။ ကုန်လုပ်ဆက်ဆံ ရေးများကို အသိအမှတ်မပြုက အဘိဓမ္မာနှင့် တိုက်ရိုက်ပို၍ သက်ဆိုင်၏။ အလုပ်၏ အခန်းကို အသိအမှတ် မပြုခြင်းသည်၊ လူ့လောကကြီးကို စိတ်ဝါဒအမြင်နှင့် ကြည့်ခြင်း ဖြစ်၏။ ၎င်းမှာ စိတ်က အရင်၊ ရုပ်ဝတ္ထုက နောက်၊ တွေးခေါ်ခြင်းက အရင်၊ ဘဝက နောက်ဟူသော အယူအဆဖြစ်၏။ ကုန်ထုတ်လုပ်ပုံ ထုတ်လုပ်နည်းကို လူ့အဖွဲ့အစည်း တစ်ရပ်၏ သွင်ပြင်လက္ခဏာကို ပြဋ္ဌာန်းသော အရာအဖြစ် အသိအမှတ်မပြုခြင်းသည် လူ့ရာဇဝင်တွင် ပေါ်ခဲ့သော အယူအဆများ၊ ထုံးတမ်းစဉ်လာများ၊ နိုင်ငံရေး ဘာသာရေး စနစ်များတို့၏ မူလအစ၏ အခြေခံမဲ့အောင် ပြုလုပ်ခြင်းပင် ဖြစ်ပေသည်။

မက်စ်နှင့် အိန်ဂျယ်တို့ လက်ထက်မတိုင်မီက မည်သည့်အဘိဓမ္မာဆရာမှ သူ၏အတွေးအခေါ်များကို သူ၏ ဘဝနှင့်လည်းကောင်း၊ သူ၏ ရုပ်ဝတ္ထု ပတ်ဝန်းကျင် များ၊ ကုန်လုပ်ပုံလုပ်နည်းများနှင့် ၎င်း၏ ရုပ်ဝတ္ထုပတ်ဝန်းကျင်များ၊ ကုန်လုပ်ပုံလုပ်နည်းများ နှင့် ၎င်း၏ လူတန်းစားဆက်ဆံရေးများနှင့်လည်းကောင်း၊ ဆက်စပ်၍ မကြည့်ခဲ့ကြပေ။ ဤတော်လှန်သော အမြင်သစ်ကို အလုပ်သမားလူတန်းစား လှုပ်ရှားမှုကသာ ရရှိခဲ့ပေ။ ဤရာဇဝင်ရေးရုပ်ဝါဒသည် အဘိဓမ္မာအတွင်း၌ ဘက်လိုက်မှုနှင့် အယူဝါဒ၏ အားလုံး သော ပုံသဏ္ဌာန်တို့ကို ဖော်ထုတ်ခဲ့၏။ ဖြည့်စွက် ထည့်သွင်းခြင်းအားဖြင့် ဖော်ထုတ်ခြင်း မဟုတ်ဘဲ၊ မူလရှိနေသည်ကို လွှဲရှောင်၍ မရနိုင်ကြောင်းပြကာ ဖော်ထုတ်ခဲ့ခြင်း ဖြစ်၏။

ယခုအခါ လူ့အဖွဲ့အစည်း၏ ရုပ်ဝတ္ထုအခြေခံကို ဖော်ပြပြီးပြီဖြစ်ရာ ဤအပေါ် တွင် တည်ရှိနေသော အပေါ်ယံအဆောက်အအုံ အကြောင်းကို ဆက်လက်၍ ဖော်ပြရ ပေမည်။ တစ်ချိန်တစ်ခုခုတွင် တည်ရှိနေသည့် အဘိဓမ္မာသည် "ထိုအဘိဓမ္မာ ပေါ်ထွန်း ရာ ဒေသမှ လူတို့၏ တိကျသော ဖွဲ့စည်းပုံနှင့် ကိုက်ညီသည်"ဟူသော အချက်ကို ဟီဂဲလ်သည် ပထမဆုံးမြင်ခဲ့၏။ သို့ရာတွင် အဘိဓမ္မာနှင့် လူတို့၏ဖွဲ့စည်းပုံ၊ မည်သည့် အရာက အရင်လာသနည်း။ မည်သည့်အရာက မည်သည့်အရာကို ဖြစ်ပေါ်စေသနည်း ဟူသော အမေးနှင့် ပတ်သက်၍မူကား ဟီဂဲလ်သည် အဘိဓမ္မာက အခြေခံကျသည် ဟူသော အဖြေကို ပေးလေသည်။

ဟီဂဲလ် မမြင်သောအရာကို မာ့က်စ်ကမြင်ခဲ့၏။ သူက ဤသို့ပြော၏။

"လူတို့သည် လူမှုကုန်ထုတ်လုပ်ရေးကို ဆောင်ရွက်ကြရာတွင် တိကျသော

ဆက်ဆံရေးများကို ပြုလုပ်ကြရ၏။ ဤဆက်ဆံရေးများမှာ သူတို့၏ စိတ်ဆန္ဒနှင့် သီးခြားကင်းလွတ်၍ မလွှဲမရှောင်သာဘဲ ပြုလုပ်ရခြင်းဖြစ်ကြ၏။ ဤကုန်လုပ်ဆက်ဆံရေးများသည် သူတို့၏ ကုန်ထုတ်လုပ်ရေး ရုပ်ဝတ္ထုအင်အားစုများ၏ တိကျသော တိုးတက်မှုဖြစ်ပေါ်မှု အဆင့်နှင့် ကိုက်ညီ၏ ဤကုန်လုပ်ဆက်ဆံရေးများ၏ စုစုပေါင်းသည် လူ့အဖွဲ့အစည်း၏ စီးပွားရေး အဆောက်အအုံပင်ဖြစ်၏။ ဤတကယ့်အခြေခံ အုတ်မြစ်ပေါ်တွင် တရားဥပဒေရေးနှင့် နိုင်ငံရေး အဆောက်အအုံသည် တည်ရှိနေကာ လူမှုအသိ၏ တိကျသော ပုံသဏ္ဍာန်များသည် ဤစီးပွားရေးအဆောက်အအုံနှင့် ကိုက်ညီပေသည်။ ရုပ်ဝတ္ထုဘဝအတွင်းမှ ကုန်ထုတ်လုပ်ပုံ ထုတ်လုပ်နည်းသည် ဘဝ၏ လူမှုရေး၊ နိုင်ငံရေးနှင့် စိတ်ဓာတ်ရေးဖြစ်စဉ်များကို ပြဋ္ဌာန်း၏။ လူတို့၏ အသိက လူတို့၏ ဘဝကို ပြဋ္ဌာန်းခြင်း မဟုတ်ဘဲ၊ ၎င်းနှင့် ပြောင်းပြန်လူတို့၏ လူတို့၏ လူမှုဆိုင်ရာ ဘဝက သူတို့၏အသိကို ပြဋ္ဌာန်းပေသည်။''

မာကစ်၏ ဤတွေ့ရှိချက်သည် အတွေးအခေါ် အယူဝါဒများနှင့် ၎င်းတို့၏ အခန်းကိုလည်းကောင်း၊ အသိနှင့် ၎င်း၏ ပုံသဏ္ဍာန်များကိုလည်းကောင်း၊ သေးသိမ်သွားအောင် ပြုလုပ်ခြင်း မဟုတ်ပေ။ စင်စစ်အားဖြင့် ၎င်းတို့ကို ရာဇဝင်ဖြစ်စဉ်အတွင်း၌ နေရာမှန်ရောက်အောင် ထားပေးခြင်းဖြစ်၏။ ဤသို့အားဖြင့် အယူဝါဒများသည် အယူဝါဒများသက်သက်မျှသာ ဖြစ်သည်ဆိုသော စိတ်ဝါဒအရ ချဉ်းကပ်မှု ထောင်ချောက်အတွင်းမှ ၎င်းတို့ကို ပထမဆုံးအကြိမ် ဆွဲထုတ်လိုက်ခြင်းဖြစ်၏။ အယူဝါဒများသည် ဘဝ၏ ရုပ်ဝတ္ထုအခြေခံများ အတွင်း၌ အမြစ်တွယ်နေခဲ့ ရုံသာမကသေး၊ ၎င်းတို့သည် ဤအမြစ်များကို ပြောင်းလဲ၍ ပစ်နိုင်သည်အထိ အရေးပါမှုလည်း ရှိပေသည်။

မည်သူ၏ ခေါင်းထဲကမှ မည်သို့သော အတွေးအခေါ် အယူအဆသည်မှ သီးခြားကင်းလွတ်စွာ ပေါ်ထွက်လာသည် မဟုတ်ပေ။ သူရောက်ရှိနေသော လူတန်းစား အဖွဲ့အစည်းပေါ်တွင် အမြီုပြုပြီး၊ သို့မဟုတ် သူ သစ္စာစောင့်သိရှိသေသော လူတန်းစား အပေါ်တွင် အမြီုပြုပြီး ပေါ်ထွက်လာခြင်းဖြစ်၏။ ထို့ကြောင့်မာ့က်စ်နှင့် အိန်ဂျယ်တို့က ဘဝကို အသိက ပြဋ္ဌာန်းနေသည်မဟုတ်။ အသိကို ဘဝက ပြဋ္ဌာန်းခြင်းဖြစ်သည်ဟု ဆိုခြင်းဖြစ်၏။

အယူဝါဒများသည် ပယောဂများ ကင်းသည့် လူ့အဖွဲ့အစည်းတစ်ရပ်ရပ်၊ လူတန်းစားတစ်ရပ်ရပ်လုံးတို့နှင့် သီးခြားကင်းလွတ်သည်ဟူသာ အမြင်မျိုးကို ခံယူထားကြသည့်ဘဝသို့ ရောက်ရှိနေကြသူများအတွက်မူ အထက်ပါဘဝနှင့် အသိကို ဆက်သွယ်ပုံ ဆန်းစစ်ထားချက်ကို လက်မခံနိုင်ကြပေ။ ဤအချက်ကို သူတို့ လက်ခံရေးမှာ သူတို့၏ အမြင်တစ်ခုလုံးကို စွန့်ပစ်ရမည်ဖြစ်၏။ ဤသို့ ပြုလုပ်ရန်မှာလည်း သူတို့၏

လူတန်းစား သစ္စာစောင့်သိမှုကို ပြောင်းလဲပစ်မှ ဖြစ်နိုင်ပေသည်။

သို့ရာတွင် ကျဆုံးနေသော စနစ်အတွက် ပိုမိုခေတ်မီစွာ ခုခံပြောဆိုနေသူများသည် လွယ်ကူစွာ အလျှော့မပေးကြပေ။ သူတို့က အချက်နှစ်ချက်ပြ၍ တိုက်ခိုက်နေကြ၏။ ပထမအချက်မှာ မာက့်စ်ဝါဒသမားများသည် ဘက်လိုက်သူများ ဖြစ်သည်ဟုဆို၏။ ဒုတိယအချက်မှာ ဘက်လိုက်သူများ ဖြစ်ကြသည့်အတိုင်း လူတန်းစားတိုက်ပွဲအတွက် အမှန်တရားကို စွန့်ပစ်ခဲ့ကြသည်ဟူ၍ ဖြစ်၏။

ဤကန့်ကွက်ချက် နှစ်ခုစလုံးမှာ စင်စစ်တစ်ခုတည်း ဖြစ်၏။ အမှန်တရားနှင့် ဘက်လိုက်မှုတို့သည် မစပ်အပ်သော အရာနှစ်ခု ဖြစ်၍ တစ်ခုနှင့် တစ်ခု ဖျက်ဆီးနေသည်ဟူ၍ ဆိုလိုခြင်းပင်ဖြစ်၏။ အဖြေမှာ တစ်ခုတည်းပင်ဖြစ်၏။ မာက့်စ်ဝါဒသမားများသည် ဘက်လိုက်သူများဖြစ်ကြ၏။ သူတို့သည် ဒါကို မငြင်းပေ။ အခြားသူများသည်လည်း ဘက်လိုက်သူများပင်ဖြစ်ကြ၏။ သို့ရာတွင် သူတို့သည် ဒါကို ဝန်မခံရဲပေ။ ယခုခေတ် ခေရှင်ဘက်လိုက်သူများသည် သူတို့၏ ဘက်လိုက်မှုကို ဝန်မခံရဲကြပေ။ ဤသို့ ဝန်ခံလိုက်လျှင် သူတို့၏ အသိဉာဏ် ချွတ်ခြုံကျမှုကို ဝန်ခံရာရောက်ပေတော့မည်။ အဘယ်ကြောင့်ဆိုသော အရင်းရှင်စနစ်မှာ သဘောတရားရေးအရ ချွတ်ခြုံကျနေသောကြောင့် ဖြစ်ပေသည်။ ထို့ကြောင့် သူတို့သည် မှန်ကန်စွာ ရပ်တည်ရေးဘက်မလိုက်ရေးဆိုသော ကြွေးကြော်သံများနှင့် အကာအကွယ်ယူ နေကြလေသည်။ သူတို့သည် ပယောဂကင်းသော ကျိုးကြောင်းဆင်ခြင်မှု၊ လွတ်လပ်ရေး၊ လူပုဂ္ဂိုလ်၏ ဂုဏ်သိက္ခာစသော တောင်းဆိုးချက်များနှင့် နယ်ချဲ့စနစ်ကို ကာကွယ်နေကြလေသည်။

မာက့်စ်က အားလုံးသော အယူဝါဒ ပုံသဏ္ဍာန်များသည် လူတန်းစား ဆက်ဆံရေးများကို ဖော်ပြသည်။ လူတန်းစား တစ်ခုခုအား ဘက်လိုက်မှုကို အရောင်ရိုက်ခတ်သည်ဆိုသော မူကို ချမှတ်ခဲ့ရာ၌ ဤမူသည် သူနှင့်လည်း ဆိုင်ကြောင်း ကောင်းစွာ နားလည်ခဲ့၏။ မာက့်စ်ဝါဒသည် ပြင်းထန်သော ဘက်လိုက်မှုရှိသည်။ စာရိတ္တနှင့် ပတ်သက်၍ တစ်ဘက်သို့ တိမ်းညွတ်မှုရှိသည်ဟုလည်းကောင်း၊ စာရိတ္တတန်ဖိုး အားလုံးကို ဖျက်ဆီးပစ်နေသည်၊ ရုပ်ဝတ္ထုဆိုင်ရာ ဝိဇ္ဇာပညာသက်သက်သာဖြစ်သည်ဟုလည်းကောင်း စွပ်စွဲခံရပေသည်။ အဖြေမှာ အောက်ပါအတိုင်းဖြစ်၏။

ပထမအချက်အားဖြင့် မက့်စ်ဝါဒသမားများသည် အမှန်တရား၊ အဟုတ်ရှိ၊ တကယ်ရှိသော အမှန်တရားကို ယုံကြည်၏။ အမှန်တရား ဆိုသည်မှာ၊ အပြင်ဘက်တွင် ရှိသော အဟုတ်ရှိ၊ တကယ်ရှိသော အရာသည် ကျွန်ုပ်တို့၏ စိတ်များထဲသို့ လာ၍ အရောင်ရိုက်ခတ်မှု ဖြစ်သည်ဟု မာက့်ဝါဒက ခံယူ၏။ ဒုတိယအချက်အားဖြင့် ဘက်လိုက်မှုနှင့် အမှန်တရားတို့၏ ကြားတွင် မလွဲမရှောင်သာသော ပဋိပက္ခဖြစ်ပေါ်မှုမရှိပေ။ ကုန်လုပ်စွမ်းအားစုများ၏ တိုးတက်ဖြစ်ပေါ်မှုကို ဆောင်ရွက်နိုင်စွမ်း ရှိသော

Burma Marxist Learner



တိုးတက်သော လူတန်းစားသည် အမှန်တရားကို ပို၍ ပို၍သာ လိုပေသည်။ ဤလူတန်းစားသည် ၎င်း၏ အင်အားကို တိုးချဲ့ရန်နှင့် သဘာဝကို ပို၍ နိုင်နင်းရန်အတွက် အမှန်တရားလိုပေသည်။ ဖောက်ပြန်သော လူတန်းစားကား အမှန်တရားကို ကြောက်၏။ အဘယ်ကြောင့်ဆိုသော် အမှန်တရားသည် ၎င်း၏ အင်အား တည်တံ့မှုကို ခြိမ်းခြောက်နေသောကြောင့် ဖြစ်လေသည်။

သို့ဖြစ်ရာ ပြဿနာမှာ ဘက်လိုက်မှုနှင့် အမှန်တရားတို့သည် တစ်ခုနှင့်တစ်ခု ဆန့်ကျင်နေသည်ဆိုသော ဝါးနေသည့် ပြဿနာမဟုတ်၊ ဘက်လိုက်ရာ၌ မည်သည့်ဘက်လိုက်သနည်းဆိုသည့် ပြဿနာဖြစ်၏။ မာ့က်စ်ဝါဒ၏ အမှန်တရား၏ အမြင့်ဆုံးသော အာမခံချက်သည် အလုပ်သမား လူတန်းစားနှင့် အလုပ်သမား လူတန်းစား၏ လွတ်မြောက်ရေးအတွက် ကြိုးပမ်းမှုတို့အတွက် ပြင်းထန်စွာ ဘက်လိုက်ခြင်းပင်ဖြစ်၏။ မာ့က်စ်ဝါဒသမားများသည် သူတို့၏ဘက်လိုက်မှုအတွက် ဂုဏ်ယူကြ၏။ အဘယ်ကြောင့်ဆိုသော် ဤသို့ဘက်လိုက်မှုသည် လူသားတို့၏လွတ်မြောက်ရေးနှင့် လူတို့၏ အသိပညာတိုးတက်ရေးတို့အတွက် ကြိုးပမ်းရာတွင် သူတို့အား ရှေ့တန်းက ပါဝင်စေသောကြောင့် ဖြစ်ပေသည်။

ရာဇဝင်ရေးရုပ်ဝါဒသည် အဘိဓမ္မာရေးရာတွင် အလုပ်သမား လူတန်းစား၏ တော်လှန်ပြောင်းလဲမှုအကြောင်းကို ရှင်းလင်းပြ၏။ ဤဝါဒ တစ်ခုတည်းကသာလျှင် အလုပ်သမား လူတန်းစားသည် အဘယ်ကြောင့်နှင့် ဘယ်ကဲ့သို့ ယခင် လူသားတို့၏ သဘောတရားရေးလောက အဆောက်အအုံကို ပြောင်းလဲပစ်နိုင်ကြောင်း ရှင်းလင်းတင်ပြပေသည်၊ ဤဝါဒသည် အဘယ်ကြောင့် မနေ့ရှင်အတွေးအခေါ်မှာ သေဆုံးနေပြီဖြစ်ကြောင်း ရှင်းပြ၏။ ဤဝါဒသည် အဘယ်ကြောင့် မှားယွင်းသော အယူဝါဒများ၊ အစွဲအလန်းများတို့သည် အနုမြူအင်အားကို အသုံးပြုနိုင်ခြင်းစသော ဝိဇ္ဇာပညာတွေ့ရှိချက်တို့နှင့် ယှဉ်ပြိုင်၍ တည်ရှိနေသေးကြောင်း ရှင်းပြ၏။ မာက့်စ်က ရာဇဝင်ရေးရုပ်ဝါဒကို ရုပ်ဝါဒ အနုပဋိလောမတရားများဟု ရေးခဲ့ခြင်းမှာ အခြားကြောင်းမဟုတ် ဤရုပ်ဝါဒအနုပဋိလောမ တရားများကိုပင် လူ့အဖွဲ့အစည်းအတွက် ကျင့်သုံးထားသောကြောင့်ဖြစ်၏။ မာ့က်စ်က ဤသို့ရေးခဲ့၏။

ဤဝါဒသည် မနေ့ရှင်လောကနှင့် မနေ့ရှင်အယူဝါဒရှိသော ပရော်ဖက်ဆာများအတွက် ဆိုးဝါးရွံ့မုန်းဖွယ်ရာ ဝါဒတစ်ရပ်ဖြစ်၏။ အဘယ်ကြောင့်ဆိုသော် ဤဝါဒ၏ နားလည်ခံယူမှုတွင် အရာဝတ္ထုများ၏ တည်ရှိနေသည့်အဖြစ်ကို အသိအမှတ်ပြုခြင်းနှင့် တစ်ချိန်တည်းတွင် ထိုအဖြစ်ကို ချေဖျက်ခြင်း၊ ထိုအဖြစ်သည် မလွဲမရှောင်သာဘဲ ပြိုကွဲရမည့် ဖြစ်ခြင်းကိုလည်း အသိအမှတ်ပြုခြင်းတို့ ပါဝင်နေသောကြောင့်ဖြစ်၏။ အဘယ်ကြောင့်ဆိုသော် ဤဝါဒသည် ရာဇဝင်အရ ဖြစ်ပေါ် တိုးတက်လာသော

လူမှုပုံသဏ္ဍာန်တိုင်းသည် လှုပ်ရှားပြောင်းလဲနေသည်။ ထို့ကြောင့် ၎င်း၏ ကူးပြောင်းနေသော သဘောသည် ယာယီတည်တံ့နေမှုထက် မပိုဟု ယူဆသောကြောင့်ဖြစ်၏၊ အဘယ်ကြောင့်ဆိုသော် ဤဂါဒသည် မိမိအပေါ် မည်သည့် ချုပ်ချယ်မှုကိုမျှ မခံဘဲ၊ အနှစ်သာရအားဖြင့် ဝေဖန်သောသဘော တော်လှန်သော သဘောရှိသောကြောင့် ဖြစ်ပေသည်။

အနုပဋိလောမ ရုပ်ဝါဒမူများသည် ရာဇဝင်ရေး ရုပ်ဝါဒအတွက် သဘောတရားရေး အခြေခံကို ချပေးသကဲ့သို့ ဤရာဇဝင်ရေး ရုပ်ဝါသည် အနုပဋိလောကမရုပ်ဝါဒ၏ ပေါ်ထွက်လာမှုနှင့် အနှစ်သာရတို့အတွက် ရှင်းလင်းချက်နှင့် လူမှုရေးနှင့် ရာဇဝင်ရေး အခြေခံကို ချပေးလေသည်။ စင်စစ်အားဖြင့် ဤနှစ်ခုတို့မှာ တစ်ခုတည်းသော ကမ္ဘာအမြင်၏ ဘက်နှစ်ဖက်သာ ဖြစ်၏။ လွယ်ကူတွက်သာ ခွဲခြားထားခြင်းဖြစ်၏။ ၎င်းတို့သည် သဘာဝဝိဇ္ဇာပညာရော၊ လူမှုဝိဇ္ဇာပညာရော မည်သည့် ဝိဇ္ဇာပညာအတွက် မဆို မပါမပြီးသည့် အခြေခံဖြစ်ကြ၏။ ၎င်းတို့သည် ရှေးယခင်က စိတ်ဝါဒများအရ ယူဆခဲ့ကြသည့် ဝိဇ္ဇာပညာရပ်များ၏ အပေါ်ကရှိ သည်ဆိုသော အဘိဓမ္မာမျိုး မဟုတ်ပေ။ မာ့က်စ်နှင့် အိန်ဂျယ်တို့သည် ဂျာမန်အယူဝါဒ ဆိုသောကျမ်း၌ ဤသို့ ရေးခဲ့၏။ *''စင်စစ်အားဖြင့် ကျွန်ုပ်တို့သည် အရာဝတ္ထုများကို အမှန်သူတို့ရှိနေသည့်အတိုင်း၊ ဖြစ်နေသည့်အတိုင်း ခံယူကြသည့်အခါတွင် နက်နဲသော အဘိဓမ္မာပြဿနာ ဟူသမျှသည် ကိုယ်တွေ့ဖြစ်လာကာ ဖြေရှင်း၍ သွားတော့၏။''*

ဆိုပြောဆိုချက်ကို ခေနရှင်အဘိဓမ္မာဆရာများသည် အကြီးအကျယ် ရှုပ်ထွေးအောင် ပြုလုပ်ကြလိမ့်မည်ဖြစ်၏။ ဥပမာ ပေးဇစ်ဗင်ဇင်းဝါဒသမားများသည် ဤသို့ ရှုပ်ထွေးအောင် ပြုလုပ်နိုင်၏။ အဘယ်ကြောင့်ဆိုသော် သူတို့သည် ကိုယ်တွေ့အချက်အလက်များကို လူတို့၏ လက်ဆုပ်လက်ကိုင်ဖြစ်သော အတွေ့အကြုံများဟု မယူဆကြဘဲ၊ အကောင်အထည် မရှိသော စိတ်အတွင်း၌ အာရုံဖြစ်ပေါ်မှုသာ ဖြစ်သည်ဟု ယူဆကြလေသည်။ ကျွန်ုပ်တို့၏ စိတ်အပြင်ဘက်၌ရှိသော မည်သည့် အရာကိုမဆို လက်တွေ့တကယ်ရှိခြင်း မဟုတ်ဟုဆိုကြလေသည်။ ဤအကြောင်းကို နောက်အခန်းများတွင် အသေးစိတ် ဖော်ပြမည်ဖြစ်၏။

*မာ့က်စ်ဝိဇ္ဇာနည်းကျသော ရုပ်ဝါဒ၏* အခြေခံအကျဆုံးသောမူများ အချုပ်မှာ အောက်ပါအတိုင်းဖြစ်၏။

အဟုတ်ရှိ တကယ်ရှိသော လောကကြီးသည် လူ့အသိနှင့် သီးခြား ကင်းလွတ်စွာ တည်ရှိနေသည်ဟု ရုပ်ဝါဒက ခံယူ၏။ ဤလောကကြီးသည် မည်သည့် သက်ရှိသတ္တဝါ၊ မည်သည့်အသိမှ မပေါ်မီကတည်းက တည်ရှိလာခဲ့၏။

ဤအဟုတ်ရှိ တကယ်ရှိသော လောကကြီးသည် ရုပ်ဝတ္ထုဖြစ်၏။ စိတ်

မဟုတ်ဟု ရုပ်ဝါဒကယုံကြည်၏။ ဆိုလိုသည်မှာ ဤလောကကြီးတွင် ရုပ်ဝတ္ထုပါဝင်၏။ စိတ်မပါဝင်။ ဤလောကကြီးသည် ရုပ်ဝတ္ထု၏ လှုပ်ရှားမှုတရားများအရ လှုပ်ရှားနေ၏။ မည်သည့် စိတ်ဆန္ဒများ၊ ရည်ရွယ်ချက်များအရမှ လှုပ်ရှားနေသည် မဟုတ်ပေ။

မာ့က်စ်လက်ထက် မတိုင်မီက ရုပ်ဝါဒနှင့် မတူဘဲ မာ့က်စ်ဝါဒက ဤသို့ယူဆ၏။ လောကကြီးအတွင်း၌ ဖြစ်ပျက်နေမှုများသည် တစ်ခုနှင့်တစ်ခု အပြန်အလှန် မှီခိုဆက်ယှက်နေ၏။ မည်သည့်အရာမှ သီးခြားဖြစ်မနေ၊ ငြိမ်သက်၍မနေပေ။ သဘာဝတရားအားလုံးသည် အတွင်းပဋိပက္ခ တရားများအရ အစဉ်သဖြင့် ပြောင်းလဲနေ၏။ တိုးတက်ဖြစ်ပေါ်နေ၏။ တစ်စတစ်စပြောင်းလဲရုံသာမက အရည်အချင်းပါ ခုန်ကူးပြောင်းနေကြ၏။

ရုပ်ဝတ္ထုက အရင်းခံဖြစ်သည်ဆိုသော အမြင်မှနေ၍ တစ်ဆက်တည်းပေါ်လာသည်ကား စဉ်းစားတွေးတောမှုနှင့် အသိတို့သည် အဆင့်မြင့်ဆုံးသော ရုပ်ဝတ္ထု အင်္ဂါ အစိတ်အပိုင်း၏ လှုပ်ရှားမှုဖြစ်စဉ်ဖြစ်သည် ဆိုသောအချက်ပင်ဖြစ်၏။ အချုပ်မှာ စဉ်းစား တွေးတောမှုသည် ရုပ်ဝတ္ထုမှ ပေါ်ထွက်လာခြင်းဖြစ်၍ စိတ်ဝါဒအားလုံးက တစ်နည်းမဟုတ် တစ်နည်း ယူဆကြသကဲ့သို့ ရုပ်ဝတ္ထုသည် စဉ်းစားတွေးတောမှ ပေါ်ထွက်လာခြင်းမဟုတ်ပေ။

မာ့က်စ်၏ ဝိဇ္ဇာနည်းကျသော ရုပ်ဝါဒက ယူဆသည်မှာ ကျွန်ုပ်တို့၏ အာရုံများသည် ကျွန်ုပ်တို့၏ ပတ်ဝန်းကျင်တွင် ရှိနေသော ကမ္ဘာလောကကြီးကို တိကျမှုအတိုင်း အတာအမျိုးမျိုးနှင့် အရောင်ရိုက်ခတ်မှုဖြစ်၏။ ဤအာရုံများမှတစ်ဆင့် ကျိုးကြောင်းဆင်ခြင်မှုအားဖြင့် သဘာဝနှင့် ၎င်း၏ တရားများကို ပို၍ပို၍ သိသွားနိုင်၏။ လောကကြီးတွင် မသိနိုင်သော အရာမရှိ။ မသိသေးသော အရာသာရှိပေ၏။

မာ့က်စ်ဝါဒသည် အသိပညာနှင့် ပတ်သက်၍ ရှေးအစဉ်အလာရုပ်ဝါဒ၏ ချဉ်းကပ်မှုကို အချက်နှစ်ချက်အားဖြင့် ပြောင်းလဲတိုးတက်စေခဲ့၏။ ပထမအချက်မှာ ကျွန်ုပ်တို့၏ အသိပညာသည် လူမှုအလေ့အကျင့်အတွင်း၊ အထူးသဖြင့် ကုန်ထုတ်လုပ်မှု အလေ့အကျင့်အတွင်း၌ အမြစ်တွယ်နေသည်ဆိုသော အချက်ဖြစ်၏။ ဒုတိယအချက်မှာ သဘာဝအကြောင်းကို ကျွန်ုပ်တို့ သိရှိမှုကို ကျွန်ုပ်တို့၏ ကုန်ထုတ်လုပ်ရေး အလေ့အကျင့်က ပထမဦးစွာ ပြဋ္ဌာန်းပေးသကဲ့သို့ ကျွန်ုပ်တို့၏ လူမှုသဘောထားများ၊ သဘောတရားများနှင့် အသိတို့လည်း ကျွန်ုပ်တို့၏ လူမှုဆက်ဆံရေးများက ပြဋ္ဌာန်းပေးပေသည်။ မာ့က်စ်နှင့်အိန်ဂျယ်တို့က ထပ်ဖန်တလဲလဲ ပြောခဲ့သကဲ့သို့ ဘဝက အသိကို ပြဋ္ဌာန်း၏။ လူမှုဘဝက လူမှုအသိကို ပြဋ္ဌာန်း၏။ ကျွန်ုပ်တို့၏ တွေးခေါ်မှုကို ကျွန်ုပ်တို့၏ လူမှုပတ်ဝန်းကျင်က ပြဋ္ဌာန်းရာ ကျွန်ုပ်တို့သည် ကျွန်ုပ်တို့၏ အရေပြားထဲမှ ထွက်ခွာ သွား၍ မရသကဲ့သို့ ကျွန်ုပ်တို့ခေတ်အခါနှင့် ကျွန်ုပ်တို့၏ လူတန်းစား

ဆက်ဆံရေးများထဲ မှ ထွက်ခွာသွား၍ မရနိုင်ပေ။

ဤကား မာက့်ဝါဒ၊ သို့မဟုတ် ကွန်မြူနစ်ဝါဒ၏သဘောတရားနှင့် လက်တွေ့တို့ကို ကမ္ဘာ့လူမှုလှုပ်ရှားမှုတစ်ရပ် ဖြစ်တည်ဆောက်ထားသည့် အဘိဓမ္မာအခြေခံ ဖြစ်ပေသည်။ ဤဝါဒသည် ယခုအခါ တစ်ကမ္ဘာလုံးရှိအဖိနှိပ်ခံ လူထုများအကြား၌ ပြန့်နှံ့လျက်ရှိနေပေသည်။ ဤဝါဒ၏ ပထမဆုံးသော ရည်ရွယ်ချက်မှာ တိုင်းပြည်တိုင်း၌ အလုပ်သမား လူတန်းစားကို အုပ်စိုးသော လူတန်းစားအဖြစ် ထူထောင်ရန်ဖြစ်၏။ အဓိပ္ပာယ်မှာ လူသားတို့သည် ဆိုရှယ်လစ် တော်လှန်ရေးကြီးအားဖြင့်သာလျှင် ပထမဦးဆုံးအကြိမ် အစစ်အမှန် ကိုယ်ပိုင်ရာဇဝင်ကို ထူထောင်ကြခြင်းဖြစ်၏။ ကိုယ့်ကံကြမ္မာ ကိုယ်စီမံ ဖန်တီးကြ၏။ ယခင်အခါများ တုန်းကလည်း လူတို့သည်ပင် ရာဇဝင်ကို ဖန်တီးခဲ့ကြသည်မှာမှန်၏။ သို့ရာတွင် ထိုအခါများတုန်းက သိသိရရမဟုတ်ခဲ့ပေ။

အနာဂတ်ကာလ၏ လွတ်လပ်သောလူတို့သည် လူတန်းစား လူ့အဖွဲ့အစည်း၏ ရာဇဝင်ကို လေ့လာကြလိမ့်မည်ဖြစ်၏။ လူတန်းစား လူ့အဖွဲ့အစည်း၏ နှစ်ပေါင်း ငါးထောင်မှ ခုနစ်ထောင်ထိကြာမြင့်သည်ကာလသည် လူတန်းစားမတိုင်မီခေတ်မှ လူတန်းစား ပျောက်သွားပြီး နောက်ခေတ်သို့ ရှေးဟောင်း ပဒေသာပင်ခေတ်မှ တစ်ကမ္ဘာလုံး ကွန်မြူနစ်ခေတ်သို့ ကူးပြောင်းနေသည့် ကာလပင်ဖြစ်၏။ ဤကာလ၏လက္ခဏာမှာ အဆိုးဝါးဆုံး ရက်စက်ကြမ်းကြုတ်မှု၊ အဆက်မပြတ် လူတန်းစားတိုက်ပွဲများ ဆင်းရဲမှု၊ တစ်နိုင်ငံနှင့် တစ်နိုင် သွေးထွက်သံယို တိုက်ခိုက်ကြမှုတို့ပင်ဖြစ်၏။ သို့ရာတွင် ၎င်း ကာလ၏ ကောင်းသောအချက်မှာ ကုန်လုပ်စွမ်းအားစုများ ဖြစ်ပေါ်တိုးတက်လာခြင်း၊ လူတန်းစားအဖွဲ့အစည်းကို ဖျက်ဆီးမည့် လူတန်းစားကို မွေးထုတ်လိုက်ခြင်းတို့အားဖြင့် ၎င်း လူတန်းစား အဖွဲ့အစည်းကိုယ်တိုင်ကို ပျက်စီးစေမည့် လမ်းခင်းပေးခြင်းပင်ဖြစ်၏။ ယနေ့ လူသားတို့သည် စစ်မှန်သော လောကကြီး၏တံခါးဝ၌ ရောက်ရှိနေ၏။ ဤကား အတွေးအခေါ်တွင်လည်းကောင်း တကယ့်ဘဝတွင်လည်းကောင်း ဖြစ်ပေါ်လာသော အလုပ်သမားလူတန်းစား၏ တော်လှန်ရေးပင်ဖြစ်ပေသည်။

## အခန်း(၃)
## ရုပ်နှင့်စိတ်

မာ့က်စ်၏ ရာဇဝင်ရေးရုပ်ဝါဒက အဘိဓမ္မာသည် လူတန်းစား၏ အပေါ်က ရှိသည်၊ ကိုယ့်ဘာသာကိုယ် ပြည့်စုံလုံလောက်နေသော တွေးခေါ်မှုဖြစ်သည်ဆိုသော အစဉ်အလာ အဘိဓမ္မာ၏ ကြွေးကြော်ချက် အားလုံးကို ဆန့်ကျင်တိုက်ခိုက်ထား၏။ အိန်ဂျယ်က အဘိဓမ္မာအားလုံး၏ အချက်အချာပြဿနာကို ဖော်ထုတ်ပြထား၏။

အိန်ဂျယ်က ဤကဲ့သို့ ရေးခဲ့၏။ အဘိဓမ္မာအားလုံး၏ အခြေခံပြဿနာကြီးမှာ တွေးခေါ်မှုနှင့် ဆက်သွယ်မှုပြဿနာဖြစ်၏။ မည်သည့်အရာက အလျင်မူလကလဲ မည်သည့်အရာ ပထမလာခဲ့သလဲ၊ စိတ်လား၊ သဘာဝလား၊ သဘာဝရေးနှင့် ပတ်သက်လာသော မေးခွန်းမှာ ဤသို့ဖြစ်၏။ ထာဝရဘုရားသခင်က ကမ္ဘာလောကကြီးကို ဖန်ဆင်းပေးခဲ့လသား၊ သို့မဟုတ် ကမ္ဘာလောကကြီးသည် အနတက္ကမကာလက တည်ရှိလာခဲ့သလား။ ဤမေးခွန်းများသည် နှစ်ပေါင်းများစွာ အဘိဓမ္မာကို ဖုံးလွှမ်းနေသည့် ကန့်လန့်ကာကို ဖယ်ရှားပစ်လိုက်၏။ စိတ်ဝါဒ၏ ပုံသဏ္ဍာန်များအားလုံးနှင့် ဘာသာရေးတို့၏ အနှစ်သာရအားဖြင့် တူညီမှုကို ဖော်ပြလိုက်၏။

အိန်ဂျယ်က ဤသို့ဆက်ပြောခဲ့၏ "*ဤမေးခွန်းကို ဖြေကြသော အဖြေများ အလိုက် အဘိဓမ္မာဆရာများသည် ဂိုဏ်းကြီးနှစ်ဂိုဏ်း ကွဲနေ၏၊ စိတ်က သဘာဝထက် အရင်ကျရင် ကျသည်ဟု ဆိုသူများသည်အဆုံး၌ ကမ္ဘာလောကကြီးကို ထာဝရဘုရား ဖန်ဆင်းသည်ဟူသော သဘောကို ပုံသဏ္ဍာန်တစ်မျိုးမျိုးနှင့် ဖော်ပြကြသူများဖြစ်ကြရာ သူတို့သည် စိတ်ဝါဒဂိုဏ်းထဲ၌ ပါဝင်ကြ၏။ သဘာဝက အရင်ကျသည်ဟူ၍ ယူဆကြသူများကား ရုပ်ဝါဒဂိုဏ်းအမျိုးမျိုးတို့၌ ပါဝင်နေကြ၏*" သို့ရာတွင် ရုပ်ဝါဒသမားများသည် ဤပြဿနာ၏ တကယ့်အနှစ်သာရသဘောကို မမြင်သမျှ ကာလပတ်လုံးသူတို့

ရန်သူများ၏ တကဲ့အနှစ်သာရသဘောကိုလည်း မမြင်နိုင်ကြဘဲ ၎င်းရန်သူများကို ထိရောက်စွာ မတိုက်နိုင်ခဲ့ကြပေ။ ယခုအခါ ထိုးထွက်လာသော ခေတ်သစ်စက်မှု အလုပ်သမားလူတန်းစား၏ အသစ်ဖြစ်သော ရုပ်ဝါဒသည် ဤအမှန်သဘောကို မြင်ကာ မြင်သည့်အတိုင်း ထုတ်ဖော်၍ပြနေပြီ ဖြစ်ပေသည်။

ဤသို့အားဖြင့် အိန်ဂျယ်က အဘိဓမ္မာ၏ အနှစ်သာရအချက်ကို ထုတ်ဖော်ခဲ့၏။ ၎င်းမှာအလုပ်သမားလူတန်းစားက အဘိဓမ္မာအတွင်း၌ တော်လှန်ပြောင်းလဲမှု ပြုလုပ်လိုက်ခြင်းပင် ဖြစ်၏။ အခြေခံပြဿနာကို ဆုပ်ကိုင်မိသည်နှင့် တစ်ပြိုင်နက်စနစ်များ၏ ရှုပ်ထွေးနေမှုကို ရှင်းရန်လွယ်သွားခဲ့၏။ အခြေခံပြဿနာမှာ ရုပ်ဝါဒ သို့မဟုတ် စိတ်ဝါဒဆိုသော ပြဿနာပင်ဖြစ်၏။ သဘာဝလောကကြီးသည် စိတ်က သို့မဟုတ် ဝိညာဉ်က ဖန်ဆင်းထားသည့်အရာလား။ သို့မဟုတ် ထာဝရလှုပ်ရှားနေသည့် ရုပ်ဝတ္ထုလား။ တွေးခေါ်မှု စိတ်ကူးအမျိုးမျိုးတို့သည် ရုပ်ဝတ္ထုမှ ထွက်လာသည့် အရာများလော။ သို့မဟုတ် ရုပ်ဝတ္ထုသည် တွေးခေါ်မှုထွက်လာသည့် အရာလော။ အိန်ဂျယ်၏ ချဉ်းကပ်မှုသည် အဘိဓမ္မာရေးရာ စိတ်ဝါဒနှင့် အားလုံး၏ ဘာသာရေးတို့တူညီပုံကို ဖော်ပြလိုက်ပေသည်။

ဤသို့ အလုပ်သမား လူတန်းစားသစ်ကိုယ်စား အိန်ဂျယ်က ထုတ်ဖော်လိုက်မှုသည် အဘိဓမ္မာရေးရာ လစ်ဘရယ်သမားများကို များစွာ အကြပ်ရိုက်သွားစေပေသည်။ သူတို့သည် စိတ်ဝါဒထဲမှရော၊ ရုပ်ဝါဒထဲမှ မှန်ကန်သော အချက်အချို့နှင့် နှစ်ခုစလုံးထဲမှ နှိုင်းယှဉ်ချက် အမှားများကို ကြည့်ကာ ဘယ်ဝါဒကိုမှ ပြတ်ပြတ်သားသား လက်မခံဘဲ နေကြလေသည်။

ဤပြဿနာကို ရှုပ်ထွေးအောင် လုပ်ကြသော လစ်ဘရယ်သမားများ လက်ထက်မတိုင်မီ ကြာမြင့်စွာကပင် ပလေတိုသည် ဤပြဿနာကို ရှင်းလင်းစွာ နားလည်ကြောင်းပြခဲ့၏။ ပလေတိုသည် ဂရိတ်ကျေးပိုင်၊ ကျွန်ပိုင်ရှင်ကြီးများကို ကာကွယ်ခဲ့ကာ ကုန်သည်နှင့် လက်မှုပညာသည်တို့၏ ဝိဇ္ဇာနည်းကျသော အဘိဓမ္မာကို ဆန့်ကျင်တိုက်ခိုက်ခဲ့လေသည်။ ပလေတိုသည် အနှစ်နှစ်ရာလောက်အတွင်းတုန်းက ပေါ်ပေါက်ခဲ့သည် အဘိဓမ္မာသည် တည်ရှိနေသော သမရိုးကျအမြင်နှင့် တိုးတက်လာသော အမြင်တို့အတွင်း ဖြစ်ပွားသည့် တိုက်ပွဲဖြစ်သည်ဟု မြင်ခဲ့၏။ ပြဿနာမှ နတ်များရှိသည်။ သူတို့သည် သမာဒေဝနတ်ကောင်းနတ်မြတ်များ ဖြစ်ကြသည် ဆိုသောခံယူချက်က တဖက်၊ ဖြစ်မှုပျက်မှုတို့ကို *ပထဝီ၊ တေဇော၊ အာပေါ၊ ဝါယော* ဆိုသော ဓာတ်ကြီးလေးပါးက စီရင်ခြင်းဖြစ်သည်။ မြင့်မြတ်မှု၊ တရားမျှတမှုဆိုသည်မှာ လူတို့၏ ဘဝနှင့် အတွေးအခေါ်တို့မှ ထွက်ပေါ်လာခြင်း ဖြစ်သည်ဆိုသော ခံယူချက်က တစ်ဖက် ဤခံယူချက်နှစ်ခုတို့သည် ဆန့်ကျင်နေသော ပြဿနာများ ဖြစ်သည်ဟူ၍ ပလေတိုက

Burma Marxist Learner



မြင်ခဲ့၏။

ပလေတိုသည် ၎င်း၏ ရုပ်တည်မှုကို တရားဥပဒေများဆိုသောကျမ်း၌ ဖော်ပြခဲ့၏။ *ကျွန်ုပ်တို့၏ ခေတ်သစ်လောကဓာတ်တရားများ၏ ဆန်းသစ်သော အမြင်များ မပြန့်ပွားမီအထိ အစစအရာရာ ချောမောကောင်းမွန်နေ၏။ ဤအမြင်များသည် အန္တရာယ်ပင်ဖြစ်သည်* ဟူ၍ သူကဆိုခဲ့၏။

စိတ်က အရင်ဖြစ်သည် သို့မဟုတ် ရုပ်က အရင်ဖြစ်သည်ဆိုရာ၌ လက်တွေ့လူမှုဆိုင်ရာခြားနားချက်ကားဘာလဲ၊ ပလေတိုက ဤအကြောင်းကိုရှင်းပြခဲ့၏။ သူသည် ရုပ်ဝါဒအမြင် ပြန့်ပွားလာခြင်းကို စိုးရိမ်ခဲ့၏၊ နတ်များသည် ရှိကြောင်း၊ သူတို့သည် *လူတို့ထက် မြင့်မြတ်ကြောင်း တရားမျှတကြောင်း ပြရန်လိုပါသည်၊ ဤသို့ အကြောင်းပြလျက် နည်းအမျိုးမျိုးနှင့် ဆွဲဆောင်ရေးမှာ အရေးကြီးဆုံးဖြစ်ပါသည်။ ဤနည်းအားဖြင့် ကျွန်ုပ်တို့၏တရားဥပဒေများအားလုံးကို အကောင်းဆုံး ကာကွယ် နိုင်မည်ဖြစ်ပါသည်* ဟူ၍ သူက ပြောခဲ့၏၊ ဤကားအချက်ဖြစ်၏။ ကျွန်ုပ်တို့၏ တရားဥပဒေများ ကျွန်ုပ်တို့၏ လူမှုစနစ်တစ်ရပ်လုံး တည်ရှိနေသော လူတန်းစားဆက်ဆံရေးများတို့သည် ဖန်ဆင်းသော ဘုရားများ နတ်များရှိသည်ဆိုသော အစွဲအလမ်းများ အပေါ်တွင် အမှီပြုနေ၏။ အာရစ်စတိုတယ်သည်လည်း ဤအစွဲအလမ်းများကို ထောက်ခံခဲ့၏။

ပလေတိုက ရုပ်ဝါဒသမားများအကြောင်းကို အောက်ပါအတိုင်းပြောခဲ့၏။

၁။ ရုပ်ကမ္ဘာသည် စိတ်၏ အလိုအရမဟုတ်ဘဲ သဘာဝတရားအရ အမှတ်မထင် တည်ရှိနေသည်ဟု ရုပ်ဝါဒသမားများကဆို၏။

၂။ ဤရုပ်ဝတ္ထုများသည် သူတို့၏ ပင်ကိုယ်သဘောသဘာဝအရ လှုပ်ရှားနေခြင်း ဖြစ်ရာ ဤသို့အားဖြင့် ကောင်းကင်နှင့် မြေကြီးတို့သည်လည်းကောင်း၊ သစ်ပင်များနှင့် တိရစ္ဆာန်များသည်လည်းကောင်း၊ လူသားတို့နှင့် လူ့အဖွဲ့အစည်းသည် လည်းကောင်း ဖြစ်ပေါ်လာခြင်းဖြစ်သည်ဟု သူတို့က ယူဆကြ၏။

၃။ နိုင်ငံရေး သို့မဟုတ် အဆောက်အအုံနှင့် အဖွဲ့အစည်းကြီးတစ်ရပ်လုံးသည် အဖြစ်အပျက်များကို နတ်များက ထိန်းချုပ်နေမှုကြောင့်မဟုတ်ဘဲ *စိတ်ကြောင့်* မဟုတ်ဘဲ၊ ရုပ်ဝတ္ထုအကြောင်းများကြောင့် ဖြစ်သည်ဟု သူတို့က ယူဆကြ၏။

၄။ နတ်များဆိုသည်မှာ လူတို့၏ စိတ်ကူးမှ ပေါ်လာခြင်းသာဖြစ်သည်ဟု သူတို့က ယူဆကြ၏။

အိန်ဂျယ်သည် စိတ်ဝါဒကို အဓိပ္ပာယ်ဖွင့်ဆိုရာ၌ စိတ်က သဘာဝ သို့မဟုတ် ရုပ်ထက် အရင်ကျသည်ဆိုသော ဝါဒ ဖြစ်သည်ဟူ၍ ပြောခဲ့၏။ ပလေတိုသည် *"ဝိညာဉ်သည် ကိုယ်ခန္ဓာထက် အရင်ကျ၍ ကိုယ်ခန္ဓာသည် နောက်မှ ဖြစ်သည်"* ဟူ၍ မြင်၏။

ဤပြဿနာနှင့်ပတ်သက်၍ အထင်ရှားဆုံး ဓေ့စပ်ပေးခဲ့သူမှာ ဒက်စ်ကာတီးစ် ဆိုသော ပုဂ္ဂိုလ်ကြီးဖြစ်၏။ သူက စိတ်နှင့် ရုပ်တို့သည် ဘယ်သူ့ဘယ်သူမှ ရှေ့ကဖြစ်ခြင်း၊ အရင်ဖြစ်ခြင်းမဟုတ်ဟုဆို၏။ သူသည် စိတ်နှင့် ရုပ်တို့ကို သူ့ဘာသာသူ တခြားစီ တည်ရှိနေကြသော အရာဝတ္ထုနှစ်ခုအဖြစ် ခွဲခြားထားပြီးလျှင် ဤနှစ်ခုကို ဆက်စပ်ပေးရန်အတွက် ၎င်းတို့အပေါ်က ထာဝရဘုရားသခင်ရှိနေသည်ဟု ဆိုလေသည်။ ဤတွင် ထာဝရဘုရားသခင်စိတ် တွေးခေါ်သော အရာတို့က အရင်မူလဖြစ်၍ ရုပ်ဝတ္ထုက နောက်မှဖြစ်သည်ဟူ၍ အဓိပ္ပာယ်ရောက်ပြန်ရာ တစ်ခုက အရင်ကျ၍ လွှမ်းမိုးနေသည်ဟု ဆိုခြင်းပင်ဖြစ်သဖြင့် သူ၏ ဓေ့စပ်မှုမှာ ဤနည်းအားဖြင့် အဆုံးသတ်၍ သွားတော့၏။

စပင်နိုဇာကမူ စိတ်နှင့် ရုပ်တို့ကို အရာဝတ္ထုနှစ်ခုအဖြစ် ခွဲခြားမထားဘဲ အရာဝတ္ထုတစ်ခု၏ အရည်အချင်းနှစ်ခုအဖြစ် ထား၏။ ဤအရာဝတ္ထုတွင် အခြားအဆုံးမရှိသော အရည်အချင်းများလည်း ရှိသည်ဟု သူကဆို၏၊ ဤအရာဝတ္ထုကို 'ဂေါ့'ဟု သူက အမည်ပေးခဲ့၏။ သူ၏ ဂေါ့မှာ ဘာသာရေးမှ ထာဝရဘုရားသခင်ဆိုသော ဂေါ့မျိုးမဟုတ်၊ ဆုတောင်းရန်၊ ကိုးကွယ်ရန်၊ ကြောက်ရွံ့ရန်မလိုပေ။ စပင်နိုဇာသည် သူ၏ ဂေါ့ကို သဘာဝနှင့်ပင် ထပ်တူထားခဲ့၏။ သို့ရာတွင် သူဆိုလိုသော သဘာဝမှာ ရုပ်ဝတ္ထုသဘာဝမဟုတ်၊ ရုပ်ဝတ္ထုရော စိတ်ရော အမြင်ကြောင့် သူသည် မည်သည့်ဝါဒသမားလဲဆိုသည့်အချက်မှာ ပြဿနာကြီးဖြစ်၍နေ၏။ အိန်ဂျယ်၏ အဓိပ္ပာယ်ဖွင့်ဆိုချက်အရဆိုလျှင် စပင်နိုဇာသည် ရုပ်ဝတ္ထုက အရင်မူလဟု မဆိုသည့်အတွက် ရုပ်ဝါဒသမားကား မဟုတ်ပေ။ စိတ်က မူလဟု မဆိုပြန်သည့်အတွက်ကြောင့်လည်း စိတ်ဝါဒသမားဟုလည်း မပြောနိုင်ပေ၊ သူက စိတ်နှင့် ရုပ်တို့သည် တစ်ခုတည်းသော အရာဝတ္ထုမှ ဘက်နှစ်ဖက် ဖြစ်သည်ဟု ဆိုထားလေသည်။

စပင်နိုဇာ၏ ဓေ့စပ်ရေးသည် စင်းလုံးချောဓေ့စပ်ရေးပင် ဖြစ်သည်ဟု ကျွန်ုပ်တို့ ဆိုရပေမည်။

သို့ရာတွင် အဘယ်ကြောင့် ဓေ့စပ်ရေးသည် မဖြစ်နိုင်သနည်း။ အဖြေမှာ အပိုင်းနှစ်ပိုင်းရှိပေသည်။ ပထမ၊ ဤသို့သော ဓေ့စပ်ရေးမှာ ဝိဇ္ဇာပညာ မတိုးတက်သေးသော အခါကသာ ဖြစ်နိုင်ခဲ့၏။ ခေတ်သစ် သတ္တဗေဒပညာ ပေါ်ထွက်လာပြီး အသက်၏ တိုးတက်ပြောင်းလဲလာပုံ၊ ဦးနှောက်၏ တိုးတက်ပြောင်းလဲလာပုံမှ နေ၍ လူ့ စိတ်တိုးတက်ဖြစ်ပေါ်လာပုံ၊ လူ့အဖွဲ့အစည်း တိုးတက်ပြောင်းလဲပုံတို့ကို သင်ကြားလာသည့်အခါတွင် စပင်နိုဇာ၏ ဓေ့စပ်မှုသည် မဖြစ်နိုင်တော့ပေ၊ သဘာဝဝိဇ္ဇာပညာက ကျွန်ုပ်တို့အား သင်ပြသည်မှာ စိတ်နှင့် ရုပ်တို့သည် တစ်ခုတည်းသော အရာဝတ္ထု၏ ဘက်နှစ်ဘက် မဟုတ်ကြဘဲ စိတ်သည် ရုပ်၏ တိုးတက်ပြောင်းလဲမှုမှ ရုပ်လာဒ်ပင်၊

ငင်း၏ အဆင့်အမြင့်ဆုံး ရလာဒ် ဖြစ်သည်ဟူ၍ဖြစ်၏။ စပင်နိုဇာ၏ အမြင်နှင့် ပတ်သက်၍ ဒုတိယအခက်အခဲမှာ သူသည် ရာဇဝင်နှင့် လူ့အဖွဲ့အစည်းအတွင်း၌ ပေါ်ပေါက်လာသော အယူဝါဒများ၏ အရင်းမူလနှင့် လှုပ်ရှားပုံတို့ကို ရှင်းပြရန် မတတ်နိုင်ခြင်းဖြစ်၏။

စပင်နိုဇာသည် ဒက်စ်ကာတီးစ်၏ စေ့စပ်ရေးကို ဖြေရှင်းရန်ကြိုးစားခြင်းဖြစ်၏။ သူသည် အစဉ်အလာ ဘာသာရေး ပုံသဏ္ဍာန်အားလုံးနှင့် စိတ်ဝါဒအတွေးအခေါ်တို့ကို စွန့်ပယ်ခဲ့ပါ၏။ သို့ရာတွင် ရုပ်ဝတ္ထုကို ပထမ မထားနိုင်ခဲ့ပေ။ ဤသို့ဖြစ်ရန်အတွက် ပို၍ တော်လှန်ရေးကျသော ခုန်ကူးမှုကို လိုပေသည်။

ဤနေရာတွင် ရုပ်ဝါဒနှင့် စိတ်ဝါဒတို့၏ ရာဇဝင်ကို ဖော်ပြရန် မရည်ရွယ်ပေ။ အခြေခံအချက်မှာ ရုပ်ဝတ္ထု၏ ထာဝရတည်ရှိမှုဆိုသော ပြဿနာဖြစ်၏။ ဤပြဿနာကို မဆွေးနွေးမီ အဓိပ္ပာယ်ရှင်းလင်းရန်လို၏။ သဘာဝ၊ ကမ္ဘာလောက၊ ရုပ်ဝတ္ထုဟုဆိုရာ၌ တစ်စုံတစ်ရာသော စကြဝဠာစနစ်လည်းကောင်း၊ နဂါးငွေ့တန်းကိုလည်းကောင်း၊ သို့မဟုတ် သဘာဝအတွင်းမှ ကျွန်ုပ်တို့ တွေ့ရှိထားကြသော ဒြပ်စင်များကို လည်းကောင်း၊ သို့မဟုတ် အနုမြူပေါက်ကွဲမှုကြောင့် ပေါ်ထွက်လာသော ဓာတ်အားကို လည်းကောင်း ဆိုလိုခြင်းမဟုတ်ပေ။ အချုပ်ဆိုရလျှင် ရုပ်ဝတ္ထု၏ ထာဝရတည်ရှိမှုဟူ၍ ဆိုရာ၌ မာ့က်စ်ဝါဒသမားများ ဆိုလိုသည်မှာ ရုပ်ဝတ္ထုကို ဖန်ဆင်းခြင်းမဟုတ်၊ ဖျက်ဆီး၍မရ။ သူ၏ ပင်ကိုယ်အတွင်း လှုပ်ရှားမှုအရ အစဉ်သဖြင့် အဆုံးအဆမရှိ ပြောင်းလဲမှုများ၊ ကူးပြောင်းမှုများ ဖြစ်နေသည်ဟူ၍ ဖြစ်ပေသည်။

မာ့က်စ်ဝါဒ မတိုင်မီက မည်သည့်အတွေးအခေါ်မှ ဤအမြင်ကို မယုံခဲ့ပေ။ ရှေးက ရုပ်ဝါဒသမားများသည် ပထဝီ၊ တေဇော၊ အာပေါ၊ ဝါယောဓာတ်ကြီးလေးပါးတို့ကို ရုပ်ဝတ္ထု၏ ပုံသေတည်ရှိနေသော ပုံသဏ္ဌာန်များဟူ၍ ယူဆခဲ့ကြ၏။ ဒီမိုကရစ်တပ်စ်က အနုမြူကို မပြောင်းမလဲဘဲ ထာဝရပုံသေတည်ရှိနေသော ယူနစ်အစိတ်အပိုင်းများ ဖြစ်သည်ဟူ၍ ယူဆခဲ့၏။ ယနေ့ထက်တိုင်ပင် အနုပဋိလောမဝါဒသမားများ မဟုတ်ကြသော ရူပဗေဒဆိုင်ရာ လောကဓာတ်ဆရာများသည် ပရိုတွန်၊ အီလက်ထရွန်စသည်ကဲ့သို့သော တိတိကျကျ ပုံသဏ္ဌာန်နှင့် ရှိနေကြသော တကယ့်အစစ်အမှန် အခြေခံကျ၍ ထာဝရတည်ရှိမည် ဖြစ်သည့် ယူနစ် အစိတ်အပိုင်းများကို တွေ့ရှိရန် ရှာဖွေ၍ နေကြပေသည်။

မာက့်စ် လက်ထက်မတိုင်မီက ရုပ်ဝါဒ အားလုံး၏ ဒုတိယအခက်အခဲတစ်ခုမှာ ရုပ်ဝတ္ထု၏ ထာဝရတည်ရှိမှုကို ထူထောင်ရန် သို့မဟုတ် သက်သေထုတ်ရန် အခက်အခဲဖြစ်၏။ ရုပ်ဝါဒသမားများလည်း ရုပ်ဝတ္ထု ထာဝရတည်ရှိသည်ဆိုရုံလောက်ကိုသာ ပြောနိုင်ကြ၏။ သို့မဟုတ် "*ခင်ဗျားတို့လဲ ရုပ်ဝတ္ထု ထာဝရမတည်ရှိဘူးလို့ သက်သေ မထုတ်နိုင်ပါဘူး*" ဆိုသော နည်းမျိုးဖြင့် ငြင်းချက်ထုတ်ကြ၏။ သို့ဖြစ်ရာ ပြဿနာမှာ

*"ဘယ်သူပြောနိုင်မလဲ၊ တည်ရှိချင်လဲတည်ရှိမှာပဲ။ မတည်ရှိချင်လဲ မတည်ရှိဘူး။ ကိုယ်ကြိုက်သလို ကိုယ်ယူကြပေါ့"* ဟူ၍ ဖြစ်လာ၏။ ပြင်သစ်ပြည် သင်္ချာဆရာနှင့် နက္ခတ်တာရာဆရာ လာပလေးသည် ဤချဉ်းကပ်မှုမျိုး ချဉ်းကပ်ခဲ့၏။

သူသည် စာအုပ်တစ်အုပ်ထုတ်ဝေရာ၌ အဘယ်ကြောင့် ဘုရားသခင်ကို မကိုးကားပါသနည်းဟု မေးကြရာ သူက*"ကျုပ်ဒီလို စိတ်ကူးတွေးဆချက်မျိုးကို မလိုပါဘူး"*ဟူ၍ ပြန်ဖြေခဲ့၏။ သူရေးခဲ့သော စာအုပ်မှာ ဆယ့်ရှစ်ရာစုနှစ် အကုန်တုန်းက ဖြစ်၏။ သူ၏ အထက်ပါအဖြေနှင့် ပတ်သက်၍ နှစ်ပေါင်းတစ်ရာမျှ လစ်ဘရယ် ရုပ်ဝါဒသမားများက သူ့ကို ကောင်းချီးပေးကာ ထောက်ခံခဲ့ကြလေသည်။ သူ၏ အဖြေသည် ၁၄ ရာစုနှစ်တုန်းက ပေါ်ခဲ့သော တိုးတက်သော အင်္ဂလိပ် အဘိဓမ္မာဆရာ ဝီလျံအော့ကမ်၏ တိုးတက်၍ ဝိဇ္ဇာနည်းကျသော အခြေခံမှုနှင့် ကိုက်ညီသည်ဟူ၍ သူတို့က အသိအမှတ်ပြုခဲ့ကြ၏။ ဝီလျံအော့ကမ်၏ မူမှာ ဤသို့ဖြစ်၏။ တစ်စုံတစ်ရာကို မလိုအပ်ဘဲ အခိုင်အမာ ယူဆမှု မပြုလုပ်သင့်။ သင်သည် ဆန္ဒရှိသည့်အတွက်ကြောင့် တစ်စုံတစ်ရာကို ဤပုံဤနှယ် ဖြစ်ရမည်ဟူ၍ အခိုင်အမာ မဆိုပါနှင့်။ ဤအခိုင်အမာဆိုမှု အထင်အရှားလိုလားသည့်အခါ ကျမှသာလျှင်ဆိုပါ။ ဤအခိုင်အမာဆိုမှုကို လက်တွေ့နှင့် စမ်းသပ်ရမည် ဖြစ်သည်။ ယနေ့ ဤမူကို အခြေခံလျက် အမေရိကန်ကောလိပ်နှင့် တက္ကသိုလ်များတွင် ပညာသင်ကြားနေ၏။

ဤမူကို အမျိုးမျိုးနာမည်မှည့်ခေါ်၍ အမျိုးမျိုးအဓိပ္ပာယ်ပြန်ဆိုနေကြ၏။ သို့ရာတွင် တစ်မျိုးတည်းသော ခံယူထားချက်မှာ ဤသို့ဖြစ်၏။ သဘာဝများစွာ မရှုပ်ထွေးလှ၊ ရှင်းရှင်းကလေးသာဖြစ်၏။ အသွင်သဏ္ဌာန်နှင့် ရှင်းလင်းဖော်ပြမှုတွင် မပါဝင်နိုင်သည့် အရာကိုမတည်ရှိဟူ၍ ပယ်ရှားထားပေးလိုက်နိုင်သည်။ ဘာကဲလေးနှင့် ဟူမ်းတို့သည် သူတို့၏ ရုပ်ဝတ္ထုကို အသိအမှတ်မပြုသော စိတ်ဝါဒကို ထူထောင်ရန်အတွက် ဤမူကို အသုံးချခဲ့ကြလေသည်။ *ဆိုလစ်စစ်ဇင်းဝါဒ (ငါသာရှိသည်ဆိုသော ဝါဒ)* အရ အရာဝတ္ထု အားလုံးသည် ငါ၏ အာရုံမျှသာဖြစ်သည်၊ ငါ၏ စိတ်ထဲတွင် ပေါ်လာခြင်းမျှသာဖြစ်သည် ဆိုသော ရှင်းလင်းချက်မှာ ကမ္ဘာလောကကြီးအကြောင်းကို သံသယဖြစ်စရာ မရှိပေ။ ဤရှင်းလင်းချက်သည် မလိုအပ်သော *အခိုင်အမာပြောဆိုမှုများ* မပါပေ။

ပဒေသရာဇ် အဘိဓမ္မာကို တိုက်ခိုက်ခဲ့ရာ၌ကား အထက်ပါ လာပလေး၏ မူသည် တိုးတက်သော အခန်းက ပါဝင်ခဲ့၏။ ၎င်းသည် အရာဝတ္ထုများ အတွင်း၌ ဖုံးကွယ်တည်ရှိနေသော အသိရခက်ခဲနက်နဲသည်ဆိုသော အရာများအားလုံး (စိတ်ဝါဒ အစွဲအလမ်းများကို ဆိုလိုသည်)တို့ကို ဖယ်ရှားရာတွင် အထောက်အကူပြုခဲ့၏။ သို့ရာတွင် ၎င်းမူသည် လွန်ခဲ့သောနှစ်ရာစုနှစ်ခုမျှ ခက်ခဲသော ပြဿနာများကို ရှောင်ကွင်းသွားရန် အတွက် လွယ်ကူစေခဲ့၏။ ၎င်းသည် စိတ်ဝါဒ အသိရခက်ခဲနက်နဲသော ဝါဒတို့

ရင်ဆိုင်မတိုက်ဘဲ ရှောင်ကွင်းသွားရန်အတွက် အသုံးချဖို့ လက်နက်ကိရိယာဖြစ်ခဲ့၏။ သို့ဖြစ်ရာ ၎င်းသည် တစ်စုံတစ်ရာသော စိတ်ဝါဒအတွက် တံခါးဖွင့်ထားခဲ့လေသည်။ လာပလေးကား ထာဝရဘုရားသခင်ဆိုသော တွေးဆချက်မျိုးကို ဆွဲယူမလာဘဲ နေရုံနှင့် ကျေနပ်ခဲ့၏။ မာ့က်စ်၏ ဝိဇ္ဇာနည်းကျသော ရုပ်ဝါဒက ရှေ့သို့ တိုး၍ သွားရမည် ဖြစ်ပေသည်။ *မာက့်စ်ရုပ်ဝါဒ* အတွက်ကား ပြဿနာမှာ တစ်စုံတစ်ယောက်က အနိုင်အမာ ပြောဆိုခြင်း မပြောဆိုခြင်းမဟုတ်၊ သက်သေခိုင်မာမှု မခိုင်မာမှုပြဿနာ ဖြစ်၏။ ဘုရားသခင်ရှိသည်ဆိုသော *တွေးဆချက်*သည် မလိုရုံမက လုံးဝ ဝိဇ္ဇာနည်းကျလည်း မကျပေ။ ဤသို့သော တွေးဆချက်သည် မလိုဆိုသော ပြဿနာ မဟုတ်။ မည်သည့်နေရာတွင် မည်ကဲ့သို့ပေါ်ထွက်လာခဲ့၍ အဘယ်ကြောင့် တည်တံ့နေခဲ့သည် ဆိုသည့် ပြဿနာဖြစ်၏။

ချည်းကပ်မှုနှစ်ခုတို့၏ ခြားနားချက်ကို ထာဝရ တည်မြဲရေးနှင့် ထာဝရ တည်မြဲမှုနှင့်လည်းကောင်း၊ ထာဝရဘုရားနှင့်လည်းကောင်း ပတ်သက်လာသည့် အခါတွင် တွေ့မြင်ရမည် ဖြစ်၏။ *ဒီမိုကရစ်တပ်စ်*နှင့် *အီပစ်ကြူရပ်စ်*တို့မှစ၍ ယနေ့ထိ ရုပ်ဝါဒသမားများကဲ့သို့ပင် မာ့က်စ်ဝါဒသမားများသည် ပုဂ္ဂိုလ်တစ်ဦးတစ်ယောက် သေဆုံးပြီးနောက် အသက်သည် တည်မြဲမှုမရှိတော့ခြင်းကို သိရှိကြ၏။ "*တစ်စုံတစ်ယောက်သည် ကြီးစွာသော အမှားကို မကျူးလွန်ဘဲ တွေးခေါ်မှုကို ရုပ်ဝတ္ထုက ကင်းကွာအောင် မပြုလုပ်နိုင်*"ဟူ၍ စတာလင်ပြောခဲ့၏။

တွေးခေါ်စဉ်းစားမှုဆိုသည်မှာ အသက်ရှင်နေသော အင်္ဂါအစိတ်အပိုင်း၏ အလုပ်လုပ်မှုဖြစ်၏။ သေခြင်းသည် ၎င်းအင်္ဂါအစိတ်အပိုင်းပျက်စီးမှုနှင့် အားလုံးသော အသိများ ရပ်စဲသွားမှုတို့ကို ဖြစ်စေ၏။ ဤအကြောင်းကို ဝိဇ္ဇာနည်းအရ ချဉ်းကပ်သူတိုင်း သိကြပေသည်။ ဤပြဿနာနှင့် ပရက်မက်တစ်ဇင်းဝါဒသမား ဂျွန်ဂျူဝီ၏ အပြောမှာ "*ဤပြဿနာမှာ အဘိဓမ္မာရေးထက် လောကဓာတ်ပညာ၏ အရေးဖြစ်ပါသည်။ သို့မဟုတ် ရုပ်ဝတ္ထု သက်သေရှိရမည့် ကိစ္စဖြစ်ပါသည်*" ဟူ၍ဖြစ်၏။ ၎င်းမှာ ပြဿနာကို ရှောင်ကွင်းသွားမှုကလွဲ၍ တခြားဘာမှမဟုတ်ပေ။ သေပြီးနောက် မည်သူကမှုထလာ ၍ သင်္ချိုင်းဟိုဘက်တွင် ဘာမျှမရှိကြောင်း အစီရင်ခံကြမည်မဟုတ်ပေ။

စင်စစ်အားဖြင့် ထာဝရတည်မြဲမှု မရှိဆိုသော အချက်ကို ထာဝရဘုရားမရှိဆိုသော အချက်ကဲ့သို့ပင် ဥပဒေဆန်ဆန် သက်သေပြရန် နည်းလမ်းကား မရှိပေ။ အော့ကမ်းသည် ထာဝရဘုရာသခင်ရှိသည်ဆိုသော အနိုင်အမာ ယူဆချက်ကို မဆိုပေ၊ သို့ရာတွင် မေးခွန်းသုံးခုမေးရမည်ဖြစ်၏။ အဘယ်ကြောင့် ဤသို့သော အနိုင်အမာယူဆချက်ကို ပထမဦးစွာ ပြုလုပ်ခဲ့သနည်း။ အဘယ်ကြောင့် ဤအနိုင်အမာယူဆချက်သည် ယနေ့တိုင်တည်ရှိနေသေးသနည်း။ သက်သေ သက်ကာယတို့က မည်သည်ကို

ညွှန်းပြနေသနည်း။

ပထမအချက်အားဖြင့် ထာဝရဘုရားသခင်၊ သို့မဟုတ် နတ်များသည် အရင်မူလဖြစ်လေဟန်၊ စိတ်သည် အရင်မူလဖြစ်လေဟန်၊ ယူဆမှုသည်ပင်လျှင် လူရိုင်းခေတ်၊ ရှေးဟောင်းအခြေအနေများအောက်တွင် လူတို့၏ မသိနားမလည်မှုမှ ပေါ်ထွက်လာခြင်းဖြစ်၏။ ယဉ်ကျေးမှုခေတ်တွင် ဆက်လက်တည်ရှိနေသည့် ထာဝရဘုရားသခင်မှာ နောက်ဆုံးသတ္တုချကြည့်လျှင် ရှေးလူတန်းစားများ မပေါ်မီခေတ်က နတ်ကိုးကွယ်မှုများ၊ အစွဲအလမ်းဟောင်းများသည် လူတန်းစား၊ လူ့အဖွဲ့အစည်း၏ အတွေးအခေါ်ထဲတွင် ဆက်လက်တည်ရှိနေခြင်းဖြစ်လေသည်။

ဒုတိယအချက်အားဖြင့် ထာဝရဘုရားသခင်ဆိုသော အယူအဆသည် ယဉ်ကျေးမှုခေတ်ဆိုသော ခေတ်တစ်လျှောက်လုံးအတွင်း၌ ဆက်လက်တည်ရှိနေခြင်းမှာ ဤအယူအဆသည် သွေးစုတ်ခြယ်လှယ်သော လူတန်းစားများ အားလုံးကို အကျိုးပြုနေသောကြောင့် ဖြစ်ပေသည်။ ရှေးခေတ်လူတို့၏ အသိဉာဏ်မဲ့မှုသာမရှိလျှင် နတ်များရှိသည်ဆိုသော အယူအဆ မပေါ်နိုင်သကဲ့သို့ သွေးစုတ်သော လူတန်းစားများ၏ အကျိုးစီးပွားအတွက် မလိုရင်လည်း ဆက်လက်၍ တည်ရှိနိုင်လိမ့်မည်မဟုတ်ပေ။

ယဉ်ကျေးမှုခေတ်တွင် ထာဝရဘုရားသခင်နှင့် နတ်များရှိသည်ဟူသော အဆိုသည် ဝိဇ္ဇာပညာရပ်များ အားလုံးနှင့်လည်းကောင်း၊ သဘာဝနှင့် လူ့အဖွဲ့အစည်း လှုပ်ရှားပုံနှင့် ပတ်သက်၍ လူတို့၏ အတွေ့အကြုံတစ်ရပ်လုံးနှင့်လည်းကောင်း၊ တိုက်ရိုက်ဆန့်ကျင်ပေသည်။

အဓိကအချက်မှာ ဤသို့ ဖြစ်၏။ စကြဝဠာကြီးအကြောင်း ကျွန်ုပ်တို့ သိရသမျှ အချက်အားလုံးက ညွှန်ပြနေသည်မှာ ရုပ်ကမ္ဘာသည် ၎င်း၏ ပင်ကိုယ်အတွင်း၌ တည်ရှိနေသော လှုပ်ရှားမှုတရားများအတိုင်း အဖြစ်တစ်ခုမှ တစ်ခုသို့ အဆုံးမရှိ ကူးပြောင်းနေသည်ဆိုသော အချက်ဖြစ်၏။ ၎င်းတို့မှာ ရုပ်ဝါဒသမားများ၏ ရပ်တည်မှုဖြစ်၏။ ဤအဖြေများသည် ‘‘*သဘာဝကို အပြင်က စွက်ဖက်မှုမပါဘဲ သူ့ပင်ကိုယ် တည်ရှိနေသည့်အတိုင်း*’’ခံယူရန် ဆန္ဒရှိသူတိုင်းအတွက် ရှင်းနေပေသည်။

ဤကား မာ့က်စ်အဘိဓမ္မာသည် အဘယ်ကြောင့် မည်သည့်ထာဝရဘုရားသခင် သို့မဟုတ် ဝိညာဉ်တော်ကိုမှ လက်မခံခြင်း ဖြစ်သည်ဆိုခြင်း ဖြစ်ပေသည်။ ဤသို့သော ဘုရားများသည် မရှိကြောင်း ကျွန်ုပ်တို့သိကြ၏။ အဘယ်ကြောင့်ဆိုသော် ၎င်းတို့ရှိသည်ဆိုသော အယူအဆများကို ဖြစ်စေသည့် မသိနားမလည်မှုနှင့် လူတန်းစားအစွဲတို့အကြောင်းကို ကျွန်ုပ်တို့နားလည်သောကြောင့်တစ်ကြောင်း၊ ကမ္ဘာလောကကြီးအကြောင်းကို ကျွန်ုပ်တို့သိသမျှ ဝိဇ္ဇာပညာရပ်တိုင်းက၊ တွေ့ရှိသမျှတို့က၊ ဤအယူအဆများကို ဆန့်ကျင်၍ သက်သေထူနေကြသောကြောင့် တစ်ကြောင်းဖြစ်၏။ လူသားတို့

သည် ဘယ်သူမပြု မိမိမူဆိုသည့်အတိုင်း ကောင်းသော လူ့လောကကြီးကို ကိုယ်တိုင်၏ အားထုတ်မှုနှင့် တည်ဆောက်ရမည်သာဖြစ်ကြောင်း၊ ကျွန်ုပ်တို့သိရှိကြ၏။ အခြားတစ်ဖက်က မာ့က်စ်ဝါဒသမားများသည် ကိုယ့်ကိုယ်ကိုယ် ဘုရားမရှိ ဝါဒသမားများအဖြစ် မသတ်မှတ်ကြပေ။ သူတို့၏ ကမ္ဘာ့အမြင်သည် အပြုသဘောဖြစ်၏။ ဝိဇ္ဇာနည်းကျသော ရုပ်ဝါဒအတွက် အပြုသဘော အခေါ်အဝေါ်က ပို၍ နည်းလမ်းကျမည်ဖြစ်ပေသည်။

ယခု ကျွန်ုပ်တို့သည် ဤအခန်း၏ အဓိကပြဿနာကို ပြန်၍ ဆွေးနွေးကြစို့။ စိတ်နှင့် ရုပ် မည်သည်က အရင်လာသလဲ။ ကမ္ဘာလောကကြီးကို ဘုရားသခင်က ဖန်ဆင်းခဲ့သလား။ သို့မဟုတ် အနတက္ကမကာလက တည်ရှိခဲ့သလား။ ရုပ်ဝါဒသမားဟု ဆိုသူများသည် များစွာရှိခဲ့၏။ သို့ရာတွင် သူတို့သည် သဘာဝ သို့မဟုတ် ရုပ်ဝတ္ထု၏ ထာဝရတည်ရှိမှုဆိုသော အယူအဆနှင့် ပတ်သက်လာသည့်အခါတွင်ကား နောက်ဆုတ်၍ သွားကြလေသည်။ ''*ထာဝရတည်ရှိချင်လဲ ရှိမှာပေါ့။ မရှိချင်လဲ မရှိဘူး၊ ရုပ်ဝတ္ထုဟာ အစဉ်သဖြင့် တည်ရှိတယ်၊ သို့မဟုတ် တစ်ချိန်ချိန်တုန်းက ဖြစ်လာခဲ့တယ်လို့ ဘယ်သူသိနိုင်ပါ့မလဲ*''ဟု သူတို့က ဆိုကြ၏။

ရုပ်ဝတ္ထုသည် တစ်ချိန်ချိန်တုန်းက ဖြစ်လာခဲ့သည်၊ သို့မဟုတ် အစပြုလာခဲ့သည်ဟုဆိုလျှင် ၎င်းကို စ ပေးလိုက်သည့် တစ်စုံတစ်ရာသော အရာသည် ရှိရပေမည်။ ဤတစ်စုံတစ်ရာသည် ရုပ်ဝတ္ထုကား မဖြစ်နိုင်။ စိတ်၊ သို့မဟုတ် နာမ်သာ ဖြစ်ဖို့ရှိပေသည်။ သို့ဖြစ်ရာ ရုပ်ဝတ္ထုသည် ထာဝရတည်ရှိသည်ဟုမဆိုလျှင် စိတ်သည်ထာဝရတည်ရှိသည်ဟု ဆိုရန်သာရှိပေသည်။ ရုပ်ဝတ္ထု ထာဝရတည်ရှိ သည်ဟုဆိုရန် တွန့်ဆုတ်နေသူတို့မှာ အဘိဓမ္မာခြစ်နည်းရိုးပေါ်တွင် ခွ၍ ထိုင်နေကြပုံမျိုးပင်ဖြစ်၍ သူ့တို့သည် တစ်ဖက်ဘက်သို့မပါမီ ဘယ်ဘက်ကနိုင်မလဲဟု စောင့်ကြည့်နေကြလေသည်။

သို့ရာတွင် စိတ်က အရင်မူလဖြစ်သည်။ ကမ္ဘာလောကကြီးကို ထာဝရဘုရားသခင်က ဖန်ဆင်းသည်ဟု ဆိုသော အခြားလမ်းရှိသေး၏ ဤလမ်းသည် ကျွန်ုပ်တို့၏ ရာစုနှစ်အတွင်း၌ လွှမ်းမိုးနေ၏။

ဤလမ်းကို ရုပ်ဝတ္ထုကို အသိအမှတ် မပြုသည့် စိတ်ဝါဒဟုခေါ်၏။ ပလေတိုတို့၏ ဝါဒမှာ ရုပ်ဝတ္ထုကို အသိအမှတ်ပြုသော စိတ်ဝါဒ ဖြစ်၏။ ပလေတို၏ စိတ်ဝါဒက ရုပ်ဝတ္ထုသည် ကျွန်ုပ်တို့၏ စိတ်နှင့်ကင်းလျက် တည်ရှိသည်ကို အသိအမှတ်ပြုခဲ့၏။ သို့ရာတွင် ရုပ်ဝတ္ထုသည်စိတ်၏ လက်အောက်ခံဟူ၍ ယူဆ၏။ ရုပ်ဝတ္ထုကို အသိအမှတ်မပြုသော စိတ်ဝါဒအလိုအရမူ၊ ဘဝဆိုသည်မှာ စိတ်ပင်ဖြစ်၏။ တကယ်ရှိသော အရာမဟုတ်။ ဘာကဲလေးသည် ဤသို့သော ဝါဒသမား ဖြစ်၏။ ဤဝါဒသည်

ဆယ့်ရှစ်ရာစုနှစ် အစောပိုင်းက ဗြိတိန်၌ ပေါ်ခဲ့၏။ ပေါ်ပေါက်သော နေရာ၊ အချိန်တို့နှင့် ပက်သက်၍ နှစ်ချက်သတိပြုရန်လို၏။ ပထမအချက်မှာထိုဝါဒသည် ဗြိတိန်နိုင်ငံ၌ ပေါ်ခဲ့ခြင်း ဖြစ်၏။ ထိုအချိန်က ဗြိတိန်နိုင်ငံသည် ဓနရှင်တော်လှန်ရေးပြီးချိန်ဖြစ်ရာ၊ ထိုတော်လှန်ရေးနှင့် ခွဲခြား၍ မရခဲ့သည့် အစိတ်အပိုင်းဖြစ်သော အဘိဓမ္မာကို ကျောနိုင်း လာခြင်း ဖြစ်၏။ *(လာပလေး၏ အယူဝါဒသည် ဓနရှင် အဘိဓမ္မာ၏ အထွဋ်အထိပ်ပင် ဖြစ်သည်။)* ဒုတိယအချက်မှာ ဤဝါဒသည် ဝိဇ္ဇာပညာတွင် အကြီးအကျယ် တိုးတက် ပြောင်းလဲမှုဖြစ်ပြီးနောက် ပေါ်လာခဲ့ခြင်းဖြစ်၏။ အရစတိုတယ်တို့ လက်ထက်က ရုပ်ဝတ္ထုဆိုသည်မှာ သူ့ဘာသာဆိုလျှင် ဘာမျှမဟုတ်။ သို့ရာတွင် ပုံသဏ္ဍာန်ကို ဖော်ပြနိုင်သော သတ္တိရှိကြသည်ဟူ၍ ယူဆခဲ့ကြ၏။ ဤအယူအဆမှ နေ၍ ရုပ်ဝတ္ထု ဆိုသည်မှာ အမြဲတည်ရှိသော၊ လုံးဝပျောက်သွားအောင် ဖျက်ဆီး၍ မရနိုင်သော၊ တိုးဖောက်၍ မရနိုင်သောအရာဖြစ်သည်။ စကြာဝဠာအတွင်း၌ရှိသော အရာအားလုံး ပါဝင်နေသည်။ ထာဝရမဖောက်မပြန်သော တရားများအတိုင်း ဖြစ်နေသည်ဆိုသော အချက်ကို တွေ့ရှိ၍ လာခဲ့၏။ သို့ဖြစ်ရာ ယခင်က အန္တရာယ်မရှိဟု ယူဆခဲ့ကြသော ရုပ်ဝတ္ထုသည် ယခုအခါ ဘာသာရေးဆရာများနှင့် သူတို့ကို ထောက်ခံသူ ပညာတတ် များ၏ စိတ်တွင်း၌ ထိတ်လန့်မှုကို ဖြစ်ပေါ်လာစေပေသည်။ သို့ဖြစ်ရာ ပညာတတ်များကို ကယ်တင်ရန်အတွက် စိတ်ဝါဒအတွက် တစ်စုံတစ်ရာ ဆန်းသစ်မှုလိုလာပေသည်။

ဘာကဲလေးသည် ရုပ်တည်ရှိမှုကို လုံးဝငြင်းပယ်ခြင်းအားဖြင့် စိတ်က ရုပ်ထက် အရင် မူလကျမှုကို ထူထောင်၏။ ပလေတိုနှင့် ခရစ်ယာန်ဘာသာတို့က ဤသို့ ရုပ်ဝတ္ထုတည်ရှိမှုကို လုံးဝမငြင်းပယ်ခဲ့ပေ။ ရုပ်ဝတ္ထုများဟု ထင်ရသည့် အရာများမှာ ကျွန်ုပ်တို့၏ စိတ်အာရုံ ခံစားရချက်မျှသာ ဖြစ်၏။ ဤအာရုံခံစားမှုများကို အစီ အစဉ်နှင့် စနစ်တကျဖြစ်အောင် ဘုရားသခင်က ကျွန်ုပ်တို့အား ပေးထား၏။ ဤကား ကမ္ဘာလောကကြီး အစီအစဉ်နှင့် စနစ်တကျဖြစ်နေမှုအကြောင်းကို သူ၏ တွက်ဆနည်း ဖြစ်ပေသည်။ ကျွန်ုပ်တို့သည် နေထွက် နေဝင်တို့ကို တွေ့ကြုံရခြင်း၊ နွေဆောင်း စသည်တို့ကို တွေ့ကြုံရခြင်းတို့မှာ ကမ္ဘာမြေကြီးသည်၊ မိမိ၏ ဝင်ရိုးပေါ်တွင် လည်နေ ခြင်း၊ နေကို ပတ်နေခြင်းတို့ကြောင့် မဟုတ်၊ ဘုရားသခင်က ကျွန်ုပ်တို့အား ဤသို့ အာရုံများပေးထားသောကြောင့် ဖြစ်တော့၏။ ဘာကဲလေး၏ စိတ်ဝင်စားဖွယ်ရာ ဖော်ပြချက်တစ်ခု၌ ဘုရားသခင်ကို အပြစ်တင်ထားသည်ကို တွေ့ရ၏၊ ဘုရားသခင်သည် သူ၏ အတုမရှိသော စေတနာတော်၊ ရွှေဉာဏ်တော်တို့ကြောင့် အံ့ဩဖွယ်ရာ ကျွန်ုပ်တို့ အား ပေးထားသည့် အယူအဆများကို မည်မျှလောက် အံ့ဩဖွယ်ရာ ကောင်းလောက် အောင် အစီအစဉ်ကျနေသနည်းဆိုလျှင် ကျွန်ုပ်တို့သည်။ ဘုရားသခင်၏ လက်ရာတော် ကိုပင် မမြင်နိုင်တော့ဘဲ ဖြစ်ပျက်သမျှသဘာဝ အကြောင်းတို့ကြောင့်သာ ဖြစ်သည်ဟု

ယူဆနေကြသည်ဟူ၍ သူက အပြစ်တင်ထား၏။ သူ၏ အကြီးဆုံးသော ပြဿနာမှာ အများထင်ကြသကဲ့သို့ သူတင်ပြသော လောကသည် မရေရာခြင်းမဟုတ်။ ရေရာလွန်းအားကြီးနေခြင်းဖြစ်၏။ သူ၏ အခက်အခဲမှာ သူ၏ လောကသည် ရုပ်ဝတ္ထုလောကနှင့် မတူခြင်းမဟုတ်ဘဲ၊ ရုပ်ဝတ္ထုလောကနှင့် တူလွန်းနေခြင်းဖြစ်၏။ ထာဝရဘုရားသခင်သည် ဤမျှလောက် စေတနာမပိုဘဲ ကျွန်ုပ်တို့က ရုပ်ဝတ္ထုဟု မခံနိုင်အောင် ကမ္ဘာလောကကြီးကို လျှော့ပြီး ဖန်ဆင်းခဲ့သည်ဟု ဘာကလဲလေးက ယူဆဟန် တူပေသည်။

ကိုပါနီးကပ်စ်မှ ဂါလီလီယိုနှင့် နယူတန်တို့အထိ ကြီးမားသော ဝိဇ္ဇာပညာအောင်မြင်ချက်များကို ရရှိပြီး နောက်မှ ဤကျယ်ပြန့်သော စကြဝဠာ စနစ်ကြီးတစ်ခုလုံးသည် ထာဝရ ဘုရားသခင်နှင့် လူတို့၏ စိတ်ဘဲ၌ရှိသော အယူအဆများ သက်သေထုတ်ရန် ကြိုးစားခြင်းသည် ရာဇဝင်အရ လူတို့၏ သွေးစုတ်မှုစနစ်၏ အစိတ်အပိုင်းတစ်ရပ်သာမဟုတ်ပါက မည်မျှရယ်ဖွယ်ရာ ကောင်းပါမည်နည်း။ ၎င်းမှာ ပလေတိုတို့ကဲ့သို့ စိတ်က မူလပထမဖြစ်သည်။ ရုပ်က နောက်မှဖြစ်သည်ဆိုသော အချက်ကို ထူထောင်ရန် အသစ်ထပ်မံ ကြိုးစားချက်ဖြစ်၏။

ဘာကလေးကို ဆက်ခံသူ ဒေးဗစ်ဟူမ်းမှစ၍ ကန့်နှင့် မက်၊ ပီလျံဂျိမ်းစ်နှင့် ဌုန်ဂျူဝီ၊ ဘက်ထရန်ရပ်ဆယ် စသော ပုဂ္ဂိုလ်ကြီးများနှင့် ယနေ့ထင်ရှားနေသော ပေါ်ဇတစ်ဗစ်ဇင်းဝါဒ။ ကိုယ်တွေ့သက်သက်ဝါဒနှင့် ပရက်မက်တစ်ဇင်းဝါဒတို့အထိ အားလုံးမှာ တစ်ပုံတည်း ဖြစ်ကြပေသည်။ ဟူးမ်ကား လစ်ဘရယ်သမားတစ်ယောက်ပင် မဟုတ်ဘဲ ဝိဇ္ဇာပညာကို တူးတူးခါးခါး ဆန့်ကျင်သည့် အကြီးအကျယ် ဖောက်ပြန်ရေးသမား တစ်ယောက်ဖြစ်၏။ သူက "သင်တို့၏ အိမ်နှစ်အိမ်စလုံးတွင် ဒုက္ခဖြစ်နေသည်" ဆိုကာ တတိယအဘိဓမ္မာသစ်တစ်ခုကို ရှာဖွေတွေ့ရှိခဲ့၏။ သူ၏ အလိုအရ ကျွန်ုပ်တို့၏ အတွေးအခေါ်များသည် ဘုရားသခင်ထံမှ ရရှိသည်ဟု ဘာကလေး၏ အဆိုပြုချက်သည် မှား၏။ ထိုနည်းတူ အတွေးအခေါ်များသည် ရုပ်ဝတ္ထုမှ ရရှိသည်ဟု ရုပ်ဝါဒသမားများ အဆိုပြုချက်သည်လည်း မှား၏။ ဤအတွေးအခေါ်များသည် ဘယ်က လာသည်ကို ကျွန်ုပ်တို့မသိဟု သူကဆိုလေသည်။

ဟူမ်း၏ သင်ကြားချက်နှင့် ပတ်သက်၍ အံ့ဩဖွယ်ရာ အကောင်းဆုံးမှာ သူ၏ သင်ကြားချက်ကို အနှစ် နှစ်ရာတွင် စိတ်ဝါဒမဟုတ်လေဟန်၊ ယူဆလာခဲ့ကြခြင်းဖြစ်လေသည်။ ယနေ့သူ၏ ဝါဒကို သရုပ်မှန်ဝါဒ သို့မဟုတ် သဘာဝဓမ္မဝါဒဟူ၍ပင် ခေါ်၍နေကြ၏။ ဟူမ်း၏ အဘိဓမ္မာအရ ကျွန်ုပ်တို့၏ အတွေးအခေါ်များကို အပြင်မှ ရုပ်ဝတ္ထုများနှင့် ဆက်စပ်၍ မရနိုင်ပေ။ သူ၏ အလိုအရ ကျွန်ုပ်တို့၏ အတွေးအခေါ်များမှာ ကျွန်ုပ်တို့၏ အာရုံခံစားမှုများမှ တစ်ဆင့် အပြင်အရာဝတ္ထုများ၏ အရောင်

ရိုက်ခတ်မှုကြောင့် ဖြစ်လာခြင်း မဟုတ်ပဲ။ ဤအတွေးအခေါ်များသည်။ ၁။ မည်သည့် အကြောင်းပြချက်မှ မရှိဘဲ ဖြစ်ပေါ်လာခြင်းဖြစ်ရမည်။ သို့မဟုတ် ၂။ စိတ်ကိုယ်တိုင်၏ အစွမ်းသတ္တိ ကြောင့် ဖြစ်လာခြင်းဖြစ်ရမည်။ သို့မဟုတ်။ ၃။ ကျွန်ုပ်တို့မသိရှိသော အရာ၏ အကြောင်းပြုမှုကြောင့် ဖြစ်လာခြင်းဖြစ်ရမည်။ ကျွန်ုပ်တို့၏ အတွေးအခေါ်များနှင့် အာရုံခံစားမှုများသည် အတွေးအခေါ်နှင့် အာရုံခံစားမှုများသာဖြစ်ကြ၏။ အခြား ဘာမျှမဟုတ်။ ဘာနှင့်မျှ မဆိုင်ဟု သူက ဆိုလေသည်။ ကျွန်ုပ်ရိုက်နေသော လက်နှိပ် စက်ကို ကျွန်ုပ်အာရုံခံစားရမှုသည်သာလျှင် တကယ့်လက်နှိပ်စက်ဖြစ်၏။ တစ်နည်းအား ဖြင့် ကျွန်ုပ်တို့၏ အာရုံတွင် ပေါ်လာသော လက်နှိပ်စက်သည်သာလျှင် တကယ်တည်ရှိ သော လက်နှိပ်စက်ဖြစ်၏။ ဤအာရုံသည် အပြင်တွင်ရှိနေသော လက်နှိပ်စက်ကြောင့် ဖြစ်လာခြင်းမဟုတ်ဟု သူက ဆိုလိုခြင်းဖြစ်လေသည်။

နောက်အခန်းတွင် အသိပညာ၏ သဘောတရားများနှင့် ပတ်သက်၍ ဟူမ်း အဘိဓမ္မာ၏ အခြားအချက်များကို ဖော်ပြမည်ဖြစ်၏။ များစွာသော ခေတ်ရှင်အဘိဓမ္မာဆရာ များသည် ရုပ်ဝါဒကို တိုက်ခိုက်ရာတွင် ဟူမ်း၏ အဘိဓမ္မာကို အသုံးချခဲ့ကြလေသည်။ ခေတ်ရှင်အဘိဓမ္မာ ရာဇဝင်တစ်လျှောက် နာမည်အမျိုးမျိုးပြောင်းလဲခဲ့သော်လည်း အဓိပ္ပာယ် မှာ စိတ်က ရုပ်ဝတ္ထုထက် အရင်ကျသည်၊ မူလပထမဖြစ်သည်ဆိုခြင်းကို သက်သေ ထုတ်ရန် ခေတ်ရှင်နည်းအားဖြင့် အမျိုးမျိုး ကြိုးစားခြင်းသာ ဖြစ်ပေသည်။

ပလေတို၏ ရုပ်ဝါဒကို ပယ်ပုံပယ်နည်းမှာ ခေတ်ရှင်ဘက်တော်သားအတွက် အသုံးပြုရန် မဖြစ်နိုင်တော့ပေ။ သူတို့သည် ပလေတိုထက် ရုပ်ဝါဒကို လိမ္မာပါးနပ်စွာ ပယ်ရန် လိုလာပေသည်။ ပလေတို၏ နည်းမှာ ကျေးကျွန်နှင့် ပဒေသရာဇ် လူ့အဖွဲ့ အစည်းအတွက်ကား သင့်လျော်ပါ၏။ သို့ရာတွင် အရင်းရှင်စနစ်မှာ စက်မှုလုပ်ငန်းနှင့် စစ်အတွက် ဝိဇ္ဇာပညာလိုအပ်ခြင်း ပဒေသရာဇ်ဆန့်ကျင်ရေး အသိဉာဏ် တိုက်ပွဲများ အခြေခံရရှိခဲ့ခြင်းကြောင့် ပို၍ လိမ္မာပါးနပ်သောနည်း လိုလားလေသည်။ တစ်ဖက်က ရုပ်ဝါဒကို ငြင်းပယ်ပြီး တစ်ဖက်က ဝိဇ္ဇာပညာကို ထိန်းသိမ်းထားရန်လည်း လိုလားခဲ့၏။ ထို့ပြင် ကွန်မြူနစ်ဝါဒနှင့် မာ့က်စ်၊ အနုပဋိလောမရုပ်ဝါဒတို့ ပေါ်ထွက်လာသည့်အတွက် ဤမာ့က်စ်ဝါဒကို နာမည်ဖျက်ရန် ''*တရားသေဝါဒ*''''*စိတ်ကူး ဆန်သောဝါဒ*'' စသည် ဖြင့် သူ့ကို ခြိမ်းခြောက်နေသော ဤသဘောတရားကို တံဆိပ်တပ်ရန် လိုလားခဲ့ လေသည်။

ပလေတိုက ''*ဝိညာဉ်သည် ကိုယ်ခန္ဓာထက်အရင် မူလဖြစ်သည်။ ကိုယ်ခန္ဓာ သည် ဒုတိယဖြစ်သည်။ နောက်မှဖြစ်သည်*''ဟူ၍ ပြောခဲ့၏။ ခေတ်ရှင်အဘိဓမ္မာဆရာ များသည် အထူးသဖြင့် ယခုရာစုနှစ်၏ ပထမပိုင်း နယ်ချဲ့စနစ်ခေတ်တွင် ဤသို့ဆို၏။ ''*ကမ္ဘာလောကကြီး၏ အခြေခံအရာဝတ္ထုသည် ရုပ်ဝတ္ထုလည်း မဟုတ်။ စိတ်လည်း*

Burma Marxist Learner



မဟုတ်၊ ပို၍ ရှင်းလင်း အခြေခံကျသော အရာဖြစ်၏။ ဤအရာမှနေ၍ စိတ်ရော ရုပ်ဝတ္ထုပါ ဖြစ်ပေါ်၍လာကြ၏''(ဘက်ထရန်ရပ်ဆယ်)။ သချာသည် ဝိဇ္ဇာပညာရပ်များ ထဲတွင် အဆင့်အမြင့်ဆုံးဟု ပလေတိုက ယူဆခဲ့၏။ အဘယ့်ကြောင့်ဆိုသော် သချာ သည် ရုပ်ဝတ္ထုနှင့် အဝေးကွာဆုံး ရှိနေသောကြောင့် ဖြစ်သည်ဟုဆို၏ အိန်စတိန်ကမူ ကား ရူပဗေဒသည် အခြား ဘာသာဝိဇ္ဇာပညာရပ်များကဲ့သို့ပင် အာရုံခံယူချက်များနှင့် သာ ဆိုင်သည်ဟူ၍ ဖော်ပြထား၏။

ပြဿနာမှာ ဤသို့ဖြစ်၏။ ရုပ်ဝါဒကို ဤကဲ့သို့ ရှောင်ကွင်းမှုသည် စိတ်ဝါဒ တစ်မျိုးပင်ဖြစ်သလား။ တစ်နည်းအားဖြင့် ဆိုရလျှင် ရုပ်ဝတ္ထုက မူလပထမဆိုသော အချက်ကို ငြင်းပယ်ခြင်းသည် စိတ်၊ ဝိညာဉ်၊ သို့မဟုတ် နာမ်က မူလပထမဖြစ်သည်ဟု ဆိုရာ ရောက်သလား။ ကာယကံမြောက်အားဖြင့် ကျွန်ုပ်တို့ခေတ်မှ ထင်ရှားသော အဘိဓမ္မာဆရာတိုင်းပင် ဤမေးခွန်းနှင့် ပတ်သက်၍ မဟုတ်၊ မရောက်ဟုဖြေကြပေလိမ့် မည်။ ဘက်ထရန်ရပ်ဆယ်သည် သူ့ကိုယ်သူ စိတ်ဝါဒကို သူရေးသော စာပေများထဲမှ တစ်နေရာ နှစ်နေရာတွင် ဝန်ခံထား၏။ သို့ရာတွင် သူ၏ စိတ်ဝါဒမှာ တကဲ့စစ်မှန်သော စိတ်ဝါဒဖြစ်၍ မှားယွင်းသော စိတ်ဝါဒနှင့် မတူဟုဆိုရလေသည်။ သူသည်တခါက ဤသို့ရေးခဲ့၏။ *တွေးခေါ်ယူဆချက်များသည် လက်ရှိဖြစ်နေခြင်းကိုငှင်း၊ ဖြစ်ခဲ့သည် တို့ကိုငှင်း၊ ဖော်ပြချက်များ မဟုတ်ဘဲ ပြုလုပ်ရန်အချက်များကိုသာ ဖော်ပြချက်များ* ဖြစ်သည်ဟူသော ဝိဇ္ဇာပညာ၏သင်ကြားချက်ကို အဘိဓမ္မာဆရာများက လက်ခံသည် နှင့် တစ်ပြိုင်နက် ဝိဇ္ဇာပညာနှင့် ကိုက်ညီသော တကယ့်စစ်မှန်သော စိတ်ဝါဒသည် ပေါ်ထွက်လာလိမ့်မည်ဖြစ်သည်။

ဤကား ခေတ်သစ်ခေနရှင် အဘိဓမ္မာဆရာများ၏ အလိုပင်ဖြစ်တော့၏။ သူတို့သည် မည်သည့်စိတ်ဝါဒကို မဆိုလိုသည်မဟုတ်။ တကယ့်စစ်မှန်သော စိတ်ဝါဒ ကိုမှ လို၏။ စစ်မှန်သော စိတ်ဝါဒသည် ဝိဇ္ဇာပညာနှင့် ကိုက်ညီသည်ဟု ဆိုကြကုန်၏။ ဝိဇ္ဇာပညာသည် လက်ရှိဖြစ်နေတာ၊ ဖြစ်ခဲ့တာတို့ကို မသင်ကြားလုပ်ရမည်တို့ကိုသာ သင်ကြားသည်ဟု ဆိုကြကုန်၏။ သို့ရာတွင် ကျွန်ုပ်တို့သည် ကမ္ဘာလောကကြီး ဘာဖြစ်ခဲ့သည်၊ ဘာဖြစ်နေသည်ဆိုသည့်အကြောင်းကို မသိဘဲ ဘာလုပ်ရမည် ဆိုသည် ကို မည်ကဲ့သို့ သိနိုင်ပါမည်နည်း။ ဤကား ဂျူဝီ၏ ပြက်လုံးပင်ဖြစ်တော့၏။ ၎င်းသည် နယ်ချဲ့စနစ်၏ အဘိဓမ္မာ၏ လုံးဝပျက်စီးမှုကို ဖော်ပြနေပေသည်။ သို့ရာတွင် ဘက်ထရန် ရပ်ဆယ်၏ တပည့်တစ်ယောက်ဖြစ်၍ နယ်ချဲ့စနစ်၏ ဘောဂဗေဒဆရာဖြစ်သော ဂျွန်မေနတ်ကိန်း၏ အစောင့်အရှောက်ခံ တစ်ယောက်ဖြစ်သူ ဗြိတိသျှလူငယ် ရပ်စေးက ဂျူဝီ၏ အဘိဓမ္မာကို ဆက်လက်ရေးသားခဲ့လေသည်။

ဤဝါဒသည် စိတ်ဝါဒဖြစ်ပါသလား၊ လီနင်သည် ၁၉၀၈ ခုနှစ်တွင် ရေးသားခဲ့

Burma Marxist Learner



သော သူ၏ရုပ်ဝါဒနှင့် ကိုယ်တွေ့သက်သက်က ဝေဖန်ရေးကျမ်းများ၌ ဤမေးခွန်းကို လေ့လာဖြေကြားခဲ့လေသည်။ သူသည် သူ့ခေတ်နှင့် ကျွန်ုပ်တို့ ခေတ်များမှ ခေတ်ရှင် အဘိဓမ္မာ၏ ပြဿနာများနှင့် ဤအဘိဓမ္မာသည် ဥရောပတိုက်နှင့် အမေရိကတိုက်မှ အလုပ်သမားလူတန်းစား လှုပ်ရှားမှုကိုပင် မည်ကဲ့သို့ ဖျက်ဆီးနေပုံတို့ကိုမြင်ခဲ့၏။ ခေတ်ရှင်အဘိဓမ္မာ၏ အဓိကသဘောသွားမှာ အောက်ပါအတိုင်းဖြစ်သည်ဟု သူကမြင်ခဲ့၏။ အနုမြူ၏ သဘာဝကို နောက်ထပ်အသစ် တွေ့ရှိချက်များအရ မက်တားဟု ခေါ်သော ရုပ်ဝတ္ထုသည် ပျောက်ကွယ်၍ သွားပြီ၊ မရှောင်မလွှဲသာ ဖြစ်ရမည်ဆိုသော အကြောင်း တရားသည် ခေတ်နောက်ကျသွားပြီဖြစ်သော အယူအဆဖြစ်သည်။ လက်တွေ့နှင့် မကိုက်ညီ၊ အားလုံးသော အမှန်တရားသည် နှိုင်းယှဉ်ချက်သက်သက်ဖြစ်သည်။ လောကဓာတ်ဆရာများသည် အရာဝတ္ထုများ၏ သဘာဝကို မတွေ့ရှိကြ။ ကျွန်ုပ်တို့၏ အာရုံထင်ဟပ်ချက်များကို စုစည်းရေးအတွက် အသုံးဝင်သော သင်္ကေတတရားများကို တီထွင်ရုံမျှမကသာဖြစ်သည်။ ကျွန်ုပ်တို့၏ မြင်မှုကြားမှုစသော အာရုံတွေ့ထိ ချက်များ သည် တကယ့်အစစ်အမှန် ကမ္ဘာလောကကြီးအကြောင်း တစ်စုံတစ်ရာသော အသိကို မပေးကြ။ မပေးနိုင်ကြ၊ ကျွန်ုပ်တို့၏ စိတ်အပြင်ဘက်တွင် အဟုတ်ရှိ၊ တကယ်ရှိသော အရာ၊ တည်ရှိသည်ဆိုသော အယူအဆသည် တရားသေကျသည်၊ ပျက်စီးနေပြီ။ လူ့အဖွဲ့အစည်း၏ ဝိဇ္ဇာပညာနှင့် ၎င်း၏ ရာဇဝင်သည် မရှိနိုင်။

ဤဝါဒသည် စိတ်ဝါဒဟုတ်ပါသလား၊ လီနင်၏ အဖြေမှာ ကောင်းကောင်း ကြီး ဟုတ်သည်ဟူ၍ဖြစ်၏။ လီနင်သည် သူ၏ ကျမ်းစာများ၌ ဤစိတ်ဝါဒ၏ ဖျက်နှာ ဖုံးကို ခွာချခဲ့လေသည်။ ဤခေတ်ပေါ်ဂိုဏ်းများသည် ဖုံးကွယ်သောအသွင်နှင့် ဟျူမ်း၏ အယူဝါဒကို ထပ်မံ ပြောဆိုနေခြင်းမျှသာဖြစ်ခြင်းကိုလည်းကောင်း၊ ဟျူမ်းသည် ဘာကဲ လေး၏ စိတ်ဝါဒကို တစ်နည်းတစ်ဖုံပြင်ဆင်တင်ပြခြင်းသာ ဖြစ်ခြင်းကိုလည်းကောင်း၊ လီနင်က မြင်ခဲ့လေသည်။

လီနင်သည် ဟျူမ်း၏ ဟန်ဆောင်ထားသော သံသယဝါဒမှာ သူ၏ ရုပ်ဝါဒ ဆန့်ကျင်ရေး ရပ်တည်မှုအတွက် အကာအကွယ်သာဖြစ်ကြောင်း မြင်ခဲ့၏။ သူက မည်သို့ပင်ဆိုစေကာမူ သူ့အဘိဓမ္မာ၏ အနှစ်သာရမှာ ကျွန်ုပ်တို့၏ အာရုံထိတွေ့မှုများ သည် အဟုတ်ရှိ၊ တကယ်ရှိသော အရာကို သိနိုင်ရန် အစွမ်းသတ္တိမရှိဟု ငြင်းဆို လိုက်သည်နှင့် တစ်ပြိုင်နက်ဘာမဆိုဖြစ်လာနိုင်ခြင်း၊ ဘာမဆို ယုံကြည်လာခြင်း ဖြစ်ပေသည်။

တစ်ဖက်က ဘာမဆိုယုံကြည်နိုင်လာ၏။ အခြားတစ်ဖက်က ဘာကိုမှ သက်သေမထုတ်နိုင်တော့ပေ။ ဆိုရှယ်လစ်စနစ်သည် မရှောင်မလွှဲသာဖြစ်ရမည်ဟု မဆိုနိုင်တော့၊ အဘယ်ကြောင့်ဆိုသော် နောက်တစ်နေ့ နေထွက်မည်ပင်လျှင် မရှောင်

Burma Marxist Learner



မလွှဲသာ မဟုတ်သောကြောင့်ဖြစ်၏။ မရှောင်မလွှဲသာ ဖြစ်ရမည်ဆိုသော တရားသည် ခေတ်နောက်ကျသွားပြီဖြစ်သော ခံယူချက်ဖြစ်၏။ ရုပ်ဝါဒကဲ့သို့ပင် ပျက်စီးသွားပြီဖြစ်၏။ ရုပ်ဝတ္ထုသည် ထာဝရ တည်ရှိသည်ဆိုခြင်းကို သိသူသည် ဤမနေရှင် အစဉ်အလာအဖို့ ကမ္ဘာလောကကြီးကို ထာဝရဘုရားသခင်က ဖန်ဆင်းသည်ဆိုသူကဲ့သို့ပင် တရားသေ ဆန်နေတော့၏။

ဟူမ်းမှ စ၍ နောက်ပိုင်း အဘိဓမ္မာဆရာများသည် ထာဝရဘုရားသခင် ရှိနေကြောင်း သက်သေထုတ်မှုကို လက်လျှော့လျက် ရုပ်ဝတ္ထုတည်ရှိကြောင်း သက်သေထုတ်သူများကို တားဆီးနေကြခြင်းဖြစ်၏ အဓိပ္ပာယ်ကား ဘာလဲ။ အဓိပ္ပာယ် ကား သေနင်္ဂဗြူဟာအရ ဆုတ်ခွာမှုပင်ဖြစ်တော့၏။ ၎င်းကို အနုပဋိလောမရုပ်ဝါဒ ကသာလျှင် ထိုးထွင်းမြင်ပြီး တိုက်ခိုက်နိုင်ခဲ့၏။ လီနင်၏ လူတန်းစားတိုက်ပွဲများ အတွင်း၌ ရရှိခဲ့သော ကြီးမားသော အတွေ့အကြုံနှင့် ထိုခေတ် *ဟူမ်းဝါဒ*၏ တကယ့် သဘောလက္ခဏာကို သူ၏ နားလည်မှုတို့မှာ တိုက်ရိုက်ဆက်စပ်၍နေ၏။ ရုပ်ဝါဒ ဆန့်ကျင်ရေး အနွယ်များသည် မည်မျှပင် ပါးနပ်စွာ ဟန်ဆောင်ဖုံးကွယ် ထားကြစေကာမူ ၎င်းတို့ကို မည်ကဲ့သို့ လှေလာဖော်ထုတ်ရမည်ကို သူက သင်ကြားထား၏။ ၎င်းတို့ကို အဘိဓမ္မာအကြောင်းပြချက်များနှင့် မည်ကဲ့သို့ တိုက်ဖျက်ပစ်ရမည်ကို သူက ညွှန်ပြထား၏။ ဤရုပ်ဝါဒဆန့်ကျင်ရေး အနွယ်များသည် သူတို့၏ ဖြောင်ကျသော စိတ်ဝါဒနှင့် ဆိုလျှင် မည်သည့်ပရိသတ်ကိုမျှ မရရှိနိုင်ဘဲ ရှိနေခဲ့ရာ သူတို့၏ ဝိဇ္ဇာနည်းကျသော ရုပ်ဝတ္ထု ကျသော ကမ္ဘာ့အမြင်အား ဆန့်ကျင်မှုကို ဝိဇ္ဇာပညာ ခေတ်မီရေးဝါဒနှင့် အစဉ်သဖြင့် စိတ်ဓာတ်ပွင့်လင်းမှုဆိုတာ အကာအကွယ်၏ အောက်တွင် ဖုံးကွယ်၍ ထားကြကြောင်း သူက ဖွင့်ချခဲ့လေသည်။

ဤ ခေတ်သစ် ဂိုက်ဖမ်းနေသော အနွယ်များသည် အုပ်စိုးသော လူတန်း စား၏ အလုပ်သာဖြစ်ကြောင်း လီနင်က ပြထား၏။ တဖကက် မနေရှင်သည် အလုပ် သမား၊ လယ်သမားများ၏ မျက်လုံးကို ပိတ်ထားရန် ဘာသာရေးကို အသုံးပြု၏။ အခြားတစ်ဖက်က လောကဓာတ်ဆရာများနှင့် ဖရော်ဖက်ဆာများကို လှည့်ဖျားကာ မာက့်စ်ဝါဒ ဆန့်ကျင်ရေးဂိုဏ်းအတွင်းသို့ သူတို့ကို ဆွဲသွင်းရန်အတွက် ခေတ်ပေါ် ဝိဇ္ဇာပညာနှင့် တရားသေဆန့်ကျင်ရေးဝါဒ ချီးကျူးမှုများကို အသုံးပြုလေသည်၊ ရုပ်ဝတ္ထု၏ မူလပထမဖြစ်မှုကို ငြင်းဆိုခြင်းသည် စိတ်၏ မူလပထမဖြစ်မှုကို ထုတ်ဆိုခြင်းသာ ဖြစ်ကြောင်း။ ရုပ်ဝတ္ထုတည်ရှိမှုဘက်က ခုခံပြောဆိုမှုသည် လူတန်းစားတိုက်ပွဲ၏ ခွဲမရသော အစိတ်အပိုင်းတစ်ရပ်ဖြစ်ကြောင်း လီနင်က သက်သေထုတ်ခဲ့လေသည်။

*ဟူမ်းဝါဒ*သည် ၎င်းက မည်မျှပင် ဆန့်ကျင်ငြင်းဆန်စေကာမူ စိတ်ဝါဒဖြစ်၏။ *ဟူမ်းဝါဒ*သမားများသည် အယူအဆ အတွေးအခေါ်များသည် တည်ရှိကြောင်း စဉ်းစား

ခြင်း၊ သိခြင်း ခံစားခြင်းတို့တည်ရှိကြောင်းသိကြ၏။ ဤနေရာက နေ၍ သူတို့သည် အစပြုကြ၏။ သို့ရာတွင် ရုပ်ဝတ္ထုနှင့် ပတ်သက်လာသည့် အခါတွင်ကား ရုပ်ဝတ္ထုတည်ရှိသည်ဟုဆိုခြင်းသည် တရားသေကျ၍ မမှန်ကန်တော့။ ကျွန်ုပ်တို့၏ အာရုံများနှင့် အသိ၏အပြင်ဘက်တွင် မည်သည့်အရာ တည်ရှိနေသည်ဟူ၍ ကျွန်ုပ်တို့ မသိနိုင်ဟု သူတို့က ဆို၏။ ဤအယူဝါဒမှာ ရုပ်ဝါဒနှင့် စိတ်ဝါဒတို့ အကြား၊ ကြားနေသောဝါဒ မဟုတ်ပေ။ ဤဝါဒသည် ဥရောပတိုက်နှင့် အမေရိကတိုက်တို့မှ ဆိုရှယ်ဒီမိုရေစီနှင့် နီးကပ်စွာ ဆက်သွယ်နေခြင်း၊ တစ်ချိန်တည်း၌ နယ်ချဲ့စနစ်၏ တန်ခိုးကြီးသော လက်နက် ဖြစ်နေခြင်းတို့မှာ ဘာမျှ အံ့သြစရာမရှိပေ။ ၎င်းမှာ အချောင်သမားဝါဒ၏ အဘိဓမ္မာ ဖြစ်ပေသည်။ ဤအဘိဓမ္မာကို ဖုံးကွယ်ထားသည့် အကာအကွယ်များ၏ နောက်တွင်ကား၊ မည်သည့်အရာက မူလပထမလဲဆိုသည့် အစဉ်အလာ မေးခွန်းကြီးနှင့် ပတ်သက်လာသည့်အခါတွင်မူ အဖြေမှာ ပလေတို၏ အဖြေကဲ့သို့ *ဝိညာဉ်သည် ကိုယ်ခန္ဓာထက် မူလပထမကျသည်။ ကိုယ်ခန္ဓာသည် ဒုတိယဖြစ်သည်၊ နောက်မှ ဖြစ်သည်* ဟူ၍ ဖြစ်တော့၏။

ဝိညာဉ်က မူလပထမ၊ ရုပ်ဝတ္ထုကနောက်မှဖြစ်သည်ဆိုချက်၏ အဓိပ္ပာယ်မှာ ယနေ့လည်း ပလေတို လက်ထက်သကဲ့သို့ပင်ဖြစ်၏။ အတွေးအခေါ် အယူအဆများက ကမ္ဘာလောကကြီးကို အုပ်စိုးနေသည်။ အရာဝတ္ထုများသည် သူတို့ဖြစ်သင့်သည်အတိုင်း ဖြစ်နေကြသည်။ ကျွန်ုပ်တို့ခေတ်တွင် ပေါ်ပေါက်နေသော တိုက်ပွဲများအားလုံးမှာ အခြေခံအားဖြင့် အယူအဆရေးရာဖြစ်သည်။ ရုပ်ဝတ္ထု အင်အားစုများက မဟုတ်ဘဲ အတွေးအခေါ် အယူအဆများက အရာဝတ္ထုများကို ပြဋ္ဌာန်းသည်ဟူ၍ ဖြစ်၏။

ကျွန်ုပ်တို့ခေတ်တွင် စိတ်က မူလပထမဆိုသော အယူဝါဒ၏ ထင်ရှားစွာ ပေါ်လွင်သော နေရာတစ်ခုမှာ ကြော်ငြာနှင့် ဝါဒဖြန့်ချီရေးသဘောတရားများဖြစ်ကြ၏။ ကြော်ငြာအတတ် တတ်လျှင် ဤဘက်က ငွေကုန်ခံနိုင်လျှင် ကုန်တွင်တွင်ရောင်းရသည်ဟု ယူဆကြသည်။ စစ်အေးတိုက်ပွဲတွင် အသံလွှင့်စက်များ ရှိသောဘက်က လူများ၏ စိတ်ကို ဆွဲဆောင်နိုင်လိမ့်မည်ဟု ယူဆကြ၏။ ပို၍ ကျယ်ကျယ်၊ ကြာကြာပြောနိုင်သော ဘက်က၊ လူများ၏ ယုံကြည်ချက်ကို ရရှိနိုင်လိမ့်မည်ဟု ယူဆကြ၏။ ဤမှနေ၍ မရှောင်မလွှဲသာ ဖြစ်လာသည်ကား ဆိုရှယ်လစ်နိုင်ငံ များဘက်မှ တင်ပြချက်များနှင့် ပေါ်လစီများသည် "ဝါဒဖြန့်ချီရေး" သက်သက်သာဖြစ်သည်။ သူတို့၏ *ဝါဒဖြန့်ချီရေး* တိုက်ပွဲ အောင်မြင်လျှင် သူတို့၏ တင်ပြချက်နှင့် ပေါ်လစီများသည် ကမ္ဘာသူကမ္ဘာသားများ အကျိုးစီးပွားနှင့် ကိုက်ညီခြင်းတည်းဟူသော ရုပ်ဝတ္ထုအကြောင်းကြောင့် မဟုတ်ဘဲ သူတို့သည် *ကျွမ်းကျင်လိမ္မာသော ဝါဒဖြန့်ချီရေးသမားများ* ဖြစ်သော ကြောင့်ဟု ယူဆကြ၏။ အချုပ်ဆိုရလျှင် ဘဝ၏ ရုပ်ဝတ္ထု အခြေခံများသည် မူလပထမ

ဖြစ်ကာလူတို့၏ အတွေးအခေါ်များကို ပြဋ္ဌာန်းသူမဟုတ်ဘဲ အတွေးအခေါ်များသည် ရုပ်ဝတ္ထုအခြေခံအချက်များ အပေါ်က ရှိနေကာ ၎င်းတို့ကို ဥပေက္ခာပြုထားနိုင်သည့် ဆန့်ကျင်နိုင်သည်ဟူ၍ ယူဆကြသည်။

သို့ရာတွင် ယနေ့ရုပ်ဝါဒကို လက်ခံနေကြသူများထဲမှ အချို့က ဝိဇ္ဇာပညာ၏ တိုးတက်မှုတစ်ခုတည်းကသာလျှင် ရုပ်ဝါဒကို ယုံကြည်လက်ခံနိုင်မှုကို ဖြစ်စေသည်ဟူ၍ ဆိုကြ၏။ ဤအတိုင်းဆိုလျှင် ရှေးအခါတုန်းက စိတ်ဝါဒနှင့် ဘာသာရေးကို လက်ခံခဲ့ကြမှုတို့မှာ မှန်ကန်ပေလိမ့်မည်။ အဘယ်ကြောင့်ဆိုသော ထိုအခါတုန်းက လူတို့သည် အခြားယုံကြည်စရာတို့ကို မသိခဲ့ကြသေးသောကြောင့်ဖြစ်၏။ ဤသူတို့ မမြင်နိုင်သည့် အချက်နှစ်ချက်ရှိ၏။ ပထမအချက်မှာ ရာဇဝင်အရ ဝိဇ္ဇာပညာသည် အနည်းဆုံး ရုပ်ဝါဒအဘိဓမ္မာကို ၎င်းက အထောက်အကူပြုသလောက် ရုပ်ဝါဒအဘိဓမ္မာအပေါ်တွင် အမှီပြုနေသည်ဆိုသော အချက်ဖြစ်၏။ ဒုတိယအချက်မှ စကြာဝဠာ၊ ရုပ်ဝတ္ထု၊ ပရိုတို ပလာဇမ်ခေါ် အသက်၏ ဗီဇနှင့် အသက်ရှိသော ရုပ်ဝတ္ထုဖွဲ့စည်းပုံနှင့် ဖြစ်စဉ် ဦးနှောက်နှင့် အာရုံကြောများ ဖွဲ့စည်းပုံ သဘာဝတို့ကို ကျွန်ုပ်တို့ အကြီးအကျယ် တိုးတက်သိရှိလာမှုနှင့်အတူ အပြုလက္ခဏာဆောင်သော ရုပ်ဝါဒက တိုးတက်၍ လိုက်မလာဆိုသော အချက်ဖြစ်၏။ ဝိဇ္ဇာပညာအသိ တိုးတက်လာမှုသည်၊ သူ့ချည်းပင် လျှို့ဝှက်နက်နဲသော ဝါဒနှင့် တိမ်တိုက်များကို ဖယ်ရှားပစ်သည်ဟု လူတို့က ထင်မှတ်တတ်ကြ၏။ ၎င်းမှာ ဓနရှင်လစ်ဘရယ်သမားတို့၏ အထင်မှားမှုသာဖြစ်၏။ အလုပ်သမားလူတန်းစား၏ အတွေးအခေါ်သည် ဤအမြင်မျိုး မရှိနိုင်ပေ။ ဤအမြင်၏ မှားယွင်းသည့်အကြောင်းမှာ အခြားကြောင့်မဟုတ်။ ဤအဓိက အဘိဓမ္မရေးရာ လမ်းစဉ်နှစ်ခုတို့၏ တိုက်ပွဲသည်၊ လက်တွေ့အသိ၏ လှုပ်ရှားမှုမဟုတ်ဘဲ၊ လူမှုအင်အားစုများ၏ လှုပ်ရှားမှုဖြစ်သောကြောင့် ဖြစ်ပေသည်။

ခရစ်မပေါ်မီ လေးရာစုနှစ်နှင့် ငါးရာစုနှစ်များတုန်းက တိုးတက်သော လူတန်းစားများကို ကိုယ်စားပြုသည့် တိုးတက်သော အတွေးအခေါ်သမားများသည် ရုပ်ဝါဒနှင့် စိတ်ဝါဒ ဆန့်ကျင်သည့် ပြဿနာများကို ကျွန်ုပ်တို့ မြင်သကဲ့သို့ပင် ရှင်းလင်းစွာ မြင်ခဲ့ကြ၏။ ဒီမိုကရစ်တပ်စ်နှင့် အီပစ်ကြူရပ် စသူတို့သည် ခေတ်သစ် ဝိဇ္ဇာပညာ၏ အကူအညီမပါဘဲ အခြေခံအားဖြင့် ရုပ်ဝါဒသမားများ ဖြစ်နိုင်ခဲ့ကြ၏။ ဝိဇ္ဇာပညာ ကြီးမားစွာ တိုးတက်လာသည့်အခါတွင်၊ ယခင်က စိတ်ကူးသာဖြစ်ခဲ့သော အချက်များစွာတို့ကို သက်သေထုတ် လာနိုင်သည်မှာကား မှန်၏။ သို့ရာတွင် ရုပ်ဝါဒနှင့် စိတ်ဝါဒတို့၏ တိုက်ပွဲတွင် ဝိဇ္ဇာပညာ၏ တိုးတက်မှုသည် သူ့ချည့်သက်သက် အနေအားဖြင့် အဆုံးအဖြတ်ပေးသည့် အရာမဟုတ်ပေ။ ဤသို့ သူချည်းသက်သက်အနေဖြင့် အဆုံးအဖြတ်ပေးသည့် အရာဟု ယူဆခြင်းသည် အဘိဓမ္မာနှင့် ဝိဇ္ဇာပညာတို့၏

ရာဇဝင်တစ်လျှောက်လုံးတွင် ဖြစ်ပွားခဲ့သည့် လူတန်းစားတိုက်ပွဲသို့ မမြင်ခြင်း ဖြစ်ပေသည်။ အာရစ်စတာချပ်စ်သည် နေကို ကမ္ဘာကြီးက လှည့်ပတ်နေသည်ဆိုသော သဘောတရားကို ထူထောင်ခဲ့ရာ၊ ၎င်းကို နောင်နှစ်ပေါင်း ၁၇၀၀ ကြာပြီးနောက် ကိုပါနီးကပ်စ်က အတည်ပြုခဲ့၏။ ခရစ်မပေါ်မီ ငါးရာစုနှစ်တုန်းက အင်ပီဒိုကယ်လ်စ်သည် ချားလ်စ်ဒါဝင်၏ သဘာဝရွေးချယ်မှု သဘောတရားကို စိတ်ကူးတွေးခေါ်ခဲ့၏။ ဒီမိုကရစ်တပ်စ်၏ အနုမြူကမ္ဘာ အမြင်သည် ဒယ်လ်တွန်နှင့် အတူ လွန်ခဲ့သော ရာစုနှစ်တုန်းက ခေတ်သစ်ဓာတုဗေဒ၏ အခြေခံ ဖြစ်လာခဲ့လေသည်။

အချုပ်ဆိုရလျှင် လူများသည် ဝိဇ္ဇာပညာနုနယ်စဉ်မှာလည်း ရုပ်ဝါဒသမားများ ဖြစ်နိုင်၏။ ဝိဇ္ဇာပညာ၏ လက်ရှိ အဆင့်တွင်လည်း စိတ်ဝါဒသမားများ ဖြစ်နိုင်ပေသည် ဤအကြောင်းကို နားမလည်သူများသည်၊ ဝိဇ္ဇာပညာကို လူတန်းစားတိုက်ပွဲ အပြင်ဘက်တွင် ရှိသည့်အရာအဖြစ် ထားကြလေသည်။ ရုပ်နှင့် စိတ် မည်သည်က မူလပထမလဲဆိုသော ပြဿနာသည်၊ လက်ဆုတ်လက်ကိုင် သက်သေထုတ်နိုင်ရေး ပြဿနာ သက်သက်မဟုတ်၊ ကမ္ဘာလောကကြီးအကြောင်းကို ကျွန်ုပ်တို့သိ၊ မသိပြဿနာ သက်သက်မဟုတ်။ အခံုးစွန်အားဖြင့် လူတန်းစားရပ်တည်မှု၏ ပြဿနာဖြစ်၏။ သို့ဖြစ်ရာ စိတ်ဝါဒသည် ဝိဇ္ဇာပညာတိုးတက်မှုကြောင့် ပျောက်သွားလိမ့်မည် မဟုတ်ဘဲ၊ လူ့အဖွဲ့အစည်းတိုးတက်မှုကြောင့်သာ ပျောက်သွားလိမ့်မည်ဖြစ်၏။

ဘဝနှင့် အသိ ဆက်သွယ်မှု၏ ထူးခြားသော အချက်တစ်ခုမှာ လူနှင့် သဘာဝ ဆက်သွယ်ရေးပြဿနာဖြစ်၏။ လောကကြီးအတွင်း၌ လူ၏ နေရာကား ဘာလဲ၊ သို့မဟုတ် သဘာဝကြီး တစ်ရပ်လုံးနှင့် ဆက်သွယ်ရာတွင် လူ၏ နေရာကား ဘာလဲ၊ ဤပြဿနာနှင့် ပတ်သက်၍ ထုံးတမ်းစဉ်လာဖြစ်သော အဘိဓမ္မာက ဘယ်တုန်းကမှ လုံလောက်သော အဖြေကို မပေးနိုင်ခဲ့ပေ။ လူသည် အရာရာဖြစ်သည်။ သဘာဝသည် ဘာမျှမဟုတ်ဟု ဆိုလိုဆို၊ သဘာဝသည် အရာရာ ဖြစ်သည်။ လူသည် ဘာမှ မဟုတ်ဟု ဆိုလိုဆို ဤနှစ်ခုအတွင်း ယိမ်းထိုး၍ နေခဲ့လေသည်၊ ဤအစွန်းနှစ်ဖက်တွင် ပထမ လူနှင့် သဘာဝကို ခွဲခြားပစ်လိုက်ပါ၊ နောက်တစ်ခုနှင့်တစ်ခု ဆန့်ကျင်၍ နေရာချထားခဲ့လေသည်။

ဤပြဿနာကို ပုံအမျိုးမျိုးနှင့် တင်ပြထား၏။ သဘာဝကို လူ့အတွက် လုပ်ခဲ့တာလား၊ လူသည် သဘာဝ၏ အစိတ်အပိုင်းတစ်ခုလား၊ သဘာဝအတွင်း၌ ပါဝင်နေသလား။ သို့မဟုတ် သူသည် သဘာဝ၏ အပေါ်က အရာဝတ္ထုလား။ ကျွန်ုပ်တို့သည် သဘာဝကောင်များလော၊ သို့မဟုတ် ကျွန်ုပ်တို့တွင် သဘာဝထက် လွန်ကဲသော အရာများရှိသလား။ ကျွန်ုပ်တို့၏ ခံစားတတ်သော စိတ်နှင့် အသိပညာသည်၊ သဘာဝ၏ အစိတ်အပိုင်း တစ်ရပ်လား၊ သို့မဟုတ် သဘာဝနှင့် ဆန့်ကျင်သည့် အရာလား။

Burma Marxist Learner



သဘာဝသည် ကျွန်ုပ်တို့၏ အတွေးအခေါ်များ ပေါ်ထွက်ရာ ကျွန်ုပ်တို့၏ အတွေးအခေါ်များကို ရယူရာ ဒေသဖြစ်သည့် ကျွန်ုပ်တို့ နေထိုင်ရာ အိမ်လား။ သို့မဟုတ်၊ ကျွန်ုပ်တို့နှင့် မပတ်သက်သည့် အရာလား၊ ဆန့်ကျင်သည့် အရာလား။

စင်စစ်အားဖြင့် ဤမေးခွန်းများမှာ ဘဝနှင့် အသိ ဆက်သွယ်မှုပြဿနာကို အထူးဖော်ပြထားသည့် မေးခွန်းများ ဖြစ်ပေသည်။

ရာဇဝင်အရ ပြန်၍ ကြည့်ရလျှင် အစောဆုံးဖြစ်သော ဂရိတ်အဘိဓမ္မာတွင် လူတို့သည် ပထမ၌ လောကကြီးမှာ မိမိတို့နှင့် တသီးတခြားစီးဖြစ်သည်ဆိုသော အမြင်နှင့် အဘိဓမ္မာကို ထူထောင်ခဲ့ကြ၏။ သူတို့သည် သူတို့ သိကြသော ကမ္ဘာလောကကြီး၏ သဘာဝနှင့် သူတို့ ဘာမျှမဆိုင်ဟု ထင်မှတ်ခဲ့ကြ၏။ သူတို့နှင့် သူတို့၏ စိတ်မှာ လောကကြီး၏ အပြင်ဘက်က ရှိသကဲ့သို့ မြင်ခဲ့၏။ သူတို့သည်လည်း ကမ္ဘာလောကကြီး၏ အစိတ်အပိုင်း တစ်ခုဖြစ်ကြောင်း၊ သူတို့၏ အသိမှာ ဤလောကကြီးအတွင်း၌ ဖြစ်သော ဖြစ်စဉ်တစ်ခုဖြစ်ကြောင်း သူတို့သည် မသိရှိကြပေ။ နောင်နှစ်ပေါင်း တစ်ရာလောက်ကြာပြီးနောက် ဂရိတ်အဘိဓမ္မာမှာ တိုးတက်ဖြစ်ပေါ်၍လာခဲ့ရာ၊ လူတို့သည် မိမိကိုယ်ကို မိမိတို့ တွေးခေါ်သော သတ္တဝါများ ဖြစ်ကြောင်း တွေ့ရှိ၍လာခဲ့ပြီး၊ အပြင်မှ ကမ္ဘာလောကကြီးကို အာရုံမစိုက်တော့ဘဲ သူတို့၏ စိတ်ကူး၊ အယူအဆ၊ မျှော်လင့်ချက်၊ ခံစားချက်များအပေါ်တွင်သာ လုံးဝအာရုံစိုက်၍ လာကြပြန်လေသည်။ ဤရပ်တည်မှုကို ပရိုတာဂိုရာ့စ်၏ ဖော်ပြချက်က ထင်ရှားစေ၏။ သူက လူသည် *အရာအားလုံး၏ အတိုင်းအတာ ဖြစ်သည်* ဟူ၍ ဆို၏။ ၎င်းမှာလည်း တစ်ဖက်သတ်ပင် ဖြစ်၏။

ယခုခေတ်တွင်လည်း အလားတူဖြစ်ခဲ့၏။ *ဒက်စ်ကာတီးစ်နှင့် စပင်နိုဇာ*တို့သည် အထက်တွင် ဆွေးနွေးခဲ့ပြီး ဖြစ်သည့်အတိုင်း၊ လူက မူလပထမဆိုသော အယူနှင့် သဘာဝက မူလပထမဆိုသော အယူတို့တွင် *စေ့စပ်သူများ* ဖြစ်ကြ၏။ စက်ဆန်သောရုပ်ဝါဒက လူကို စက်ယန္တရား အဖြစ်လောက်သာ သဘောထား၏။ စိတ်ဝါဒက သဘာဝဆိုသည်မှာ လူ၏ အာရုံခံစားချက်မျှသာ ဖြစ်သည်ဟုဆို၏။ နှစ်ပေါင်းနှစ်ရာမျှ ချိန်သီးမှာ ဤဝါဒနှစ်ခုကြား ဘယ်ညာယိမ်း၍ နေခဲ့၏။

စံတော်ဝင် အဘိဓမ္မာဆရာများအားလုံးအနက် ဟီဂဲလ်သည် ဤပြဿနာကို အနီးစပ်ဆုံး ဖြေရှင်းခဲ့၏။ အနည်းဆုံးသူသည် ပြဿနာကို နားလည်းခဲ့၏။ သို့ရာတွင် သူသည် ပြဿနာကို ပြောင်းပြန်လှန်၍ ဖြေရှင်းခဲ့၏။ သူ့အလိုအရဆိုလျှင် ကျွန်ုပ်တို့သည် ရုပ်ကမ္ဘာကြီး၏အဆင့် အမြင့်ဆုံးသော ရလဒ်ဖြစ်ကြ၏။ ဤရုပ်ကမ္ဘာကြီးတစ်ခုလုံးမှာကား စိတ်တော်၊ ဝိညာဉ်တော်၊ သို့မဟုတ် ဉာဏ်တော်မှ ပြောင်းလဲလာခြင်းဖြစ်၏။ စိတ်တော်၊ ဝိညာဉ်တော် သို့မဟုတ် ဉာဏ်တော့်ကား အဟုတ်ရှိ၊ တကယ်ရှိသော

အရာဖြစ်၏။ ဤဉာဏ်တော်သည် ဉာဏ်တော်အဖြစ်မှ ချုပ်ငြိမ်းပြီး၊ သူ့ဆန့်ကျင်ဘက်ဖြစ်သာ ရုပ်လောကကြီး အဖြစ်သို့ ပြောင်းလဲလိုက်၏။ ဤရုပ်ကမ္ဘာကြီးသည် တိုးတက်ဖြစ်ပေါ်၍လာခဲ့ရာ၊ အသက်သည်လည်းကောင်း၊ လူသည်လည်းကောင်း၊ ပေါ်ထွက်၍လာခဲ့၏။ လူအတွင်း၌ ယခင်က အသိမရှိခဲ့သေးသော ဉာဏ်တော်သည်၊ ကိုယ့်ဟာကိုယ် သိ၍လာ၏။ ဤသို့အားဖြင့် ဟီဂဲလ်အလိုအရ လူတို့က သဘာဝအကြောင်း၊ ကမ္ဘာလောကကြီးအကြောင်း သိ၍ လာခြင်းသာဖြစ်ပေသည်။

ဟီဂဲလ်၏ ရှင်းလင်းချက်မှာ စိတ်ဝါဒအရ ရှုပ်ထွေးနေသည့် မှန်သော်လည်း၊ ဤပြဿနာနှင့် ပတ်သက်၍ အချက်တစ်ချက်ကား ပေါ်ထွက်လာ၏။ သူသည် လူနှင့်ကမ္ဘာလောကကြီး တသီးတခြားစီ ယှဉ်ပြိုင်တည်ရှိသည်ဆိုသော အယူဝါဒကို အနည်းဆုံး စိတ်ဝါဒနည်းအားဖြင့် ဖြိုဖျက်ခဲ့ခြင်းဖြစ်၏။ ဟီဂဲလ်၏ အလိုအရ၊ အပြင်ကမ္ဘာလောကကြီးနှင့် စိတ်ထဲ၌ ပေါ်လာသော ကမ္ဘာလောကကြီးတို့ ဆက်စပ်မှုမရှိ ဆိုခြင်းသည် မဟုတ်တော့။ ကိုယ့်ကိုယ်ကိုယ်သိမှု၊ စဉ်းစားစိတ်ကူးမှု၊ ကမ္ဘာလောကကြီးအကြောင်းကို သိမှုတို့သည် ကမ္ဘာလောကကြီးဖြစ်စဉ် တစ်ရပ်လုံးထဲမှ ပေါ်ထွက်၍လာခဲ့၏။ လူသည် သဘာဝနှင့် မဆိုင် မဟုတ်တော့၊ လောကကြီးနှင့် ကင်းကွာနေသည်မဟုတ်တော့။ လောကကြီး၏ အမြင့်ဆုံးအဆင့်ဖြစ်တော့၏။ (ဝါ) ဝိညာဉ်တော်သည် ကိုယ့်ဘာသာကိုယ် အသိရှိလာခြင်းဖြစ်တော့၏။

ဤကား ဟီဂဲလ်စနစ်၏ ဂွမ်းထိုးမှောက်ခုံ ဖြစ်နေခြင်းဖြစ်၏။ မည်သို့ပင်ဖြစ်စေ ဟီဂဲလ်သည် ယခင် အဘိဓမ္မာများ၏ အဆိပ်အတောက်ဖြစ်သော စိတ်နှင့်ရုပ်သီးခြားကင်းကွာတည်ရှိနေသည်ဆိုသော အယူဝါဒဆိုကား ဖြိုဖျက်ခဲ့ပေသည်။

ဘာသာရေးနှင့် စိတ်ဝါဒပုံသဏ္ဍာန်အာလုံးတို့ကို ဆန့်ကျင်လျက် စက်ဆန်သော ရုပ်ဝါဒသမားများသည် လူကိုသဘာဝ၏ အစိတ်အပိုင်းအဖြစ်မြင်ရန် ကြိုးစားကြ၏။ ဤသို့ကြိုးစားသူများတွင် ဟိုးလ်ဘက်သည် ထင်ရှားသူဖြစ်၏။ သို့ရာတွင် သူသည် သဘာဝဆိုသည်မှာ လဟာပြင်ကြီးအတွင်း၌ ရုပ်ဝတ္ထု အစိတ်အပိုင်းလေးများသည် စက်ဆန်ဆန် လှုပ်ရှားနေမှုသာ ဖြစ်သည်ဟု ယူဆ၏။ သူ၏ ဤသို့သဘာဝကို စက်ဆန်ဆန်ခံယူမှုကြောင့် လူကို၊ တကယ့်အစစ်အမှန် သဘာဝ၏ အစိတ်အပိုင်းဖြစ်အောင် ပြုလုပ်ရန် မတတ်နိုင်ခဲ့ပေ။ လေတိုက်၍ ဖုန်ထသဖြင့် ဖုန်မှုန့်ကလေးများလှုပ်ရှားနေမှု၊ ပင်လယ်တွင် လေမုန်တိုင်းကျသဖြင့် ရေမှုန့်ကလေးများ၏ လှုပ်ရှားနေမှုတို့နှင့် လူမှုတော်လှန်ရေးတစ်ရပ်အတွင်း၌ ပါဝင်ကြသည့်လူများ၏ လှုပ်ရှားမှုများ စကားများ၊ တွေးခေါ်မှုများ၊ စိတ်ဓာတ်များတို့သည် တူညီကြသည်ဟူ၍ သူက ဆိုလေသည်။

ဒိုင်ဒီရော့မှ လွဲ၍ ဟိုးလ်ဘက်ရော အားလုံးသော စက်တော်ဝင်ရုပ်ဝါဒသမားများ

Burma Marxist Learner



ရော မမြင်ခဲ့သည့်အချက်များမှာ အောက်ပါတို့ပင်ဖြစ်၏။ လူသားတို့သည် သဘာဝဖြစ်သည်ဟု ဆိုပါက သဘာဝသည် *အနုမြူများ အမှတ်မထင် ဖွဲ့စည်းနေမှုထက်* ပိုသည်အရာ ဖြစ်ရမည်။ ကျွန်ုပ်တို့သည် သဘာဝဖြစ်ပါက လူနှင့် သူ၏အသိကို သီးခြားဖြစ်သော၊ သဘာဝမဟုတ်သော၊ မူလအစမှ ဖြစ်သည်ဟုဆိုသော အယူဝါဒမှ ထွက်ပေါ်လာသည့် သဘာဝနှင့် ပတ်သက်သော ကျွန်ုပ်တို့သည် သဘာဝဖြစ်ပါက အသိ၊ ကြံရွယ်ချက်၊ အတွေးအခေါ်တို့သည် သဘာဝနှင့် တသီးတခြား မဟုတ်ဘဲ၊ ရုပ်ဝတ္ထုဖွဲ့စည်းမှု၏ တိကျသော အခြေအနေများအောက်တွင်ဖြစ်သော သဘာဝ၏ အသွင်သဏ္ဍာန်များနှင့် ရလဒ်များဖြစ်ရမည်။ ကျွန်ုပ်တို့သည် သဘာဝဖြစ်လျှင် သဘာဝတွင် အနုမြူများချည့်သာ ပါဝင်နေသည် မဟုတ်ဘဲ၊ ပရမာ နုမြူများ၊ ကလပ်စည်းများ၊ ရှုပ်ထွေးနေသော ကလပ်စည်းဆိုင်ရာ အင်္ဂါအစိတ်အပိုင်းများ၊ ဦးနှောက်များနှင့် ဇဟိုအာရုံကြောများ၊ လူများနှင့်လူတို့၏ ပြုမူချက်များသည် ပါဝင်ပေသည်။

ကျွန်ုပ်တို့ လူသားတို့သည် ယူရေနီယံ၊ နျူးကလီးယား အနုမြူများ ကြယ်များနှင့် နဂါးငွေ့တန်းများကဲ့သို့ပင် သဘာဝဖြစ်၏။ ရူပဗေဒတစ်ခုတည်းလျှင် ရုပ်ဝတ္ထုဆိုင်ရာ ဝိဇ္ဇာပညာမဟုတ်။ သတ္တဗေဒ၊ ဆိုက်ကိုလိုဂျီနှင့် နိုင်ငံရေးဘောဂဗေဒ တို့သည်လည်း အလားတူ သဘာဝဆိုင်ရာ ဝိဇ္ဇာပညာရပ်များဖြစ်ကြကာ၊ အရာဝတ္ထုများ၏ သဘာဝ၊ ရုပ်ဝတ္ထု၏ သဘာဝကို ကျွန်ုပ်တို့အား ပြောပြပေသည်။ ပန်းချီဆရာ၏ ဆေးခြယ်ပုံသည် လိပ်ပြာတောင်၏ အရောင်နှင့်တူပုံ၊ ဂီတဆရာ၏ ဂီတသံသည် ကျေးငှက်များ၊ သီချင်းဆိုသံနှင့် တူပုံ၊ အင်ဂျင်နီယာ၏ အိမ်အဆောက်အဦးသည် ပျားအုံ၏ အထပ်ကလေးများနှင့် တူပုံတို့မှာ သဘာဝကျသည်ဆိုသည့် အဓိပ္ပာယ်ပင် ဖြစ်၏။

ဆိုခဲ့သမျှတို့မှာ လူ့သဘာဝနှင့် လူမဟုတ်သော သဘာဝတို့၏ ခြားနားမှုကိုငြင်းဆိုရန်၊ သို့မဟုတ် ဥပေက္ခာပြုရန် မဟုတ်ပေ။ ဤခြားနားမှုသည် အထူးအရေးကြီးပေသည်။ ဤအချက်ကို သတိမပြုလျှင် စက်ဆန်သော ရုပ်ဝါဒအဖြစ်သို့ ပြန်ကျ၍ သွားမည် ဖြစ်၏။ ကျွန်ုပ်တို့ကိုယ် ကျွန်ုပ်တို့ နိမ့်ကျသော သတ္တဝါအဖြစ်သို့ ဤသတ္တဝါများကို သက်မဲ့အရာအဖြစ်သို့ လျှော့ချခြင်းဖြစ်၏။ သွေးစုတ်ချယ်လှယ်သော လူတန်းစားများသည်၊ အရာဝတ္ထုများက သူ့ကိုဆန့်ကျင်နေသည့်အခါတွင်၊ ဤလမ်းကို လိုက်ခဲ့ကြ၏။ အားလုံးအဆင်ပြေနေသည့်အခါတွင်ကား သူသည် သဘာဝနှင့် မဆိုင်တော့ဘဲ *ကမ္ဘာလောကကြီး၏ ထိပ်ပေါ်က* ရှိနေတော့၏။

လူနှင့် သူ၏ အလုပ်အားလုံးတို့သည် ကမ္ဘာလောကကြီးအတွင်းရှိ အခြားအရာများအားလုံးတို့ကဲ့သို့ပင်၊ ဥပမာ တောင်များ၊ ကြယ်များ၊ ပင့်ကူအိမ်၊ ငှက်သိုက်၊ စသည်တို့ကဲ့သို့ပင် သဘာဝ၏ ဖန်တီးချက်ဖြစ်သည် ဆိုခြင်းကို အသိအမှတ်ပြုရန်

လိုပေသည်။ လူတို့သည် အရာဝတ္ထုများကို ပြုလုပ်ရာ၌ လူ့အပြင်ဘက်တွင်ရှိသော၊ သဘာဝက ပြုလုပ်သည့်နည်းမျိုးနှင့် ပြုလုပ်ခြင်း မဟုတ်ကြောင်းကိုလည်း အလားတူ အသိအမှတ်ပြုရန် လိုပေသည်။ သဘာဝအတွင်း၌ လှုပ်ရှားနေသော ရုပ်ဝတ္ထု၏ အဆုံးမရှိ၊ အမျိုးမျိုးကွဲပြားခြားနားသော အဆင့်များ ရှိနေကြ၏။ သဘာဝက တောင်တန်းကြီးလုပ်ပုံ၊ တိရစ္ဆာန်များက သူတို့အဆောက်အအုံ လုပ်ပုံ၊ လူတို့က မြို့ကြီးပြကြီးများကို တည်ကြပုံတို့မှာ လုပ်ပုံခြင်း မတူကြ။ နဂါးငွေ့တန်းထဲမှာ နေစကြဝဠာ ပေါ်လာပြီး၊ အထဲ၌ အသက်ပေါ်လာကာ ဤအရာများအားဖြစ်လာကြ၏။ ဤအရာများ အားလုံးတို့မှာ သဘာဝဖြစ်၏။ သို့ရာတွင် လူသည် တိတိကျကျ မှန်းထားချက်နှင့် အလုပ်လုပ်ပေသည်။

လူသည် ရည်ရွယ်ချက်နှင့် အလုပ်လုပ်၏။ ဤသည်ပင်လျှင် သူ့အား ကျန်သဘာဝအားလုံးနှင့် အရင်းအမြစ်ကနေ၍ ခြားနားစေသည့်အတွက်ကြောင့်ပင်လျှင် လူတို့သည်၊ မိမိတို့ကိုယ်ကို သဘာဝထက်ပိုသည်ဟု အစဉ်အလာက ထင်မှတ်လာခဲ့ကြခြင်း ဖြစ်ကြလေသည်။ သူတို့ မမြင်သည့် အရာမှာ ကျွန်ုပ်တို့သည် ရည်မှန်းချက်နှင့် အလုပ်လုပ်နိုင်သော အစွမ်းရှိခြင်းသည်ပင်လျှင် သဘာဝဖြစ်သည်ဆိုသော အချက်ဖြစ်၏။ ကျွန်ုပ်တို့ကဲ့သို့သော ကိုယ်ခန္ဓာများနှင့်လည်းကောင်း၊ ဆိုင်ရာလူမှုရာဇဝင်နှင့်လည်းကောင်း ဖွဲ့စည်းထားသည့် သတ္တဝါများအဖို့ ရှိနေသော သဘာဝပင်ဖြစ်၏။ ကျွန်ုပ်တို့နှင့် လူမဟုတ်သော သဘာဝတို့အတွင်း ခြားနားချက်ကို အလေးအနက်ပြုသော အဘိဓမ္မာဆရာများသည် စိတ်ဝါဒဘက်သို့ ရောက်ကြ၏။ ကျွန်ုပ်တို့သည် သဘာဝနှင့် ဆက်နေမှုကို အသိအမှတ်ပြုကာ၊ ခြားနားချက်ကို သေးသိမ်အောင် လုပ်လိုသော သူများကား စက်ဆန်သော ရုပ်ဝါဒအတွင်းသို့ ကျရောက်ခဲ့ကြလေသည်။

မာ့က်စ်ဝါဒသည် အလုပ်၏ အစဉ်၊ ကုန်ထုတ်လုပ်မှုကို လူတို့၏ ဘဝအတွက် အခြေခံနှင့် အချက်အချာအဖြစ်ထားရှိခြင်းအားဖြင့်၊ လူနှင့် သဘာဝ ဆက်သွယ်မှုဆိုသော ဤအစဉ်အလာက ဆင်းသက်ခဲ့သော ပြဿနာကို၊ ပထဦးစွာ ဖြေရှင်းခဲ့ပေသည်။ ဤအလုပ်၏ အစဉ်အတွင်း၌ မာ့က်စ်ပြောသကဲ့သို့၊ လူနှင့်သဘာဝနှစ်ခုစလုံး ပါဝင်ကြပေသည်။ မာ့က်စ်က လူအလုပ်လုပ်ပုံကို ဤသို့ပြော၏။ သူသည် သဘာဝ၏ အင်အားစုတစ်ရပ် အနေနှင့် သူ့ကိုယ်သူသဘာဝနှင့် ရင်ဆိုင်ထား၏။ သူသည် သူ၏ အလိုဆန္ဒနှင့် ကိုက်ညီသော ပုံသဏ္ဍာန်၊ သဘာဝ၏ ထုတ်လုပ်မှုကို ပိုင်ဆိုင်ရန် အလို့ငှာ၊ သူ့ခန္ဓာ၏ သဘာဝ အင်အားစုများဖြစ်သောခြေ၊ လက်၊ ဦးခေါင်းတို့ကို လှုပ်ရှား၏။ ဤသို့ အပြင်လောကအပေါ်တွင် လှုပ်ရှားမှုပြုကာ အပြင်လောကသို့ ပြောင်းလဲခြင်းအားဖြင့် သူသည် တစ်ချိန်းတည်း၌ သူကိုယ်တိုင်၏ သဘာဝကို ပြောင်းလဲပေးသည်။

Burma Marxist Learner



အချို့သော မဟာပညာကျော်တို့က ကျွန်ုပ်တို့၏ ခေတ်တွင် ဤပြဿနာကို သူတို့ဖြေရှင်းပြီးပြီဟု ဆိုကြပေမည်။ သဘာဝဓမ္မဝါဒသည် သဘာဝဓမ္မဝါဒနှင့် လူတို့၏ စိတ်ဓာတ် ဆိုသောကျမ်းတွင် တွေ့မြင်နိုင်သည့် အတိုင်း၊ လေးစားထိုက်သော အဘိဓမ္မာပင်ဖြစ်၏။ သို့ရာတွင် ဤကျမ်း၏ အယ်ဒီတာ များကပြောသည်မှာ အခြားသော အဘိဓမ္မာ ရပ်တည်မှုများနှင့် သူတို့ခြားနားသည်မှာ၊ ကမ္ဘာလောကကြီးနှင့် ပတ်သက်၍ သူတို့ တွေ့ရှိချက်ထက်၊ ပစ်ပယ်ချက်များက ပို၍များခြင်းဖြစ်သည်။ ၎င်းမှာ အမှန်စင်စစ် ရှက်သည့်မျက်နှာနှင့် *စိတ်ဝါဒပင်ဖြစ်၏။*

*ဂျွန်ဂျူဝီသည်၊* လူတို့ကို သဘာဝကြီးနှင့် ဟပ်မိအောင် ပြုလုပ်ပေးသူ ရုပ်ဝါဒသမားတစ်ယောက် ဖြစ်သည်ဟုဆို၏။ သို့ရာတွင် အတွေ့အကြုံနှင့် သဘာဝ ဆိုသော သူ၏ စာအုပ်ကို အသေအချာ လေ့လာကြည့်သည့်အခါ၊ သူသည် လုံးဝစိတ်ဝါဒအရရပ်တည်နေသူဖြစ်ကြောင်း တွေ့ရှိရလေသည်။ သူက သဘာဝကို လူတို့၏ စုပေါင်း အတွေ့အကြုံနှင့် တူသည်ဟု ဆို၏။ *ဂျူဝီ၏* အလိုအရ ကျွန်ုပ်တို့သည် သဘာဝကို တွေ့ကြုံရသည်မက မဟုတ်ဘဲ၊ ကျွန်ုပ်တို့၏ အတွေ့အကြုံသည် သဘာဝဖြစ်၏။ ကျွန်ုပ်တို့၏ အတွေ့အကြုံဖြစ်၏။ ဤကား စိတ်ဝါဒပင်ဖြစ်၏။ သဘာဝသည် အဟုတ်ရှိ တကယ်ရှိသော အရာဖြစ်ကြောင်း၊ သဘာဝက ကျွန်ုပ်တို့၏ အတွေ့အကြုံကို ရရှိစေခြင်း ဖြစ်ကြောင်းတို့မှာ မဟုတ်ဟု *ဂျူဝီက* သူ့နည်းနှင့် သူ တစ်နည်းတစ်ဖုံ ငြင်းဆို လိုက်ခြင်းဖြစ်၏။

တွေးခေါ်မှုက ဘဝထက် မူလပထမကျသည်ဟု ဆိုလိုက်ခြင်းဖြစ်၏။ သူသည် ကမ္ဘာလောကကြီးသည် လူ့အရင်တည်ရှိခဲ့သည် ဆိုခြင်းကို ယုံပါသလား ဆိုသော ကိုဟင်၏ အမေးကို ဖြေရန်ငြင်းဆိုခဲ့လေသည်။

*ဘက်ထရန်ရပ်ဆယ်သည်* ရုပ်ဝါဒသမားတစ်ယောက်လိုလို နှစ်ပေါင်း ခြောက်ဆယ်မျှ ထင်ရှား၍ လာခဲ့၏။ သို့ရာတွင် *လွတ်လပ်သော လူတစ်ဦး၏ ကိုးကွယ်မှု* ဆိုသော သူ၏ စောစောပိုင်းက စာတမ်းတစ်ခုအတွင်း၌ သူ၏ အဘိဓမ္မာကို ဖော်ပြခဲ့၏။ သူသည် စက်ဆန်သော ရုပ်ဝါဒ၏ အားနည်းချက်များကို အခွင့်ကောင်းယူ ကာ ရုပ်ဝတ္ထုကို အသိအမှတ်ပြုသော စိတ်ဝါဒကို ကျားကန်ပေးခဲ့၏။ သူ၏ စစ်တမ်းမှာ ဤသို့ဖြစ်၏။ ခေတ်သစ်ဝိဇ္ဇာပညာသည် အဓိပ္ပာယ်မရှိ၊ ရည်မှန်းချက်မရှိသော ကမ္ဘာလောကကြီးကို ကျွန်ုပ်တို့အား တင်ပြထားသည်။ သူက ဤသို့ သင်ကြား၏။

*(လူ၏ အစမူလ၊ သူ၏ ကြီးထွားမှု၊ သူ၏ မျှော်လင့်ချက်များနှင့် စိုးရိမ်မှုများ၊ သူ၏ ကြီးထွားမှု၊ သူ၏ ချစ်မေတ္တာနှင့် ယုံကြည်မှုများတို့သည် မျှော်လင့်ချက်များနှင့် အနုမြူများ၏ အမှတ်မထင် ဖွဲ့စည်းမှုတို့မှ ပေါ်ထွက်လာခြင်းဖြစ်သည်။ မည်သို့သော စွမ်းရည်သတ္တိ၊ မည်သို့သော စိတ်ဓာတ်၊ ခံစားချက်ပြင်းထန်မှုတို့သည်မှ တစ်စုံ*

တစ်ယောက်၏ အသက်ကို သင်္ချိုင်း၏ ဟိုဘက်တွင် ထိန်းသိမ်း၍ မထားနိုင်ပေ။ နှစ်ပေါင်းများစွာ လုပ်ကိုင်လာခဲ့သည့် အလုပ်များအားလုံး၊ ယုံကြည်စွဲမြဲမှုအားလုံး၊ မျှော်မှန်းချက်အားလုံးနှင့် လူတို့၏ ပညာဉာဏ်မီး၊ ရှိန်ရှိန်ညီးမှု ဟူသမျှတို့သည် နေစကြဝဠာ စနစ်ကြီး၏ သုသာန်တစပြင်ကြီး အတွင်း၌ ချုပ်ငြိမ်း ပျောက်ကွယ်ရမည်သာ ဖြစ်ချေသည်တကား။)

ဤကား ထာဝရ ဘုရားသခင်လည်းမရှိ၊ သေပြီးနောက် ဘဝလဲ မရှိတော့ဟု တွေ့ရှိရသော ရပ်ဆယ်၏ ထိတ်လန့်တကြား ပူဆွေးမြည်တမ်းမှုပင်ဖြစ်၏။ သူက "အနန္တတန်ခိုးရှိသော်လည်း အမိုက်တိုက် လွှမ်းနေသော သဘာဝကြီးမှာ ကမ္ဘာလောကကြီးသည် သွင်မတူ မူခြား၍ လူမဆန်သည့် လောကကြီးပင် ဖြစ်တော့သည်" ဟု ဆက်၍ ပြော၏။ သူ့သဘောအရ လူသားတို့ကို ထုတ်လုပ်လိုက်သည့် ရုပ်ဝတ္ထုသည် လူမဆန်သကဲ့သို့ ဖြစ်တော့၏။ သဘာဝသည် ကျွန်ုပ်တို့ကို ဆန့်ကျင်သကဲ့သို့ ဖြစ်တော့၏။ သို့ဖြစ်ရာ ရပ်ဆယ်၏နိဂုံးချုပ်ကာဘာလဲ။ ဤလူမဆန်သော ကမ္ဘာလောကကြီး အတွင်း၌ ကျွန်ုပ်တို့ ဘာလုပ်ကြမည်လဲ။

ဤသို့အားဖြင့် လူနှင့် သဘာဝတို့အတွင်း ထိတ်လန့်ဖွယ်ရာ ဆန့်ကျင်မှုကို ရပ်ဆယ်က ပြဿနာကို ဖြေရှင်းထား၏။ ရုပ်ဝတ္ထု အင်အားစုနှင့် လူတို့၏ လိုလားမှုများ တစ်ခုနှင့် တစ်ခုခြားနားတည်ရှိနေသည်ဆိုသော ဟောင်းဆွေးနေပြီးဖြစ်သော ဝါဒကြီးကို ကိုင်၍ သူက ပြဿနာကို ဖြေရှင်းထား၏။ နောက်ဆုံး၌ မသိမရှိသော ကမ္ဘာလောကကြီးကို ပုံသစ်လောင်းရန် စိတ်ကူးမှုတည်းဟူသော လုံအတွင်း၌ထဲ့နိုင်၍ ပုံသစ်လောင်းရန် ဖြစ်နိုင်ပြီဟု သူကဆို၏။ လူသည် သူ၏ နှစ်သက်လိုလားချက်များက ပုံဖော်ထားသော ကမ္ဘာလောကကြီးကို ထိန်းသိမ်းထားနိုင်သည်ဟု သူက ဆို၏။

ဤကား ကျွန်ုပ်တို့ ခေတ်မှ ထိပ်တန်း အဘိဓမ္မာဆရာကြီးတစ်ဦးက လူနှင့် သဘာဝတို့ ဆက်သွယ်မှုကို ဖော်ပြပုံ ဖြစ်ပေ၏။ အမှန်မှာ ရပ်ဆယ်သည် လူနှင့် သဘာဝတို့ ဆက်သွယ်မှုအကြောင်းကို ပြောနေခြင်း မဟုတ်ဘဲ လူလူချင်း ဆက်သွယ်မှုအကြောင်းကို ပြောနေခြင်းသာဖြစ်၏။ သူသည် လူမှုပြောင်းလဲမှုကို ဆန့်ကျင်ပြီး သူ၏ နှစ်သက်လိုလားချက်များက ပုံဖော်ထားသော ကမ္ဘာလောကကြီးဆိုသော အချက်ကို အကာအကွယ်ယူထား၏။ ၎င်းမှာ ရုပ်ဝါဒ ဟန်ဆောင်မှုသာဖြစ်၏။ အစအဆုံး စိတ်ဝါဒသာ ဖြစ်၏။ မာ့က်စ်ဝါဒ၏ သဘာဝနှင့် ပတ်သက်သော ခံယူမှု၊ သဘာဝအတွင်းရှိ လူ၏ နေရာနှင့် ပတ်သက်သော ခံယူမှုကား ဤသည်နှင့် လုံးဝ ကွဲပြားခြားနားပေသည်။

ထို့ပြင် အမေရိကန်မှ စိတ်ပညာဆရာ ဖရုမ်းသည်လည်း အလားတူပင် လူနှင့် သဘာဝတို့ တစ်ဦးနှင့်တစ်ဦး ဆန့်ကျင်သည်ဟု ယူဆကာ ပြန်လည်ညီညွတ်ရန်

Burma Marxist Learner



ကြိုးစား၏။ သူ၏ အယူအဆအရ ရှေးခေတ်က လူနှင့် သဘာဝတို့သည် ညီညွတ်မှုရှိခဲ့၏။ နောက်ပိုင်းတွင် လူတို့၏ ဆင်ခြင်ဉာဏ်ပေါ်လာသည့် အတွက်ကြောင့်သာ ကွဲပြားလာရခြင်းဖြစ်၏။ ထို့ကြောင့် ဤသို့ဖြစ်ရခြင်းမှာ လူတို့၏ စိတ်သို့မဟုတ် ဆင်ခြင်ဉာဏ်၏ အပြစ်သာဖြစ်၏။ နစ်ရှေးနှင့် ဘတ်ဆန်တို့ကလည်း ဤသို့ပင် ယူဆခဲ့ကြ၏။ ကျွန်ုပ်တို့သည် စဉ်းစားတွေးခေါ်မှု မလုပ်ခဲ့ကြပါက ကျွန်ုပ်တို့၏ ထူးခြားသော လူ့ဆင်ခြင်ဉာဏ်ကိုသာ တိုးတက်ကြီးထွားအောင် မလုပ်ခဲ့ပါက၊ သဘာဝနှင့် ပတ်သက်သော ကျွန်ုပ်တို့၏ ပြဿနာများသည် ဘယ်တော့မှ ပေါ်ပေါက်ခဲ့မိလိမ့်မည် မဟုတ်ပေ။ ကျွန်ုပ်တို့၏ မွေးရာပါ ပင်ကိုယ်စိတ်ကို အသုံးမပြုဘဲ၊ စဉ်းစားတွေးခေါ်မှုကို အသုံးပြုခြင်းသည် ကျွန်ုပ်တို့ မူလအစ ဒုစရိုက်ပင် ဖြစ်သည်ဟု ဘတ်ဆန်က ဆိုလေသည်။

ဖရွမ်း၏ ချဉ်းကပ်မှုသည် ရပ်ဆယ်၏ ချဉ်းကပ်မှုကဲ့သို့ပင် သဘာဝပတ်ဝန်းကျင်နှင့် လူတို့ ဆက်သွယ်ရာ၌ တွေ့ရှိရသည့် အခက်အခဲများကို ဖော်ပြခြင်း မဟုတ်ဘဲ ခေတ်ရှင် လောက၏ ကျဆင်းမှုနှင့် မျှော်လင့်ချက် မရှိမှုတို့ကို ဖော်ပြခြင်းသာ ဖြစ်ပေသည်။

ဤကားလူနှင့် သဘာဝတို့၏ ဆက်သွယ်မှုကို မှန်ကန်စွာခံယူရန် ရာဇဝင် တစ်လျှောက်လုံး မတတ်နိုင်ခဲ့ကြပုံအနက် ယခုခေတ်မှ အကြောင်းအရာနှစ်ခုကို ဖော်ပြခြင်းသာဖြစ်၏။ စင်စစ် ဤသို့မတတ်နိုင်ခြင်းအကြောင်းမှာ လူနှင့် သဘာဝ ဆက်သွယ်ရာတွင် အလုပ်၏ အခန်းကိုလည်းကောင်း၊ လူတို့သည် မိမိတို့ ကိုယ်ကိုရော မိမိတို့၏ ရာဇဝင်ကိုရော ဖန်တီးရာတွင် ကုန်ထုတ်လုပ်မှုအစဉ်၏ အခန်းကိုလည်းကောင်း၊ နားလည်သဘော ပေါက်ရန်အတွက် လူ့အဖွဲ့အစည်းကို အသုံးချရန် မဖြစ်နိုင်ကြောင်း ဖြစ်ပေသည်။ မာက့်စ်နှင့် အိန်ဂျယ်တို့သည် လူနှင့် သဘာဝကို စက်ဆန်ဆန် ခွဲခြားထားသူတို့ကိုလည်းကောင်း၊ ဤနှစ်ခုကို စိတ်ဝါဒအရ ညီညွတ်အောင် လုပ်သူတို့အားလည်းကောင်း သရော်ပြောင်လှောင်ခဲ့လေသည်။ သူတို့က ဤသို့ရေးခဲ့၏။ လူနှင့် သဘာဝတို့၏ ညီညွတ်မှုသည် အစဉ်သဖြင့် ကုန်လုပ်ငန်းအတွင်း၌ တည်ရှိခဲ့၏။ ခေတ်တိုင်းခေတ်တိုင်းတွင် ကုန်လုပ်ငန်းတို့၏ တိုးတက်မှု အဆင့်အတန်းအလိုက် အမျိုးမျိုးသော ပုံသဏ္ဌာန်များနှင့် တည်ရှိခဲ့၏။ လူ၏ သဘာဝနှင့် ဖြစ်သော တိုက်ပွဲသည် သူ၏ ကုန်လုပ်စွမ်းအားစုများ တိုးတက်နှင့် ကိုက်ညီစွာဖြစ်သကဲ့သို့ပင် ဖြစ်၏။

ဤတစ်ကယ့်အစစ်အမှန်ရာဇဝင်၏ အခြေခံကို ဂရုမပြုကြမှုကြောင့် ဘဝ၏ တကယ့်ကုန်ထုတ်လုပ်မှုမှာ ရာဇဝင်နှင့် မဆိုင်သကဲ့သို့ ဖြစ်ကာ သဘာဝနှင့် ရာဇဝင်တို့၏ ပဋိပက္ခဖြစ်ပေါ်လာရခြင်း ဖြစ်သည်ဟု မာက့်စ်နှင့် အိန်ဂျယ်တို့က ဆိုလေသည်။

ဤကားခေတ်သစ် အလုပ်သမားလူတန်းစားက ဆောင်ကြဉ်းခဲ့သည့် အတွေးအခေါ်တော်လှန်ရေး ဖြစ်ပေသည်။ ယခင်က မည်သည့် အဘိဓမ္မာမှ လူနှင့် သဘာဝ

တို့၏ ရာဇဝင်တို့၏ ပဋိပက္ခဖြစ်မှု ပေါ်လာရခြင်းဖြစ်သည်ဟု မာက့်စ်နှင့် အိန်ဂျယ်တို့က ဆိုလေသည်။

ဤကားခေတ်သစ် အလုပ်သမားလူတန်းစားက ဆောင်ကြဉ်းခဲ့သည့် အတွေးအခေါ်တော်လှန်ရေးဖြစ်ပေသည်။ ယခင်က မည်သည့် အဘိဓမ္မာမှ လူနှင့် သဘာဝတို့၏ ဆက်သွယ်မှုအကြောင်းကို ရှင်း၍လည်း မပြီးနိုင်၊ နားလည်း မလည်ခဲ့ကြပေ။ အဘယ်ကြောင့်ဆိုသော သူတို့သည် ကုန်ထုတ်လုပ်မှု အစဉ်ကို လူ့ဘဝ၏ ရုပ်ဝတ္ထုအခြေခံအဖြစ် မမြင်ခဲ့ကြသောကြောင့်ဖြစ်၏။ သူတို့သည် လူနှင့် သဘာဝတို့၏ ဆက်သွယ်မှုကို သဘောတရားရေး အရကြည့်ခဲ့ကြ၏။ စိတ်ကူးနှင့် ကြည့်ခဲ့ကြ၏။

ဤသို့သော ချဉ်းကပ်မှုကို မည်သည့်ခေနှရင် အဘိဓမ္မာဆရာမှ သူ၏ လူတန်းစားဆက်ဆံရေးများကို မပြောင်းလဲဘဲ မပြုလုပ်ရဲပေ။ အလုပ်သည် လူနှင့် သဘာဝတို့၏ ဆက်ဆံရေးတွင် အချက်အချာဖြစ်၏။ ကမ္ဘာလောကကြီး၏ အလုပ်ကို လုပ်နေကြသူများသည် သူတို့တိုက်ပွဲဆင်နေသော သဘာဝအတွင်း၌ စိတ်ကူးယာဉ် ဖွယ်ရာ စေတနာပိုသော ဝိဉာဉ်ကိုလည်း မမြင် သီးခြားကင်းကွာနေသော လူမဆန်သော သဘာဝကိုလည်း မမြင်ပေ။ အပြင် သဘာဝသည် တွန်းကန်သော သဘောရှိသော်လည်း လူတို့၏ ရည်မှန်းချက်များအတွက် အလုပ်လုပ်၍ရသည်ကိုသာ သူတို့တွေ့ရှိရလေသည်။ မြေကြီးသည် မာ၏။ သို့သော် လယ်ထွန်စက်က လွယ်လွယ်ကူကူ နှင့် ထွန်သွား၏။ တစ်ခါတစ်ရံ မိုးခေါင်၏။ သို့သော် "ကျွန်ုပ်တို့သည် ဆည်မြောင်းကန်ချောင်းများ လုပ်ကြသည်။ ကျွန်ုပ်တို့သည် သဘာဝ၏ အခွင့်သာမှုကို စောင့်မနေရ။ သူ့ဆီက လုယူရမည်"ဟု ဆိုဗီယက် ရုက္ခဗေဒပါရဂူ မစ်ချူရင်က ဆို၏။ လူသည် သဘာဝမှ သီးခြားကင်းကွာ၍ မနေ။ သဘာဝ၏ တရားများကို သိရှိပြီး မိမိ၏ ရည်မှန်းချက်များနှင့် ကိုက်ညီအောင် သဘာဝ၏ လမ်းကြောင်းကို ပြောင်းလဲနိုင်ပေသည်။

ဤသို့သော သဘာဝနှင့် လူတို့၏ ဆက်ဆံမှု ခံယူချက်ကို အမြင့်ဆုံးအဆင့်သို့ရောက်အောင် ပြုလုပ်ခဲ့သူမှာ အိန်ဂျယ်ဖြစ်၏။ လူသည် ဤရုပ်ကမ္ဘာကြီး၏ သဘာဝထုတ်လုပ်မှုတစ်ရပ်ဖြစ်လျှင် သူသည် အမှန်ပင် ဤရုပ်ကမ္ဘာကြီးနှင့် ဆိုင်သည်ဟု အိန်ဂျယ်က ဆို၏။ လူသည် သဘာဝက ကိုယ့်ကိုယ်ကိုယ် အသိရှိလာသည့် သတ္တဝါပင်ဖြစ်၏။ ဤကမ္ဘာမြေကြီးပေါ်တွင်ရှိသော လူသည် အစရှိ၏။ အဆုံးရှိ၏။ သို့ရာတွင် ဤကမ္ဘာမှ လူကို ပေါ်ပေါက်စေသည့် အလားတူ လိုအပ်ချက်များအရ အခြားနေရာများ တွင်လည်း လူပေါ်ပေါက်ရမည်ဟု အိန်ဂျယ်က ယုံကြည်ခဲ့၏။

မာ့က်စ်နှင့် အိန်ဂျယ်တို့ မတိုင်မီက မည်သည့် အဘိဓမ္မာဆရာမျှ လူသည် သဘာဝ၊ သဘာဝသည် ရုပ်ဝတ္ထုဖြစ်ကြောင်းကို ဤမျှပြည့်စုံ ရှင်းလင်းစွာ မမြင်ခဲ့ကြပေ။

ဝင်းပြဿနာနှင့် ပတ်သက်၍ အိန်ဂျယ်က ဤသို့ ရေးသားခဲ့၏။

ဤသို့အားဖြင့် ကျွန်ုပ်တို့သည် အောင်နိုင်သူက နိုင်ငံခြားသားများအပေါ်တွင်

အုပ်စိုးသကဲ့သို့၊ သဘာဝ၏ အပြင်ဘက်တွင် ရောက်နေသူကဲ့သို့ သဘာဝကို အုပ်စိုးမှု မပြုလုပ်ကြပေ။ အသွေးအသား ဦးနှောက်တို့နှင့် ဖြစ်သော ကျွန်ုပ်တို့သည် သဘာဝနှင့် ဆိုင်၏၊ သဘာဝ၏ အလယ်တွင်ရှိနေ၏၊ သဘာဝကို ကျွန်ုပ်တို့ ပိုင်နိုင်ခြင်း အကြောင်းမှာ ကျွန်ုပ်တို့သည် အခြားသော သတ္တဝါများထက် သဘာဝအကြောင်းကို သိရှိကာ ၎င်း၏ တရားများကို ကျင့်သုံးနိုင်သည့် အခွင့်အရေးသာနေသောကြောင့် ဖြစ်၏။ ဤအကြောင်းများကို ကျွန်ုပ်သည် ခြေလှမ်းတိုင်း၊ ခြေလှမ်းတိုင်း သတိရနေကြပေသည်။

ထို့အပြင် စင်စစ်အားဖြင့် ကျွန်ုပ်တို့သည် နေ့စဉ်နေ့တိုင်း ဤတရားများကို ပို၍မှန်ကန်စွာ နားလည်ရန် လေ့လာနေကြ၏။ သဘာဝ၏ အစဉ်အလာလမ်းကြောင်းကို ကျွန်ုပ်တို့ စွက်ဖက်ရာ၌ ပေါ်ပေါက်လာသည့် လောလောဆယ် ဖြစ်ပေါ်လာမှု များကိုရော ရှည်ရှည်ဝေးဝေးမှ ဖြစ်ပေါ်လာမှုများကိုရော ကျွန်ုပ်တို့ သိရှိ၍ လာကြ၏။ သို့ရာတွင် ဤသို့ဖြစ်လာလေလေ၊ လူတို့သည် မိမိတို့၏ သဘာဝနှင့် ညီညွတ်မှုကို ခံစားတွေ့ထိရုံမျှမကတော့ဘဲ သိရှိလာလေလေ။ ဤသို့အားဖြင့် အဓိပ္ပာယ်မရှိသော အယူဝါဒသည် ပို၍မဖြစ်နိုင်လာလေလေ ဖြစ်တော့၏။ ဤအယူဝါဒသည် ဥရောပတိုက်တွင် စံတော်ဝင် ရှေးဟောင်းခေတ် ကုန်လွန်ပြီးနောက် ပေါ်ပေါက်၍ လာခဲ့၏။ ဤဝါဒ၏ အဆင့်အမြင့်ဆုံးသော ပုံသဏ္ဍာန်မှာ ခရစ်ယာန်ဘာသာပင်ဖြစ်၏။

ဤသို့အားဖြင့် လူနှင့်သဘာဝတို့၏ ညီညွတ်မှု ပြဿနာမှာ ဖြေရှင်း၍ သွားခဲ့ပြီဖြစ်ရာ တိုးတက်မှုအတွက် အဆုံးအဆမရှိ လက်တွေ့ကျင့်သုံးသွားရမည် ဖြစ်တော့၏။ ဤချဉ်းကပ်မှုအရဆိုသော် အရှုံးပေးသော စိတ်လည်းမရှိနိုင်၊ သဘာဝကတို့အလိုလိုက်ပြီး လုပ်ပေးနေသည်ဆိုသော မှားယွင်းသော တက်ကြွမှုမျိုးလည်း မရှိနိုင်ပေ။ တိုးတက်သည်ထက် တိုးတက်ရရှိလာသော ကျွန်ုပ်တို့အတွက် ဘာဖြစ်နိုင်သည်ဆိုသော ဝိဇ္ဇာပညာအသိနှင့် ကျွန်ုပ်တို့၏ အဆက်မပြတ် တိုးတက်သွားရေးအတွက် ဤကမ္ဘာမြေကြီးကို သင့်တော်သော နေရာအဖြစ် ပြုလုပ်သွားလိုသော ဆန္ဒတို့သာ ရှိပေသည်။

ဤသို့အားဖြင့် သဘာဝနှင့် လူဆက်ဆံရေး၊ ရုပ်နှင့်စိတ်ဆက်ဆံရေးတည်းဟူသော၊ ရှည်ကြာလှပြီ ဖြစ်သော ပြဿနာများမှာ လက်တွေ့ဖြေရှင်း၍ သွားကြပြီးဖြစ်၏။ စုပေါင်းလူသားတို့သည် သူတို့၏ ရည်မှန်းချက်များနှင့် ကိုက်ညီအောင် ကမ္ဘာမြေကြီးကို ပြောင်းလဲပစ်ကြ၏။ သဘာဝကို လူတို့ အကျိုးအတွက် ပြောင်းလဲသည့် ဖြစ်စဉ်အတွင်းမှာပင် ရုပ်ဝတ္ထုကစိတ်ထက် မူလပထမဖြစ်ကြောင်းကို သက်သေ ထုတ်ကြ၏။ လူသည် သဘာဝ၏ မူလပထမဖြစ်မှုကို နားလည်ခြင်း၊ ၎င်းတို့၏ တရားများကို သိရှိခြင်းတို့အားဖြင့်သာလျှင် သဘာဝကို ချုပ်ကိုင်နိုင်ပေသည်။

## အခန်း (၄)

## အသိပညာ၊ လက်တွေ့အလေ့အကျင့်နှင့် အစစ်အမှန်ရှိသော အရာ။

လူ့အဖွဲ့အစည်းတစ်ရပ် တိုးတက်လာသလား၊ သို့မဟုတ် ဖေါက်ပြန်သလား ဆိုသည်ကို အကောင်းဆုံး တိုင်းထွာရန် 'စံ'မှာ ဤလူ့အဖွဲ့အစည်းက အသိပညာနှင့် ဝိဇ္ဇာပညာတို့အပေါ် ဘယ်လိုသဘောထားသလဲဆိုခြင်းဖြစ်၏။ အသိပညာသည် ကောင်းသလား၊ကျွန်ုပ်တို့ အသိပညာ အများကြီးတိုးပြီး ရှိသင့်သလား၊ လူတို့ ကောင်းကျိုးချမ်းသာအတွက် အသိပညာမရှိ မဖြစ်ဘူးလား၊ လိုလားအပ် သလား၊ အသိပညာသည် အဆုံးမရှိ တိုးတက်ကြီးထွား နိုင်သလား၊ သို့မဟုတ် လူတို့၏ အသိပညာသည် အကန့်အသတ် ရှိသလား၊အသိပညာသည် အန္တရာယ်များသလား၊ ကျွန်ုပ်တို့မှာ လောကဓာတ်ဆရာတွေက များနေပြီး ထာဝရဘုရားသခင်ကို ယုံကြည်သူများက နည်းနေသလား။

အဘိဓမ္မာရေးရာတွင်ကား မေးခွန်းများမှာ ဤသို့ဖြစ်၏။ အသိပညာသည် အတွေ့အကြုံမှ လာသလား၊ ကျွန်ုပ်တို့၏ အသိပညာသည် စစ်မှန်ရဲ့လား။ ကျွန်ုပ်တို့၏ ပတ်ဝန်းကျင်မှ ကမ္ဘာလောကကြီးကို အစစ်အမှန် အရောင်ရိုက်ခတ်မှု ဟုတ်ရဲ့လား၊ လက်တွေ့အလေ့အကျင့်၊ အသိပညာ၏ အရင်းမူလ ဟုတ်ရဲ့လား၊ အသိပညာကို စမ်းသပ်သည့် အရာဟုတ်ရဲ့လား၊ အသိပညာကို ရရှိသည့် ဖြစ်စဉ်သည် ထာဝရဘုရားသခင်များလိုဘဲ သဘာဝအလျှောက် ရရှိသည့် ဖြစ်စဉ်သက်သက် ဟုတ်ရဲ့လား၊ ဝိဇ္ဇာပညာက ဘယ်တော့မှ မသိနိုင်သည့်အရာရှိသလား။

ဤပြဿနာများကို နှစ်ပေါင်း ၂၅၀၀ မျှ ဆွေးနွေးငြင်းခုံ၍ လာခဲ့ကြ၏။ ဤပြဿနာများသည် လူတန်းစား တိုက်ပွဲများနှင့် အနည်းနှင့်အများ တိုက်ရိုက်

Burma Marxist Learner



ဆက်သွယ်နေ၏။ ဤပြဿနာများကို ချုပ်လိုက်လျှင် အခြေခံပြဿနာမှာ ဤသို့ဖြစ်၏။ လူသည်ဝိဇ္ဇာပညာရပ်များ၏ နည်းလမ်းများ အကူအညီအားဖြင့် သဘာဝနှင့် လူ့အဖွဲ့စည်းတို့နှင့် ပတ်သက်သော အသိပညာကို ရရှိနိုင်သလား၊ သူ၏ ရည်ရွယ်ချက်များ အောင်မြင်ရန်အတွက် ဤသဘာဝနှင့် လူ့အဖွဲ့အစည်းတို့ကို ချုပ်ကိုင်သွားရန် လည်းကောင်း အသိပညာက တတ်နိုင်စေသလား။ ဟုတ်ပါသည်ဟူသော အဖြေတွင် ကား၊ နည်းမှာ တစ်နည်းတည်းရှိ၏။ မဟုတ်ဟူသော အဖြေတွင်ကား နည်းအမျိုးမျိုး ရှိလေသည်။

ကျွန်ုပ်တို့၏ ခေတ်သစ် အဘိဓမ္မာအတွက် အသိပညာ ပြဿနာတစ်ရပ် ဖြစ်နေခြင်း၊ လွှမ်းမိုးနေသော ယခုခေတ် အဘိဓမ္မာဂိုဏ်းများက အသိပညာ ဆိုသော အရာသည် အမှန်တကယ်ရှိသည် ဆိုချက်ကို သံသယရှိခြင်း၊ သို့မဟုတ် ငြင်းဆိုခြင်း တို့မှာ ရိုးရိုးအလုပ်သမား လူတန်းစား လူတစ်ယောက်အဖို့ အကြပ်ဆုံးပင် ဖြစ်တော့၏။ နယ်ချဲ့ခေတ် ဓနရှင်အဖွဲ့အစည်းများ၏ ချွတ်ခြုံကျမှုမှာ ဤနေရာတွင် အထင်ရှား ဆုံးဖြစ်တော့၏။

လူ့ရာဇဝင် တစ်လျှောက်လုံးတွင် ဖောက်ပြန်သော လူတန်းစားများသည် အသိပညာကို ကျွန်ုပ်တို့ ကမ္ဘာလောကကြီး၏ ရှင်းနေပြီးသားဖြစ်သော အချက်အဖြစ်မှ ပို၍ ဖြေရှင်း၍ မရသော ပြဿနာဖြစ်အောင် ပြောင်းလဲ၍ ပစ်ခဲ့ကြ၏။ အသိပညာများ သည် လက်တွေ့အလေ့အကျင့်နှင့် အနီးစပ်ဆုံးဆက်သွယ်နေသည့် အဖြစ်မှ သဘာဝ တရားရေး နယ်အတွင်းသို့ ရွှေ့ပြောင်းခြင်းခံခဲ့ရ၏။ အသိပညာသည် စားခြင်း၊ သောက် ခြင်း အစားအစာနှင့် အဝတ်အစားတို့ကို ထုတ်လုပ်ခြင်းတို့နည်းတူ သဘာဝကျသော ဖြစ်စဉ်တစ်ခုအဖြစ်မှ လျှို့ဝှက်နက်နဲသော အရာအဖြစ်သို့ ပြောင်းလဲခြင်းကို ခံခဲ့ရ၏။ ဤလျှို့ဝှက်နက်နဲသော အရာသည် လူတို့အတွင်း၌ သူ၏ ကိုယ်ခန္ဓာထဲမှ ရရှိခြင်း မဟုတ်သော ထူးခြားသော တန်ခိုးအစွမ်းလိုလာခဲ့၏။ အသိပညာသည် ကျွန်ုပ်တို့၏ ပတ်ဝန်းကျင်တွင်ရှိသော ကမ္ဘာလောကနှင့် အရာဝတ္ထုများ၏ သဘောသဘာဝ တို့က ကျွန်ုပ်တို့၏ အပြင်ဘက်တွင်ရှိသော အရာများနှင့် စိတ်ပျက်ဖွယ်ရာ ခွဲခြားထားသည့် ကန့်လန့်ကာအဖြစ်သို့ ပြောင်းပစ်ခြင်းကို ခံခဲ့ရ၏။ ဤကား ဖောက်ပြန်သော လူတန်းစား များ၏ အဘိဓမ္မာ၏ လုပ်ဆောင်ရရှိချက်များပင် ဖြစ်တော့၏။

ယခင်က အဘိဓမ္မာများအတွက် အသိပညာသည် ဖြေရှင်းရမည့် ပြဿနာ တစ်ရပ်ဖြစ်ခဲ့၏။ မာက့်ဝါဒအတွက်ကား အသိပညာမှ တိုးတက်အောင် ပြုလုပ်ရမည့် လက်တွေ့အချက် ဖြစ်၏။ နှိုင်းယှဉ်ချက်အားဖြင့် အသိပညာများကို မှန်ကန်စွာ ချဉ်းကပ် မှုမှာ ယခင်က ရာဇဝင်တွင် နှစ်ကြိမ်သာ ပေါ်ခဲ့ဖူး၏။ ၎င်းတို့မှာ အနောက်တိုင်း၌ ဂရိတ် ရုပ်ဝါဒအဘိဓမ္မာဆရာများမှစ၍ ဒီမိုကရစ်တပ်စ်နှင့် အရစ်စတိုတယ်တို့နှင့်

အလစ်အလက်ဇွဒ္ဒရီးယားမှ လောကဓာတ်ဆရာများတို့၏ လက်ထက်တုန်းက တစ်ကြိမ် ဖြစ်၏။ နောက်တစ်ကြိမ်မှာ ပဒေသရာဇ်စနစ် ပြိုကွဲပြီး အရင်းရှင်စနစ် ပေါ်ထွက်လာသည့် နှစ်ပေါင်း နှစ်ရာသုံးရာအတွင်းတုန်းက ဖြစ်၏။ ဤသို့ဆိုခြင်းကြောင့် အရာဝတ္ထု ပစ္စည်းပစ္စယများကလည်းကောင်း၊ တိုးတက်လာသော ကုန်လုပ်ကြိယာ တန်ဆာပလာ များကိုလည်းကောင်း၊ တိုးတက်သိရှိလာမှုသည် အစဉ်သဖြင့်လိုလို ဖြစ်၍မနေဟု ဆိုလိုသည် မဟုတ်ပေ။ အုပ်စိုးသော လူတန်းစားသည် သူ၏ အုပ်စိုးမှုကို ခြိမ်းခြောက်၍ လာသော အသိပညာတိုးတက်မှုကို ကြောက်ရွံ့သည့်အတွက် သူ့လူတန်းစား၏ အကျိုးငှာ သူ၏ လွှမ်းမိုးနေသော အတွေးအခေါ်က အသိပညာကို ချုပ်ချယ်ခြင်း၊ ပစ်ပယ်ခြင်းတို့ကို ပြုလုပ်သည်ဟု ဆိုလိုခြင်းဖြစ်၏။ ကျဆုံးနေသော လူတန်းစားသည် အသိပညာနှင့် ဝိဇ္ဇာပညာတို့ကို သူ့ကျဆုံးမှုကို ဖြစ်စေသည့် အကြောင်းများအဖြစ်မြင်ကာ ပူပင်သောက ရောက်၏။ တက်နေသည့် လူတန်းစားကား ဖရန်စစ်ဘေကွန်ကဲ့သို့ ပုဂ္ဂိုလ်မျိုးကို မွေးထုတ်၏။ ပျက်ကွက်သည်မှာ အသိပညာမဟုတ်ဘဲ ရနိုင်သောအသိပညာကို ရအောင်ပြုလုပ်ပြီး လူတို့၏ တိုးတက်မှုအတွက် ၎င်းအသိပညာကို အသုံးချရန် လူ့အဖွဲ့အစည်း၏ ပျက်ကွက်မှုသာ ဖြစ်သည်ဟု ဘေကွန်က မြင်ခဲ့၏။

အသိပညာကို ရုပ်ဝတ္ထုကျကျ၊ ဝိဇ္ဇာနည်းကျကျ ချဉ်းကပ်နိုင်ရန်အတွက် လူမှုဆိုင်ရာ လိုအပ်ချက်များရှိ၏။ လူတန်းစား လူ့အဖွဲ့အစည်းအတွင်း၌ မိမိကိုယ်ကို လူတန်းစားတစ်ရပ်အနေဖြင့် တိုးတက်အောင် ပြုလုပ်ရန်အတွက် အသိပညာကို အလိုရှိ လှသော လူတန်းစာတစ်ရပ်လို၏။ ဤလိုအပ်ချက်များနှင့် ပြည့်စုံရန်မှာ အောက်ပါ အခြေအနေရှိရမည်ဖြစ်၏။ ၁။ တည်ရှိနေသော စီးပွားရေး ဆက်ဆံမှုများအတွင်း ပဋိပက္ခ ပြင်းထန်လာခြင်း။ ကုန်လုပ်စွမ်းအားစုများ တိုးတက်လာခြင်း။ ၂။ အကြင်လူ လူတန်းစားတစ်ရပ်တည်ရှိခြင်း။ လူ့အဖွဲ့အစည်းအတွင်း၌ ထိုလူတန်းစား၏ အနေ အထားမှာ ကုန်လုပ်စွမ်းအားစုများကို တိုးတက်အောင် ပြုလုပ်ခြင်းအားဖြင့်သာလျှင် မိမိလူတန်းစား၏ အကျိုးစီးပွားကို ဆောင်ရွက်နိုင်မည်ဖြစ်၏။ ရာဇဝင်၌ အကြိမ်အနည်း ငယ်လျှင်သာ ဤလိုအပ်ချက်များကို ရရှိခဲ့ဖူး၏။ သို့ရာတွင် ခေတ်သစ်ပစ္စည်းမဲ့ လူ တန်းစား ရရှိသကဲ့သို့ ဘယ်တုန်းကမှ ပြတ်ပြတ်သားသားမရှိခဲ့ဘူး။ ခေတ်သစ် ပစ္စည်းမဲ့ လူတန်းစားကား အရည်အချင်းအရ အသစ် ဖြစ်သော နည်းအားဖြင့် ဤလိုအပ်ချက်များ ကို ရရှိပေသည်။

အသိပညာသည် *ပြဿနာ*ဆိုပြီး ရှိလာခဲ့ရခြင်းမှာ လူတန်းစားတိုက်ပွဲ ရှိသောကြောင့် ဖြစ်၏။ လူမှုအခြေခံအရ အသိပညာ၏ ရန်သူများရှိနေသောကြောင့် ဖြစ်၏။ စံတော်ဝင် အသိပညာ သဘောတရား တစ်ခုလုံးသည် ရှေးဟောင်းအစွဲအလမ်း များကို လိုသော သွေးခြယ်လှယ်သော လူတန်းစားများနှင့် ကမ္ဘာလောကကြီးကို

Burma Marxist Learner



ပိုမိုချုပ်ကိုင်နိုင်ရန် အတွက် အသိပညာပေးလိုသော တက်နေသော လူတန်းစားတို့ အတွင်းဖြစ်ပွားသော လူတန်းစားတိုက်ပွဲကို အရောင်ရိုက်ခပ်မှုပင် ဖြစ်၏။

အိန်ဂျယ်က ပြဿနာကို ဤသို့ တနည်းတင်ပြထား၏။ *ကျွန်ုပ်တို့၏ ပတ်ဝန်းကျင်တွင် ရှိသော ကမ္ဘာလောကကြီးနှင့် ပက်သက်၍ ကျွန်ုပ်တို့၏ တွေးခေါ်မှုများသည် ဤကမ္ဘာလောကကြီး ကိုယ်တိုင်နှင့် မည်သို့ဆက်သွယ်မှု ရှိနေသလဲ၊ ကျွန်ုပ်တို့၏ တွေးခေါ်မှုသည် တကယ့်လောကကြီး အကြောင်းကို သိနိုင်စွမ်း ရှိပါသလား။ တကယ့်လောကကြီးနှင့် ပက်သတ်၍ ကျွန်ုပ်တို့၏ တွေးခေါ်မှုနှင့် ခံယူမှု အတွင်း၌ အဟုတ်ရှိ တကယ်ရှိသော အရာကိုမှန်ကန်စွာ အရောင်ရိုက်ခတ်မှု ကျွန်ုပ်တို့ ပြုလုပ်နိုင်သလား။*

ဤပြဿနာမှာ အသိပညာနှင့်သာဆိုင်သော ပြဿနာမဟုတ်။ အခြေခံ အကျဆုံးနှင့် အနက်နဲဆုံး ပြဿနာတရပ် ဖြစ်ပေသည်။ စံတောဝင်အဘိဓမ္မ အတွင်း၌ အရေးအကြီးဆုံး မေးလေ့ရှိသည့် မေးခွန်းမှာ ကျွန်ုပ်တို့၏ အသိပညာသည် အာရုံအတွေ့ အကြုံမှ ရရှိခြင်းလား၊ *ကိုယ်တွေ့ဝါဒသို့မဟုတ် စိတ်သက်သက်မှ ရရှိခြင်းလား ဆင်ခြင် ဘုံဝါဒဟူ၍* ဖြစ်၏။ ထို့အပြင် ကျွန်ုပ်တို့၏ ရာစုနှစ်အတွင်း၌ အဘိဓမ္မာနှင့် ပက်သတ်၍ ဆွေးနွေးလေ့ ရှိကြသည့် ဘာသာရပ်တခုမှာ၊ ဖြစ်ကောင်းဖြစ်နိုင်မှု ဆိုသော ဘာသာရပ် ဖြစ်၏။ ကေန်မုချ ဖြစ်မှု ဆိုသောအယူမှာ ခေတ်နောက်ကျသွားပြီ ဖြစ်သောအယူ ဖြစ်သည်ဟူ၍ *ပရက်တစ်ဝါဒသမားများက* ဆို၏။ အမှားနှင့် ပက်သတ်သော သဘောသဘာဝကိုလည်း ဆွေးနွေးကြ၏။ အမှားဆိုသည်မှာ လူတို့ဖြစ်တတ်သည့် သဘောဟု တင်ပြခြင်းထက် လျှို့ဝှက်ဆန်းကျယ်သော အဖြစ်တစ်မျိုးကဲ့သို့ တင်ပြကြ၏။ စံတော်ဝင် အဘိဓမ္မာဆရာများသည် *(ကျွန်ုပ်တို့တွင် တကယ့် ကမ္ဘာလောကနှင့် ပက်သတ်သည့် တကယ့်အသိပညာရှိကြသလား)* ဆိုသော အချက်ကျသည့် မေးခွန်းကိုကား မကိုင်တွယ်လိုကြပေ။

စိတ်ဝါဒသမားများသည်၊ အသိပညာကို လုံးဝ ငြင်းပယ်ပစ်လိုက်ခြင်း မပြုသည့် အခါတွင် အသိပညာကို လျှို့ဝှက်ဆန်းကျယ်မှု ဖြစ်အောင် ကြိုးစားကြ၏။ ပလေတို၊ ဟူးမ်၊ ကန့်နှင့်ဘတ်ဆန်တို့ကား အသိပညာရဖို့အတွက် တကယ့်ကမ္ဘာလောကကြီးသည် မရှိ၊ သို့မဟုတ် ထူးခြားသောဉာဏ် လျှို့ဝှက်နက်နဲသော အတွေ့အကြုံတို့နှင့်သာ ထိုးဖောက်တွေ့နိုင်သည့် လောကကြီးသာ ရှိသည်ဟု ဆိုကြလေသည်။ သို့ရာတွင် နယ်ချဲ့စနစ်ခေတ်အတွင်းရှိ အဘိဓမ္မာဆရာ အများစုတို့ အတွက်ကား ပြောင်ကျသော စိတ်ဝါဒ ရပ်တည်မှုများသည် ခေတ်နောက်ကျကာ တရားသေဆန်နေ၏။ သူတို့က ကျွန်ုပ်တို့သည် တစ်ကယ့်ကမ္ဘာလောကကြီး အကြောင်းကို သိနိုင်သည်ဆိုခြင်းကို ငြင်းဆိုကြ၏။ သူတို့က တစ်ကယ့်ကမ္ဘာလောကကြီး ဆိုတာမျိုး

Burma Marxist Learner



သည်မရှိ၊ ကျွန်ုပ်တို့၏ အတွေ့အကြုံနှင့် အသိပညာကိုလွန်၍ ဟိုဘက်မှာ ဘာမျှမရှိဟု ဆိုကြ၏။

ဤသို့ ငြင်းဆိုကြခြင်း၏ အဓိက ရည်ရွယ်ချက်မှာ ၁။ ကုန်ထုတ်လုပ်မှု၏ အစဉ်နှင့် ၎င်းနှင့်တစ်ပါတည်းဖြစ်သော အတတ်ပညာနှင့် ဝိဇ္ဇာပညာတို့သည် အသိပညာ ရရေးအတွက် တစ်ခုတည်းသောလမ်းဖြစ်ခြင်း၊ ကမ္ဘာလောကကြီးအကြောင်းကို နား လည်ရန်အတွက် တစ်ခုတည်းသောလမ်းဖြစ်ခြင်း ဆိုချက်ကို ငြင်းဆိုရန်။ ၂။ ကုန် ထုတ်လုပ်သော အလုပ်နှင့် လူမှုဆိုင်ရာ အလေ့အကျင့် တို့အားဖြင့်လည်းကောင်း၊ တပါတည်းဖြစ်သော အတွေ့အကြုံနှင့် ဆင်ခြင်တုံတရား တို့အားဖြင့်လည်းကောင်း၊ ကမ္ဘာလောကကြီးနှင့် လူ့အဖွဲ့အစည်းတို့ အကြောင်းကို သိရှိနိုင်၍ ၎င်းတို့ကို ကျွန်ုပ်တို့၏ ရည်ရွယ်ချက်နှင့် ကိုက်အောင် ပြောင်းလဲပစ်နိုင်သည် ဆိုချက်ကိုငြင်းဆိုရန် ဖြစ်ပေသည်။ ဤသို့ ငြင်းဆိုခြင်းများသည် အခြားသူများ၏ အလုပ်ပေါ်တွင် အမှီပြုနေသော ပြောင်းလဲမှု ကို ကြောက်ရွံ့သော၊ သွေးစုပ်သော လူတန်းစား၏ အနေအထားနှင့်လိုအပ်မှုတို့ကို အရောင် ရိုက်ခတ်နေခြင်းသာ ဖြစ်ပေသည်။

မာ့က်စ်မတိုင်မီက ရုပ်ဝါဒသမားများသည် အသိပညာအကြောင်းကို ရှင်းလင်း ဖော်ပြရန် ပျက်ကွက်ခဲ့ကြ၏။ အဘယ်ကြောင့်ဆိုသော် သူတို့သည် မော်စီတုန်း ပြောသကဲ့သို့ "*လူ၏ လူမှုဆိုင်ရာဘဝနှင့် ရာဇဝင်ရေးဖြစ်ပေါ်မှုတို့ကို*"ထည့်မတွက်ခဲ့ ကြသောကြောင့် ဖြစ်၏။ ဤသို့သော ပျက်ကွက်မှုကြောင့်သူတို့သည် "*သိမှုသည် လူမှုဆိုင်ရာ အလေ့အကျင့် အပေါ်တွင်လည်းကောင်း၊ ကုန်ထုတ်လုပ်မှုနှင့် လူတန်းစား တိုက်ပွဲအပေါ်တွင်လည်းကောင်း၊ အမှီပြုနေမှုကို ရှင်းလင်းမပြ*" နိုင်ခဲ့ကြပေ။

သို့ရာတွင် မာ့က်စ်မတိုင်မီက ရုပ်ဝါဒသမားများ၏ ချို့ယွင်းချက်များကို မဆန်းစစ်မီ စိတ်ဝါဒအရ ချဉ်းကပ်မှုများကို ဆွေးနွေးရပေမည်။ ဤချဉ်းကပ်မှုများအနက် သြဇာအကြီးဆုံးမှာ ပလေတိုနှင့် ပလေတိုဝါဒ၏ ချဉ်းကပ်မှုဖြစ်၏။

ပလေတို အလိုအရလည်းကောင်း၊ ပလေတို၏ အစဉ်အလာကို ဆက်ခံလာ ကြသော အနောက်တိုင်း အဘိဓမ္မာ အားလုံး၏ အလိုအရ၎င်း ကျွန်ုပ်တို့သည် အဟုတ်ရှိ တကယ်ရှိသော အရာကိုသိရှိကြ၏။ သို့ရာတွင် သူတို့က သိသည်ဆိုသည့် အရာမှာ လှည့်ဖျားထားသည့် အရာသာဖြစ်၏။ နေ့စဉ် ဘဝအတွေ့အကြုံနှင့် လုံးဝ ကွာဝေး ဆန့်ကျင်သည့် ကမ္ဘာလောကကြီးသာဖြစ်၏။

ပလေတိုသည် ပထမ စားပွဲများ၊ အိပ်ယာများ၊ မြင်းများ၊ ခွေးများစသော ကျွန်ုပ်တို့ ကမ္ဘာ၏ လက်ဆုတ်လက်ကိုင်ရှိသော အရာများကိုစားပွဲဖြစ်မှု၊ အိပ်ယာဖြစ်မှု၊ စသည်ဖြင့် ဤအရာဝတ္ထုများကို အကောင်အထည် မရှိသော ပုံသဏ္ဍာန်များအဖြစ်သို့ ပြောင်းလဲလိုက်၏။ ထို့နောက် ပလေတိုက ကျွန်ုပ်တို့သည် ဤပုံသဏ္ဍာန်များကို

ကျွန်ုပ်တို့၏ စိတ်နှင့်သာ သို့မဟုတ် ဉာဏ်နှင့်သာသိကြ၏။ ကျွန်ုပ်တို့၏ ကိုယ်ခန္ဓာ ကျွန်ုပ်တို့၏ အာရုံဒွါရများနှင့် လုံးဝမဆိုင်ဟုဆို၏။ သို့ဖြစ်ရာ ကျွန်ုပ်တို့၏ အာရုံများသည် အသိပညာအတွက် အကူအညီဖြစ်ခြင်းထက် အနှောင့်အယှက်က ပို၍ ဖြစ်၏။ ကျွန်ုပ်တို့သည် အရာဝတ္ထုများ သို့မဟုတ် အနှစ်သာရများကို ပို၍ သိလာလေလေ သူတို့၏ တကယ့် လက်ဆုပ်လက်ကိုင် ပေါ်လွင်နေမှုကို လျော့၍ သိလာလေလေပင် ဖြစ်တော့သည်ဟု သူက ဆိုလေသည်။ ဥပမာ မြင်းအကြောင်းကို သိရန်ဆိုလျှင် မြင်းဖြစ်ခြင်းကို သိရန်ဖြစ်၏။ မြင်း၏ ပုံသဏ္ဍာန်သို့မဟုတ် အနှစ်သာရကို သိရန်ဖြစ်၏။ မြင်း၏ တကယ်အမှန် တည်ရှိမှု၊ မြင်း၏ အစွမ်းသတ္တိ အသုံးဝင်ပုံ၊ မြင်းဖြစ်ပေါ် တိုးတက်လာသည် တို့ကိုသိရန် မဟုတ်ပေ။ ပလေတို၏ နည်းအရ ကျွန်ုပ်တို့သည် ပို၍ ပို၍ များပြားလာသော အကြောင်းများကို လျော့၍ လျော့၍ သိသွားတော့မည် ဖြစ်ရာ နောက်ဆုံးလုံးလုံး ဘာမျှမရှိမှုကို သိသည့်အဖြစ်သို့ ရောက်သွားပေတော့မည်။

ပလေတို၏ ရုပ်ဝါဒ ဆန့်ကျင်မှု သဘောထား အသိပညာရှိရေးတွင် မြင်မှု၊ ကြားမှုစသော အာရုံများ၏ အခန်းကိုငြင်းဆိုမှုအရ ထင်ရှားစွာ ပေါ်လွင်နေပေသည်။

ဤသို့အားဖြင့် ရှေးကျေးကျွန် လူ့အဖွဲ့အစည်း၏ အကြီးမြင့်ဆုံးသော အဘိဓမ္မာဆရာကြီးသည် အသိပညာကို ကိုယ်ခန္ဓာနှင့် သီးခြား ကင်းလွတ်အောင် ရုပ်ဝတ္ထုနှင့် သီးခြားကင်းလွတ်အောင် လုပ်ထားပေသည်။ အသိပညာမှာ အကောင်အထည်မရှိသော စိတ်သက်သက်၏ အလုပ်ဖြစ်သည်ဟု ယူဆခြင်းအားဖြင့် သူသည် လူ့အဖွဲ့အစည်း အတွင်း၌ အလုပ်တာဝန်ခွဲဝေမှုကို ဖော်ပြခြင်းဖြစ်၏။ ဤအလုပ် တာဝန်ခွဲ ဝေပေးမှုသည် နေ့စဉ်ဘဝ လိုအပ်မှုထက် ကုန်ပိုမိုထွက်ရှိလာမှုနှင့်အတူ ဖြစ်လာခဲ့၏။ နောင်အခါတွင် သွေးစုတ်သော လူတန်းစားကြောင့် ပိုမိုကွဲပြား၍ လာခဲ့၏၊ လူသည် စိတ်နှင့်ရုပ်ဟူ၍ သီးခြားခွဲခြားမှုမှာ လူတန်းစား လူ့အဖွဲ့အစည်း၏ အစောပိုင်းတုန်းက ပေါ်လာခဲ့သော လက်အလုပ်နှင့် ဉာဏ်အလုပ်ခွဲခြားမှုမှနေ၍ ပေါ်ထွက်လာခဲ့ခြင်း ဖြစ်ကြောင်းကို ဖော်ပြခြင်းဖြစ်၏။

သို့ဖြစ်ရာ ပလေတို၏ အသိပညာ သဘောတရားသည် တည်ရှိနေသော လူတန်းစားများကို အရောင်ရိုက်ခတ်ခြင်းဖြစ်လျက် ကျွန်ပိုင်ရှင် လူတန်းစားကို ထောက်ခံသော သဘောတရားဖြစ်၏။ ကျေးကျွန်များနှင့် လက်မှု ပညာသည်များက ရုပ်ဝတ္ထုများကို ကိုင်တွယ်ကာ ကိုယ်ခန္ဓာအလုပ်ကို လုပ်ကြသည့်အခါတွင် သူတို့၏ အရှင်သခင်များက ရုပ်ကမ္ဘာနှင့်မဆိုင်သော ပို၍ အဆင့်မြင့်သော စိတ်အလိုကိုလုပ်ကြလေသည်။ ပလေတို၏ သဘောတရားမှ အသိပညာ သဘောတရားမဟုတ်ဘဲ၊ သွေးစုတ်သော လူ့အဖွဲ့အစည်းကို သန့်စင် မြင့်မြတ်အောင် ပြုလုပ်ပေးသည့် သဘောတရား ဖြစ်ပေသည်။ ယခုခေတ်တွင်လည်း ပလေတို၏ သဘောတရား အစဉ်

အလာ ဆက်လက်၍ ရှိနေသေးခြင်းမှာ ပလေတိုခေတ်ကကဲ့သို့ပင် လူတန်းစား ကွဲပြားမှု ရှိနေသေး ခြင်းကြောင့် ဖြစ်ပေသည်။

ပလေတို၏ သင်္ချာသဘောတရားမှာ ပညာရှိများ ရပ်ကွက်၌ အထူးသဖြင့် ထင်ရှားခဲ့၏။ ပလေတို၏ အလိုအရ သင်္ချာသည်အဆင့်မြင့်ဆုံးသော ဝိဇ္ဇာပညာ ဖြစ်၏။ အဘယ်ကြောင့်ဆိုသော သင်္ချာသည် ရုပ်ဝတ္ထုနှင့် လုံးဝကင်းကွာပြီး ပုံသဏ္ဍာန်များ သက်သက်သာရှိသောကြောင့် ဖြစ်၏။ ထို့ကြောင့် ပလေတိုသည် သင်္ချာပညာကို အာရုံများနှင့် လုံးလုံးမဆိုင်ဘဲ စိတ်ထဲမှထွက်လာသော ပညာအဖြစ် ချီးကျူးဂုဏ်တင်ခဲ့လေသည်။

အာရစ်စတိုတယ်ကား အခြားပြဿနာများမှာကဲ့သို့ပင် အသိပညာနှင့် ပတ်သက်သော ပြဿနာတွင်လည်း ပလေတို၏ ရပ်တည်မှုနှင့် စေ့စပ်ရေးပြုလုပ်ခဲ့၏။ သူသည် ပလေတိုရပ်တည်မှု၏ အထင်အရှား ကန့်ကွက်နိုင်သော အသွင်သဏ္ဍာန်များကို သိမ်မွေ့အောင်ပြုလုပ်ခဲ့သော်လည်း အနှစ်သာရကိုကား ဆက်လက်၍ ခံယူခဲ့လေသည်။သူသည် အသိပညာအရေးတွင် အာရုံများ၏ အခန်းကိုကား ဝန်ခံခဲ့ရ၏။ သို့ရာတွင် လူကို၌ ထူးခြားသော ဉာဏ်မျိုးရှိသည်ဟု သူကဆိုကာ ဤဉာဏ်သည် ကိုယ်ခန္ဓာအာရုံတို့နှင့် သီခြားကင်းလွတ်လျက် အဆင့်မြင့်သော အရာအားလုံးတို့ကို သိရှိသည်ဟု သူကဆိုလေသည်။

အရစ်စတိုတယ်သည် လူတို့၏ သိလိုသောဆန္ဒရှိမှုကို အထူးပင်မြင်ခဲ့၏။ သို့ရာတွင် သူ၏ လူတန်းစား ဆက်ဆံရေးများက အလုပ်လုပ်ခြင်းသည် ကျေးကျွန်များ အတွက်ဖြစ်၍ သိရှိခြင်းသည် အရှင်သခင်များအတွက် ဖြစ်သည်ဟု သူ့အား ဆိုစေလေသည်။ အရှင်သခင်များသည် ဘယ်လို အမိန့်ပေးရမည်ဆိုသည်ကို သိရန်လို၍ ကျေးကျွန်များသည် ဘယ်လိုလုပ်ကိုင် ဆောင်ရွက်ရမည်ကို သိရမည်ဖြစ်၏။ အလုပ်မလုပ်ဘဲ နေနိုင်သော အခြေအနေရှိသူများသည် သူတို့ အိမ်လုပ်ငန်းများတွင်လည်း အစေအခံများရှိသည်ဖြစ်ရာ သူတို့သည် အဘိဓမ္မာရေးရာနိုင်ငံရေးရာ လုပ်ငန်းများကို သိကြပေသည်ဟု သူက ဆို၏။ အရင်းရှင်စနစ်အတွင်း၌ ဤဖြစ်စဉ်သည် ရှိနေပေသည်။

ဤပလေတိုနှင့် အာရစ်ကိုတယ်တို့၏ အသိပညာသဘောတရားသည် အုပ်စိုးသော လူတန်းစားအတွက် ရှေ့နေလိုက်ပေးသည့် စံတော်ဝင် သဘောတရားကြီး ဖြစ်ပေသည်။ ကျွန်ပိုင်ရှင်သည် အလုပ်ကြမ်းလုပ်ရန် မလိုဘဲ ဉာဏ်နှင့်ဆိုင်သော အလုပ်ဟု အဘိဓမ္မာ သို့မဟုတ် နိုင်ငံရေး အလုပ်ကို လုပ်ရမည်ဖြစ်၏။၎င်းမှာ အရင်းရှင်နှင့်လည်း ဆိုင်၏။ သို့ရာတွင် အရင်းရှင်စနစ်၏ တိုးတက်ဖြစ်ပေါ်မှုကြောင့် ပစ္စည်းရှိသော လူတန်းစားအဖို့ ဉာဏ်နှင့်ဆိုင်သော အလုပ်ကိုလုပ်ရန်ဆိုသော ဆင်ခြေသည် မဖြစ်နိုင်

Burma Marxist Learner



တော့ပေ။ အိန်ဂျယ်သည် သူ၏ အိုးအိမ်ပြဿနာဆိုသော ဆောင်းပါး၌ စက်မှုတော်လှန်ရေးကြီးကြောင့် ကုန်လုပ်စွမ်းအားစုများသည် တိုးတက်လာခဲ့ပြီဖြစ်ကြောင်း၊ မည်မျှလောက် တိုးတက်၍ လာခဲ့သနည်းဆိုလျှင် စားသုံးကုန် ပစ္စည်းများမှာ လုံလောက်ရုံမက ပို၍ပင် ထွက်လာခဲ့ပြီးဖြစ်ရာ လူတိုင်းအတွက် အချိန်ပိုရပြီး၊ အုပ်စိုးသောလူတန်းစားက လက်ဝါးကြီး အုပ်ထားခဲ့သော အတတ်ပညာ၊ယဉ်ကျေးမှုတို့မှာ လူ့အဖွဲ့အစည်း တစ်ခုလုံး ကပိုင်သည့် ပစ္စည်းဖြစ်လာနိုင်ပြီဖြစ်ကြောင်း၊ ဤမျှကုန်လုပ်စွမ်းအားစု တိုးတက် လာသည့် အချိန်တွင် အုပ်စိုးသော လူတန်းစားရှိရန် လိုသည်ဆိုသော ဆင်ခြေဟူသမျှ ပျောက်ကွယ်သွားပြီဖြစ်ကြောင်း လူ့အဖွဲ့အစည်း၏ ပညာဉာဏ်နှင့် ပက်သက်သော အလုပ်ကိုလုပ်ရန်အတွက်၊ နေ့စဉ် ကုန်ထုတ်လုပ်မှုကို လုပ်ရန်မလိုသော လူတန်း စားတစ်ရပ်ရှိရမည်ဆိုသော ဆင်ခြေကို၊ လွန်ခဲ့သော နှစ်တစ်ရာခန့်က ပေါ်ခဲ့သည့် စက်မှုတော်လှန်ရေးကြီးက၊ အမြစ်မှနေ၍ ခုတ်ထွင်ဖယ်ရှားပစ်လိုက်ပြီ ဖြစ်ကြောင်း၊ အုပ်စိုးသောလူတန်းစားသည် ကုန်လုပ်စွမ်းအားစု တိုးတက်ရေးကိုရော ဝိဇ္ဇာပညာ အတတ်ပညာနှင့် ယဉ်ကျေးမှုတို့ကိုရော အဟန့်အတား ဖြစ်လာပြီဖြစ်ကြောင်း၊ ကျွန်ုပ် တို့၏ ခေတ်သစ်နေရှင်ထက် ကိုးလိုးကန့်လန့် နိုင်သောလူတန်းစားသည် ဘယ်တုန်းကမှ မရှိခဲ့ဘူးကြောင်း ရေးသားဖော်ပြခဲ့လေသည်။

အရင်းရှင်လောက ပေါ်ထွက်လာစဉ်ကာလ၌ အသိပညာနှင့် ပက်သက်၍ ရပ်တည်မှုကြီး နှစ်ခုသာ ပေါ်လာခဲ့၏။ ဤသို့ပေါ်လာရခြင်း အကြောင်းမှာ ဥရောပတိုက်၊ ပဒေသရာဇ်စနစ်၏ အယူဝါဒဖြစ်သော ပလေတိုဝါဒနှင့် အာရစ်စတိုတယ်ဝါဒတို့သည် ခေနရှင်အာဏာအတွက် လိုအပ်သော အယူဝါဒနှင့် ဆန့်ကျင်သည့်ပြင်၊ တိုးတက်လာသော အတတ်ပညာ၊ စက်မှုလုပ်ငန်းတို့၏ လိုအပ်ချက်နှင့်လည်း ဆန့်ကျင်နေသော ကြောင့်ဖြစ်၏။ အသစ်ပေါ်လာသော ရပ်တည်မှု နှစ်ခုစလုံး တိုးတက်သော ရည်မှန်းချက် များရှိ၍ ရုပ်ဝါဒသဘောနှင့် ပေါ်ထွက်၍လာခဲ့ကြ၏။ ပထမရပ်တည်မှုမှာ ဆင်ခြင်တုံဝါဒ ဖြစ်၏။ ဤဝါဒကို ဆယ့်ခွန်ရာစုနှစ် တုံးက ဒက်ကားတီးစ်က ပြုစုခဲ့၏။ ဒုတိယ ရပ်တည်မှုမှာ ကိုယ်တွေ့ဝါဒ ဖြစ်၏။ ဆယ့်ခွန်ရာစုနှစ် ကုန်ခါနီးတွင် အင်္ဂလိပ်လူမျိုး ရူပဗေဒဆရာနှင့် နိုင်ငံရေး အတွေးအခေါ်သမား ဂျွန်လောကီက ဤဝါဒကို ထူထောင်ခဲ့လေသည်။

ဆင်ခြင်တုံဝါဒနှင့် ကိုယ်တွေ့ဝါဒတို့မှာ တစ်ခုမဟုတ်လျှင် တစ်ခုကိုလက်ခံရမည့် ပုံမျိုးဖော်ထုတ်လေ့ ရှိခဲ့ကြ၏။

သို့ရာတွင် ဤဝါဒနှစ်ခုစလုံး တို့မှာ တစ်ဖက်သတ် ဖြစ်နေကြသည့် အတွက်ကြောင့် မှားယွင်းသည် ဆိုခြင်းကို မာက့်စ်အဘိဓမ္မာက ပထမဆုံး တွေ့မြင်ခဲ့လေသည်။ ဆင်ခြေတုံးဝါဒ အလိုအရ အသိပညာသည် ဆင်ခြေတုံတရားအရ ပေါ်လာခြင်းဖြစ်၏။

အတွေးအခေါ်သည် အာရုံအတွေ့အကြုံအရ ပေါ်လာခြင်း မဟုတ်ပေ။ ၎င်းမှာ အတွေ့အကြုံနှင့် လေ့လာမှုတို့ကို သေးသိမ်သွားအောင် ပြုလုပ်ရာရောက် ပေသည်။ လက်တွေ့ဝါဒမှုကား ဆင်ခြင်တုံတရားသည် ယုံကြည်နိုင်ကောင်းသော အရာမဟုတ်၊ ကျွန်ုပ်တို့၏ အသိပညာသည်၊ ကျွန်ုပ်တို့၏ အာရုံများက တိုက်ရိုက်ခံယူရရှိသမျှသာ ဖြစ်သည်ဟုဆို၏။ ဤသို့အားဖြင့် အသိပညာအားလုံးသည် ကျွန်ုပ်တို့၏ အာရုံများမှ တစ်ဆင့်ပေါ်လာခြင်း ဖြစ်သည်ဆိုသော အချက်ကို ရုပ်ပျက်ဆင်းပျက် ဖြစ်သွားစေပေသည်။ ဤဝါဒနှစ်ခုစလုံးသည် ကုန်ထုတ်လုပ်မှုအစဉ်နှင့် နေ့စဉ် လူတို့၏ လက်တွေ့ဆက်ဆံရေးများတွင် ပါဝင်နေသော အလေ့အကျင့်အပေါ်တွင် အခြေစိုက်ရန် ပျက်ကွက်ခဲ့ကြပေသည်။

*ဒက်စ်ကာတီးစ်*သည် ကက်သလစ် ဘာသာကိုဏ်းဝင် ဖြစ်၍ ခရစ်ယာန်ဘာသာကျောင်းများ၌ ပညာသင်ကြားခဲ့သော်လည်း၊ ကျောင်းတွင် သင်ကြားသော အဘိဓမ္မာ၏ အချည်းနှီးဖြစ်မှုကို ဆန့်ကျင် တော်လှန်ခဲ့၏။ သူသည် အသိပညာတိုးတက်ရေးအတွက် စိတ်အား ထက်သန်စွာ ကြိုးစားခဲ့၏။ သူသည် လက်မှုပညာများနှင့် အခြားသော အလုပ်သမားများ၏ အသိပညာမျိုးကို ထူးထူးခြားခြား မြင်တွေ့ကာ၊ ကောလိပ်ကျောင်းများမှ အာရစ်တိုတယ်ဝါဒနှင့် ၎င်းတို့ခြားနားပုံ ဖော်ထုတ်ခဲ့၏။ ဤကဲ့သို့သော အသိပညာမျိုးနှင့် ဆိုလျှင်၊ လူ့ဘဝသည် မည်သို့စွမ်းဆောင်နိုင်ပုံ ကျွန်ုပ်တို့ကိုယ် *ကျွန်ုပ်တို့ သဘာဝ၏ အရှင်သခင်များ၊ သဘာဝကို ပိုင်ဆိုင်သူများ ဖြစ်အောင် ပြုလုပ်နိုင်ပုံတို့ကို* သူက မြင်တွေ့ခဲ့လေသည်။

ဤသို့သော အပြုလက္ခဏာများ ရှိလင့်ကစား *ဒက်စ်ကာတီးစ်*သည် အမှားကြီးနှစ်ခုကို ကျူးလွန်ခဲ့၏။ ပထမ အမှားမှာ သူသည် ထုံးတမ်းစဉ်လာ ပဒေသာရာဇ် အဘိဓမ္မာကို ပုန်ကုန်ရာ၌ တသီးပုဂ္ဂလဝါဒ အတွင်းသို့ ကျရောက်သွားခဲ့ခြင်း ဖြစ်၏။ ဤဝါဒမှာ သီးခြား လူပုဂ္ဂိုလ်များကိုသာ စိတ်၏ ပြီးပြည့်စုံသော ပုံသဏ္ဍာန်ဖော်ပြရာ အဖြစ် ခံယူသော ဝါဒဖြစ်၏။ သူသည် အသိပညာကို လူ့အဖွဲ့အစည်းနှင့် ခွဲခြားကာ ပုဂ္ဂိုလ်ဆိုင်ရာ ပစ္စည်းအဖြစ်သာယူဆခဲ့၏။ စင်စစ် အသိပညာမှာ လူ့အဖွဲ့အစည်း အတွင်း၌သာလျှင် ပေါ်ပေါက်လာခြင်းဖြစ်၏။

ဒုတိယ အမှားမှာ *ဒက်စ်ကာတီးစ်*သည် စိတ်နှင့် ရုပ်ကို သီးခြားခွဲခဲ့သူ ဖြစ်သည့်အတိုင်း *(အထက်အခန်းတွင် ဖော်ပြခဲ့ပြီး)*အပြင် ကမ္ဘာလောကကြီး အကြောင်းနှင့် ပတ်သက်သော အသိပညာမှာလည်း လူတို့၏ စုပေါင်း အတွေ့အကြုံအပေါ်တွင် မဟုတ်ဘဲ ထာဝရဘုရားသခင် အပေါ်တွင် တည်ရှိနေသည်ဟူသော မလွှဲမရှောင်သာသော အဖြေသို့ဆိုက်ရောက် သွားခဲ့ခြင်းဖြစ်လေသည်။ ကျွန်ုပ်တို့၏ စုပေါင်းအတွေ့အကြုံနှင့် အလေ့အကျင့်တို့က ကျွန်ုပ်တို့၏ အသိပညာ၏ မှန်ကန်မှုကို သက်သေထုတ်ရမည့်

အစား၊ ဒက်စ်ကာတီးသည် ကျွန်ုပ်တို့၏ အတွေ့အကြုံ မှန်သည်ဆိုခြင်းကို အာမခံရန် ဘုရားသခင်လို လာခဲ့လေသည်။ သူကဤသို့သော မေးခွန်းများကို မေး၏။ ကျွန်ုပ်တို့ အာရုံများသည် လည့်စားနေတာတွေ မဖြစ်နိုင်ဘူးလား။ ထို့ကြောင့်ကျွန်ုပ်တို့သည် ရုပ်ကမ္ဘာလောကကြီးအကြောင်းကို သိသော အသိပညာကို ယုံကြည်နိုင်ဖို့အတွက် ပထမဦးစွာ ဘုရားသခင်ကို ယုံကြည်ဖို့ လိုအပ်သည်ဟု သူကဆိုလေသည်။

*ဒက်စ်ကာတီး*စ်သည် *ပလေတိုဝါဒ*နှင့် မတူဘဲ၊ ကျွန်ုပ်တို့၏ အာရုံများကို လည်းကောင်း၊ ဤအာရုံများမှတစ်ဆင့် အသိပညာကို ရရှိသည်ဆိုသော အယူဝါဒကို လည်းကောင်း၊ မှန်ကန်ကြောင်း ပြရန်အတွက်၊ ဘုရားသခင်ကို အသုံးချခဲ့၏။ သူသည် အာရစ်စတိုတယ်ဝါဒနှင့် မတူဘဲ ကမ္ဘာလောကကြီးသည် ရုပ်ဝတ္ထုဖြစ်သည် ဆိုခြင်းကို လည်းကောင်း၊ အသိပညာဆိုသည်မှာ အရာဝတ္ထုများနှင့် ဤအရာဝတ္ထုများ၏ လှုပ်ရှားမှု တရားများကို သိသော အသိအမှတ်ပြုဖြစ်သည်ဆိုခြင်းကိုလည်းကောင်း၊ ထူထောင်ရန် ဘုရားသခင်ကို အသုံးပြုခဲ့၏။ သို့ရာတွင် *ဒက်စ်ကာတီး*စ်သည် *ပလေတို* အစဉ်အလာ ထောင်ချောက်ကို ရှောင်ကွင်း၍ မသွားနိုင်ခဲ့ဘဲ၊ အသိပညာသည် သဘာဝဖြစ်သည်၊ ရုပ်ဝတ္ထုဖြစ်စဉ်ဖြစ်သည်၊ ဆိုသော အချက်ကို မတူထောင်နိုင်ပေ။

ဤသို့အားဖြင့် *ဒက်ကာတီး*စ်၏ အလိုအရ၊ ကျွန်ုပ်တို့သည် တခြားဘာကိုမျှ မယုံကြည်မီ ထာဝရဘုရားသခင်ကို ယုံကြည်ရမည် ဖြစ်၏။ သူ၏ အသိပညာ သဘောတရား၌ သဘာဝအကြောင်းကို သိသော အသိပညာသည် ဘုရားသခင်ကို ယုံကြည်မှု၏ လက်အောက်ခံ ဖြစ်၏။ ဝိဇ္ဇာပညာကို ပဒေသရာဇ်ဝတ်အသင်းနှင့် ၎င်း၏ သင်ကြား ချက်မှ လွတ်ကင်းအောင် ပြုအပ်ရမည်ကို မြင်သော်လည်း၊ သူသည် ဝိဇ္ဇာပညာကို ဘာသာရေးပညာ၏ လက်အောက်ခံအဖြစ် ထားခဲ့၏။ သူသည် အသိပညာအားဖြင့် ကျွန်ုပ်တို့ကိုယ် ကျွန်ုပ်တို့ *သဘာဝ၏ အရှင်သခင်များ* သဘာဝကို ပိုင်ဆိုင်သူများ ဖြစ်နိုင်သည် ဆိုချက်ကို ထူထောင်ရန် ကြိုးစားခဲ့ပါ၏။ သို့ရာတွင် သူသည် သဘာဝ နှင့်စိတ်ကို ခွဲခြားပစ်လိုက်ပုံမှာ အသိပညာသည် ယုံကြည်မှုအပေါ်တွင် အမှီပြုနေ ကြသည်ဟု ပြောလာခဲ့ရတော့၏။ သူသည် အသိပညာကို အလုပ်သမား များ၏ လေ့ကျင့်မှုအရ ရရှိနိုင်သည် ဆိုချက်ကို ထူထောင်ရန်ကြိုးစားခဲ့ပါ၏။ သို့ရာတွင် သူသည် အသိပညာကို ရုပ်ကမ္ဘာမှ လုံးလုံးဖယ်ရှားပစ်လိုက်ပြီ စိတ်သက်သက်၏ အလုပ်ဖြစ်သည်ဟု ဆိုခဲ့ကြပြန်၏။

*ဒက်ကာတီး*စ်အား ရှေ့နောက်မသိသော အချက်များနှင့် ရောပွန်းနေသူ အဖြစ် ဖယ်ရှားထားလိုက်နိုင်ပါ၏။ နောက်ပိုင်း အတွေးအခေါ်သမားများသည် ဤသို့ ဖယ်ရှားထားခဲ့ကြ၏။ ထို့နောက် ဂျွန်လော်ကီ၏ အသိပညာ သဘောတရားကို သံသယ ကင်းစွာနှင့် လက်ခံခဲ့ကြလေသည်။ သို့ရာတွင် အင်္ဂလိပ်ဓနရှင်၏ အယူအဆ ရေးရာ

Burma Marxist Learner



ခေါင်းဆောင်ဖြစ်သော လောကီသည် ဒက်ကားတီးစ် ကဲ့သို့ပင် နေရာတိုင်းတွင် စေ့စပ်ရေးများကို လုပ်ခဲ့ရာ နောက်ဆုံးရှေ့နောက်မညီသော အချက်ပေါင်းများစွာနှင့် အဆုံးသတ်ခဲ့လျက် နောက်ပိုင်း ဖောက်ပြန်ရေး အတွေးအခေါ် သမားများက ဤအချက်များကို ကိုင်ပြီး သူတို့နှစ်ဦးစလုံး၏ ရည်ရွယ်ချက်များနှင့် ကွဲလွဲဆန့်ကျင်သော ရည်ရွယ်ချက်အတွက် အသုံးချနိုင်ခဲ့ကြလေသည်။ သူတို့နှစ်ဦး၏ နောက်ခံကားရော၊ ချဉ်းကပ်ပုံချင်းရော မတူပါဘဲလျက်၊ သူတို့နှစ်ဦး၏ ရှေ့နောက် မညီပုံများ လာ၍ တူနေရခြင်းအကြောင်းကို ရှင်းလင်းရန်မှာ၊ သူတို့ အလုပ်လုပ်ရာတွင်ရှိသော လူတန်းစား ဆက်ဆံရေးများ၊ ထိုအချိန်အခါများတုန်းက ရရှိခဲ့သော ဝိဇ္ဇာပညာအသိ၏ အဆင့်အတန်း၊ သူတို့ ကိုင်စွဲလုပ်ကိုင်ခဲ့ရသည့် အသိဉာဏ်ဆိုင်ရာ သို့မဟုတ် အဘိဓမ္မာရေးရာ (*လက်နက်ကြိယာများကို ထည့်တွက်ရမည်ဖြစ်၏။ ပထမအချက် လူတန်းစား ဆက်ဆံရေးများ*)မှာ အဆုံးအဖြတ်ပေးသော အခန်းက ပါဝင်၏။ အကြောင်းမှကား ဤအချက်က သူတို့သည် သူတို့ရရှိသော ဝိဇ္ဇာပညာအသိကို မည်သို့မည်ပုံ အသုံးပြုသည် သူတို့ရရှိသော ဝိဇ္ဇာပညာအသိကို မည်သို့မည်ပုံ ကိုင်စွဲလုပ်ဆောင်သည်ဆိုချက်ကို အဆုံးအဖြတ် ပေးပေသည်၊ သူတို့သည် အခြေခံ မတူဘဲလျက် အဘယ်ကြောင့် နိဂုံးတွင်လာ၍ တူနေရသည်ဆိုခြင်းကိုလည်း ဤအချက် (*လူတန်းစား ဆက်ဆံရေးများ*) တစ်ခုတည်းကသာ ရှင်းလင်းပြပေသည်။

အစဉ်အလာအရ ကျောင်းများတွင် သင်ကြားလာခဲ့သည်မှာ *ဒက်စ်ကားတီးစ်* နှင့် *လော်ကီ*တို့သည် လုံးဝဆန့်ကျင်သူနှစ်ဦးဖြစ်၏။ *ဒက်စ်ကားတီးစ်*ကို *ဆင်ခြင်တုံဝါဒ* သမား ဟုခေါ်၏။ *လော်ကီ*ကို *ကိုယ်တွေ့ဝါဒ*သမားဟုခေါ်၏။ သို့ရာတွင် သူတို့၏ ရည်ရွယ်ချက်များရော၊ သူတို့၏ အမှားများရော တူညီကြ၏။ ဤအစဉ်အလာနှစ်ခုသည် သွေးစုတ်ခြယ်လှယ်သော လူတန်းစားသစ်တစ်ရပ်ဖြစ်ရန် ကြိုးပမ်းနေသော လူတန်းစား၏ ကိုယ်စားပေါ်ခဲ့ဖူးသမျှတွင် တော်လှန်ရေးအကျဆုံးဖြစ်သည့် အတွေးအခေါ်တစ်ရပ် အဖြစ် ပူးပေါင်း၍ သွားခဲ့၏။ ဆယ်ရှစ်ရာစုနှစ်တုန်းက ပြင်သစ်ရုပ်ဝါဒသမားများ၏ အတွေးအခေါ်ပင်ဖြစ်၏။ *ဒက်စ်ကာတီးစ်*မှာ *လော်ကီ*လက်ထက်မှာကဲ့သို့ ဓနရှင်ဖြစ်ပေါ် တိုးတက်မှု မရင့်သေးမီအချိန်က ပေါ်ခဲ့ပြီးဖြစ်ကြောင်း သတိရမည်ဖြစ်၏။

*ဂျွန်လော်ကီ*သည် အဘိဓမ္မာရာဇဝင်တွင် အသိပညာသဘောတရားနှင့် ပတ်သက်၍ အထင်ရှားဆုံးသော သင်ခန်းစာများကို ပေးထား၏။ သူသည် နှိမ့်ချသူတစ်ဦးဖြစ်၏။ သူသည် အကောင်အထည်မရှိ စိတ်ကူးယဉ်မှုကို၊ စက်ဆုပ်သော လက်တွေ့သမားတစ်ယောက်ဖြစ်၏။ သို့ရာတွင်သူ၏ လက်တွေ့မှာ ကျဉ်းမြောင်း၏။ ပိုက်ဆံရအောင်လုပ်ဖို့အတွက် အာဏာရဖို့တစ်ခုတည်းကိုသာ လိုလားသော လူတန်းစား၏ လက်တွေ့ကျမှုဖြစ်၏။ ကျွန်ုပ်တို့၏ ရည်ရွယ်ချက်များ အောင်မြင်ရန်အတွက်

Burma Marxist Learner



အသိပညာအားလုံးကို ကျွန်ုပ်တို့ရရှိနိုင်သည်ဟု လော်ကီကပြလိုသော ဆန္ဒရှိခဲ့၏။ သို့ရာတွင် ဤသို့ပြရာ၌ သူ၏ နလန်မထူနိုင်သော အမှားကြီးမှာ မသိနိုင်သော အရာရှိသည်ဆိုချက်ဖြစ်သည်။

လော်ကီက ကျွန်ုပ်တို့၏ အသိပညာ လက်လှမ်းမမီနိုင်သော အရာရှိသည် ဟူ၍ ရေးခဲ့၏။ ဤအရာသည် မည်သို့သော အရာမျိုးဖြစ်မည်ဟု တိတိကျကျ ဘယ်နေရာတွင်မှ သူက ကျွန်ုပ်တို့အား ပြောမပြပေ။ သို့ရာတွင် သူသည် သူ၏ စာပေများကို မရေးသားမီ ကျွန်ုပ်တို့ အာရုံများ၏ အခြေခံဖြစ်သော အဟုတ်ရှိ၊ တကယ်ရှိသော အရာဖြစ်သော၊ ရုပ်ဝတ္ထုသည် ကျွန်ုပ်တို့၏ အသိပညာ လက်လှမ်းမီသော အရာဖြစ်သည်ဟူသော အံ့သြတုန်လှုပ်ဖွယ်ရာ တွေ့ရှိချက်ကို ပြုလုပ်လိုက်လေသည်။

မောရစ်ကွန်းဖို့သည် သူ၏ ဝိဇ္ဇာပညာနှင့် စိတ်ဝါဒဆိုသော စာအုပ်အတွင်း၌ ဂျွန်လော်ကီ၏ အသိပညာ သဘောတရား၏ ရှေ့နောက်မညီမှုများ အကျပ်အတည်းများကို ဝေဖန်ဆန်းစစ်တော့၏။

လောကီ၏ လူ့အသိဉာဏ်အကြောင်း စာတမ်း စဟုတ္တနှစ်နောက်ဆုံးပိုင်းတွင် သူ၏ ကြိုးပမ်းချက်များမှာ စိတ်ဝင်စားဖွယ်ရာ အကောင်းဆုံးဖြစ်၏။ ကျွန်ုပ်တို့၏ အာရုံများသည် ကျွန်ုပ်တို့၏ စိတ်အပြင်ဘက်ရှိသော တကယ့်ကမ္ဘာလောက အကြောင်းကိုသိသော တကယ့်အသိကို ပေးသည်ဟု သူက အခိုင်အမာဆိုရန် ကြိုးစား၏။ သူက အရာဝတ္ထုများသည် မည်ကဲ့သို့ ကျွန်ုပ်တို့၏ အာရုံများပေါ်သို့ လာ၍ထင်လာပြီး အာရုံခံစားမှုများ သို့မဟုတ် ကျွန်ုပ်တို့၏ စိတ်များထဲ၌ ပေါ်လာသော အယူအဆများကို ဖြစ်စေကြောင်း ပြခဲ့ပြီးဖြစ်၏။သူသည် လူတစ်ယောက်၏ အာရုံခံစားသော အင်္ဂါ အစိတ်အပိုင်းများပေါ်သို့ အရာဝတ္ထုများက ထိတွေ့သည့်အခါ အပြင်တွင် ရှိနေသည့် ပုံကဲ့သို့ဖြစ်သော အယူအဆများက ထိုသူ၏စိတ်ထဲသို့ ဝင်ရောက် သွားပုံကို စောင့်ကြည့်နေခဲ့၏။ အယူအဆများအားလုံး ဝင်ရောက်ပြီးသောအခါ လော်ကီသည် အသာ စောင့်ကြည့်နေခဲ့သော စိတ်ထဲသို့သွားပြီး သူ့နောက်က တံခါးကို ပိတ်လိုက်လေသည်။ ယခုအခါ သူသည်အမျိုးမျိုးသော အယူအဆများ၊ တန်ဆာဆင်ထားသော စိတ်ကို တွေ့ရလေပြီ။ သို့ရာတွင် ယခုအခါ သူသည် အပြင်ထွက်၍ အယူအဆများနှင့် ဆက်သွယ်နေသည် တစ်စုံတစ်ရာရှိသည်ဟု မည်ကဲ့သို့ သိနိုင် ပါသနည်း။ ကျွန်ုပ်တို့ တတ်နိုင်သမျှမှာ ကျွန်ုပ်တို့၏ အယူအဆများကို တစ်ခုနှင့်တစ်ခု နှိုင်းယှဉ် ကြည့်ရုံသာဖြစ်တော့သည်ဟု သူကဆိုလေသည်။ ကျွန်ုပ်တို့၏ အသိပညာကသာ ၎င်းတို့ အကြောင်းကို သိခြင်းမှာ ထင်ရှားတော့သည်ဟု သူက နိဂုံးချုပ်လိုက်တော့သည်။

လော်ကီသည် တစ်ခန်းပြီး တစ်ခန်း ဤပြဿနာကို အကြိတ်အနယ် ဆွေးနွေး

တင်ပြသွား၏။ ကျွန်ုပ်တို့၏ အသိပညာသည် ကျွန်ုပ်တို့၏ အယူအဆများကို ကျော်လွန်၍ သွားရမည်။ သို့ရာတွင် အယူအဆများသည်သာလျှင် ကျွန်ုပ်တို့ အသိ ပညာ၏ *လောလောဆယ် အရာဝတ္ထုများဖြစ်နေရာ ၎င်းတို့ကို မည်ကဲ့သို့ ကျော်လွန်၍ သွားနိုင်ပါမည်နည်း*။ စိတ်သည် အရာဝတ္ထုများကို ချက်ချင်းသိသည်မဟုတ် စိတ်ထဲတွင် ရှိနေသော အယူအဆများက ဝင်၍ ပြောမှသာလျှင်သိခြင်း ဖြစ်ကြောင်းမှာ ထင်ရှား၏။ ထို့ကြောင့် ကျွန်ုပ်တို့၏ အယူအဆများနှင့် တကယ်တည်ရှိနေသော အရာဝတ္ထုများကို ကိုက်ညီမှသာလျှင် ကျွန်ုပ်တို့၏ အသိပညာသည် မှန်ကန်ပေသည်ဟု သူက ရေးထား၏။ သို့ရာတွင် ဤသို့ ကိုက်ညီ၏၊ မကိုက်ညီ၏ဆိုသည်ကို ကျွန်ုပ်တို့သည် မည်ကဲ့သို့ ပြောနိုင်ပါမည်နည်းဟု လော့ကီက မေးလိုက်၏။ သူသည် အမျိုးမျိုး အကာအကွယ်ယူခြင်း၊ ကုလားဖန်ထိုးခြင်း၊ စေ့စပ်ခြင်းများကို ပြုလုပ်လေတော့သည်။ နောက်ဆုံး၌ သူက ကျွန်ုပ်တို့သည် ကျွန်ုပ်တို့၏ အမြင်ရှိသော အရာဝတ္ထုများ မသိနိုင်၊ သို့ရာတွင် *အသိပညာဆိုသော အမည်နှင့် ထိုက်တန်သော အာမခံချက်တစ်ခုကား* ရှိသည်ဟု သူကဆို၏။ ၎င်းမှာ ထာဝရဘုရားသခင် ဖြစ်သည်ဟု သူကဆိုလေသည်။ ဤသို့အားဖြင့် လော့ကီသည် သူ၏ *ပင်ကိုအသိဉာဏ်ကိုရော*၊ ရုပ်ဝါဒအရ စတင်ချဉ်းကပ်မှုကိုရော ဖျက်ဆီး၍ ပစ်လိုက်လေသည်။ *ဒက်စ်ကာတီးစ်* အစပြုခဲ့သော နေရာတွင် လော့ကီက အဆုံးသတ်လိုက်၏။ ဒက်စ်ကာတီးစ်သည် သူ၏ အသိပညာ ဆန်းစစ်ချက်ကို အစပြုရန်အတွက် ဘုရားသခင်ကို လိုခဲ့၏။ လော့ကီကား အဆုံးသတ်ရန်အတွက် ဘုရားသခင်ကို လိုခဲ့လေသည်။

ဤနေရာတွင် အထူးသတိပြုရန် အချက်နှစ်ချက်ရှိ၏၊ ပထမအချက်မှာ လော့ကီ၏ အစပြုချက် ရည်ရွယ်ချက်ကိုလည်းကောင်း၊ သူ၏ အဆုံးသတ်ချက်တို့အကြား ခြားနားချက်ရှိခြင်း ဖြစ်၏။ ရှေ့နောက်မညီဖြစ်နေခြင်း ဖြစ်၏။ အစကောင်း၍ အနှောင်း သေချာခြင်းဖြစ်၏။ အသိပညာသည် သဘာဝဖြစ်စဉ်ဖြစ်သည်။ ၎င်းသည် အရာဝတ္ထုများက ကျွန်ုပ်တို့၏ အာရုံခံစားသော အင်္ဂါအစိတ်အပိုင်းများ (*ဒွါရများ*) ပေါ်သို့ ထိတွေ့ရာမှစ၍ ပေါ်လာခြင်းဖြစ်သည်ဟူသော အချက်ကို သက်သေထုတ်ရန် လော့ကီသည် ရဲရင့်စွာ အစပြုခဲ့၏။ သို့ရာတွင် နိဂုံးချုပ်၌ကား ကျွန်ုပ်တို့၏ အာရုံများကို ကျွန်ုပ်တို့ ယုံကြည်စိတ်ချနိုင်အတွက် ကျွန်ုပ်တို့၏ အပြင်ဘက်တွင်ရှိနေသော ကမ္ဘာလောကကြီးကို သိသော အသိပညာရှိဖို့အတွက် ဘုရားသခင်၏ အကူအညီနှင့် ကျွန်ုပ်တို့ ဆွဲဆောင်ရမည်ဟု သူက သူရဲဘောကြောင်စွာ ဆိုထားလေသည်၊ အချို့သော ခေတ်ရှင်ပညာတတ်များသည် ဤရှေ့နောက် မညီမျှမှုကို မြင်ခဲ့ကြ၏။ သို့ရာတွင် ဤသို့ ဘာကြောင့်ဖြစ်ရသည်ကို မည်သူမျှ ရှင်းလင်းရန် မကြိုးစားကြ၊ ရှင်းလင်းရန်လည်း မတတ်နိုင်ကြပေ။ ဒုတိယအချက်ကား လော့ကီနှင့် ဒက်စ်ကာတီးစ်တွင် အခြေခံ

Burma Marxist Learner



တူညီသည် ဆိုသောအချက်ဖြစ်၏။ ထိုအချက်ကို ပညာကျော် အဘိဓမ္မာဆရာများသည် လုံးဝလောက် ဥပက္ခာပြု၍ ပြု၍ ထားခဲ့ကြလေသည်။

အဘယ်ကြောင့် ဤပုဂ္ဂိုလ်ကြီး နှစ်ဦးစလုံးသည် ခိုင်မာသော အသိပညာသဘောတရားတစ်ရပ်ကို မယူဆောင်နိုင်ခဲ့ကြပါသနည်း။ သူတို့နှစ်ဦးစလုံးသည် တိုးတက်သူများဖြစ်ကြ၏။ ဝိဇ္ဇာပညာတိုးတက်ရေးဘက်က မားမားရပ်ခဲ့ကြ၏။ သူတို့သည် လူတို့၏ အသိပညာ တိုးတက်ပြီး ကမ္ဘာလောကကြီးကို လူတို့က စိုးမိုးချုပ်ကိုင်နိုင်ရန် ကြိုးစားခဲ့ကြ၏။ သူတို့သည် ဉာဏ်စွမ်းထက်မြက်သော ပုဂ္ဂိုလ်ကြီး များပင်ဖြစ်ကြ၏။ သို့ရာတွင် သူတို့သည် ပန်းတိုင်သို့မရောက်ခဲ့ကြပေ။

ခေတ်သစ်အဘိဓမ္မာ၏ အကြီးမြင့်ဆုံး ပုဂ္ဂိုလ်ကြီးနှစ်ဦး ဖြစ်ကြသော ဒက်စ်ကာတီးနှင့် လော်ကီတို့သည် အသိပညာကို လူမှုအစဉ်တစ်ရပ်အဖြစ် နှစ်ဦးစလုံး မမြင်နိုင်ခဲ့ကြပေ။ သူတို့သည် အသိပညာကို သူတို့၏ ခေါင်းများထဲ၌လောက်သာလျှင် တွေ့မြင်ခဲ့ကြလေသည်။ ဘာသာရန်ရပ်ဆယ်က ဤသို့ပြော၏။ အသိပညာသဘောတရားတွင် အရေးကြီးသော ကတ္တားခန်းရှိသည်။ ၎င်းက “ကျွန်ုပ်သိတယ်ဆိုတာ ဒါကို ကျွန်ုပ် ဘယ်လိုသိသလဲ”ဟု မေးကာ မရှောင်မလွှဲသာဘဲ လူပုဂ္ဂိုလ်အတွေ့အကြုံ၌ အစပြုထား၏။ မူလဟု အခြေခံမှာ ကိုယ့်ကိုယ်ကိုယ် မဏ္ဍိုင်ပြုထား၏။

ဤတသီးပုဂ္ဂလဝါဒ ဤကိုယ့်ကိုယ်ကိုယ် မဏ္ဍိုင်ပြုထားသော ချဉ်းကပ်မှုမှာ ထိုးထွက်လာသော ခေတ်သစ်အတွေးအခေါ်၏ အထွေထွေ တသီးပုဂ္ဂလဝါဒ၏ မရှောင်မလွှဲသာသော ဘက်တခုဖြစ်၏။ ထို့ကြောင့်အသိပညာမှာ ရှင်းမရနိုင်သော ပြဿနာ ဖြစ်လာခဲ့ခြင်းဖြစ်၏။

ရုပ်ဝါဒသမား ဘာသာရေးသမားဖြစ်သော ဂက်ဆန်ဒီကမူ အယူအဆများသည် လူပုဂ္ဂိုလ် မည်သူမည်ဝါ တစ်ဦးတစ်ယောက်၏ ကြိုးစားချက် သက်သက်ကြောင့် ပေါ်ထွက်လာကြခြင်း မဟုတ် လူ့အဖွဲ့အစည်းထဲမှ ပေါ်ထွက်ခြင်းဖြစ်သည်ဟုဆို၏။ ကိုယ့်ကိုယ်ကိုယ်မလွဲ၍ တစ်ခြားဘာကိုမျှ အသိအမှတ် မပြုခြင်းသည် မမှန်ကြောင်း သူက အကိုးအကားများနှင့် ပြခဲ့၏။

ဤမာ့က်စ်ဝါဒ ချဉ်းကပ်မျိုးမှုကိုကား ဥပေက္ခာပြု၍ ထားခဲ့ကြလေသည်။ ဤချဉ်းကပ်မှုသည် အသိပညာ၏ လူမှုဆိုင်ရာ သဘာဝကို အသိအမှတ်ပြုခဲ့၏။ ဒက်စ်ကာတီးစ်နှင့်လော်ကီတို့၏ ချဉ်းကပ်မှု အနှစ်သာရမဲ့ပုံနှင့် ချို့ယွင်းချက်များ ရှိပုံတို့ကို ဖွင့်ပြခဲ့၏။ ဒက်စ်ကာတီးစ်နှင့်လော်ကီတို့သည် အသိပညာဆိုသည်မှာ လူ့အဖွဲ့အစည်း အတွင်း၌သာလျှင် ကုန်ထုတ်လုပ်ရေးနှင့် ဆက်ဆံရေးတို့၏ လိုအပ်ချက်အတွင်း၌ သာလျှင် ပေါ်ပေါက်လာ၍ အစဉ်ရှိသော အရာဖြစ်ပုံကို မမြင်နိုင်ခဲ့ကြပေ။ လော်ကီက သူသည် အသိပညာ၏ မူလအစ တိကျသေချာမှုနှင့် အတိုင်းအတာတို့ကို စူးစမ်းရှာဖွေ

သည်ဟု ဆို၏။ သို့ရာတွင် သူသည် လူတို့၏ ရှေးဟောင်းခေတ်မှစ၍ ယဉ်ကျေးမှု ပေါ်ထွက်လာမှုကို မူလအစ အဖြစ်မယူဘဲ၊ သူသည် လောကကြီးအလယ်တွင် အထီးထီးရှိသူကဲ့သို့ သူ့ခေါင်းထဲမှ အသိပညာ၏ မူလအစကို ယူခဲ့လေသည်။

သူသည် အသိပညာ သဘောတရားကို တစ်ဦးချင်း ပုဂ္ဂိုလ်ဆိုင်ရာ ဆိုက်ကိုလိုဂျီ စိတ်ပညာနှင့်ရောရှ၍ နေကာ လူ့အသိသည် "*အစကနဦးကတည်းကပင် လူမှုဆိုင်ရာ ထုတ်လုပ်မှု ဖြစ်၍ လူတို့ တည်ရှိနေသမျှ ကာလပတ်လုံး တည်ရှိနေသည်*" *(မာ့က်စ်နှင့် အိန်ဂျယ်)*ဆိုခြင်းကို နားမလည်ခဲ့ပေ။

လူတို့သည် အခြားအရာများ အားလုံးထက် ကိုယ့်ကိုကို ပို၍သိသည် ကိုယ့်ကိုယ်ကိုယ် အလျှင်သိသည်ဟု ထင်မြင်ကြခြင်းမှာ အသိပညာ၏ လူမှုဆိုင်ရာ သဘာဝကို ဥပေက္ခာပြုသည့် သဘောပင်ဖြစ်၏။ ဒက်စ်တီးစ်နှင့် လော်ကီတို့ နှစ်ဦး စလုံးက သူတို့သည် တစ်စုံတစ်ယောက်၊ တစ်စုံတစ်ရာတို့ကို မသိမီ သူတို့ကိုယ် သူတို့ သိသည်။ သူတို့ စိတ်များထဲတွင်ရှိသော အယူအဆများနှင့် အာရုံခံစားမှုများကို သိသည်ဟု ဆို၏။ ထိုအဆိုနှင့်ပတ်သက်၍ ဆယ့်ခုနစ်ရာစုနှစ်တွင် ပေါ်ခဲ့သော ဂက်ဆန်ဒီကပင်လျှင် မှန်ကန်စွာ ချေပခဲ့၏။ သူက ဒက်စ်ကာတီးစ်ထံ ရေးသားသော စာ၌ ကိုယ့်ကိုထက် အခြားအရာများကို ပို၍ လွယ်ကူရှင်းလင်းစွာ ခံယူနိုင်စွမ်းရှိကြောင်း၊ တစ်စုံတစ်ယောက်သည် ကိုယ့်ကိုယ်ကို မှန်ထဲတွင် မျက်စေ့နှင့်မြင်သည့်အတိုင်းသာလျှင် သိနိုင်ကြောင်း၊ မှန်မရှိလျှင် ကိုယ့်ကိုယ်ကိုယ်သိရန် မျှော်လင့်ချက်မရှိကြောင်း ဖော်ပြခဲ့၏။ သို့ရာတွင် သူက ဤမှန်မှာ ဘာဖြစ်သည် ဆိုခြင်းကို မပြောပေ။ သူ့စိတ်ထဲတွင်ကား ဘာကို ဆိုလိုခြင်း ဖြစ်ကြောင်းရှိပေသည်။ မာ့က်စ်က ဤမှန်၏ သဘောကို သိခဲ့၏။ ၎င်းမှာ အခြားလူများဖြစ်၏၊ သူက အရင်းကျမ်း၌ ဤသို့ရေးခဲ့၏။

*(တစ်နည်းတစ်ဖုံ ဆိုရလျှင် လူသည် ကုန်ပစ္စည်းများနှင့် တူ၏။ သူသည် လောကကြီးထဲသို့ သူ့လက်ထဲတွင် မှန်ကိုကိုင်ပြီး ရောက်လာသည်မဟုတ်၊ "ငါ ဖြစ်သည်" ဆိုရုံနှင့် လုံလောက်သော အဘိဓမ္မာဆရာမျိုးအနေနှင့်လည်း ရောက်လာ သည်မဟုတ်။ သို့အတွက် လူသည် ပထမအခြားသူများ အတွင်း၌ ကိုယ့်ကိုယ်ကိုယ် မြင်ရ၏။ သိရ၏။ ပီတာသည် သူ့ကိုသူ လူတစ်ယောက်ဖြစ်ကြောင်းပြောနိုင်၏။)*

ဒက်စ်ကာတီးစ်နှင့် လော်ကီနှစ်ဦးစလုံးကပင်၊ ကျွန်ုပ်တို့သည် ကိုယ့်ကိုယ် ကိုယ် ပထမသိပြီးနောက်မှ အခြားအရာများကို သိကြသည်ဟု ပုံသေယူဆ ထားခဲ့ ကြ၏။ လော်ကီက ကျွန်ုပ်တို့သည် ကျွန်ုပ်တို့၏ အာရုံများအကြောင်းကို အခြားအရာ များထက် အရင်သိသည်။ ပို၍ သိသည်ဟုဆို၏။ သို့ရာတွင် အတွေ့အကြုံ အတွင်း၌ ကျွန်ုပ်တို့သည် ကျွန်ုပ်တို့၏ ပတ်ဝန်းကျင်တွင်ရှိသော အရာဝတ္ထုများနှင့် တိုက်ရိုက် ဆက်သွယ်မှု ရှိကြ၏။ အကျိုးဆက်အားဖြင့်သာလျှင် ကျွန်ုပ်တို့သည် အရာဝတ္ထုများကို

တွေ့ကြုံရသည်၊ စုစုပေါင်းဖြစ်စဉ်၏ အဆင့်တစ်ရပ်အဖြစ် အာရုံများကို တွေ့ရှိကြပေသည်။

အသိပညာ၏ လူမှုအရင်းအမြစ်နှင့် သဘောသဘာဝတို့ကို မြင်ရန်ပျက်ကွက်ခြင်းသည် အသိပညာ၏ သဘောတရားနှင့် ပတ်သက်၍ စံတော်ဝင်ချဉ်းကပ်မှုတစ်ရပ်လုံးတွင် တွေ့ရသည့် ပထမအခြေခံအမှားဖြစ်၏။ အသိပညာကို လူမှုရေးအရ မမြင်ခြင်းသည် ရာဇဝင်ရေးရာအရ မမြင်ခြင်းပင်ဖြစ်ရာ အသိပညာကို ရာဇဝင်အရ မကြည့်သည့်အခါ အသေတည်ရှိနေသကဲ့သို့ စိတ်ဝါဒဆန်စွာ ဆန်းစစ်ကြတော့မည်မှာ သေချာနေ၏။ လီနင်ပြောသကဲ့သို့ အသိပညာ သဘောတရားသည် ၎င်း၏ ဘာသာရပ်ကို ရာဇဝင်အရ သဘောထားရမည်။ အသိပညာ၏ မူလအစနှင့် ဖြစ်ပေါ်တိုးတက်ပုံ၊ မသိမှုမှ သိမှုကို ကူးပြောင်းပုံ၊ တို့ကို လေ့လာရမည် အချုပ်သဘောကို ယူရမည်။

ဒုတိယအမှားမှာ အသိပညာကို စိတ်ကူးတွေးခေါ်မှု အဖြစ်သာ သဘောထားခြင်းဖြစ်၏၊ လော်ကီနှင့် ဒက်စ်ကာတီးစ်တို့သည် သဘောတရားရေးအရ အသိပညာကို လက်တွေ့ကျသော ချဉ်းကပ်မှုရှိခဲ့သော်လည်း လက်တွေ့အရမူ အသိပညာကို အလုပ်ဖြစ်စဉ်နှင့်ဆက်စပ်၍ မပေးနိုင်ခဲ့ကြပေ။ လူသားတို့ သို့မဟုတ် စိတ်က တစ်ဖက်မှာရှိပြီး သဘာဝနှင့် ကမ္ဘာလောကကြီးတို့က အခြားတစ်ဖက်က ရှိနေကြတော့၏။ သူတို့သည် ဤအရာနှစ်ခုကို မည်မျှလောက် ခွဲခြားထားခဲ့ကြသနည်းဆိုလျှင် မည်သည့်အခါ၏ ဆက်စပ်၍ မပေးနိုင်ခဲ့ကြတော့ပေ။ သဘောတရားနှင့် လက်တွေ့မှာ အဆက်ရှိဖြစ်နေတော့၏။ သူတို့သည် အသိပညာကို လူတို့မှ နေ့စဉ်ဘဝအတွက် ခွဲခြား၍မရသော လိုအပ်ချက်တစ်ရပ်အဖြစ် မကြည့်ဘဲ ကျွန်ုပ်တို့အတွက် ရှိချင်ရှိ မရှိချင်နေမည့် အပိုပစ္စည်းတစ်ခုအဖြစ် ကြည့်ခဲ့ကြ၏။ လော်ကီက ကျွန်ုပ်တို့သည် ကျွန်ုပ်တို့၏ အာရုံများ ရှေ့မှောက်၌ တကယ်ရှိနေသော အရာမှလွဲ၍ ဘာကိုမျှ မသိနိုင်ဟုဆို၏။ အဓိပ္ပာယ်မှာ ကျွန်ုပ်တို့သည် ယခု မြင်နေကြားနေကျ၊ အရသာခံနေ၊ အနံ့ခံနေရ သည့်အရာက လွဲ၍ အခြားဘာကိုမျှ မသိနိုင်ဟူ၍ဖြစ်၏။ ဤကဲ့သို့ ကျွန်ုပ်တို့၏ အာရုံများအပေါ် အမှီပြုမှုသည် "ကျွန်ုပ်တို့အား ဝိဇ္ဇာပညာကို မဟုတ်ဘဲ အသုံးဝင်မှုကို ပေးပေလိမ့်မည်ဟု သူက နိဂုံးချုပ်လိုက်လေသည်။ သဘာဝဝိဇ္ဇာပညာ မရှိနိုင်ဟု သူက သံသယဖြစ်လာ၏။ ဤနည်းအားဖြင့် လက်တွေ့ကို သဘောတရားမှ ခွဲလိုက်ပြီး အသုံးဝင်မှုကို ဝိဇ္ဇာပညာ" ခွဲလိုက်လေသည်။ ဤကား ပရက်မက်တစ်ဇင်းဝါဒ၏ အရင်းအမြစ်ပေတည်း။ ဂျူဝီ၏ အဘိဓမ္မာတစ်ရပ်လုံးမှာ လော်ကီ၏ အခက်အခဲကို ပို၍ကြီးအောင် လုပ်ထားခြင်းဖြစ်၏။ ဂျူဝီ၏ မူမှာ ကျွန်ုပ်တို့၏ အတွေးအခေါ်များနှင့် ဝိဇ္ဇာပညာမှ ကောက်ချက်များမှာ ကျွန်ုပ်တို့၏ ပတ်ဝန်းကျင်တွင် ရှိသော ကမ္ဘာလောကကြီးကို သိသည့် အသိပညာမဟုတ်ဘဲ အနာဂတ်အတွေ့အကြုံကို

Burma Marxist Learner



စုဆောင်းဖို့အတွက် အသုံးဝင်သော ''ကြိယာများ'' သာဖြစ်သည်ကို ဆိုသောမူဖြစ်၏။

''စိတ်''ကို လူမှုရေးရာဇဝင်အပိုင်းမှလည်းကောင်း၊ လူတို့၏ သူတို့ဘဝ လိုအပ်ချက်များကို ထုတ်လုပ်ရေးအတွက် သဘာဝနှင့် ဆက်ဆံရေး၊ လူလူချင်း ဆက်ဆံရေးအစဉ်မှလည်းကောင်း၊ ခွဲထုတ်ကာ ကျွန်ုပ်တို့နှင့် တသီးတခြား ဖြစ်သော ကမ္ဘာလောကကြီးကို ကြည့်ရှုသူအဖြစ် ပြောင်းလဲပစ်လိုက်သည်နှင့် တစ်ပြိုင်နက် ဒက်စ်ကာတီးစ်၊ လော်ကီ၊ ဂျူဝီတို့၏ နိဂုံးချုပ်မျိုးမှ လွဲ၍ အခြားမဖြစ်နိုင်ပေ။ ဤကား စံတော်ဝင် အဘိဓမ္မာအားလုံး၏ အကျပ်အတည်းပင်ဖြစ်တော့၏။ ဒိုင်ဒီရော့သည် သူ၏ ထွက်ပေါက်ကို တွေ့သလောက်နည်းနည်းဖြစ်ခဲ့၏။ ဟီးဂဲလ်ကား၊ ဤအခက် အခဲကို လွန်မြောက်ပြီး ကျွန်ုပ်တို့၏ အသိပညာကို တကယ့်ကမ္ဘာလောကကြီးကို သိသော တကယ့်အသိအဖြစ် ထူထောင်ခဲ့ပါ၏။ သို့ရာတွင် သူသည်၊ ဤအချက်ကို စိတ်ဝါဒအရသာ ထူထောင်ခဲ့၏။ အပြင်ဘက်တွင်ရှိသော လောကကြီးသည် ပထမဦးစွာ အားဖြင့် စိတ်သို့မဟုတ် နာမ်၏ ထုတ်လုပ်မှု ဖြစ်သည်ဟု သူက ဆိုခဲ့လေသည်။ သို့ဖြစ်ရာ သူသည် ပြဿနာကို မဖြေရှင်းနိုင်ခဲ့ပေ။

ဒက်စ်ကာတီးစ်နှင့် လော်ကီတို့ကား ကမ္ဘာကြီးကို အလုပ်စဉ်အားဖြင့် ပြောင်း လဲရာတွင် ပါဝင်သူများ အဖြစ်မဟုတ်ဘဲ ကမ္ဘာကြီးကို စူးစမ်းလေ့လာသူများ အဖြစ် တည်ရှိ နေကြ၏။ သူတို့နှစ်ဦးအတွင်း ခြားနားချက်မှာ လော်ကီကအကောင်အထည်မဲ့ စဉ်းစားတွေးခေါ်ရုံနှင့် မကျေနပ်ဘဲ၊ ဖူးဝါးဘက်နှင့် ပတ်သက်၍ မာ့က်စ် ပြောခဲ့သကဲ့သို့ အာရုံခံစား၍ စိတ်ကူးမှုကို ပြုလုပ်ခြင်းဖြစ်၏။ သို့ရာတွင် သူသည် ကျွန်ုပ်တို့ အာရုံများ၏ အတွေ့အကြုံဖြစ်သော အာရုံခံစားမှုကို လက်တွေ့လူတို့အလုပ် ပုံသဏ္ဌာန်တစ်ရပ် အဖြစ် မခံယူနိုင်ခဲ့ပေ။

လော်ကီတို့ လွန်ပြီးနောက်တွင်ကား အကျပ်အတည်းဖြစ်၍ လာခဲ့၏။ တကယ့် ကမ္ဘာလောကကြီးကို သိသောအသိပညာ ကျွန်ုပ်တို့တွင် ရှိသည် ဆိုချက်ကို သက်သေ ထုတ်ရန်အတွက် လော်ကီတွေ့ခဲ့ရသော အခက်အခဲများသည် နောင်သူ့အား ဆက်ခံ သူများအဖို့ တကယ့်အသိပညာရှိနိုင်သည် ဆိုချက်ကို ငြင်းဆိုရန် အခွင့်အလမ်းများ ဖြစ်၍ လာခဲ့လေသည်။ ဘာကဲလေးနှင့်ဟူမ်းတို့တွင် လော်ကီ၏ ဓနရှင်တော်လှန်ရေး ရည်ရွယ်ချက်မျိုးမရှိတော့ဘဲ၊ နောက်ထပ် တစ်စုံတစ်ရာ တိုးတက်မှုနှင့် တစ်စုံတစ်ရာ တော်လှန်ရ ပြောင်းလဲမှုတို့ မဖြစ်အောင် တားဆီးထား ရန်သာ ကြိုးစားခဲ့ကြလေသည်။ သူတို့အဖို့ အသိပညာသည် အပြင်ကမ္ဘာလောကနှင့် ကျွန်ုပ်တို့၏ ဆက်ဆံမှုကို ဖော်ပြချက် အရာဝတ္ထုတို့အကြား ကာထားသည့် ကန့်လန့်ကာ ဖြစ်လာတော့၏။

ဆယ့်ရှစ်ရာစုနှစ်တုန်းက ပေါ်ခဲ့သော ပြင်သစ်ရုပ်ဝါဒသမားများသည် အသိ ပညာ ပြဿနာကို ဖြေရှင်းရန်မကြိုးစားခဲ့ကြပေ။ ပြဿနာရှိသည်ဟူ၍ပင် အသိအမှတ်

မပြုခဲ့ကြပေ။ သူတို့သည်၊ လော်ကီ၏ *ကိုယ်တွေ့ဝါဒ*ကိုယူပြီး သူတို့၏ တော်လှန်ရေး ရည်ရွယ်ချက်အရ ရုပ်ဝါဒ ကျသော ကမ္ဘာအမြင်တရပ်ကို ထူထောင်ရန် ကြိုးစားခဲ့ကြ၏။ သူတို့၏အမြင်အရ လော်ကီသည် အခြေခံအချက် တစ်ခုကို ထူထောင်ခဲ့၏။ ၎င်းမှာ အသိပညာသည် ကျွန်ုပ်တို့၏ အာရုံ တွေ့ထိချက်များမှသာ တစ်ဆင့်လာခြင်းဖြစ်၍ အာရုံ တွေ့ထိချက်များမရှိလျှင် ကျွန်ုပ်တို့ စိတ်များထဲ၌ အယူအဆများ မရှိနိုင်ဆိုသော အချက်ဖြစ်၏။ သို့ရာတစ်ွင် သူတို့အထဲတွင် ဉာဏ်အကြီးဆုံးဖြစ်သော *ဒိုင်ဒီရော့*က လော်ကီ၏ အာရုံတွေ့ထိချက်များနှင့် ရုပ်ဝါဒကမ္ဘာ အမြင်တစ်ခုလုံးတို့အကြား ခြားနားမှု ရှိသည်ဆိုချက်ကို မြင်ခဲ့လေသည်။ သို့ရာတွင် အဘိဓမ္မာ၌ ပြတ်သားသော တော်လှန် ပြောင်းလဲမှုကို လုပ်ရန်လိုခြင်းကိုမူ မမြင်ခဲ့ပေ။ လူတန်းစားလူ့အဖွဲ့အစည်းက လုပ်ကိုင်သော အသိပညာပြဿနာကို ဖြေရှင်းရသည် စက်မှုအလုပ်သမားလူတန်းစား ပေါ်ထွက်လာခြင်းနှင့်အတူ သဘောတရားအရ ပြဿနာသက်သက်မျှသာ မကတော့ဘဲ လက်တွေ့ ပြဿနာ ဖြစ်လာခဲ့လေပြီ။

*ဟူမ်းဝါဒ* ဖြစ်ပေါ်လာပုံကို အထက်အခန်းတွင် ဖော်ပြခဲ့ပြီးဖြစ်၏။ ဤနေရာတွင် အသိပညာ ပြဿနာနှင့် ပတ်သက်၍ ဖော်ပြရပေမည်။ *ဟူမ်းဝါဒ* နည်းစနစ်၏ အခြေခံအချက်မှာ ရှင်း၏။ ၎င်းမှာ ဤသို့ဖြစ်၏။ ကျွန်ုပ်တို့ သိတာဟူသမျှတွင် ကျွန်ုပ်တို့ အသိပညာ၏ အပြင်ဘက်တွင်ရှိသော အရာကို မသိ၊ ကျွန်ုပ်တို့၏ အယူအဆများကိုသာ သိ၏။ ကျွန်ုပ်တို့၏ အာရုံထိတွေ့ချက်များနှင့် အယူအဆများကား၊ အသိပညာ၏ အရောင်ရိုက်ခတ်မှုဖြစ်၏။ *လောကဓာတ်ဆရာများ၏ တွေ့ရှိချက်များမှာ တွေ့ရှိချက်များ လုံးဝမဟုတ် တီထွင်မှုများသာ ဖြစ်သည်*ဟူ၍ နယူးရော့တိုင်း အယ်ဒီတာ့အာဘော်က ဆိုထား၏။

ဤကား နယ်ချဲ့စနစ်ဘက်မှ ရှေ့နေလိုက်နေသူများ၏ ဉာဏ်ပညာပင် ဖြစ်တော့၏။ သူတို့သည် ကမ္ဘာကြီးကို မကြီးစိုးနိုင်တော့သည့် အတိုင်း ဤကမ္ဘာကြီးသည် သူတို့၏စိတ်များ အပြင်ဘက်တွင် မတည်ရှိဟု ဆိုလာကြတော့၏။ ဤအချိန်တွင် ဝိဇ္ဇာပညာမှာ တဟုန်ထိုး တိုးတက်နေရာ အနုမြူအင်အားကိုပင် ထုတ်လုပ်နိုင်သည်အထိ ဖြစ်လာခဲ့၏။ သို့ပါလျက် ပထမဆုံးအနုမြူဗုံးဖောက်ခွဲစဉ်က ဝိဇ္ဇာပညာ၏ အဘိဓမ္မာ ဆရာတယောက်က ယခုအခါ *ရုပ်ဝတ္ထုသည် ကမ္ဘာလောကကြီးထဲမှ ပျောက်ကွယ်သွားနိုင်ပြီ၊ လူကို အီနာဂျီ ခေါ် စွမ်းအားကြီးအဖြစ်သို့ ပြောင်းလဲပစ်နိုင်ပြီ*ဟူ၍ ပြောခဲ့၏။

ဤကား ယနေ့ ကောလိပ်နှင့် တက္ကသိုလ် ကျောင်းသားများကို သင်ကြားနေပုံဖြစ်၏။ ဤကား ပညာတတ်များ၏ အနုမြူခေတ် ဘိန်းမှိုင်း၏ အသစ်ဖြစ်၏။ ဤဘိန်းမှိုင်းသည် အဘိဓမ္မာနှင့် ဝိဇ္ဇာပညာကို စွဲကပ်နေ၏။ ဤသို့စွဲကပ်နေရသည် အကြောင်းကို အဘိဓမ္မာနှင့် ဝိဇ္ဇာပညာတို့ အတွင်းတွင်ရှာ၍ တွေ့ရမည်မဟုတ်ဘဲ၊

Burma Marxist Learner



နိုင်ငံရေးနှင့် စီးပွားရေးတို့ အထဲတွင်သာ ရှာ၍တွေ့ရမည်ဖြစ်၏။ ခေနရှင် ပညာတတ်များသည် မာ့က်စ်ဝါဒကို နှိမ်နင်းရန်အတွက် ဤလက်နက်မှာ အကောင်းဆုံး ဖြစ်ကြောင်းကို တွေ့ခဲ့ကြ၏။ ရုပ်ဝတ္ထု တကယ်တည်ရှိမှုနှင့် ကြောင်းကျိုးဆက်စပ်မှုတရားတို့ကို ယုံကြည်ခြင်းသည် ခေတ်နောက်ကျသွားပြီဟု ဆို၏။ မာ့က်စ်ဝါဒသမားများသည် *တရားသေဝါဒသမားများ* ဖြစ်သည်ဟုဆို၏။

ယခုခေတ် *ပေါ်ဇတစ်ဗစ်ဇင်းဝါဒ*၏ ပုံသဏ္ဌာန်အမျိုးမျိုး အကြောင်းကို ဤနေရာတွင် အသေးစိတ် ရေးသားဖော်ပြရန် မလိုပေ၊ *ဟူမ်းဝါဒ*အကြောင်းကို လီနင်နှင့် မောရစ်ကွန်းဖို့တို့က အပြည့်အစုံ ဝေဖန်ရေးသားခဲ့ကြပြီးဖြစ်၏။

အောက်ပါ ကောက်နှုတ်ကိုးကားချက် လေးခုသည် ဟူမ်းဝါဒ၏ အဆီအနှစ်ပင်ဖြစ်၏။

၁။ ကျွန်ုပ်သည် နက္ခတ္တဗေဒပညာကို တကယ်မယုံကြည်ပါ ဤပညာသည် လူနှင့်တိရစ္ဆာန်တို့၏ အာရုံထိတွေ့ချက်အတိုင်းကို ရှုပ်ထွေးစွာ ဖော်ပြထားချက်သာ ဖြစ်ပါသည်။ *(ရမ်စေး)*

၂။ နက်ဖြန် နေထွက်လာလိမ့်မည်ဆိုခြင်းမှာ စိတ်ကူးတွေးဆချက်မျှသာ ဖြစ်ပါသည်။ ဆိုလိုသည်မှာ နက်ဖြန် နေထွက်မထွက်ကို ကျွန်ုပ်တို့ မသိပါ၊ တစုံတရာသည် အခြား တစုံတရာ၏ ဖြစ်ခဲ့မှုကြောင့် မလွဲမသွေ ဖြစ်ရမည်ဆိုခြင်းသည် မရှိပါ။

လောဂျစ်သဘောအရ မလွဲမသွေ ဖြစ်မှုသည် သာလျှင် ရှိပါသည်။ ကမ္ဘာလောကကြီးနှင့် ပတ်သက်၍ ခေတ်သစ်အမြင်တခုလုံး၏ အောက်ခြေတွင် သဘာဝတရားဆိုသော အရာများအရ သဘာဝဆိုင်ရာအသွင်လက္ခဏာများ ဖြစ်နေကြသည်ဟု မှားယွင်းစွာ မှတ်ထင်နေမှုသည် တည်ရှိနေပါသည်။ *(ဝစ်ဂျင်စ်တိန်)*

၃။ လူများက နေကို မြင်ကြသည့်အခါတွင် အဘယ်ကြောင့် ကျွန်ုပ်တို့သည် သူတို့၏စိတ်ထဲတွင် ပေါ်လာချက်များ အပြင်ဘက်၌ နေရှိသည်ဟု ယုံကြည်သင့်ပါသနည်း၊ ကျွန်ုပ်တို့သည် 'နေကိုမြင်သည်''ဟု ခေါ်ဆိုနိုင်သည် အတွေ့အကြုံမျိုးကို ရရှိစေသည် အခြေအနေများကို ပြဋ္ဌာန်းသော တရားများသာရှိသည်ဆိုခြင်းမှာ မဟုတ်ဟု အဘယ်ကြောင့် ယုံကြသင်ပါသနည်း။ *(ဘက်ထရန် ရပ်ဆယ်)*

၄။ ပရက်မက်တစ်ဝါဒသမား အဘိဓမ္မာဆရာများသည် ဤနေရာတွင် ဖော်ပြထားသော ဝိဇ္ဇာပညာတွေ့ရှိချက်၏ သဘာဝဆိုသော အယူအဆကို မတီထွင်ခဲ့ကြပေ။ ဥပမာ ဂျူဟမ်းသည် လွန်ခဲ့သော နှစ်ပေါင်းများစွာတုန်းက ဤသို့ ဆိုလိုရာရောက်သော အမြင်မျိုးကို တင်ပြခဲ့၏။ ဝိဇ္ဇာပညာသည် တွေ့ရှိချက်များသည် ရိုးရိုးတွေ့ကြုံရသော အရာတို့ကို ပူးပေါင်းဆက်စပ်ပေးရန်အတွက် အမှတ်အသား ပြုထားသော ပုံစံများဖြစ်သည်။ ဤအရာများသည် ကြိုတင်တွက်ဆချက်များဖို့ အထစ်အငေါ့

မရှိအောင် လုပ်ရန်နှင့်ပဲ့ကိုင်ရန်အတွက် ပုံစံများ ဖြစ်ကြသည်ကို အခြားသူများက ယူဆခဲ့ကြ၏။ *(ဌျန်ဂျူဝီ)*

ဤကား နှစ်ဆယ်ရာစုနှစ်အတွင်း ဥရောပနှင့် အမေရိကတို့တွင် လွှမ်းမိုးနေသည့် အဘိဓမ္မာအနွယ်ဖြစ်၏။ အထက်ပါကောက်နုတ်ချက်များမှ ပထမအပိုဒ်ရမ်းစေးက ဝိဇ္ဇာပညာရပ်များသည် အရာဝတ္ထုများ၏။ သဘာဝနှင့် ပတ်သက်၍ ဘာမျှ မဖော်ပြဘဲ ကျွန်ုပ်တို့၏ အာရုံတွေ့ထိချက်များကို ရောမွှေစုပေါင်းထားခြင်းသာ ဖြစ်သည်ဟု ဆို၏။ ငြုလ်များနှင့် ကြယ်တာရများသည် တကယ်တည်ရှိကြသည် မဟုတ်ဘဲ၊ ကျွန်ုပ်တို့၏ အာရုံမျှသာ ဖြစ်သည်ဟုဆိုလျှင် တိရစ္ဆာန်များသည် ကျွန်ုပ်တို့၏ အပြင်ဘက်တွင် မည်ကဲ့သို့ တည်ရှိနိုင်ပါမည်နည်း။ သို့ဖြစ်ရာ ရမ်းစေး၏ စာပုဒ်၌ *(တိရစ္ဆာန်များ၏ အာရုံ)*ဟု ဖော်ပြထားရာ တကယ်မတည်ရှိသော အရာ၏ အာရုံသည် မည်ကဲ့သို့ တည်ရှိနိုင်ပါသနည်း။ ချုပ်လိုက်လျှင် ရမ်းစေး၏ အလိုအရ ဝိဇ္ဇာပညာရပ်များသည် ကျွန်ုပ်တို့၏ အာရုံများကို ပူးပေါင်းပေးသည့် နည်းလမ်းများမျှသာဖြစ်၏။ သို့မဟုတ် ကျွန်ုပ်တို့၏ အာရုံများကို ဖော်ပြခြင်းမျှသာဖြစ်၏။

ဒုတိယ စာပုဒ်၏ အဆိုမှာ နက်ဖြန် နေထွက်မည်ဆိုသည့် ပြဿနာသည် လုံးဝစိတ်ကူးတွေးဆချက်ဖြစ်၏။ ဤအဆိုမှာ သဘာဝကျ၏။ အဘယ်ကြောင့်ဆိုသော် နေရှိသည်ဆိုခြင်းကိုပင် အသိအမှတ် မပြုသောကြောင့်ဖြစ်၏။ နက်ဖြန် နေထွက်မည်မှာ မရှောင်မလွှဲသာ မဟုတ်သလို လူ့လောကတွင်လည်း ဆိုရှယ်လစ်စနစ်မှာ မရှောင်မလွှဲသာ မဟုတ်တော့ ၎င်းမှာ ကျဆုံးနေသော နယ်ချဲ့စနစ်၏ တောင်းဆိုချက်ပင် ဖြစ်တော့၏။ ဘာမဆိုဖြစ်နိုင်သည်ဟု ဟုမ်းဝါဒသမားများက ဆိုကြ၏။ သို့ရာတွင်ဘာမျှ ဖြစ်ရမည် မဟုတ်သည့်အတွက် လက်ရှိစနစ်သည် အဆုံးအဆမရှိ ဆက်လက်တည်နေရတော့မည်ကဲ့သို့ ဖြစ်တော့၏။

ဟုမ်းနှင့် သူ့နောက်လိုက်များ အားလုံး၏ အဘိဓမ္မာ၏ အခြေခံမှာ လောကကြီးအတွင်း၌ မရှောင်မလွှဲသာ ဖြစ်ရသည်ဆိုသော တရားသည် မရှိဟု ငြင်းဆိုခြင်းဖြစ်၏။ အဖြစ်အပျက်တစ်ခု သို့မဟုတ် အဖြစ်အပျက် တစ်စုတို့ကို တစ်စုံတစ်ရာ မရှောင်မလွှဲသာဘဲ ဖြစ်ပေါ်လာအောင် ပြုလုပ်ပေးသည့် ကြောင်းကျိုးဆက်စပ်မှု တရားသည် မရှိဟု ငြင်းဆိုခြင်းဖြစ်၏။ ကြောင်းကျိုးဆက်စပ်မှုတရားသည် ဝိဇ္ဇာနည်းကျသော ရုပ်ဝါဒကျသော အမြင်ပေါ်ပေါက်လာမှုနှင့် ခွဲခြား၍မရ။ ဤအမြင်တိုးတက်ဖြစ်ပေါ်မှုအတွက် မရှိမဖြစ်။ ကြောင်းကျိုး ဆက်စပ်မှုတရား မရှိလျှင် အရာဝတ္ထုများ၏ သဘာဝအကြောင်းကို သိသော တကယ့်အသိသည် မရှိနိုင်ပေ။ ဟူမ်းဝါဒသမားများ အလိုအရ အသားအရေခြောက်ခမ်းသော ရောဂါသည် အစာအဟာရ မလုံလောက်သောကြောင့် မဟုတ်၊ အကျပ်အတည်းများသည် အရင်းရှင်စနစ် သဘာဝထဲမှာကိုက

ပါဝင်နေသော အရာများမဟုတ်။ ခလုပ်နှိပ်လိုက်ခြင်းသည် မီးကို လင်းလာစေသည် မဟုတ်၊ ဤ အဖြစ်အပျက်များကို ကျွန်ုပ်တို့၏ အတွေ့အကြုံများအရတွေ့ရလျှင် ၎င်းတို့မှာ စိတ်ဝင်းစားစရာကောင်းရုံ သက်သက်သာဖြစ်၏။ အရာဝတ္ထုများ၏ ဆက်သွယ်နေကြသည် တရားမဟုတ်၊ ဤကား ဝစ်ဂျစ်စတိန်စာပုဒ်၏ အဓိပ္ပာယ်ပင်ဖြစ်၏။ ဝိဇ္ဇာနည်းကျသော သို့မဟုတ် ရုပ်ဝါဒကျသော ကမ္ဘာ့အမြင်ဟု ကျွန်ုပ်တို့ဆိုရာ၌ ရုပ်ဝတ္ထုလှုပ်ရှားမှုကို ချုပ်ထိန်းနေသော တရားများ သို့မဟုတ် မူများကို အသိအမှတ်ပြုခြင်းကို ဆိုလိုခြင်းဖြစ်၏။ ဒါကိုပင် ဝစ်ဂျစ်စတိန်က မှားယွင်းသော အမြင်ဟု ခေါ်၏။ ဤကား နှစ်ဆယ်ရာစုနှစ်တွင် ခေရှင် အဘိဓမ္မာ၏ လုံးဝ ပျက်စီးနေမှုပင်ဖြစ်၏။

ဘက်ထရန်ရပ်ဆယ်ကား ကျွန်ုပ်တို့ နေကို မြင်ရသည့်အခါ ဘာကြောင့် နေရှိသည်ဟု ထင်ရသလဲဟူ၍ မေးခွန်း ထုတ်ရဲသူဖြစ်၏။ သူသည် မည်သို့သော တရားများကိုမှ မယုံကြည်ဟုဆိုလျှင် ကျွန်ုပ်သည် "နေကိုမြင်သည်"ဟု ခေါ်ဆိုနိုင်သည့် အတွေ့အကြုံမျိုးကို ရရှိစေသည့် အခြေအနေမျိုးကို ပြဋ္ဌာန်းသော"*တရားများ*"ရှိသည် ဟုမည်သို့ ဆိုနိုင်ပါသနည်း။ စင်စစ်အားဖြင့် ရပ်ဆယ်သည် စိတ်နှင့်ပတ်သက်သော တရားများကို မကန့်ကွက်ဘဲ ရုပ်နှင့်ပတ်သက်သော တရားများကိုသာ ကန့်ကွက်ခြင်း ဖြစ်လေသည်။

*ဂျွန်ဂျူဝီ*ကား သူဆိုလိုချက်များကို တိတိကျကျ ဖော်ပြလေ့မရှိဘဲ ဝါးတားတား လုပ်ထားသည်တို့က များနေသဖြင့် အဘိဓမ္မာကို မလိုက်စားသူတို့အဖို့ သူ့အဘိဓမ္မာ၏ တကယ့်သဘောကိုနားလည်ရန် ခက်ပေသည်။ အချို့သော ဝေဖန်သူများက *ဂျူဝီ*၏ အဘိဓမ္မာသည် ရုပ်လောကကို မပယ်ဖျက်ခဲ့ဘူးလားဟု မေးရာ၌ *ဂျူဝီ*၏ အဖြေမှာ "*ဝါးနေ၏။ ဒီမျှ ကျုပ်ဘာမှ အသစ်အဆန်း မလုပ်ပါဘူး*"ဟု သူက ဆို၏။ ဤပြဿနာနှင့် ပတ်သက်၍ *ဂျူဟာမ်*က ဝိဇ္ဇာပညာတွေ့ရှိချက်များသည် *ရိုးရိုး တွေ့ကြုံရသော အရာတို့ကို ပူးပေါင်းဆက်စပ်ပေးရန်အတွက် အမှတ်အသား ပြုထားသော* ပုံစံများသာ ဖြစ်သည်ဟု ပြောခဲ့ပြီ မဟုတ်ပါလောဟု သူကဆို၏။ *(ဂျူဟာမ်မှာ ယခုရာစုနှစ် အစောပိုင်းတုန်းက ပေါ်ခဲ့သော ပြင်သစ်အဘိဓမ္မာဆရာ တစ်ယောက် ဖြစ်သည်။ မက်ကီဂိုဏ်းဝင်ဖြစ်သည်။ သူ့ကို လီနင်က ဝေဖန်ခဲ့၏။)* ဝိဇ္ဇာပညာတွေ့ရှိချက်များဟု ဆိုရာ၌ ဝိဇ္ဇာပညာက စူးစမ်းရှာဖွေ၍ တစ်စုံတစ်ရာ ကောက်ချက်ချထားမှုကို ဂျူဝီက ဆိုလိုခြင်း ဖြစ်၏။ ဥပမာ နေသည် ကမ္ဘာမှ မိုင်ပေါင်း ၉၃,၀၀၀,၀၀၀ *(ကိုးဆယ့်သုံးသန်း)* ဝေးသည်။ အချင်းမိုင်ပေါင်း ၈၀၀,၀၀၀ (ရှစ်သိန်း) ရှိသည် စသည်တို့ဖြစ်၏။ ထို့ကြောင့်၊ *ဂျူဟာမ်*သည် သဘာဝ၏ အသွင်လက္ခဏာများနှင့် ပတ်သက်၍ ဝိဇ္ဇာပညာက တွေ့ရှိ ချက်များမှာ အတွေ့အကြုံတစ်ခုနှင့် တစ်ခုကို ဆက်စပ်ပေးသည့်နည်းများသာ ဖြစ်သည်ဟူ၍ ယူဆခြင်းဖြစ်သည်ဟု သူက

ဆိုခြင်း ဖြစ်၏။ ဥပမာနေသည် ကိုယ့် ဝန်ရိုးပေါ်ကိုယ် ၂၄ နာရီအတွင်း တစ်ပတ်ပတ်သည် ဆိုသော သင်ကြားချက်နှင့် ပတ်သက်၍ ဂျူဟာမ်နှင့် ဂျူဝီတို့က ဤတင်ပြချက်သည် ကမ္ဘာမြေကြီး၏ အကြောင်းကို တစ်စုံတစ်ရာ အစစ်အမှန်ကို ဖော်ပြသည်မဟုတ်၊ ဝိဇ္ဇာပညာ၏ တွေ့ရှိချက်ကိုသာ ဖော်ပြခြင်းဖြစ်သည်ဟု မမြင်ရသောကြောင့်ဖြစ်သည်ဟုဆို၏။ ကမ္ဘာမြေကြီးသည် ကိုယ့်ဝန်ရိုးပေါ် ကိုယ်လည်သည်ဆိုသည့် တင်ပြချက်မှာ နေရှေ့ဘက်က ထွက်လာခြင်း၊ ခေါင်းပေါ်ရောက်လာခြင်း၊ အနောက်ဘက်တွင် ဝင်သွားခြင်း၊ စသည်တို့ကို မြင်ရသော ကျွန်ုပ်တို့၏ အတွေ့အကြုံကို ပေါင်းစပ်ပေးရန် အတွက် *အမှတ်အသား၊ပြုထားသောပုံစံသာ* ဖြစ်သည်ဟု ဆို၏။ သူတို့ အလိုအရ တနည်းအားဖြင့် ဆိုရလျှင် ကျွန်ုပ်တို့သည် နေကို အရှေ့ဘက်တွင်ရော အနောက်ဘက် ရောက်သွားသည်တို့ကိုရော မမြင်ရ။ အဘယ်ကြောင့်ဆိုသော် ကမ္ဘာမြေကြီးက ကိုယ့် ဝင်ရိုးပေါ် ကိုယ်လည်နေသောကြောင့် ဖြစ်၏။ ကျွန်ုပ်တို့သည် နေကို မြင်ရသည်ဟု ထင်ရသော နေရာအမျိုးမျိုးတို့ကို ဆက်စပ်ပေးရန် အလို့ငှာ ကမ္ဘာမြေကြီး လည်နေ သည်ဆိုသော ပုံစံသဘာတရားကို ထုတ်လုပ်လိုက်ခြင်းသာ ဖြစ်တော့၏။

နှစ်ပေါင်း ရာပေါင်း ထောင်ပေါင်းများစွာ ကာလ တစ်လျှောက်လူတို့ လေ့လာရရှိခဲ့သည့် ကမ္ဘာလောကကြီးနှင့် ပတ်သက်သော အကြောင်းအရာဟူသမျှကို ဤထက်ပို၍ ပြောင်ကျကျ ငြင်းပယ်လိုက်မှုသည် ရှိနိုင်ပါသေးသလော၊ ဂျူဝီကား ကျွန်ုပ်တို့ ခေတ်ပေါ်ပုဂ္ဂိုလ်များအားလုံးတွင် အငြင်းအပွားရဆုံးသော လူတစ်ယောက်ဖြစ်နေခဲ့၏။ အဘယ်ကြောင့်ဆိုသော် သူ၏ တကယ့်ရပ်တည်မှုကို ဘယ်တော့မှ တည့်တည့်မပြောခဲ့ပေ။ ကမ္ဘာမြေကြီးသည် လူ့အရင် တည်ရှိခဲ့ပါသလားဆိုသောမေးခွန်းနှင့် ပတ်သက်၍ လည်းကောင်း၊ နေသည် ကျွန်ုပ်တို့ မမြင်ရမီကတည်းက တည်ရှိခဲ့ပါသလား ဆိုသော မေးခွန်းကို လည်းကောင်း သူသည် ဖြေဆိုရန် ငြင်းပယ်ခဲ့လေသည်။

အဘိဓမ္မာဆရာများသည် ဤသို့ အဘယ်ကြောင့် ပြုလုပ်ကြပါသနည်း။ ဤမေးခွန်းကိုဖြေရာ၌ ကျွန်ုပ်တို့သည် အဘယ်ကြောင့် ဘူရှန်နှင့် ဘေကွန်တို့မှစ၍ ဒက်စ်ကာတီးစ်နှင့် လော်ကီတို့အသိ အစောပိုင်း အဘိဓမ္မာဆရာများသည် ရုပ်ဝါဒနှင့် ဝိဇ္ဇာနည်းကျသော ကမ္ဘာ့အမြင်ဘက်သို့ နီးစပ်ခဲ့ကြသည်ဆိုခြင်းကိုပြန်၍ ကြည့်ရန် လိုပေသည်။ သူတို့သည် ကုန်ထုတ်လုပ်မှု တိုးတက်ရေးအတွက် ဝိဇ္ဇာပညာလိုခြင်းကို သိမြင်ခဲ့ကြ၏။ ထို့ပြင် သူတို့သည် ပဒေသရာဇ်ဝတ်ကျောင်းနှင့် မြေရှင်ကြီးများ၏ အယူဝါဒကို တိုက်ခိုက်ရန်နှင့် သူတို့ လူတန်းစား၏ အယူဝါဒကို တိုးတက်အောင် လုပ်ရန်အတွက် ဝိဇ္ဇာနည်းကျသော ရုပ်ဝါဒကျသော အမြင်မျိုး လိုခဲ့လေသည်။

သို့ရာတွင် ယနေ့ ခေရှင်လူတန်းစား၏ ပြဿနာများကား ကုန်လုပ် စွမ်းအား

Burma Marxist Learner



အများစုအတွင်းနှင့် ၎င်းတို့၏ တိုးတက်ရေးတွင် ပြင်းထန်သော ပဋိပက္ခများ ဖြစ်ပေါ်နေခြင်းဖြစ်၏။ တိုးတက်သော အရင်းရှင်နိုင်ငံများ၌ ကုန်လုပ်စွမ်းအားစုများမှာ များစွာ တိုးတက်နေရာ ၎င်းတို့ကို ငြိမ်းချမ်းသော ခေတ်လုပ်ငန်းများအတွက် အမြတ်ရအောင် အသုံးချဖို့ အကျပ်တွေ့နေ၏။ သို့ရာတွင် ဆိုရှယ်လစ်လောက၏ ပြိုင်ဆိုင်လာမှုကြောင့် ကြီးမားသော စစ်ဘတ်ဂျက်များ အသုံးစရိတ်များ ထားလာ၏။ ကမ္ဘာ့စီးပွားရေးပြိုင်ဆိုင်မှုအတွက် ကုန်ထုတ်လုပ်မှု ပိုမို၍ လုပ်လာ၏။ ဤပဋိပက္ခများမှာ အနုမြူအင်အားနှင့် အော်တိုမေးရှင်း စက်များ ပေါ်လာမှုကြောင့် ပို၍ ပြင်းထန်လာ၏။

တစ်ဖက်က ကုန်ပိုမိုထုတ်လုပ်မှု အကျပ်အတည်းအတွက် စိုးရိမ်မှုရှိ၏။ တစ်ဆက်တည်း ဝိဇ္ဇာပညာကို စိုးရိမ်မှု မယုံကြည်မှုဖြစ်လာ၏။ အခြားတစ်ဖက်က ဥာနတိုင်းမှ ဝိဇ္ဇာပညာသည်များ အင်ဂျင်နီယာများ အတတ်ပညာသည်များကို လေ့ကျင့်ပေးသည့် နေရာတွင် အမေရိကန်သည် ဆိုဗီယက်ယူနီယံထက် အကြီးအကျယ် နောက်ကျနေကြောင်းကို သိလာကြ၏။ ထို့ကြောင့် ကျွန်ုပ်တို့သည် ဝိဇ္ဇာပညာကို လုံးဝဆန့်ကျင်သည့် ချဉ်းကပ်မှုများကို တွေ့ရခြင်းဖြစ်၏။ ယနေ့အမေရိကန်၏ ဝိဇ္ဇာပညာ သင်ကြားရေးတွင် နောက်ကျနေပုံများနှင့် ဆိုဗီယက်ယူနီယံကို အမှီလိုက်ရန် ကြိုးစားဖို့ လိုပုံတို့ကို ဆွေးနွေးနေကြ၏။

ပဋိပက္ခမှာ တကယ်ရှိနေ၍ စီးပွားရေး ကုန်ထုတ်လုပ်မှုနှင့် စစ်ပြင်ဆင်မှု နယ်နိမိတ်တို့မှ လွန်၍ လူမှုသဘောတရားအဘိဓမ္မာနှင့် အယူဝါဒရေးနယ်ထဲသို့ ဝင်ရောက်လာ၏။ ဆယ့်ခုနစ်ရာစုနှစ်နှင့် ဆယ်ရှစ်ရာစုနှစ်များတုန်းက ခေတ်ရှင်သည် ဖောက်ပြန်သော ပဒေသရာဇ် အယူဝါဒဟောင်းကို တိုက်ခိုက်ခဲ့၏။ ဤတိုက်ပွဲတွင် ဝိဇ္ဇာပညာသည် အဓိက လက်နက်ဖြစ်ခဲ့၏။ ယနေ့ကား ခေတ်ရှင်သည် တက်သစ်စဖြစ်သော တိုးတက်သော ဆိုရှယ်လစ် ကမ္ဘာ့အမြင်ကို တိုက်ခိုက်နေ၏။ ဤအမြင်သည် ခေတ်ရှင်ကို ဆန့်ကျင်လျက် လူများ၏ စိတ်ကို ဆွဲဆောင်နေ၏။ ဤဆိုရှယ်လစ် ကမ္ဘာ့ အမြင်သည် ဝိဇ္ဇာနည်းကျသော ရုပ်ဝါဒအမည်ကိုခံယူလျက် မှားယွင်းသော အမြင်များအားလုံး ကြောင်းကျိုးမဆီလျော်သော အစွဲများအားလုံးတို့ကို တိုက်ခိုက်ထား၏။ ထို့ကြောင့် ဤဝိဇ္ဇာနည်းကျသော ရုပ်ဝါဒကို ဆန့်ကျင်ခြင်းသည် မလွဲမရှောင်သာဘဲ ဖောက်ပြန်၍ ဝိဇ္ဇာနည်းကို ဆန့်ကျင်သော လက္ခဏာကို ဆောင်ရတော့၏။ စီးပွားရေး ပြိုင်ဆိုင်မှုနှင့် စစ်အတွက် ဝိဇ္ဇာပညာကိုလို၏။ သို့ရာတွင် ၎င်း၏ အစွယ်ကို ဖယ်ရှားပစ်ရမည်။ စိတ်ဝါဒနှင့် ဘာသာရေးအမြစ်များရှိသော လွှမ်းမိုးနေသော ခေတ်ရှင်ဒဿနကို တိုက်ခိုက်နိုင်သော ၎င်း(ဝိဇ္ဇာပညာ)၏ စွမ်းရည်ကို ဖျက်ဆီးပစ်ရမည်။

မက်စ်၏ ကြီးမားသော အထောက်အကူပြုချက်ကြီးမှာ ရူပဗေဒပညာကို ၎င်း၏ ရန်သူများလက်မှ ကယ်တင်ခြင်း ဖြစ်သည်ဟူ၍ ပရော်ဖက်ဆာ ဖီးလစ်ဖရန့်က

ဆို၏။ သို့ရာတွင် ၎င်း၏ ရန်သူများကား မည်သူတို့နည်း၊ ဘာသာနှင့် ဝတ်အသင်းတို့မှ လွဲ၍ အခြားမဖြစ်နိုင်ကြောင်းမှာထင်ရှား၏။ မက်သည် ဝိဇ္ဇာပညာမှာ တကယ်ရှိသော ရုပ်ဝတ္ထုအကြောင်းကိုသိသော အသိပညာ ဖြစ်သည်ဆိုသောအချက်ကို ငြင်းဆိုခြင်းအားဖြင့် ရူပဗေဒပညာကို "ကယ်တင်ခဲ့လေသည်"။ ဖရန့်သည် ဂါလီလီယိုနှင့် ဘာသာရေးခုံရုံးအကြောင်းကို ဖော်ပြရာ၌ ဘာသာရေးခုံက ဂါလီလီယိုနှင့်ပတ်သက်၍ အလိုရှိသည်မှာ ကမ္ဘာမြေကြီး လည်နေသည်ဆိုသော အယူဝါဒသည် ရုပ်ဝတ္ထုဆိုင်ရာ ပုံပြင်အဖြစ်သာလျှင် မှန်ကြောင်း *အဘိဓမ္မာရေးရာ* အယူဝါဒ အနေနှင့်ဆိုလျှင် မှားယွင်းကြောင်း *ဂါလီလီယိုက* ဝန်ခံရန်သာဖြစ်၏ဟုဆို၏။

ဖရန့်က ယနေ့ ပါးနပ်လိမ္မာသော ဝိဇ္ဇာပညာဆရာသည် *ဂါလီလီယိုကဲ့သို့* ဒုက္ခမတွေ့နိုင်။ အဘယ်ကြောင့်ဆိုသော် သူသည်သူ၏ ဝိဇ္ဇာပညာမှာ သူ၏ ခေါင်းထဲမှသာ ရှိသည်ဆိုခြင်းကို သိပြီး မည်သို့သော ရုပ်ဝတ္ထု တကယ်ရှိမှုမျိုးကိုမှ မရည်ညွှန်းသောကြောင့်ဖြစ်၏။ ဤသို့အားဖြင့် လီနင် ညွှန်ပြခဲ့သကဲ့သို့ ဖက်ရှင်ကျသော ပရော်ဖက်ဆာ များသည် ဘုန်းကြီးဂိုဏ်းနှင့် ဖောက်ပြန်ရေးတို့ထံ လက်နက်ချ ထားပေသည်။

သို့ရာတွင် နောက်ဆုံးတစ်ချက်ကို သတိပြုရမည်ဖြစ်၏။ ဂျိန်းစ်နှင့်အက်ဒင်တန်မှ စ၍ *မေးလီကန်နှင့်* ဆင့်နေ့ဘတို့ အထိဖြစ်သော ဝိဇ္ဇာပညာဆရာများနှင့် ရော့ဖဲလားဖောင်ဒေးရှင်းမှ အရာရှိများတို့သည် အခြေခံအားဖြင့် ဘာသာရေးကို ထိန်းသိမ်းရေးထက် အရင်းရှင်စနစ် ထိုထိန်းသိမ်းရေးကို ပို၍ အာရုံစိုက်ကြ၏။ သူတို့သည် ဝိဇ္ဇာပညာကို ရန်သူများလက်မှ ကယ်တင်ရာ၌ ဘာသာရေးအတွက် ကယ်တင်ခြင်းမဟုတ်ဘဲ အစိုးရအတွက် ခေနရှင်အုပ်စိုးရေးအတွက် ကယ်တင်ခြင်းဖြစ်၏။ *ပေါဇတစ်ဗစ်ဇင်းနှင့် ပရက်ပက်တစ်ဇင်းတို့၏* ရာဇဝင်သည် လူတို့၏ ကမ္ဘာလောကကြီးနှင့် ပတ်သက်သော အသိပညာတိုးတက် ဖြစ်ပေါ်လာမှု ရာဇဝင်မဟုတ်ဘဲ လူတန်းစားတိုက်ပွဲများ၏ ရာဇဝင်ဖြစ်၏ ထို့ကြောင့်ပင် ဘရူနိုနှင့်ဂါလီလီယို တို့မှာ ညှင်းပန်းခံခဲ့ကြရခြင်းဖြစ်၏။ ၎င်းမှာဝိဇ္ဇာပညာသည် ဘာသာရေးတို့နှင့် ပတ်သက်၍ သဘောတရားရေးအရ ချဉ်းကပ်မှုနှစ်ခုတို့အတွင်း ဖြစ်ပွားသော အကောင်အထည်မဲ့ တိုက်ပွဲပြဿနာ မဟုတ်ဘဲ ၎င်းတို့ကကိုယ်စားပြုသော လူတန်းစားများနှင့် လူမှုစနစ်တို့အတွင်း ဖြစ်ပွားသည့် စစ်ပွဲဖြစ်ရပေမည်။ မက်စ်ဝါဒနှစ် ပေါ်စတစ်ဗစ်ဇင်းဝါဒတို့၏ ဖြစ်ထွန်းတည်ရှိရာ ဒေသကြီးမှာဘုန်းကြီးဂိုဏ်း၏ ဖောက်ပြန်ရေးဝါဒနှင့် ပြုပြင်ရေး ဆိုရှယ်ဒီမိုကရေစီဝါဒကို အင်အားကြီးမားရာဒေသဖြစ်သော ဗီယာနာမြို့ဖြစ်နေခြင်းမှာလည်း အဓိပ္ပာယ်ရှိပေသည်။ ဤနေရာတွင် ဝိဇ္ဇာပညာဆရာများသည် ဘာသာရေး ဝတ်အသင်းကို ဆန့်ကျင်လျက်သူတို့ကိုယ် သူတို့ ကာကွယ်ရန် တကယ်ပင်လိုခဲ့၏။ သို့ရာတွင် သူတို့သည် ဝိဇ္ဇာပညာကို ကာကွယ်ရမည့်အစား အစွဲအလမ်းကို အမှန်တရားအဖြစ် အလျော့ပေးကာ ဝိဇ္ဇာ

*ပညာကိုမူကား* ကျွန်ုပ်တို့၏ စိတ်ကူးစိတ်သမ်းများထဲတွင် ပေါ်လာသည့် အရာများကိုသာ သိနိုင်သည့် ပညာအဖြစ် ထားကြလေသည်။

ဤကဲ့သို့ ဝိဇ္ဇပညာနှင့် အသိပညာတို့ကို သစ္စာဖောက်မှုနှင့် ပတ်သက်၍ အနုပဋိလောမနှင့် ရာဇဝင်ရေးရုပ်ဝါဒ တို့က မည်ကဲ့သို့ အဖြေပေးပါသနည်း။ မာ့က်စ်ဝါဒသမားတို့က *ပေါ်ဇတစ်ဗစ်ဇင်းဝါဒ*အရ ရုပ်တည်မှုနှင့် ဆင်ခြေတို့ကို မည်ကဲ့သို့ ပယ်ဖျက်ပါသနည်း။ *ဒိုင်ဒီရော့က ဘာကဲလေး*၏ အကြောင်းကို ပြောရာ၌ ဤစိတ်ဝါဒသည် ယုတ္တိမရှိ ဆုံးသောစနစ်ဖြစ်ကြောင်းပြောပြခဲ့၏။ ဤဝါဒအဖို့ ကျွန်ုပ်တို့၏ အာရုံဖြစ်ပေါ်မှုများ အတွေ့အကြုံများတို့အတွက် အကြောင်းတရား ရှိသည်ဟူ၍ ဆိုရန်မလို။ ကျွန်ုပ်တို့၏ ခေါင်းများ အပြင်ဘက်တွင် ဘာတွေရှိနေသည်ဟူ၍ ဘာမျှ ဆိုရန်မလိုပေ။ သို့ရာတွင် အခက်အခဲကြီး တစ်ခုမှာ ရှိ၍နေ၏။ ဤအခက်အခဲကြီးကို *ပရက်မက်တစ်ဇင်း*နှင့် *ပေါ်ဇတော်ဗစ်ဇင်းဝါဒ*များ အပါအဝင် ဟူးမ်ဝါဒအားလုံးတို့က ဖုံးကွယ်၍ ထားရန်ကြိုးစားနေကြ၏။ အခက်အခဲမှာ နှစ်ခုအနက် တစ်ခုခုကို ရွေးရမည့် ပြဿနာပေါ်နေခြင်းဖြစ်၏။ အခြားသူများ တည်ရှိကြသည် ဆိုခြင်းကို ကျွန်ုပ်တို့သိသလား၊ သို့မဟုတ် မသိဘူးလား ဆိုလော ပြဿနာ ဖြစ်၏။ *ဘာကဲလေး*နှင့် *ဟူမ်း*တို့မှစ၍ ရုပ်ဆယ်နှင့် *ဂျူဗီ*တို့အထိ အပါအဝင်ဖြစ်သော ဂိုဏ်းအတွက် အခြားသူများတည်ရှိသည်ဆိုခြင်းကို သက်သေထုတ်ရန် လုံးဝမဖြစ်နိုင်ခဲ့၊ မတည်ရှိဟု ဆိုရန်လည်း အလားတူ လုံးဝမဖြစ်နိုင်ခဲ့ပေ။ ရုပ်ဆယ်ကား ငါမှလွဲ၍ အခြားသူများ မရှိဆိုသော *ဆိုလစ်စစ်ဇင်းဝါဒ*နှင့် နီးစပ်လေသည်။

အထက်တွင် တွေ့ခဲ့ရပြီးဖြစ်သည့် အတိုင်း ရမ်စေးက နက္ခတ္တဗေဒပညာမှာ လူတို့၏ အာရုံအထိတွေ့ချက်အပိုင်းကို ဖော်ပြချက်ဖြစ်သည်ဟုဆို၏။ သို့ရာတွင် သူ၌ ဤကဲ့သို့ ဆိုနိုင်ရန် မည်ကဲ့သို့အခွင့်အရေးများ ရှိပါသနည်း။ ဘာကဲလေးနှင့် ဟူးမ်းတို့၏ အစဉ်အလာမူများအရ အခြားအရာဝတ္ထုများ တည်ရှိသည်ဟု မဆိုနိုင်သကဲ့သို့ အခြားလူများ တည်ရှိသည်ဟုလည်း မဆိုနိုင်ပေ။ ရမ်စေးသည် သူ၏ အာရုံထိတွေ့ချက်က နေနှင့် ကြယ်များရှိကြောင်း၊ ဖော်ပြခြင်းကိုမူ ငြင်းဆိုပြီး အခြားလူများ ရှိကြောင်းကိုမူ သူ၏ ထိတွေ့ချက်များအရ သိရသည်ဟု သူက ဝန်ခံပြန်လေသည်။ ၎င်းမှာ ရှေ့နောက် မညီခြင်းဖြစ်ပေသည်။

*ဘက်ထရန်ရုပ်ဆယ်*ကမူ ကျွန်ုပ်သည် ငါသာ ရှိသည်ဆိုသော *ဆိုလစ်စစ်ဇင်းဝါဒသမား*တယောက် ဖြစ်လိုသည်။ သို့ရာတွင် မဖြစ်နိုင်။ အဘယ်ကြောင့်ဆိုသော် ကျွန်ုပ်တို့၏ အကောင်းဆုံးသော မိတ်ဆွေများမှာ လူများဖြစ်နေသောကြောင့် ဖြစ်ပါသည်ဟူ၍ ဆိုလိုရာရောက်သော စကားမျိုးကို ပြောလေသည်။

သင်သည် အဟုတ်ရှိ၊ တကယ်ရှိသော အရာ(ဤ)အရာသည် သင်၏

Burma Marxist Learner



အာရုံအတွေ့အကြုံ အပြင်ဘက်တွင်ရှိ၍ ၎င်းအာရုံအတွေ့အကြုံကို ဖြစ်စေသည်)ကို ယုံချင်ယုံ၊ မယုံချင်နေနိုင်သည်။ သို့ရာတွင် သင်သည် သင်၏ အမေ၊ အဖေ၊ လင် မယား အပါအဝင် အခြားသူများ ရှိသည်ဆိုခြင်းကိုမူ ဝန်မခံရ။ အဟုတ်တကယ်ရှိသော အရာကို ငြင်းဆိုရမည်။ ဤသို့ခွဲခြားဆိုရခြင်းမှ အခြားကြောင့်မဟုတ်၊ အခြားလူများ ရှိသည်ဟု သင်ဆိုလိုက်လျှင် စိတ်ရှိသည်ဟု ဆိုရာရောက်၍ အခြားအရာဝတ္ထုများရှိ သည်ဟု ဆိုလိုက်လျှင် ရုပ်ဝတ္ထုရှိသည်ဟုဆိုရာ ရောက်သောကြောင့် ဖြစ်သည်။ သို့ရာတွင် ဤသို့ ခွဲခြားဆိုချက်မှာ အရာမရောက်ပေ။ အဘယ်ကြောင့်ဆိုသော် ကျွန်ုပ်တို့၏ အသိပညာ ပြဿနာ ပတ်သက်၍ လာသည့်အခါ ပြဿနာမှာ ဘာတည်ရှိ သလဲဆိုခြင်းမဟုတ်ဘဲ၊ တစ်စုံတစ်ရာသည် တည်ရှိမှုကို ကျွန်ုပ်တို့ ဘယ်လိုသိသလဲ ဆိုခြင်း ဖြစ်သောကြောင့်ဖြစ်၏။ ဟူမ်းဝါဒသမားများသည် ဤပြဿနာနှစ်ခုကို ရှုပ်ထွေး အောင်လုပ်ပြီး သူတို့ကမရှိဟု အကြောက်အကန်ငြင်း ဆိုခဲ့သော အခြားသူများကိုပင် လောကကြီးထဲသို့ ခိုးသွင်း၍ လာကြပြန်လေသည်။ ငါသာရှိသည်ဆိုသော ဆိုလစ်စစ် ဇင်းဝါဒမှာ ရုပ်ကိုအသိအမှတ်မပြုသော စိတ်ဝါဒအာလုံး၏ ခန္ဓာအိမ်ဖြစ်၏။ အဟုတ်ရှိ တကယ်ရှိသော အရာကို အသိအမှတ်ပြု ဝန်ခံရန်မှာ သူတို့အတွက် သေရေးပင်ဖြစ်၏။ သို့ကြောင့်မည်သည့် အုပ်စိုးသော လူတန်းစား သို့မဟုတ် ဤလူတန်းစား၏အယူဝါဒ ရေးသမားများကမှ ဝန်မခံကြခြင်း ဖြစ်ပေသည်။

အသိပညာပြဿနာနှင့် အသိနှင့် ဘဝမည်သည်က မူလပထမလဲ ဆိုသော ပြဿနာတို့ကို မရောထွေးစေရ။ မည်သူမဆို လောကကြီးတွင် စိတ်သာရှိသည်ဟု ယုံကြည်လိုက ယုံကြည်နိုင်၏။ ဤယုံကြည်မှုအရဆိုလျှင် အခြားလူများ၊ သို့မဟုတ် စိတ်များသာရှိသည်။ ရုပ်ဝတ္ထုဆိုတာ မရှိဟု ယုံကြည်ခြင်းမှာ မှန်၏။ သို့ရာတွင် ဤ နေရာ၌ ပြဿနာမှာ တစ်စုံတစ်ယောက်သည်ဘာကို ယုံသည် ဆိုခြင်းမဟုတ်။ အသိ ပညာသဘောတရားအရ မိမိယုံကြည်မှု မှန်ကန်ကြောင်းပြနိုင်ခြင်းဖြစ်၏။ ဟူမ်းဝါဒမူများ အရဆိုလျှင် ကိုယ်မှ လွဲ၍ အခြားမည်သူ တစ်စုံတစ်ဦးတစ်ယောက်ကိုမျှ ရှိကြောင်း မယုံကြည်နိုင်ပေ။

လောဂျစ် သက်သက်အရဆိုလျှင် ဟူမ်းဝါဒကို မပယ်ဖျက်နိုင်ကြောင်း ပြောခဲ့ ပြီးဖြစ်၏။ သို့ရာတွင် ဤဝါဒကို မှားယွင်းသော ငါသာရှိသည်ဆိုသည့် ဆိုလစ်စစ်ဇင်းဝါဒ အဖြစ်သို့ ရောက်အောင်မူကား လောဂျစ်သဘောအရပြုလုပ်နိုင်၏။ တကယ်အစစ် အမှန်ပယ်ဖျက်ရန်အတွက်မူ လက်တွေ့ အလေ့အကျင့်အရ၊ လူတို့၏ ကုန်ထုတ်လုပ်မှု တစ်ရပ်လုံးအရ တည်ဆောက်သည့် အလုပ်အရသာ ဖြစ်နိုင်၏။ လက်တွေ့၊ အလေ့ အကျင့်အကြောင်းကို အာရုံပြု၍ လေ့လာသည့်အခါတွင် ဟူမ်းဝါဒနှင့် ၎င်းအကြောင်း ဖော်ပြချက်အားလုံးမှာ ပျောက်လွင့်၍ ကုန်ကြလေသည်။

Burma Marxist Learner



သဘောတရားနှင့် လက်တွေ့အလေ့အကျင့်တို့ ဆက်သွယ်မှုပြဿနာနှင့် ပတ်သက်၍ အထက်ထက်က ဆွေးနွေး၍ လာခဲ့ကြရာ ခေတ်သစ် အလုပ်သမား လူတန်းစားအတွင်း၌ လူတန်းစား အသိပေါ်လာပြီး၊ ၎င်း၏ အကျိုးဆက်အဖြစ် မာ့က်စ်ဝါဒ အဘိဓမ္မာ ပေါ်လာသည့် အခါကျမှသာလျှင် ဤပြဿနာကို ဝိဇ္ဇာနည်းကျကျ ရှင်းလင်း ပြတ်သားစွာ ချဉ်းကပ်မှု ဖြစ်ပေါ်လာခဲ့ပေသည်။

ဤပြဿနာကို အသိပညာ သဘောတရားနှင့် ဆက်စပ်၍ ကြည့်လျှင် ဤသို့ အဓိပ္ပာယ်ရ၏။ အသိပညာသည် ပထမဦးစွာအားဖြင့် လူတို့ အသက်ရှင်ရေး အတွက် လိုအပ်သည့် အရာများရအောင် လက်တွေ့လုပ်ကိုင် လေ့ကျင့်ရသည့်အထဲမှ ပေါ်ထွက်၍လာ၏။ အသိပညာသည် မှန်ကန်မှု ရှိ၊ မရှိ၊ လုံလောက်မှု ရှိ၊ မရှိ စမ်းသပ်ရန်မှာလည်း တစ်ဖန် လူတို့၏ လက်တွေ့ အလေ့အကျင့်ပင်ဖြစ်ပြန်၏။ အိန်ဂျယ်က ဤသို့ပြောခဲ့၏။

*ပူတင်းမုန့် ကောင်းမကောင်းစားကြည့်မှသိ၏။* ကျွန်ုပ်တို့သည် အရာဝတ္ထုများ၏ အတွင်း၌ ခံယူတွေ့ရှိရသော အရည်အချင်းများအလိုက် ဤအရာဝတ္ထုများကို အသုံးချလိုက်သည့် အချိန်မှစ၍ ကျွန်ုပ်တို့၏ အာရုံခံယူချက်များသည် မှန်သလား၊ မှားသလားဆိုသည်ကို မလွဲနိုင်အောင် စမ်းသပ်မှု ပြုလုပ်လိုက်ခြင်းပင် ဖြစ်ပေသည်။ ကျွန်ုပ်တို့၏ ခံယူချက်များသည် မှားလျှင် အရာဝတ္ထုကို ကျွန်ုပ်တို့ အသုံးချဖို့ ခန့်မှန်းချက်သည်လည်း မှားယွင်းကာ ကျွန်ုပ်တို့၏ ကြိုးစားမှုသည် အချည်းနှီးဖြစ်ရမည်ဖြစ်၏။ သို့ရာတွင် ကျွန်ုပ်တို့၏ ရည်ရွယ်ချက် ထမြောက်အောင်မြင်လျှင် ကျွန်ုပ်တို့ ယူဆသည့်အတိုင်း အရာဝတ္ထုဖြစ်လာလျှင် ကျွန်ုပ်တို့ ရည်မှန်းချက်အတိုင်း ဖြစ်လာလျှင်၊ ဤအရာဝတ္ထုနှင့် ၎င်းတို့၏ အရည်အချင်းများကို ကျွန်ုပ်တို့၏ ခံယူချက်များသည် ကျွန်ုပ်တို့ အပြင်ဘက်တွင်ရှိသော အစစ်အမှန်ဖြစ်သော အရာနှင့် ထိုအချိန်ထိ ကိုက်ညီကြောင်း ဒိဋ္ဌသက်သေပင်ဖြစ်၏။ ကျွန်ုပ်တို့၏ အာရုံများကို ကောင်းစွာလေ့ကျင့်အသုံးချရန် ကျွန်ုပ်တို့ ဂရုစိုက်သမျှ ကာလပတ်လုံး၊ ခံယူချက်များကို ကောင်းစွာပြုလုပ်၍၊ ကောင်းစွာ အသုံးချကာ၊ ဤခံယူချက်များက သတ်မှတ်ထားသော နယ်နိမိတ်များအတွင်းမှာပင် ကျွန်ုပ်တို့၏ ခံယူချက်များနှင့်ခံယူရရှိသော အရာဝတ္ထုများ၏ တကယ့်သဘော သဘာဝတို့မှာ ကိုက်ညီကြောင်း ကျွန်ုပ်တို့၏ အလုပ်၏ ရလဒ်များက သက်သေပြသည်ကို ကျွန်ုပ်တို့တွေ့ရမည်ဖြစ်ပေသည်။ ဝိဇ္ဇာနည်းကျကျ ချုပ်ကိုင်ထားသော ကျွန်ုပ်တို့၏ အာရုံခံယူချက်များသည် ကျွန်ုပ်တို့ တွေ့ရမည်ဖြစ်ပေသည်။ ဝိဇ္ဇာနည်းကျကျ ချုပ်ကိုင်ထားသော ကျွန်ုပ်တို့၏ အာရုံခံယူချက်များသည် ကျွန်ုပ်တို့၏ စိတ်များအတွင်းသို့ အပြင် ကမ္ဘာလောကကြီးနှင့် ပတ်သက်၍ ၎င်းတို့၏ ပင်ကိုသဘာဝအရပင် အစစ်အမှန်ဖြစ်သော အရာနှင့် ခြားနားသောအယူအဆများ၊ သို့မဟုတ် အပြင်ကမ္ဘာ လောက

ကြီးနှင့် ဤလောကကြီးကို ကျွန်ုပ်တို့၏ အာရုံခံယူချက်တို့သည် အစဉ်သဖြင့် ဆန့်ကျင်မှု ရှိသည် ဆိုသော အယူအဆများကို ပေါ်ပေါက်စေသည်ဆိုသော နိဂုံးချုပ်ကို ချရန် အတွက် ယခုအချိန်အထိ အဖြစ်အပျက်တစ်ခုကိုမှ ကျွန်ုပ်တို့မတွေ့ရပေ။

အိန်ဂျယ်၏ ဤဖော်ပြချက်မှာ များစွာ နက်နဲ၍ တော်လှန်ရေးကျပေသည်။ ဂျူဝီသည် သူ့ကိုယ်သူ လက်တွေ့ကျသော လူကြီးတစ်ယောက်အဖြစ် လက်တွေ့ကို အသိပညာအား စမ်းသပ်သောအရာအဖြစ် ပြုလုပ်သောလူကြီးတစ်ယောက်အဖြစ် ဖော်ထုတ်ခဲ့၏။ အိန်ဂျယ်ကား ဂျူဝီနှင့် မတူဘဲ လက်တွေ့အလေ့အကျင့်သည်၊ ကျွန်ုပ်တို့၏ အသိပညာကို စမ်းသပ်ခဲ့ပြီးဖြစ်၍ အစဉ်သဖြင့် စမ်းသပ်၍လည်းနေသည်ဟု ဆိုလေသည်။ ဂျူဝီအဖို့မူ လက်တွေ့ အလေ့အကျင့်သည် အသိပညာကို စမ်းသပ်လိမ့် မည်သာ ဖြစ်၏။ ဤခြားနားချက်ကို ဆစ်ဒနီဟွတ်နှင့် အခြားသူများက တမင်တကာ ကျော်၍ သွားကြ၏။ သူတို့က ဂျူဝီ၏ ကြိယာတန်ဆာပလာဝါဒနှင့် မာ့က်စ်ဝါဒတို့သည် အတူတူဖြစ်သည်ဟု ဆိုလိုကြ၏။ လစ်ဘရယ်ဆိုရှယ်လစ်များကမူကား ဤခြားနားချက် ကို များယွင်းစွာ ကျော်၍ သွားကြ၏။ သူတို့သည် လူမှုရေး၊ ရာဇဝင်ရေး စ အဖြစ် ယူဆသော လက်တွေ့အလေ့အကျင့်နှင့် နောင်အနာဂတ်တွင် ပြုလုပ်ရမည့် စမ်းသပ်မှု များသာ ဖြစ်သည်ဟု ယူဆသော လက်တွေ့အလေ့အကျင့်တို့၏ ခြားနားမှုကို မမြင်ခဲ့ ကြပေ။ မာ့က်စ်နှင့် အိန်ဂျယ်တို့အဖို့ ကျွန်ုပ်တို့၏ ခြားနားမှုကို မမြင်ခဲ့ကြပေ။ မာ့က်စ်နှင့် အိန်ဂျယ်တို့အဖို့ ကျွန်ုပ်တို့၏ အတွေ့အကြုံ ကျယ်ပြန့်သွားသည်နှင့်အမျှ ကျွန်ုပ်တို့၏ လက်တွေ့အလေ့အကျင့်က နယ်သစ်တိုးချဲ့သွားသည်နှင့်အမျှ ကျွန်ုပ်တို့သည် လေ့လာ ၍ ရခဲ့ကြ၏။ လေ့လာနေကြ၏၊ လေ့လာသွားကြမည်ဖြစ်၏။ ဂျူဝီအဖို့ကား ကျွန်ုပ်တို့ သည်၊ အနာဂတ်တွင် လေ့လာကြရလိမ့်မည် ဖြစ်၏။ အတိတ်ကမူ မည်သည့်အခါကမျှ လေ့လာ၍မရခဲ့ကြ။ ယခုလည်း မလေ့လာနိုင်ပေ။ ဂျူဝီ၏ ဟန်ဆောင်ထားသော သဘောတရားနှင့်လက်တွေ့ ညီညွတ်မှုဆိုသည်မှာ လုံးဝလုည့်ဖျားမှုသာဖြစ်၏။ သူပြော နေသည်မှာ တကယ့်လက်တွေ့ သို့မဟုတ် စမ်းသပ်ချက်များ မဟုတ်ဘဲ၊ အနာဂတ် အတွက် ကျွန်ုပ်တို့၏ အတွေ့အကြုံကို စုစည်းရေးတို့သာ ပြောခြင်းဖြစ်၏။ ဟူမ်းကား သူ၏ အတွေးအခေါ် အတွင်း၌ သဘောတရားနှင့် လက်တွေ့ညီညွတ်မှုမရှိဟုဆို၏။ ဂျူဝီကမူ ဤညီညွတ်မှုကို အနာဂတ်သို့ ရွှေ့ထားလိုက်ခြင်းအားဖြင့် ဤပြဿနာကို ဖုံးကွယ်ထားလိုက်လေသည်။

ဤပြဿနာကို ခေတ်သစ်စက်မှု အလုပ်သမား လူတန်းစားက သာလျှင် ဖြေရှင်းနိုင်ပေသည်။ အကြောင်းမှာ ရှင်း၏။ အလုပ်သမားများအတွက် စားပွဲသည် မည်သူ၏ စိတ်ထဲတွင် ပေါ်သော အာရုံအတွေ့အကြုံတွေကို စုပေါင်းထားချက်မျှ မဟုတ်ဘဲ၊ လုပ်လိုက်၍ ဖြစ်လာသော အရာများသာ ဖြစ်ပေသည်။

**ယဉ်မျိုးစာအုပ်တိုက်**

အတတ်ပညာနှင့် စက်မှုလုပ်ငန်းတို့ တိုးတက်လာသည့်အတွက် ဤပြဿနာ တစ်ရပ်လုံးမှာ ပို၍ စိတ်ကူးသန်လာပေသည်။ အကြောင်းမှကား လူတို့သည် သူတို့ ဘာမှန်း မသိသော အရာများကို အာရုံခံစားရသည့် ကမ္ဘာလောကကြီးထဲတွင် နေကြခြင်း မဟုတ်တော့၊ ဘယ်သူမှန်း သူတို့မသိသော သူက ပေးထားသည့် ကမ္ဘာလောကကြီးထဲတွင် နေခြင်းမဟုတ်တော့။

ကျွန်ုပ်တို့ လုပ်ကိုင်နေကြသည့် လယ်ယာများ၊ ကျွန်ုပ်တို့ နေထိုင်ကြသည့် မြို့ကြီးများ၊ ကျွန်ုပ်တို့ ပတ်ဝန်းကျင် တစ်ရပ်လုံးတို့သည် သဘာဝအတိုင်း မဟုတ်တော့ လူလုပ်ထားသည့်တို့ ဖြစ်ကြ၏။ ကျွန်ုပ်တို့သည် ကျွန်ုပ်တို့၏ အလုပ်အားဖြင့် မြေမျက်နှာပြင်ကြီးကို ပြောင်းလဲပစ်ခဲ့ကြပြီဖြစ်၏။ ဤနည်းအားဖြင့် ကျွန်ုပ်တို့၏ အာရုံခံစားများ ကျွန်ုပ်တို့၏ ကမ္ဘာလောကကြီး၏ အတွေ့အကြုံများကို ပြဋ္ဌာန်းခဲ့၏။ ကျွန်ုပ်တို့၏ အသိပညာသည် ကျွန်ုပ်တို့လုပ်သော အရာဝတ္ထုများတွင် လာ၍ပုံပေါ်နေ၏။ ကျွန်ုပ်တို့ လုပ်သော တိုက်တာအိုးအိမ်၊ ရေဒီယိုလျှပ်စစ်မီး စသော အရာဝတ္ထုများတွင် လာ၍ ပုံပေါ်နေ၏။

ကျွန်ုပ်တို့သည် ကမ္ဘာလောကကြီးကို သိရုံသာမဟုတ် ပြောင်းလဲ၍လည်း နေ၏။ ကျွန်ုပ်တို့ သိသော ကမ္ဘာလောကကြီးကိုယ်တိုင်ပင် ကျွန်ုပ်တို့ ဘိုးဘေးများ၏ အလုပ်မှပေါ်ထွက်လာခဲ့ခြင်း ဖြစ်၏။ သို့ပါလျက် ဤမျှရှင်းလင်းသော အချက်ကိုပင် ဆန့်ကျင်ကာ ကျွန်ုပ်တို့၏ ကမ္ဘာလောကကြီး အပြင်ဘက်တွင်ရှိသော အရာဝတ္ထုများ အကြောင်းကို မသိနိုင်ဟု ဆိုနေကြခြင်းမှာ အနှစ်သာရမဲ့မှုကို ပြခြင်းသာဖြစ်၏။ တည်ရှိနေသော စနစ်ကို စိတ်ပျက်စွာ ကာကွယ်နေမှုနှင့် တိုးတက်မှုကို တားဆီးရန် ကြိုးစားနေမှုတို့သာဖြစ်၏။

ကမ္ဘာမြေကြီးကိုပြောင်းလဲမှု လက်တွေ့ လုပ်မှုတို့သည် ရည်ရွယ်ချက်များ အတိုင်းဖြစ်ဖို့အတွက် အသိပညာလို၏။ တစ်ချိန်တည်း၌ ဤသို့ကမ္ဘာကြီးကို ပြောင်းလဲမှု ဖြစ်စဉ်သည်ပင်လျှင် အသိပညာသစ်ရရှိရေးအတွက် အသေအချာဆုံးသော လမ်းပင်ဖြစ်၏။ ကျွန်ုပ်တို့သည် မည်သည့် အရာကိုမျှ တစ်စုံတစ်ရာအသုံးချ မကြည့်ဘဲ၊ ပိုင်နိုင်စွာ သိပြီဟု မဆိုနိုင်၊ ထိုနည်းအတူမည်သည့် အရာကိုမျှ သူ့အကြောင်း သူ့အရည်အချင်းကို မသိဘဲ ထိရောက်စွာ အသုံးမချနိုင်ပေ။

အမေရိကန်မှ အဘိဓမ္မာဆရာတစ်ယောက်သည် လီနင်၏ စာအုပ်များကို ဖတ်ပြီး မာ့က်စ်ဝါဒကို သဘောကျကာ ယခင်က အယူအဆများကို တိုက်ဖျက်ရန် ကြိုးစားခဲ့၏။ သို့ရာတွင် လွှမ်းမိုးသော အရင်းရှင်တွေးခေါ်ပုံများကိုလည်း ပြတ်ပြတ်သားသား မစွန့်လွှတ်နိုင်ခဲ့ပေ။ သူ့အမည်မှာ ဆဲလားဟုခေါ်၏။ သူသည် အသိပညာ ပြဿနာနှင့် ပတ်သက်၍ ဒက်စ်ကာတီးစ်မှစ၍ ရပ်ဆယ်အထိ အဘိဓမ္မာဆရာများ၏

အာရုံများ အပြင်ဘက်မှ အရာဝတ္ထုများကို အသိအမှတ်မပြုခြင်းနှင့် ပတ်သက်၍ ချေပရာ၌ 'ဒီလက်နှိပ်စက်ကို သူတို့ ဝယ်ခဲ့တာပဲ၊ သူတို့ကောင်းကောင်းသိတာပေါ့' ဟု ဆို၏။ ၎င်းကို ခနရှင်ပေါက်စ အသိပညာ သဘောတရားဟု ခေါ်နိုင်၏ အဘယ်ကြောင့်ဆိုသော ၎င်း၏ ဆောင်ပုဒ်မှာ ''ဤပစ္စည်းကို ကျွန်ုပ်တို့ ဝယ်ခဲ့သည်။ ထို့ကြောင့် ဤပစ္စည်းသည် ရှိသည်''ဟူ၍ ဖြစ်၏။ သို့မဟုတ် တစ်နည်းဆိုရလျှင် ကုန်ပစ္စည်းဆိုသော အရာသာရှိသည်ဟူ၍ ဖြစ်နေ၏။ အလုပ်သမားများကမူ ဤပြဿနာကို တစ်မျိုးချဉ်းကပ်လိမ့်မည်ဖြစ်၏။ သူတို့အတွက် လက်နှိပ်စက်သည် တကယ်တည်ရှိ၏။ အဘယ်ကြောင့်ဆိုသော် ဒါကို သူတို့ကိုယ်တိုင် လုပ်ခဲ့ကြ၏။ ထို့အပြင် သူတို့ကိုယ်တိုင်လည်း အသုံးချဖို့ ပြဋ္ဌာန်းပြီးဖြစ်၏။ အလုပ်သမားများနှင့် လယ်သမားများအတွက် အသိပညာပြဿနာဆိုဒါမျိုးမရှိပေ။ သူတို့သည် ယခုအချိန်အထိ ဘယ်လောက်လေ့လာခဲ့ကြပြီလဲ၊ သဘာဝကြီးကို လေ့လာဖို့လိုသေးသလဲဆိုသော ပြဿနာသာရှိ၏။ သဘာဝကြီးနှင့် ကျွန်ုပ်တို့ဘဝ၏ လိုအပ်ချက်များကို ပိုင်နိုင်လေ ကောင်းလေဖြစ်၏။

စံတော်ဝင် ထုံးတမ်းစဉ်လာကြီး တစ်ရပ်လုံး၏ နောက်ကွင် အသိပညာဆိုသည်မှာ ကျွန်ုပ်တို့ ခေါင်းများထဲတွင်သာရှိသော အရာဖြစ်သည်ဟု ခံယူမှုသည်ရှိ၏။ သို့ရာတွင် အသိပညာသည် ကျွန်ုပ်တို့၏ မျက်စိများထဲ ဦးနှောက်များထဲတွင်သာလျှင် ရှိသည်မဟုတ်ပေ။ ကျွန်ုပ်တို့၏ ကြိယာတန်ဆာပလာများထဲတွင်လည်းကောင်း၊ ကျွန်ုပ်တို့ ပြုလုပ်လိုက်သည့် အရာအားလုံးထဲတွင်လည်းကောင်း၊ ကျွန်ုပ်တို့ ကိုင်စွဲအသုံးပြုသည့် အရာများ အားလုံးထဲတွင်လည်းကောင်း၊ ပါဝင်တည်ရှိနေ၏။ ကျွန်ုပ်တို့၏ အလုပ်ကျွမ်းကျင်မှုများနှင့် အလေ့အထများအတွင်း၌ ရှိနေ၏၊ ဤကမ္ဘာမြေပေါ်တွင် နေ့စဉ်နှင့်အမျှ နာရီနှင့်အမျှ လူတို့၏ အသက်ဆက်လက်တည်မြဲရေးအတွက် မရှိမဖြစ်သော မသိနိုင်သော အစွမ်းသတ္တိအတွင်း၌ တည်ရှိနေ၏။ အသိပညာသည် ခေါင်းထဲမှာသာ သိရှိသည်။ သို့မဟုတ် စာအုပ်များထဲမှသာ ရှိသည်ဆိုသော အမြင်မှာ အလုပ်၏ အစဉ်နှင့် ကင်းကွာနေသော ပညာတတ်များ၏ အမြင်ပင်ဖြစ်၏။ အမေရိကန် သစ်ပင်မွေးမြူရေးသမားကြီး လူသာအားဆင့်က လက်တွေ့အလုပ်နှင့် ပူးပေါင်းပါဝင်နေသော အသိပညာနှင့် စိတ်ကူးသက်သက် အသိပညာတို့၏ ခြားနားမှုကို ဖော်ပြခဲ့၏။ အလုပ်သမားလူတန်းစားသည် အသိပညာနှင့် လက်တွေ့အလုပ်ဆက်စပ်နေပုံ ထိုးထွင်းမြင်ပြီး လူ့အဖွဲ့အစည်းကို တော်လှန်ပြောင်းလဲရန်အတွက် အဘိဓမ္မာကို တော်လှန်ပြောင်းလဲရန် ဤအမြင်များကို အသုံးချကျင့်သုံးရန် တာဝန်ရှိပေသည်။

တရုတ်ပြည် ခေါင်းဆောင်ကြီး မော်စီတုန်းက ၁၉၃၇ ခုနှစ် တွင် ဤသို့ ရေးသားခဲ့၏။

လူ့အဖွဲ့အစည်း၏ လက်ရှိဖြစ်ပေါ် တိုးတက်မှုအဆင့်တွင် ကမ္ဘာလောက

ကြီးကို မှန်ကန်စွာ သိမြင်ရေးနှင့် ကမ္ဘာလောကကြီးကို ပြောင်းလဲပစ်ရေးတာဝန်သည် ရာဇဝင်ပေး တာဝန်အဖြစ် ပစ္စည်းမဲ့ လူတန်းစားနှင့် ၎င်းလူတန်းစား၏ နိုင်ငံရေးပါတီ၏ ပခုံးပေါ်သို့ ကျရောက်လာခဲ့လေပြီ၊ ကမ္ဘာလောကကြီးကို ဝိဇ္ဇာနည်းကျကျ သိမှုအပေါ်တွင် အခြေခံလျက် ၎င်းကမ္ဘာလောကကြီးအား ပြောင်းလဲပစ်ရေးကို လက်တွေ့ပြုလုပ်မှု အစဉ်သည် တရုတ်ပြည်မှာရော တစ်ကမ္ဘာလုံးရော ရာဇဝင် အချိန်အခါသို့ ဆိုက်ရောက်၍ လာလဲခဲ့လေပြီ၊ ၎င်းမျှ အရေးကြီးသော အချိန်အခါမျိုးကို ကမ္ဘာလောကကြီးသည် ဘယ်တုန်းကမျှ မတွေ့ကြုံခဲ့ဖူးပေ။ ၎င်းပြောင်းလဲမှုသည် တရုတ်ပြည်မှာရော နေရာတိုင်းမှာရော အမှောင်တိုက် လွှမ်းမိုးနေသော ကမ္ဘာကြီးကို လုံးဝ ပြောင်းပြန်လှန်ပစ်ရေးနှင့် ယခင်က ဘယ်တုန်းကမျှမပေါ်ခဲ့ဖူးသော အလင်းရောင် ထွန်းလင်းနေသည့် ကမ္ဘာကြီးအဖြစ်သို့ပြောင်းလဲပစ်ရာမှ လွဲ၍ အခြားဘာမျှ မဟုတ်ပေ။

လုပ်သားလူထုများအတွက်ကား အသိပညာပြဿနာဆိုတာမျိုးမရှိပေ၊ ကုန်ပစ္စည်းအမြောက်အမြားကို ထုတ်လုပ်နိုင်သည့် ကမ္ဘာလောကကြီးတွင် ဆင်းရဲရှားပါးမှုကို ပယ်ဖျက်ရေးအတွက် လည်းကောင်း၊ အားလုံးငြိမ်းချမ်း ပျော်ရွှင်စွာနေနိုင်ကြသည့် ကမ္ဘာလောကကြီးတွင် သွေးစုတ်ခြယ်လှယ်မှုကို ရှင်းလင်းပစ်ရေးအတွက်လည်းကောင်း၊ အသိပညာကို အသုံးချရေး ပြဿနာသာ ရှိပေသည်။ ၎င်းကဲ့သို့ အသုံးချရာ၌ လူတို့ စူးစမ်းရှာဖွေနေကြသော တန်ဖိုးရှိသူများ ပြဿနာကောင်းကျိုးချမ်းသာများ ပြဿနာသည် ပေါ်လာပေသည်။ ယခုအခါ ပြဿနာမှာ ကျွန်ုပ်တို့သည် ဘာကို သိကြသလဲဆိုသော ပြဿနာမဟုတ်တော့။ ၎င်းကမ္ဘာလောကကြီးအတွင်း၌ ကျွန်ုပ်တို့သည် ဘယ်လိုဘဝမျိုး ထူထောင်လိုသလဲ၊ လူတန်းစားအဖွဲ့အစည်း၏ ပိုက်ကွန်များကို ဖယ်ရှားပြီးသည့်အခါ ကျွန်ုပ်တို့မည်သို့ ဖန်တီးနိုင်လဲဆိုသော ပြဿနာဖြစ်၏။ ၎င်းသို့ ကျွန်ုပ်တို့၏ ကမ္ဘာကြီးကို တော်လှန်ပြောင်းလဲရန်အတွက် အသိပညာမရှိဘဲ မဖြစ်နိုင်ပေ။ ထို့အပြင် ၎င်းသို့ ပြောင်းလဲမှုသည် တိတိကျကျဖြစ်သော မြင့်မားသော စိတ်ဓာတ်ဆိုင်ရာ အသိတရားများနှင့် ရည်မှန်းချက်များ လိုပေသည်။ ၎င်းတာဝန်များကို ထမ်းဆောင်ရန် အလုပ်သမား လူတန်းစားကို သူ၏ ဘဝလိုအပ်ချက်များက တွန်းပို့နေပေသည်။

## အခန်း(၅)

## ဝိဇ္ဇာနည်းကျသော ရုပ်ဝါဒကျသော လူ့ကျင့်ဝတ်များကို

အလုပ်သမား လူတန်းစားသဘောတရားရေးရာဆရာများသည် ပြည့်စုံလုံလောက်၍ ဝိဇ္ဇာနည်းကျသော စိတ်ဓာတ်ဆိုင်ရာ တန်ဖိုးများ (ဝါ) စာရိတ္တဆိုင်ရာ တန်ဖိုးများနှင့် ပတ်သက်သော သဘောတရားတရပ်ကို ထူထောက်ရန် တာဝန်ရှိလာခဲ့ခြင်းမှာ ရာဇဝင်တွင်များစွာ အရေးပါလှသော အချက်ဖြစ်ပေ၏။ ထိုစာရိတ္တဆိုင်ရာ တန်ဖိုးများသည် ယခင်က လူ့ကျင့်ဝတ်တရား အားလုံးတို့ကို တော်လှန်ပြောင်းလဲပစ်မည်ဖြစ်၏။ သွေးစုတ်ခြယ်လှယ်သော လူ့အဖွဲ့အစည်း၏ သဘာဝသည် စိတ်နှင့်ရုပ်ဆက်သွယ်ရေး ပြဿနာကိုလည်းကောင်း၊ အသိပညာ၏ အရင်းမူလနှင့် သဘောသဘာဝ ပြဿနာကိုလည်းကောင်း ဖြေရှင်းရန်မတတ်နိုင်ခဲ့ရာ၊ လူကန်းစား လူအဖွဲ့အစည်းမှ အဘိဓမ္မာဆရာများသည် ဝိဇ္ဇာနည်းကျ၍ လူသားအားလုံးနှင့်ဆိုင်သော စာရိတ္တတရားကို မည်ကဲ့သို့ ထူထောင်ရန် တတ်နိုင်ပါသနည်း။

သွေးစုတ်သော လူတန်းစားကို ကိုယ်စားပြုသော အတွေးအခေါ်သမားများသည် ကောင်းသော ဘဝဆိုသည့် အယူအဆနှင့် ပတ်သက်၍ ရုပ်ဝတ္ထုကျကျရှိကြလိမ့်မည် ဟူ၍ (ဝါ) ဓမ္မဓိဋ္ဌာန်ကျလိမ့်မည်ဟူ၍ အဘယ်သို့ မျှော်လင့်နိုင်ပါမည်နည်း။ "ဘယ်သူ့အတွက် ကောင်းလို့လဲ"ဆိုသော ပြဿနာက ချက်ချင်းပေါ်လာပြီး၊ 'ငါတို့အတွက် ကောင်းဖို့' ဆိုသော အဖြေသာ ဖြစ်ရမည်ဖြစ်၏။ ကျေးကျွန်စနစ်ကြီးကို အမှီပြုပြီးနေကြသည့် ကျွန်ပိုင်ရှင်ကြီးများ၏ ဘဝသာဖြစ်၏။ ပဒေသရာဇ် မြေရှင်ကြီးများနှင့် အရင်းရှင်ကြီးများအတွက်လည်း အလားတူပင်ဖြစ်၏။ လူတန်းစားတစ်ရပ်သည် တိုးတက်လျှင် နေထိုင်ရသည့် ဘဝကောင်းအောင်၊ လူ့အဖွဲ့အစည်းကောင်းအောင်

သူ၏ စိတ်ကြိုက် မျှော်မှန်းမှုများသည် တိုးတက်သည့် လက္ခဏာရှိ၏။ ဤသို့ဖြစ်ရခြင်းမှာ ဤလူတန်းစားသည် ယခင်က အုပ်စိုးသော ရှုတန်းစားများထက်ပို ၍ ပရဟိတသမား ဆန်သောကြောင့်မဟုတ်။ သူ၏ လိုအပ်ချက်များနှင့် အကျိုးစီးပွားများသည် ပို၍ ကျယ်ပြန့်ပြီး အတိုင်းအတာတစ်ခုအထိ အခြားလူတန်းစားများ၏ အကျိုးစီးပွားများပါ ပါဝင်နေသောကြောင့်ဖြစ်၏။ သို့ရာတွင် လူနည်းစုကလေးအတွက် အခွင့်ထူး ခံစားခွင့်ရှိသော လူတန်းစား အဖွဲ့အစည်းတည်ရှိနေမှုကို လိုလားသော မည်သည့်လူတန်းစားမှ ရုပ်ဝတ္ထုကျသော ဝိဇ္ဇာနည်းကျသော လူသားအားလုံးနှင့် ဆိုင်သော ကျင့်ဝတ်တရားကို ထူထောင်ရန် မတတ်နိုင်ခဲ့ပေ။ ထူထောင်ရန် ဆန္ဒလည်း မရှိ၊ ဖြစ်နိုင်လိမ့်မည်ဟုလည်း မယုံကြည်ခဲ့ပေ။ သို့ရာတွင် ကမ္ဘာပေါ်၌ အကျင့်သီလနှင့် ပတ်သက်သော အတွေးအခေါ် ရာဇဝင်ကို ပြန်ကြည့်လျှင် မည်သူ့ဘက်မှ မလိုက်ဘဲ အားလုံးနှင့်ဆိုင်သော တရားများသာ ဖြစ်သည်ဟု ဆိုထားသည်ကို တစ်လျှောက်လုံး တွေ့ရပေလိမ့်မည်။ ရှေးတုန်းက မင်းကျင့်တရားနှင့်အညီ အုပ်ချုပ်သည် ဆိုသော ခေတ်များမှစ၍ အမေရိကန်နယ်ချဲ့ သမား ကြွေးကြော်နေသော လွတ်လပ်သော ကမ္ဘာဆိုသည့် ယခုခေတ်အထိ လူ့အဖွဲ့ အစည်းမှ လူနည်းစုကလေး၏ အကန့်အသတ်ရှိသော တန်ဖိုးများကို လူ့လောကကြီး တစ်ရပ်လုံး၏ အမြင့်မြတ်ဆုံး၊ အမှန်ကန်ဆုံးသော တန်ဖိုးများအဖြစ် ထူထောင် ထားကြ၏။

စိတ်ဝါဒဆန်သော စာရိတ္တပြုပြင်ရေးသမားများသည် စာရိတ္တဆိုင်ရာ တန်ဖိုးများ ဘယ်ကပေါ်လာကြသည် ဆိုခြင်းကို နားမလည်ကြပေ။ သူတို့သည် စာရိတ္တဆိုင်ရာ တန်ဖိုးများကို ဆုပ်ကိုင်၍ မရအောင်လုပ်၍ထားကြရာ၊ ဤစာရိတ္တတရားများအရ အလုပ် လုပ်၍ မရနိုင်အောင် ဖြစ်နေပေသည်။ သူတို့သည် လူပုဂ္ဂိုလ်တစ်ဦးချင်း ကောင်းဖို့ ကိုသာ အာရုံစိုက်ကြပြီး၊ လူမှုဆိုင်ရာဘဝ၏ လိုအပ်ချက်များမှ ဥပေက္ခာပြု၍ ထားခဲ့ကြလေသည်။ သူတို့သည် လူပုဂ္ဂိုလ်တစ်ဦးချင်း၏ ကျင့်ကြံမှုအတွက်သာ 'စံ'များ ချမှတ်ထားခဲ့ကြပြီး လူမှုဆိုင်ရာ အဖွဲ့အစည်းများကို အကဲဖြတ်ရန်အတွက်မူ 'စံ'များ မချမှတ်ခဲ့ကြပေ။ ထို့အပြင် သူတို့သည် ရုပ်ဝတ္ထုဆိုင်ရာတန်ဖိုးများကို စိတ်ဓာတ် ဆိုင်ရာတန်ဖိုးများမှ ခွဲထုတ်၍ ပစ်ခဲ့ကြလေသည်။ ဤနည်းအားဖြင့် သူတို့သည် လူ့ဘဝ၏ ကောင်းမွန်တိုးတက်မှုနှင့် ဘာမျှမဆိုင်သော သီးခြားဖြစ်သော တန်ဖိုးများ၏ နယ်ပယ်ကို ပြုလုပ်ဖန်တီးခဲ့ကြလေသည်။

စိတ်ဝါဒသမားများသည် လူတန်းစား လူ့အဖွဲ့အစည်း၏ ရာဇဝင်တစ်လျှောက် လုံး စာရိတ္တတရားနှင့် ပတ်သက်သော တွေးခေါ်မှုကို လွှမ်းမိုးခဲ့ကြ၏။ သူတို့သည် ပထမတန်ဖိုးကို ပြဿနာဖြစ်အောင် ဖန်တီးလိုက်၏။ ထို့နောက် သူတို့သည် စိတ်နှင့် ရုပ်ကို သီးခြားခွဲလိုက်ခြင်းအားဖြင့်၊ ဤပြဿနာကို ဖြေရှင်းခဲ့ကြလေသည်။ သူတို့သည်

တန်ဖိုးအားလုံးကို အဆင့်မြင့်သော ရုပ်ဝတ္ထုမဟုတ်သော၊ စိတ်နှင့် ဆိုင်သော မှုထဲမှ ထုတ်ယူရရှိခဲ့ကြလေသည်။ ယေဘုယျအားဖြင့် တက်သစ်စဖြစ်သော၊ တိုးတက်သော လူတန်းစားများကို ကိုယ်စားပြုကြသည်။ ရုပ်ဝါဒသမားများသည် စိတ်ဝါဒသမားများကို ဆန့်ကျင်ပြီး၊ ရုပ်ဝတ္ထုကျသော မြေကြီးပေါ်တွင်ဖြစ်သော လူ့ကျင့်ဝတ်တရားများကို ထူထောင်ရန် ကြိုးစားခဲ့ကြ၏။ သူတို့သည်ထင်ရှားသော တိုးတက်မှုများ ကိုကားပြုလုပ်ခဲ့ကြပါ၏။ သို့ရာတွင် သူတို့၏ လူတန်းစား၏ ချို့ယွင်းချက်များကြောင့်တစ်ကြောင်း။ စိတ်ဝါဒဆန်သော ချည်းကပ်မှုကြောင့်တစ်ကြောင်း၊ သူတို့သည် လူသားတို့၏ တိတိကျကျဖြစ်သော၊ လှုပ်ရှားပြင်းထန်သော၊ ပြဿနာများနှင့် ပတ်သက်၍၊ တိကျရေရာခြင်း မရှိသော၊ အသေလိုဖြစ်နေသော၊ အဖြေများကိုသာ ပေးနိုင်ခဲ့ကြလေသည်။ ထို့ပြင် သူတို့၏ စိတ်ဆန်သော ရုပ်ဝါဒနည်းကြောင့်၊ တစ်ဦးချင်း၏ ကောင်းသော အရာများကို သီးခြားယူမှုနေ၍၊ လူ့အဖွဲ့အစည်း၏ ကောင်းကျိုးချမ်းသာ အဖြစ်ခံယူရန် အခက်အခဲ တွေ့ခဲ့ကြပေသည်။

လူ့ကျင့်ဝတ်ဆိုင်ရာ သို့မဟုတ် စိတ်ဓာတ်ဆိုင်ရာ တန်ဖိုးများ ပြဿနာနှင့် အသိပညာပြဿနာတို့မှာ တူညီမှုရှိသည့်အတွက် စံတော်ဝင် အဘိဓမ္မာတွင် အလားတူ အခက်အခဲများကို တွေ့ရပေသည်။ အမှားအမှန် ချင့်ချိန်မှုများသည်၊ ဘုရားသခင်ထံမှ ရသလား။ ကျွန်ုပ်တို့သည် အမှားအမှန်ချင့်ချိန်မှုများကို၊ တစ်စုံတစ်ရာ ရုပ်ဝတ္ထု အခြေခံများ အပေါ်တွင် ပြုလုပ်နိုင်သလား။ အမှားအမှန်ချင့်ချိန်မှုများသည် ကျွန်ုပ်တို့၏ စိတ်က ကြိုက်၏၊ မကြိုက်၏ဆိုဒါထက်ပိုသေးသလား။ ပိုနိုင်သလား၊ အမှားအမှန် ချင့်ချိန်မှုများသည်၊ စိတ်ကူးသက်သက်ထဲက ပေါ်ထွက်လာသလား။ သို့မဟုတ် တကယ့် လူ့ဘဝ လိုအပ်ချက်များထဲက ပေါ်ထွက်လာသလား။ ၎င်းတို့သည် တကယ့် ကမ္ဘာ လောကကြီးထဲမှ တကယ့်လူအပေါင်းတို့၏ လိုအပ်ချက်များနှင့်ဆိုင်သလား။ သို့မဟုတ် စိတ်ဓာတ်ဆိုင်ရာ ပထမအခြေခံတရားများ။ သို့မဟုတ် ဆိုက်ကိုလိုဂျီပညာ အချက် အလက်များနှင့် ဆိုင်သလား။

ပလေတိုမှ ဂျွန်ဒီအထိ အဘိဓမ္မာဆရာများ၏ ခေါင်းထဲ၌ မေးခွန်းတခုတည်း ပေါ်၍လာခဲ့၏။ တစ်စုံတစ်ရာသော တန်ဖိုးများ၊ တစ်စုံတစ်ရာသော ကောင်းသော အရာများသည် လူတို့နှင့် မဆိုင်သော လောကကြီးထဲတွင် ရှိမနေခဲ့ကြပါက ကျွန်ုပ်တို့ သည် အရာဝတ္ထုများအဖြစ်အပျက်များကို ချင့်ချိန်ရာ၌ မည်သို့သော နည်းအားဖြင့် တန်ဖိုးရှိသည်၊ ကောင်းသည်ဟုဆိုနိုင်ခဲ့ကြပါသနည်း။

တနည်းအားဖြင့်ဆိုလျှင် အရာဝတ္ထုများနှင့် အဖြစ်အပျက်များသည် သူတို့ ဘာသာ သူတို့ ပင်ကိုယ်အတွင်း၌ ကောင်းသည်ဆိုးသည်ဟု မရှိပါက ကျွန်ုပ်တို့ အတွက် မည်ကဲ့သို့ ကောင်းသည် ဆိုးသည်ဟု ဆိုနိုင်ပါမည်နည်း။ ဤချဉ်းကပ်မှုမျိုး

သည်၊ စိတ်ဝါဒအရ ချဉ်းကပ်မှုမျိုးပင်ဖြစ်၏။ ရုပ်ဝါဒ၏ သင်ကြားချက်မှာ၊ ကောင်းသော အရာနှင့် တန်ဖိုးများ အားလုံးတို့သည် လူတို့၏ လူမှုဆိုင်ရာဘဝထဲမှ ထုတ်ယူရရှိသည် ဟူ၍ဖြစ်၏။

ပလေတိုက တန်ဖိုးများအားလုံးတို့သည် သူ၏ ထာဝရတည်သော အယူအဆများ၏ နယ်အတွင်း၌ ရှိသည်ဟုဆို၏။ ဂျူဝီကမူ ကျွန်ုပ်တို့၏ အတွေ့အကြုံ အပြင်ဘက်တွင် တစ်စုံတစ်ရာသော သဘာဝ ကမ္ဘာလောကကြီးသည် မရှိဟုဆိုလေသည်။ သူတို့နှစ်ဦးစလုံး၏ အဆိုမှာ ရုပ်သက်သက်ကမ္ဘာလောကကြီးအတွင်း၌ လူသည် ဘာတန်ဖိုးမျှမရှိနိုင်၊ အဓိပ္ပာယ်ရှိသော အမှားအမှန် ချင့်ချိန်မှုများကို မပြုလုပ်နိုင်ဟူ၍ ဖြစ်၏။

ဤနေရာတွင်လည်း စံတော်ဝင် စက်ဆန်သော ရုပ်ဝါဒသမားသမားများကို တိုက်ခိုက်ထားလေသည်။ သူတို့သည် ရဲရင့်စွာ တိုက်ခိုက်ခဲ့ကြ၏။ သူတို့သည် အရေးကြီးသော အမှန်တရားများကို တွေ့ရှိခဲ့ကြ၏။ သို့ရာတွင် လူ့အတန်းအစား အဖွဲ့အစည်း၏ ချို့ယွင်းချက်များ လောင်းရိပ်ကို သူတို့မိခဲ့ကြလေသည်။ သူတို့က လူတို့သည် ဘုရားသခင်၏ အကူအညီမပါဘဲ အမှားအမှန်ကို ချင့်ချိန်နိုင်ကြ၏။ ချင့်ချိန်ကြ၏။ သူတို့၏ ဘဝအတွေ့အကြုံအရ ဤသို့ သဘောတရားတွင် လက်တွေ့အလေ့အကျင့်၊ ကုန်ထုတ်လုပ်မှုတို့ကို ဥပေက္ခာပြုခဲ့ကြသကဲ့သို့၊ လူ့ကျင့်ဝတ်ဆိုင်ရာ သဘောတရားတွင်လည်း၊ လူသားတို့၏ ကုန်လုပ်စွမ်းအားများ ဖြစ်ပေါ်တိုးတက်ရေးနှင့်ပတ်သက်၍ လူတန်းစား တိုက်ပွဲရာဇဝင် ဖြစ်စဉ်တစ်ရပ်လုံးနှင့်လည်းကောင်း၊ လုပ်သားလူစုများ လိုအပ်ချက်များနှင့် အကျိုးစီးပွားများနှင့်လည်းကောင်း၊ သူတို့ကိုယ်သူတို့ ကင်းကွာအောင် ပြုလုပ်ခဲ့ကြလေသည်။ စက်ဆန်သော ရုပ်ဝါဒသမားများသည် စိတ်ဝါဒသမားများကို ဆန့်ကျင်ရာ၌ မိမိတို့၏ ချို့ယွင်းချက်များကြောင့် မိမိတို့ ရန်သူများ၏ ကစားခြင်းကို ခံခဲ့ကြရသည်ကို ကျွန်ုပ်တို့ တွေ့ရ၏။ ဤသို့ဆိုခြင်းကြောင့် အီပင်ကြူးရပ်စ်ကဲ့သို့သော ရှေ့ပြေး အတွေးအခေါ်သမားများသည် ဟန်ပြတိုက်ပွဲကို ပြုလုပ်ခဲ့ကြသည်ဟု မဆိုလို၊ အရေးကြီးသော သဘောတရားရေး ပြဿနာများကို ရှုပ်ထွေးအောင် ပြုလုပ်ခဲ့မိကြခြင်းကိုသာ ဆိုလိုခြင်းဖြစ်သည်။

ပထမကျွန်ုပ်တို့သည် စက်ဆန်သော ရုပ်ဝါဒသမားများ အကြောင်းကို လေ့လာပြီးနောက် ဤစံတော်ဝင် ရုပ်ဝါဒသမားများကို အလုပ်သမား လူတန်းစား၏ ဝေဖန်မှု၊ သို့မဟုတ် အနုပဋိလောမ ရုပ်ဝါဒနည်းအရ ဝေဖန်မှုကို လေ့လာကြမည်ဖြစ်၏။

ခရစ်မပေါ်မီငါးရာစုနှစ်မှစ၍ ရုပ်ဝါဒ အားလုံးမှာ ပြင်းထန်စွာ တိုက်ခိုက်ခြင်းကို ခံခဲ့ရ၏။ မှားယွင်းစွာ ပုံဖော်ခြင်းများကို ခံခဲ့ရ၏။ သို့ရာတွင် လူ့ကျင့်ဝတ်တရားများနှင့် ဆိုင်သော အတွေးအခေါ်မှာလောက် ဘယ်နေရာမှ ရုပ်ပျက်ဆင်းပျက်ဖြစ်အောင်

လုပ်ခြင်းကိုမခံခဲ့ရပေ၊ ရုပ်ဝါဒသမားတယောက်တွင် လူ့ကျင့်ဝတ်များရှိပါသည်ဟု အောင့်အီး၍ဝန်ခံခဲ့လျှင်လည်း၊ ဤရုပ်ဝါဒသမားတွင်ရှိသော လူ့ကျင့်ဝတ်များမှာ ရိုင်းစိုင်းသော ကျင့်ဝတ်များသာ ဖြစ်သည်ဟု ဆိုကြတော့၏။ ရုပ်ဝါဒသမားများတွင် မျှော်မှန်းချက်များမရှိ *ရုပ်ဝတ္ထုများ* ဆွဲဆောင်ရာသို့သာ လုံးဝပါနေကြသည်ဟုဆို၏။ စိတ်ဝါဒသမားများသည်၊ ဤသို့ ရုပ်ဝါဒသမားများ၏ ကျင့်ဝတ်များကိုတိုက်ခိုက်ရာ စိတ်*ဝါဒ* ဆိုသော စကား၏ အဓိပ္ပာယ်နှစ်ခုရှိမှုကို ယူ၍ တိုက်ခိုက်ခဲ့ကြ၏၊ အများက အသုံးပြုနေကြသည့် အတိုင်းဆိုလျှင်၊ စိတ်ဝါဒဆိုသည့်အဓိပ္ပာယ်မှာ ရောက်ရှိရန် စိတ်ကူးထားသည့်ပန်းတိုင်များ၊ စံတင်ချက်များ *စိတ်ကြိုက်မျှော်မှန်းချက်များ*ကို ယုံကြည်ခြင်းဟူ၍ဖြစ်၏။ အဘိဓမ္မာရေးရာတွင်ကား စိတ်ဝါဒသည် *စိတ်ကြိုက်မျှော်မှန်းချက်များ*နှင့် မဆိုင်၊ *အယူအဆများ (ဝါ) စိတ်ကူးများ*နှင့် ဆိုင်၏။ စိတ်သို့မဟုတ် နာမ်သို့မဟုတ် စိတ်ကူးများက ပထမ မူလဖြစ်၍ ရုပ်ဒုတိယဖြစ်သည်၊ လက်အောက်ခံဖြစ်သည်။ သို့မဟုတ် ရုပ်ဆိုတာမရှိဟု သင်ကြားသော ရုပ်ဝါဒဖြစ်၏။ သို့ဖြစ်ရာ လူမှုဆိုင်ရာ မျှော်မှန်းချက်များ၊ သို့မဟုတ် စာရိတ္တဆိုင်ရာ မျှော်မှန်းချက်များသည် အဘိဓမ္မာရေးရာ စိတ်ဝါဒနှင့် ဘာမျှ မဆိုင်ပေ။ ဤသို့သော မျှော်မှန်းချက်များ ရရှိရေးဆိုသည်မှာလည်း၊ အဘိဓမ္မာရေးရာရုပ်ဝါဒနှင့် ဘာမျှ မပတ်သက်ပေ၊ အဓိပ္ပာယ်ခြားနားမှုကို ဥပေက္ခာပြုလျှင် အကြီးဆုံး ရှုပ်ထွေးမှုသာ ဖြစ်နိုင်ပေသည်။

အဘိဓမ္မာရေးရာ စိတ်ဝါဒသမားများသည်၊ သူတို့ကိုယ်သူတို့ အကောင်းဆုံး မျှော်မှန်းချက်ရှိသူများ အဖြစ် တင်ပြခဲ့ကြ၏။ စုစုစည်းစည်းနှင့် တည်ထောင်ထားသော ဘာသာသည် ၎င်း၏ အထူးဘာသာရေးဆိုင်ရာ လကတွေ့ဆိုင်ရာ ရည်ရွယ်ချက်များအတွက် ဤမှားယွင်းသော ခံယူမှုများကို ပြုစုပျိုးထောင်ခဲ့၏။ အဘိဓမ္မာရေးရာ စိတ်ဝါဒသမားများသည်၊ ရုပ်ဝါဒနှင့် သဘာဝဓမ္မဝါဒ ပုံသဏ္ဌာန်အာလုံးတို့အား ဆန့်ကျင်တိုက်ခိုက်ရာတွင် ဤမှားယွင်းသော ခံယူချက်များကို အသုံးပြုခဲ့ကြ၏။ ရှေးခေတ်ကရော၊ ယခုခေတ်မှာရော အုပ်စိုးသောအစုများသည် ဤသို့သော ရုပ်ပျက်ဆင်းပျက်လုပ်မှုများကို အားပေးခဲ့ကြလေသည်။ ဥပမာ မစ္စတာဟာဂိုးစတက်ဆင်က *'လူသည်ပေါင်မုံ့ရလျှင် ပြီးသည်'*ဆိုသော အဘိဓမ္မာကို ရုရှပြည်တွင် စမ်းသပ်ကြည့်နေသည်။ ဤအဘိဓမ္မာသည် ပေါင်မုံ့ကိုပင် ရအောင်မတတ်နိုင်ဟုဆို၏။ အလားတူပင် ပိုတန်ရပ်ဆယ်ဆိုသူက ''*ရုရှပြည်မှ အုပ်စိုးသော လူတန်းစားသစ်သည် သူ၏ အဘိဓမ္မာနှင့် သူ၏ ကတိပြုချက်အားလုံးတို့ကို ရုပ်ဝတ္ထုပစ္စည်းများအပေါ် အမှီပြုထားကာ၊ စာရိတ္တဆိုင်ရာ စိတ်ဓာတ်ဆိုင်ရာတန်ဖိုးများ အားလုံးကိုမူ ငြင်းဆိုခဲ့ကြသည်*''ဟု ရေးခဲ့၏။ တစ်ဖန် *ကလီးမင့်အက်တလီ*ကလည်း၊ ဗြိတိသျှလေဘာပါတီ၏ အစည်းအဝေးတစ်ခုတွင် စကားပြောရာ၌ ဗြိတိသျှဆိုရှယ်လစ်ဝါဒသည် ''*ရုပ်ဝါဒအနွယ်မဟုတ်ပါ၊* ကျွန်ုပ်တို့

*သည် မျှော်မှန်းချက်များနှင့် အလုပ် လုပ်ကြရန် လိုပါသည်။ ကျွန်ုပ်တို့၏ လှုပ်ရှားမှုသည် ရုပ်ဝါဒမဆန်ပါ။ စိတ်ဓာတ်ဆိုင်ရာ တန်ဖိုးများကို လက်ခံမှုအပေါ်တွင် အခြေခံထားပါသည်"*ဟုပြောခဲ့၏။ ဂျွန်ဖော် စတာဒါးလေ့စ်ကလည်း အလားတူ စကားမျိုးပင် ပြောခဲ့လေသည်။

ဤစကားအားလုံး၏ သဘောမှာ ရုပ်ဝါဒသည် တန်ဖိုးများ အားလုံးကို ပစ်ပယ်သည်။ သို့မဟုတ် အနည်းဆုံးဆိုရလျှင် ရုပ်သက်သက် တန်ဖိုးများမှလွဲသော အားလုံးသော တန်ဖိုးများကို ပစ်ပယ်သည်ဟူ၍ စွပ်စွဲခြင်းဖြစ်၏။ *ကလဲယားဘုသ်လုစ်*ဆိုသော အမျိုးသမီးကမူကား၊ ကွန်မြူနစ်ဝါဒသည် လက်ထပ်ရေးနှင့် အိမ်ထောင်ရေးတို့ကို ဆန့်ကျင်သည် သစ္စာဝါဒတရားကို ငြင်းဆိုသည်။ လူတို့ကို ပုဂ္ဂိုလ်ဆိုင်ရာ တွေးတောမှု၊ ဆောင်ရွက်မှု အခွင့်အရေးတို့ကို မဲ့စေကာ စက်ရုပ်အဖြစ်သို့ ပြောင်းလဲ၍ ပစ်နိုင်သည်ဟု ဆိုခဲ့၏။ ဤသို့သော ပြောဆိုချက်များသည်၊ ပလေတိုမှစ၍ ကန့်နှင့် ဂျူဝိတို့အထိဖြစ် သော ရုပ်ဝါဒဆန့်ကျင်သော စာရိတ္တပြုပြင်ရေးသမားများ၏ သင်ကြားချက်များကို ဖော်ပြချက်များသာ မဟုတ်ပါက ဤမျှ ရုပ်ပျက်ဆင်းပျက် ဖြစ်အောင် လုပ်ထားသော ပြောဆိုချက်များကို လူ့ကျင့်ဝတ်တရားကို လေးနက်စွာ လေ့လာသည့် နေရာတွင် ထည့်ပြောရန်ပင် မထိုက်ပေ။

အမှန်ကား အဘိဓမ္မာတရပ်အနေနှင့် ဖြစ်သော ရုပ်ဝါဒသည်၊ ရှေးဟောင်း အိန္ဒိယနှင့် ရှေးဟောင်းဂရိတ်ပြည်တို့မှစ၍ ယနေ့ထိ ကျင့်ဝတ်များ ရှိခဲ့ပေသည်။ တကယ့်ပြဿနာမှာ ရုပ်ဝါဒသည် ကျင့်ဝတ်ဆိုင်ရာ မျှော်မှန်းချက်များ မရှိခြင်း မဟုတ်ဘဲ၊ မည်သို့သော မျှော်မှန်းချက်အမျိုးအစားများ ရှိသလဲဆိုသည့် ပြဿနာဖြစ်ပေသည်။ ပြဿနာမှာ ရုပ်ဝါဒသည် ကျင့်ဝတ်များရှိနိုင်စွမ်း ရှိသည်ဆိုသော ပြဿနာမဟုတ်ဘဲ၊ ၎င်း၏စိတ်ဓာတ်ဆိုင်ရာတန်ဖိုးများ၏ ရုပ်ဝတ္ထုအခြေခံဖြစ်ပေသည် စိတ်ဝါဒသမားများသည် ရုပ်ဝါဒ၏ မျှော်မှန်းချက်များကို မကြိုက်ပေ။ အဘယ်ကြောင့်ဆိုသော် ဤမျှော်မှန်းချက်များသည် ဤကမ္ဘာလောကကြီးနှင့် ဤလောကကြီးအတွင်းရှိ လူတို့၏ ဘဝတွင် အခြေပြုထားသောကြောင့် ဖြစ်၏။ စိတ်ဝါဒသမားများသည် ရုပ်ဝါဒက ၎င်း၏မျှော်မှန်းချက်များရယူပုံ ရယူနည်းကို မကြိုက်ပေ။ အဘယ်ကြောင့်ဆိုသော် ရုပ်ဝါဒသည် ဤမျှော်မှန်းချက်များကို ထာဝရ ဘုရားသခင်ထံမှ ရရှိခြင်းမဟုတ်ဘဲ လူသားတို့၏ သဘာဝမှ ရရှိသောကြောင့် ဖြစ်၏။

စက်ဆန်သော ရုပ်ဝါဒကျင့်ဝတ်များသည် အကောင်းဆုံးဆိုရလျှင် *စိန်ဆိုင်းမွန်း၊ အိုဝင်နှင့် ဖိုရီးယားတို့*၏ စိတ်ကူးယဉ် ဆိုရှယ်လစ်ဝါဒအဖြစ် ပေါ်ပေါက်၍ လာခဲ့၏။ အဆိုးဆုံးဆိုရလျှင်ကား ဤစက်ဆန်သော ရုပ်ဝါဒသည် အရင်းရှင်စနစ်ကို ကာကွယ်သူ ဖြစ်လာခဲ့လေသည်။

ကျင့်ဝတ်တစ်ရပ်အဖို့ တည်ရှိနေသော လူ့အဖွဲ့အစည်းကိုသာ မကဘဲ၊ လူတန်းစား လူ့အဖွဲ့အစည်းအားလုံးကို တကယ်ယှဉ်ပြိုင်နိုင်ရေးအတွက် ပေါ်ထွက်လာရန်မှာ အဘိဓမ္မာနှင့်ကျင့်ဝတ်ဆိုင်ရာ သဘောတရားတို့ အတွင်း၌ အကြီးအကျယ်တော်လှန်ပြောင်းလဲမှု လိုပေသည်။ ဤသို့သော ပြောင်းလဲမှုကို ပြင်ရန်အတွက် ပထမ မည်သို့သော ရုပ်ဝါဒကျင့်ဝတ်များအတွက် မဆိုလိုသော အခြေခံများကို ဆန်းစစ်ကြည့်ခြင်း၊ ထို့နောက် စက်ဆန်သော ရုပ်ဝါဒကြောင့် ဖြစ်လာသော ကျင့်ဝတ်များနှင့် ပတ်သက်သော တိတိကျကျ ချိုးယွင်းချက်များကို စူးစမ်းခြင်းတို့ကို ပြုလုပ်ရမည်ဖြစ်၏။

ရုပ်ဝါဒကျင့်ဝတ်များ၏ ပထမအခြေခံမှာ ဤသို့ဖြစ်၏။ မှန်မှု၊ မှားမှု၊ တရားမှု၊ ကောင်းသောသူ၊ ကောင်းသော ဘဝဆိုသော အယူအဆ အားလုံးတို့မှာ လူတို့၏ ဖန်တီးမှုများ ဖြစ်သည်။ လူတို့က လုပ်ခြင်းဖြစ်သည်။ လူတို့၏ ဘဝနှင့် လူတို့ဘဝ၏ လိုအပ်ချက်များကို အရောင်ရိုက်ခတ်ခြင်းဖြစ်သည်။ မာ့က်စ်ဝါဒသမားများသည် ဤအခြေခံ၏ မှန်ကန်မှုကိုလည်းကောင်း၊ ဤသို့ဖော်ပြပုံ၏ မတိကျမှုကိုလည်းကောင်း ချက်ချင်းမြင်မိလိမ့်မည်ဖြစ်၏။ သို့ရာတွင် ဤဖော်ပြချက် တန်ဖိုးပြဿနာများနှင့် ပတ်သက်၍ ဝိဇ္ဇာနည်းကျကျ ချဉ်းကပ်မှုအတွက် ကြိုတင်လိုအပ်ချက်ပင်ဖြစ်၏။

*ဟီရာကလစ်တပ်က "လူတို့သည် မတရားမှုမရှိလျှင် တရားမှုအကြောင်းကို သိလိမ့်မည်မဟုတ်" ဟုဆိုခဲ့၏။ အီပစ်ကြူးရပ်စ်က*မူ တရားမှုကို "အပြန်အလှန်ဆက်ဆံမှု အတွင်း၌သာ အကျိုးရှိနိုင်သော အရာ" အဖြစ်ဖော်ပြခဲ့၏။ ဤအခြေခံရုပ်ဝါဒ အယူသည် ကျွန်ုပ်တို့၏ စာရိတ္တဆိုင်ရာ အယူအဆများနှင့် မျှော်မှန်းချက်များသည် ဘုရားသခင်ထံမှ လာသည်။ သို့မဟုတ် လူမဟုတ်သော၊ ရုပ်ဝတ္ထုမဟုတ်သော ရေသောက်မြစ်မှ လာသည်ဆိုသော သင်ကြားချက်ကို ဆန့်ကျင်ရာ၌ လွန်ခဲ့သော နှစ်ပေါင်း ၂၅၀၀ တုန်းကကဲ့သို့ပင်၊ ယနေ့နိုင်မြဲစွာ ရပ်တည်နေပေသည်။ လူတို့သည် သူတို့၏ စိတ်ဓာတ်တန်ဖိုးများ၊ သူတို့၏ ကျင့်ဝတ်များကို သူတို့၏ အာရုံအတွေ့အကြုံများမှ လက်ဝယ်ရရှိသော ဝတ္ထုပစ္စည်းများထဲမှ ပြုလုပ်ကြသည်ဟူ၍ ရုပ်ဝါဒက ဆိုလေသည်။

ဒုတိယအခြေခံမှာ ဤသို့ဖြစ်၏။ ကောင်းသည်ဆိုသော အယူအဆများ အားလုံးသည် လူသားတို့၏ လိုအပ်ချက်များ၊ အကျိုးစီးပွားများနှင့် ဆန္ဒများထဲမှ ထွက်ပေါ်လာကြခြင်းဖြစ်၏။

*စပင်နိုဇာက* ဤအချက်ကို အလွယ်ကူဆုံး ရှင်းလင်းဖော်ပြခဲ့၏။ ကျွန်ုပ်တို့သည် တစ်စုံတစ်ရာကို ကောင်းသည်ဟု ယူဆသောကြောင့် ထိုအရာကို ရအောင်ကြိုးစားခြင်း၊ ရလိုခြင်း၊ တမ်းတခြင်း၊ ဆန္ဒရှိခြင်းတို့ဖြစ်သည် မဟုတ်၊ ၎င်းနှင့် ပြောင်းပြန် ကျွန်ုပ်တို့က ထိုအရာကို ရအောင်ကြိုးစားခြင်း၊ ရလိုခြင်း၊ တမ်းတခြင်း၊ ဆန္ဒများထဲမှ

ပေါ်ထွက်လာကြခြင်းဖြစ်၏။ ဥပမာ လွတ်လပ်ရေး ဆိုသောအယူအဆနှင့် ပက်သက်၍ ကြည့်ကြစို့။ လူတို့သည် လွတ်လပ်ရေးကို တစ်စုံတစ်ရာတိတိကျကျမရှိဘဲ ကောင်းသည်ဟု ဆိုခြင်းကြောင့် လိုချင်ကြခြင်းမဟုတ်။ သူတို့လိုဒါကိုရအောင် လုပ်နိုင်သောသူတို့အစွမ်းကို လွတ်လပ်ရေးဟု ခေါ်ကြလေသည်။ ဤရုပ်ဝါဒအမြင်အရ မည်သူမျှမလိုချင်သော ကောင်းသည်ဆိုသောအရာသည် စကားအခေါ်ကိုက ဆန့်ကျင်နေပေသည်။

မည်သူမျှမလိုချင်သော ကောင်းသည်ဆိုသောအရာသည် မည်သူ့မှာမှမရှိသောအခွင့်အရေးနှင့် တူစေ၏။ သို့ရာတွင် အံ့ဖွယ်ကောင်းသည်မှာ လူတို့သည် သူတို့ မှာမရှိသော အခွင့်အရေးများကို တောင်းဆိုနေကြစဉ်မှာ သူတို့မလိုချင်သော ကောင်း သည်ဆိုသည့် အရာများကို အခြားသူများက ပေးနေကြသည်တကား။

အေဘရာဟင်လင်ကွန်းက ကျေးကျွန်စနစ်နှင့်ပက်သတ်၍ ဤသို့ပြောခဲ့၏။ *''ဘယ်သူမှ သူတို့အတွက်မလိုချင်ကြတဲ့ ကောင်းတယ်ဆိုတဲ့အရာကို ခင်ဗျားတို့တတ်နိုင်ယင် စဉ်းစားကြည့်ကြစမ်းပါအုံး''* နီဂရိုးဘုန်းကြီးတစ်ပါးက မကြာမီက ပြောခဲ့သည်မှာ အာဖရိကတွင် လူများမှာ မြေများရှိ၍ သာသနာပြုဆရာများက သမ္မာကျမ်းစာနှင့် ရောက်၍ လာခဲ့ကြ၏။ သို့ရာတွင် လူများမှာ သမ္မာကျမ်းစာ ရှိနေကြပြီး မျက်နှာဖြူများတွင် မြေများရှိလာကြသည် ဟူ၍ဖြစ်၏။ အုပ်စိုးသော လူတန်းစားတစ်ရပ်သည် ကုန်လုပ်စွမ်းအားစုများကို လူအားလုံးတို့၏ ကောင်းကျိုးချမ်းသာအတွက် တိုးတက်အောင် ပြုလုပ်၍ အသုံးမချနိုင်သည့် အတွက်ကြောင့် ဖောက်ပြန်လာသည့် အခါသူသည် *အတွင်းစိတ်ဓါတ်လွတ်လပ်ရေးဆိုသည်ကိုအစဉ်သဖြင့်* အမွှန်းတင်ကာ ကျင့်ဝတ်ဆိုင်ရာ စိတ်ဝါဒအမျိုးမျိုးတွင်းသို့ ခိုဝင်ကာအကာအကွယ် ယူလေတော့သည်။

ဤရုပ်ဝါဒအခြေခံမှုသည် စိတ်ဝါဒကျင့်ဝတ်ဆိုင်ရာ သဘောတရားများအားလုံးနှင့် တိုက်ရိုက်ဆန့်ကျင်၏ ဤရုပ်ဝါဒသည် လူတို့၏ ကြိုပမ်းမှုများ၊ ဆန္ဒများကို တစ်စုံတစ်ရာ ဆန္ဒပြည့်ဝဖို့ လောက်အထိသာ၊ ၎င်းတို့ ရည်ရွယ်သော ကိစ္စမဟုတ်လျှင် ချုပ်ခြယ်ကန့်သတ်၍ မထားပေ။ ဤချဉ်းကပ်ချက်အတွင်း၌ လူတို့သည် ရုပ်ဝတ္ထုပစ္စည်းများကိုသာလိုလားသည်။ လူတို့သည် ပေါင်မုန့်တစ်ခုတည်းနှင့် နေနိုင်သည်၊ နေလိုသည်ဆိုခြင်းကို ဘာမျှမတွေ့ရပေ။ စပင်နိုဇာသည် လူတို့၏ တန်ဖိုးများနယ်နှင့် ပတ်သက်သော သူ၏ ခံယူချက်ကို ဖော်ပြခဲ့၏။

သို့ရာတွင် စပင်နိုဇာ၏ ဖော်ပြချက်၌ အရေးကြီးသော ပြဿနာတစ်ခုမှာ မဖြေဘဲ ကျန်နေရစ်ခဲ့၏။ သူက လူတို့၏ ဆန္ဒများ လိုလားချက်များတွင် ကောင်းသည့် အရာပါဝင်နေသည်။ ဤဆန္ဒများ၊ လိုလားချက်များက စိတ်ဓာတ်တန်ဖိုးများကို ပြဋ္ဌာန်းသည့် ဆိုချက်ကို ထူထောင်ခဲ့၏။ သို့ရာတွင် မည်သို့သော လူများ၏ ကြိုးစားချက်များ၊ လိုလားချက်များ၊ ဆန္ဒများ၌ မည်သို့သော အခြေအနေများအောက်တွင် ရုပ်ဝတ္ထုကျကျ

ကောင်းသည့်အရာ ပါဝင်နေသနည်းဆိုသည့် ပြဿနာကိုမူ သူက မဖြေဘဲ ချန်ထားခဲ့လေသည်။ ရုပ်ဝတ္ထုကျကျကောင်းသည့်အရာ ဆိုသည်မှာ တစ်စုံတစ်ယောက်သော ပုဂ္ဂိုလ်၏ ဆန္ဒထက်ပိုသော ကောင်းသည့်အရာကို ဆိုလိုခြင်းဖြစ်သည်။ တစ်စုံတစ်ရာသော ကောင်းသည့်အရာသည် ရုပ်ဝတ္ထုကျရမည်ဆိုသည်မှာ၊ တစ်ချိန်ချိန်တွင် သင်တို့ကျွန်ုပ်တို့က မည်သို့ပင်ထင်စေကာမူ၊ ထိုအရာသည်သင့်အတွက်၊ သို့မဟုတ် ကျွန်ုပ်အတွက်၊ သို့မဟုတ် လူတန်းစားတရပ်အတွက်၊ သို့မဟုတ် လူသားအားလုံး တို့အတွက် ကောင်းရမည်ဖြစ်၏။ စပင်နိုဇာသည် ဒေးဗစ်ဟူးစ် သို့မဟုတ် ဘာထရန်ရပ်ဆယ်တို့ကဲ့သို့ စိတ်ဝါဒအနွယ်မရှိသည်မှာ ထင်ရှားပေသည်။ ဟူးမ်နှင့် ရပ်ဆယ်တို့ကား ကောင်းသည်ဆိုသော အရာမှာ တဦးချင်း၏ ခံစားမှုလောက်သာ ဖြစ်သည်ဟု ယူဆကြလေသည်။ စပင်နိုဇာကမူ လူတစ်ဦးယောက်၏ ဆန္ဒများသည် အခြားသော သူများ၏ ဆန္ဒများနှင့် ကိုက်ညီအောင်ထားမှသာလျှင် ဤဆန္ဒများနှင့် ကိုက်ညီအောင် ထားမှသာလျှင် ဤဆန္ဒများ အစစ်အမှန် ပြည့်ဝနိုင်သည်ဟု ယုံကြည်ကြလေသည်။

ဤနေရာတွင် စပင်နိုဇာအနေနှင့် လူတန်းစား လူ့အဖွဲ့အစည်းအတွင်း၌ လူသား အားလုံးနှင့်ဆိုင်သော ကျင့်ဝတ်ပုံသဏ္ဌာန် တစ်စုံတစ်ရာ ထူထောင်ရေးပြဿနာကို မဖြေရှင်းနိုင်ပုံကို ပြခြင်းပင်ဖြစ်၏။ သူဌေးကြီးများအတွက် ကောင်းသော အရာသည် ဆင်းရဲသားများအတွက် ကောင်းမည်မဟုတ်ပေ။ ဤအခက်အခဲကို ဖြေရှင်းရန်မှာ လူတန်းစားခံယူမှုရှိရန်လို၏။ လူတန်းစားဆက်ဆံရေးများကို လူသားတို့အပေါ်တွင် ထာဝရခိုင်မြဲနေအောင် ပြုလုပ်ရန်မဟုတ်ဘဲ၊ လူတန်းစားဆက်ဆံရေးများကို သုတ်သင်ပစ်ရန် ဖြစ်၏။ တိုးတက်၍ တော်လှန်သော ခေတ်ရှင်ဖြစ်သည့် စပင်နိုဇာသည် နိုင်ငံရေးဒီမိုကရေစီအတွက်ရော၊ ရုပ်ဝါအဘိဓမ္မာအတွက်ရော ကြီးစွာသော အထောက်အကူများကို ပြုလုပ်ခဲ့၏။ သူသည် တိုးတက်သော ဒတ်ချ်ခေတ်ရှင်အတွက် အောရိန်းမင်းညီမင်းသားများ၏ ပဒေသရာဇ်ဆက်ဆံရေးများကို ဆန့်ကျင်တိုက်ခိုက်ခဲ့၏။ သို့ရာတွင် စပင်နိုဇာကဲ့သို့ မည်မျှပင် ဉာဏ်ထက်မြက် ရဲရင့်သောသူပင်ဖြစ်စေကာမူ တကဲ့လူတန်းစားမဲ့လောကကြီးဆီသို့ရောက်အောင် လူတန်းစားချဉ်းကပ်မှုပြဿနာကို မဖြေရှင်းနိုင်ခဲ့ပေ။ ခေတ်သစ်အလုပ်သမား လူတန်းစားသည် သာလျှင် ဤပြဿနာကို ပထမဦးစွာ ဖြေရှင်းနိုင်ခဲ့ပေသည်။ ပဒေသရာဇ်များသည် ကျေးကျွန်သွေးစုတ်မှုများကို မြင်ခဲ့၏။ သို့ရာတွင် မည်သည့်ခေတ်ရှင်မှ ရုပ်ဝါဒသမားဖြစ်ဖြစ် စိတ်ဝါဒသမားဖြစ်ဖြစ် ခေတ်ရှင်သွေးစုတ်မှုကို မမြင်ခဲ့။ ဘယ်တော့မှလည်း မြင်နိုင်မည် မဟုတ်ပေ။

စပင်နိုဇာ မှစ၍ ဒိုင်ဒီရော့အထိ အားလုံးသော ခေတ်ရှင် ရုပ်ဝါဒသမားများသည် ခေတ်ရှင် လူ့အဖွဲ့အစည်းအတွင်း၌ လူပုဂ္ဂိုလ်အသီးသီးတို့၏ ဆန္ဒများကို အဆင်ပြေအောင် စုစည်း၍ ထားနိုင်သည်ဟု ယုံကြည်ကြလေသည်။

ရုပ်ဝါဒကျင့်ဝတ်များ၏ တတိယအခြေခံမှာ ကောင်းသောအရာသည် ရည်ရွယ်ချက်၊ သို့မဟုတ် ပန်းတိုင်ကဲ့သို့ပင် ဤကမ္ဘာလောကနှင့် ဤကမ္ဘာလောကအတွင်း နေထိုင်ကြသော လူများ၏ ဘဝနှင့်သာလျှင် ဆိုင်သည် ဟူ၍ဖြစ်၏။ ဤကမ္ဘာလောကကြီးမှလွဲပြီး သူတို့အတွက် ကောင်းနိုင်သည်ဆိုသော နေရာသည်မရှိပေ။ ဤကား ရုပ်ဝါဒမူဖြစ်၏။ မည်သည့် ရုပ်ဝါဒမူ အရပင်ဖြစ်စေ ကောင်းသည်ဆိုသည့် အရာမှာ ဤကမ္ဘာလောကကြီးရှိ လူတို့အတွက် ဤဘဝအတွက်ဖြစ်သည်ဟု ယုံကြည်၏။ *အီပစ်ကြူရပ်စ်၊ ဒိုင်ဒီရော့စ်* စသော ရုပ်ဝါဒသမားများသည် ကောင်းသောအရာနှင့် ပတ်သက်၍ အမျိုးမျိုးခံယူချက်များရှိကြပေသည်။ မည်သို့ပင် အမျိုးမျိုးသော ခံယူချက်ရှိကြစေကာမူ တူညီသော အချက်တစ်ခုကားရှိ၏။ ၎င်းမှာ ကောင်းသည်ဆိုသည့် အရာများသည် ဤကမ္ဘာလောကကြီးအတွင်း *ကောင်းတာတွေ ဖြစ်ရမည်၊ ဤကောင်းတာတွေကို အသက်ရှင်နေသော လူသားတို့ခံစားနိုင်ရမည်* ဟူ၍ဖြစ်၏။

ဤရုပ်ဝါဒအခြေခံမူသည် ဘာသာရေးနှင့်စိတ်ဝါဒအဘိဓမ္မာပုံသဏ္ဌာန် အားလုံးတို့ကို ဆန့်ကျင်တိုက်ခိုက်ကာ ရရှိလာခဲ့ခြင်းဖြစ်၏။ ရုပ်ဝါဒသမားများသည် ဤလောကကြီးအတွင်း ကောင်းသောအရာများကို ရဖို့အတွက် ကောင်းကင်ဘုံရောက်မှ ရရှိမည့် ကတိဝန်ခံချုပ်အားလုံးတို့ကို စွန့်ပယ်ပစ်ကြ၏။ သို့ရာတွင် စံတော်ဝင်ရုပ်ဝါဒသမားများသည် ဤကမ္ဘာလောကကြီးနှင့် ဤဘဝ၏ တန်ဖိုးများကို ပိုမိုတိကျအောင် မသတ်မှတ်နိုင်ခဲ့ကြပေ။ ဤကဲ့သို့ သတ်မှတ်လိုက်ပါက လူတို့သည် မိမိတို့ ကောင်းသည်ဟု ယူဆသော တန်ဖိုးများကို ရအောင်လုပ်ဖို့အတွက် သူတို့၏ လူအဖွဲ့အစည်းက ခွင့်မပြုနိုင်ကြောင်းကို ဝန်ခံရတော့မည်ကဲ့သို့ဖြစ်နေခဲ့၏။ စိတ်ဝါဒသမားများကမူ ဤပြဿနာကို လွယ်ကူစွာ ဖြေရှင်းခဲ့ကြ၏။ သူတို့က လူတို့အတွက် တကယ်အစစ်အမှန် ကောင်းသည့် အရာများမှာ ထာဝရတည်ရှိသော် ဤလောက၏ အပြင်ဘက်က ကောင်းကျိုးချမ်းသာများ၊ အဆင့်မြင့်သော စိတ်ဓာတ်ဘဝ စသည်တို့ဖြစ်သည်ဟု ဆို၏။ လူတန်းစားအဖွဲ့အစည်းအတွင်း၌ ရုပ်ဝါဒသမားများသည် ဤအရာများကို ငြင်းဆို ကြသော်လည်း လူ့ဘဝ၏ ကောင်းသော အရာများနှင့် ပတ်သက်၍ ဖော်ပြရာတွင်ကား များစွာ ဝါးနေခဲ့ပေသည်။ ရုပ်ဝါဒအဘိဓမ္မာ၏ စတုတ္ထအခြေခံမှာ ဤသို့ဖြစ်သည်။ ရုပ်ဝတ္ထုလိုအပ်ချက်များ၊ သို့မဟုတ် ကောင်းသော အရာများသည် အခြားသော ကောင်းသော အရာများအားလုံးတို့အတွက် အခြေခံ ဖြစ်သည်။ ကြိုတင်ရှိရမည် အရာများ ဖြစ်သည်။ ရုပ်ဝါဒသမားသည် အူမတောင့်မှ သီလစောင့်နိုင်မည်ဟု ယူဆကြ၏။ သီလစောင့်ဖို့ အခြားကောင်းသည်ဆိုသည့် အရာများကို လုပ်ဖို့အတွက် ပထမ စာရေး၊ ဝတ်ရေး၊ နေရေးကလိုသည်ဟု ယူဆကြ၏။ ဤသို့သော ရုပ်ဝတ္ထုလိုအပ်ချက်များက မူလပထမ ယူဆကြ၏။ လူတို့သည် တစ်ခါတစ်ရံ၌ တစ်ဦးချင်း အနေနှင့် ဤလိုအပ်ချက်များကို

စွန့်လွှတ်ကြ၏။ ဤအတွက် သူတို့ လူတန်းစားက စုပေါင်း၍ ရယူပေး၏။ သို့မဟုတ် အနာဂတ် အကျိုးစီးပွားကို စွန့်လွှတ်ကြ၏။ ၎င်းတို့မှာ ဤရုပ်ဝါဒမှုကို ပြောင်းလဲခြင်း မဟုတ် ဤမှုကို အတည်ပြုနေခြင်းသာ ဖြစ်ပေသည်။

ရုပ်ဝါဒသမားအနေနှင့် လူတို့သည် ထမင်းတစ်ခုတည်းနှင့် နေ၍ မဖြစ်သည်ကို ကောင်းစွာသိ၏။ သို့ရာတွင် လူတို့သည် ထမင်းမရှိဘဲ အခြားမည်သို့သော တန်ဖိုးများ ကိုမှ ရအောင် လုပ်နိုင်မည်မဟုတ်ကြောင်း ခံယူမည်ဖြစ်၏။

ကုန်ထုတ်လုပ်မှုသည် ပထမ ဖြစ်သော အခြေခံကျသော လူ့တန်ဖိုးဖြစ်သည် ဆိုသည့်အချက်ကို ခေတ်သစ်အလုပ်သမား လူတန်းစား၏ အတွေးအခေါ် မဖြစ်ပေါ်မီက ပြည့်စုံစွာ မသိရှိနိုင်ခဲ့ကြပေ။ သို့ဖြစ်ရာ အခြားသော လူ့တန်ဖိုးအားလုံး ပြည့်စုံရေး အတွက် ကြိုတင်လိုအပ်ချက်မှာ ကုန်ထုတ်လုပ်မှု တိုးတက်ခြင်း၊ ကုန်လုပ်စွမ်းအားစု များကို တိုးချဲ့ခြင်း၊ လူ့အဖွဲ့အစည်းအတွင်း၌ ပါဝင်နေသူအားလုံး နေထိုင်မှု အဆင့် အတန်း မြှင့်ရေးအတွက် ဤကုန်လုပ်စွမ်းအားစုများကို အသုံးချခြင်းတို့ဖြစ်၏။ ဤသည် တို့မှာ ဆိုရှယ်လစ်စနစ်အောက်တွင်သာ ဖြစ်နိုင်ပေသည်။ ရုပ်ဝါဒကျင့်ဝတ်များ၏ အခြေခံများမှာ ဆိုရှယ်လစ်စနစ်ကို ဆိုလိုခြင်းဖြစ်၏။ သို့ရာတွင် စံတော်ဝင် ရုပ်ဝါဒ သမားများမှာ သွေးစုတ်သော လူတန်းစားများ၏ ကိုယ်စားလှယ်များဖြစ်ကြသည့်အတွက် အကြောင်းကျိုးညီအောင် ကောက်ချက်များဆွဲရန် မတတ်နိုင်ခဲ့ကြပေ။ ကုန်လုပ်စွမ်းအား စုများ၏ ဖြစ်ပေါ်တိုးတက်မှုသည် အခြားအားလုံးသော လူမှုလှုပ်ရှားမှုများ၏ အခြေခံဖြစ် ကြောင်း မရှိမဖြစ်သော အခြေခံလူမှုတန်ဖိုးဖြစ်ကြောင်း မာ့က်စ်ဝါဒသမားများသည်သာ လျှင် မြင်နိုင်ခဲ့ကြပေသည်။ ဆိုလိုသည်မှာ အဆင့်မြင့်သော ယဉ်ကျေးမှုများသည် လုံလောက်သော စီးပွားရေး အခြေခံအပေါ်မှသာ ဖွံ့ဖြိုးနိုင်သည်။ လူထုများအတွက် ယဉ်ကျေးမှုသည် လူတန်းစားမဲ့လူ့အဖွဲ့အစည်းအတွင်း၌ လူနေမှု အဆင့်အတန်းမြင့်မားမှု အပေါ်တွင်တည်နေသည်။ လူနေမှုအဆင့်မြင့်ရေးမှာလည်း စက်မှုကုန်ထုတ်ရေး တိုး တက်မှုအား ဖြင့်သာလျှင် ဖြစ်နိုင်သည်ဟူ၍ ဖြစ်၏။

လူ့ကျင့်ဝတ်အတွေးအခေါ်နှင့် ပတ်သက်၍ မာ့က်စ်ဝါဒက မည်ကဲ့သို့ တော်လှန်ပြောင်းလဲမှုများ ပြုလုပ်ခဲ့သည် ဆိုချက်ကို မဖော်ပြမီ စံတော်ဝင်ရုပ်ဝါဒ အစဉ်အလာကြီးတစ်ရပ်လုံးကို အနုပဋိလောမနှင့် ရာဇဝင်ဝါဒက မည်ကဲ့သို့ ဝေဖန်မှုများ ပြုလုပ်ထားသည်ကို လေ့လာသင့်ပေသည်။ ဤဝေဖန်ချက်များမှာ ၁။ ကောင်းသည် ဆိုသောအရာနှင့်ပတ်သက်၍ စံတော်ဝင် ရုပ်ဝါဒ၏ ခံယူချက်သည် တိတိကျကျမဖြစ်။ ထို့ကြောင့် လူမှုတိုးတက်ရေး၏ လက်နက်တစ်ရပ်အဖြစ် တာဝန်ထမ်းဆောင်နိုင်ခဲ့။ ၂။ စံတော်ဝင်ရုပ်ဝါဒသည် တစ်သီးပုဂ္ဂလဝါဒ (ဝါ) တစ်ဦးချင်းဝါဒကို ရှောင်ရန် မတတ်နိုင်ခဲ့။ စစ်မှန်သော လူမှုအမြင်ကို မရခဲ့ဟူ၍ ဖြစ်၏။

**ယဉ်မျိုးစာအုပ်တိုက်**

ပထမချို့ယွင်းချက်ကြောင့် များစွာသော ရုပ်ဝါဒသင်ကြားချက်များသည် လူတို့၏ တကယ့်လက်တွေ့ပြဿနာများနှင့် မစပ်မိဘဲရှိနေခဲ့၏။ ဒုတိယချို့ယွင်းချက်ကြောင့် ၎င်းတို့သည် လူတို့၏ လူမှုဆိုင်ရာ အလေ့အကျင့်နှင့်ပတ်သက်၍ လည်းကောင်း၊ တကယ့် အစစ်အမှန်ရောက်ရှိနိုင်သော လူမှုပန်းတိုင်နှင့် ပတ်သက်၍လည်းကောင်း၊ လုံလောက်သော ဖြေရှင်းမှုကို မပြုလုပ်နိုင်ဘဲရှိနေခဲ့၏။ ဤချို့ယွင်းချက်များမှာ ရှေးရုပ်ဝါဒအဘိဓမ္မာဆရာကြီးများရော၊ ဆယ့်ရှစ်ရာစုနှစ်မှ ပြင်သစ် ရုပ်ဝါဒသမားများရော ရှိခဲ့ကြ၏။ သူတို့သည် စိတ်ဝါဒသမားများ၏ တန်ပြန်တိုက်ခိုက်မှုများကို မှန်ရာရောက်စေခဲ့၏။ ဤချို့ယွင်းချက်များကို ကြည့်လျှင် စံတော်ဝင် ရုပ်ဝါဒတွင် ရှိခဲ့သော စိတ်ဝါဒဆန်သောနည်းသည် စိတ်ဝါဒနှင့် တူညီနေကြောင်း၊ သူတို့၏တွေးခေါ်မှုမှာ သွေးစုတ်သောလူ့အဖွဲ့အစည်း၏ တွေးခေါ်မှုဖြစ်သည့်အတွက် အကန့်အသတ်များရှိကြောင်း ကောင်းစွာတွေ့ရမည်ဖြစ်၏။

ပျော်ပျော်နေသေခဲသော ဝါဒသည် စိတ်တန်ဖိုးနှင့် ပတ်သက်၍ ရုပ်ဝါဒအယူအဆကို မတိမကျ ဖော်ပြထားခြင်းပင် ဖြစ်၏။ လူတို့သည် ကောင်းသောအရာကို ရှာကြံကြရာ၌ အာရစ်စတီပတ်စ်က ပျော်ရွှင်မှုကို တွေ့ရှိခဲ့၏။ အီပစ်ကြူရပ်စ်က နကမ္ပတိတုန်လှုပ်မှုကို တွေ့ရှိခဲ့လေသည်။ သို့ရာတွင် ပျော်ရွှင်မှု သို့မဟုတ် မတုန်လှုပ်မှု၊ သို့မဟုတ် အလားတူ ရည်ရွယ်ချက်မျိုးများသည် လူ့ဘဝ၏ တိတိကျကျကောင်းကျိုးချမ်းသာများကို ဖော်ပြချက်များဖြစ်ပါသလား၊ သို့မဟုတ် တိကျသော အခြေအနေများအောက်တွင် လူမှုဆိုင်ရာ လှုပ်ရှားမှုအတွက် လမ်းညွှန်များ ဖြစ်ကြပါသလား၊ ၎င်းတို့သည် လူတန်းစားလူ့အဖွဲ့အစည်းအတွင်း၌ပင် ရှိနိုင်သော မျှော်မှန်းချက်များ ဖြစ်သည်။ အဘက်ဘက်က လူလားမြောက်သော လူတစ်ယောက်၏ မျှော်မှန်းချက်များ အတွက်ပင်လျှင် မလုံလောက်ပေ။ ၎င်းတို့သည် လုပ်သားလူထုကြီးတစ်ရပ်လုံး လက်လှမ်းမမှီသည့်နေရာတွင် ရှိနေကြပေသည်။

ပလေတိုမှ ကန့်အထိ စိတ်ဝါဒသမားများသည် ယနေ့စိတ်ဝါဒသမားများကဲ့သို့ပင် ပျော်ရွှင်ရေးသဘောတရားကို ရဲရဲဝံ့ဝံ့မှန်ကန်စွာ ဝေဖန်ခဲ့ကြ၏။ သို့ရာတွင် သူတို့၏ အဆင့်မြင့်သောတန်ဖိုးများကို အစားထိုးရန် ဝေဖန်ခဲ့ကြခြင်းသာဖြစ်၏။ မာ့က်စ်နှင့် အိန်ဂျယ်တို့သည်သာလျှင် ပထမဦးစွာ ဤပျော်ရွှင်ရေး သို့မဟုတ် ပျော်ပျော်နေသေခဲ သဘောတရားကို ရုပ်ဝါဒအမြင်အရဝေဖန်ကာ ဤသဘောတရား၏ ချို့ယွင်းချက်များထဲမှ ဖောက်ထွက်နိုင်ခဲ့ကြပေသည်။ ဤသဘောတရားသည် လူ အပေါင်းတို့၏ လိုအပ်ချက်များ မျှော်လင့်ချက်များနှင့် မျှော်ခေါ်ချက်များကို ချို့ယွင်းစွာ မတိမကျပုံဖော်ထားချက်သာဖြစ်ကြောင်း သူတို့က မြင်ခဲ့ကြ၏။ အိန်ဂျယ်သည် ရုပ်ဝါဒသမားဖူးဝါးဘတ်၏ ကျင့်ဝတ်များကို ဝေဖန်ရာ၌ ဤသို့ရေးခဲ့၏။ အလွန်နည်းသော ချွတ်ယွင်း

ချက်မှတစ်ပါး မည်သူမျှ ကိုယ့်ဘာသာကိုယ် တစ်ကိုယ်တည်း ပျော်နေရမည် ဆိုသည့် အဖြစ်ကို ကျေနပ်မည်မဟုတ်ပေ။ ဤသို့နေခြင်းသည် သူ့အတွက်ရော အခြားသူများ အတွက်ရော မည်သို့မျှ အကျိုးမရှိပေ။ ပျော်ရွှင်မှု တကယ်ရဖို့အတွက် အပြင်ကမ္ဘာ လောကကြီးနှင့် ဆက်စပ်နေရန်လို၏။ သူ့လိုအပ်ချက်များ ပြည့်ဝဖို့လို၏။ ၎င်းမှာ သူ့ဘဝရပ်တည်ရေးအတွက် လိုအပ်သော အရာများဖြစ်၏။ လိင်ချင်းမတူသူ တစ်ဦး လို၏။ စာအုပ်များလို၏။ စကားပြောခြင်း၊ ဆွေးနွေးငြင်းခုံခြင်း၊ အလုပ်လုပ်ခြင်းတို့ ပြုလုပ်ရန်လို၏။

လူတို့သည် ပျော်ရွှင်မှုကို ရှာကြသည်ဆိုခြင်းကို ဤနေရာ၌ အိန်ဂျယ်က မငြင်းပေ။ ၎င်းမှာ ပြဿနာမဟုတ်ပေ။ ပြဿနာမှာ ဤသို့ဖြစ်၏။ လူတို့ ကြိုးစားမှု ဟူသမျှသည် ပုဂ္ဂိုလ်ဆိုင်ရာ ပျော်ရွှင်ရေးတစ်ခုတည်းအတွက်ပဲလား၊ ''ပျော်ရွှင်မှု''သည် လူတို့၏ မျှော်လင့်ချက်၊ လိုလားချက်အားလုံး စုစုပေါင်းကို အပြည့်အစုံ ကိုယ်စားပြုပါ သလော။

ပထမမေးခွန်းကို အိန်ဂျယ်က ဖြေရာ၌ တစ်စုံတစ်ယောက်သောသူသည် ပျော်ဖို့သက်သက် တစ်ခုတည်းကိုသာ ကြိုးစားပါက စိတ်ပျက်ဖွယ်ရာ ကြုံရမည်သာ ဖြစ်၏။ သို့ရာတွင် ဤထက် အရေးကြီးသော အချက်ရှိ၏။ ဆိုကြပါစို့၊ ကျွန်ုပ်တို့သည် တစ်ဦးဦးကို သူဦးနှောက်ကို တစ်နည်းနည်း ပြုပြင်ပေးလိုက်ခြင်းအားဖြင့် သူ့ဘဝ တစ်လျှောက်လုံး အမြဲပျော်ရွှင်နေအောင် ဖန်တီးပေးလိုက်ကြ၏။ သို့ရာတွင် သူသည် အခြားဖန်တီးမှု အလုပ်များကိုကား မလုပ်နိုင်တော့၊ နိုင်ငံရေး၊ လူမှုရေး၊ လှုပ်ရှားမှုများတွင် သူ့စဉ်းစား ဆုံးဖြတ်မှုနှင့် ပါဝင်ခြင်း မပြုနိုင်တော့။ ဤသို့သော အဖြစ်မျိုးကို ခံယူ မည့်သူမရှိဟု မည်သူ ငြင်းနိုင်ပါသနည်း။ သို့ရာတွင် လူတန်းစားအသိရှိသော အလုပ် သမား သို့မဟုတ် အခြားလူတန်းစားများထဲမှ လူမှုအသိရှိသော သူသည် ဤအဖြစ်မျိုးကို လက်ခံလိမ့်မည်ဟု မည်သူဆိုနိုင်သနည်း။ သို့ရာတွင် ဤသို့သော အဖြစ်မျိုးတို့ လက်မခံဟု ငြင်းဆိုသော သူများသည် လူတို့သည် ပျော်ရွှင်မှု၊ မတုန်လှုပ်မှု သို့မဟုတ် သမာဓိရှိမှု သို့မဟုတ် အခြားတစ်ခုခုကိုသာ ရှာကြသည်။ ပျော်ရွှင်မှုကို ဘယ်နေရ ကဘဲရရ ရှာကြသည်ဆိုသော သင်ကြားချက်များ အားလုံးတို့ ငြင်းပယ်လိုက်ခြင်း ဖြစ်ပေသည်။ ထို့ကြောင့် ကလေးဘဝသည် မည်မျှပင် ပျော်ရွှင်စရာကောင်းစေကာမူ မည်သူမျှ ကလေးဘဝနှင့် သူ၏ တစ်သက်လုံးနေရန် ရွေးချယ်မည်မဟုတ်ဟု အာရစ်စ တိုတယ်က ဆိုခြင်းဖြစ်၏။ ထို့နောက် ဒုတိယမေးခွန်းသို့ ရောက်လာ၏။

ပျော်ရွှင်ခြင်းဆိုသည်မှာ လူတို့မှာ ရှာကြံကြသော တိတိကျကျ ကောင်းသော အရာများထဲမှ ထုတ်နုတ်ထားခြင်း ဖြစ်သည်ဟု ကျွန်ုပ်တို့ပြောနိုင်၏။ ပြောရမည်ဖြစ်၏။ ဤလူတို့ရှာကြသော တိတိကျကျကောင်းသည့်အရာများကို ပိုင်ဆိုင်ရရှိခြင်းသည်

ကောင်းသော ဘဝပင်ဖြစ်၏။ စံတော်ဝင် ရုပ်ဝါဒသမားများသည် ဤအဖြစ်မှနေ၍ လူတို့ဘဝ၏ ကြွယ်ဝပြည့်စုံ အမျိုးမျိုး အဖုံဖုံဖြစ်သော အဆုံးမရှိသော အကောင်းများနေရာတွင် (ကျွန်ုပ်တို့၏ အကန့်အသတ်ရှိသော ရာဇဝင်ရေးဆိုင်ရာနှင့် လူတန်းစားဆိုင်ရာ အနေအထားအတွင်း၌ ဤအကောင်းများကို မှန်းဆ၍သာ ကြည့်နိုင်ပေသည်) ဆိုက်ကိုလိုဂျီ စိတ်ဓာတ်ဆိုင်ရာ အထူးအချက်တစ်ခုကို အစားထိုးခဲ့၏။ ထို့နောက် ဤအချက်ကို ထုတ်ယူရရှိရာဖြစ်သော အားလုံးသော အရာဝတ္ထုများ၊ လှုပ်ရှားမှုများမှာ အခြေအနေများအတွက် ဤရပ်တည်မှုကို ပြုလုပ်ခဲ့လေသည်။ ဤချို့ယွင်းချက်အတွက် အကြောင်းများရှိ၏။ အကြောင်းတစ်ခုမှာ ရုပ်ဝါဒသမားများသည် ပုံသဏ္ဌာန်အမျိုးမျိုးနှင့်ရှိသော စိတ်ဝါဒဆိုင်ရာ အကောင်းများကို ဆန့်ကျင် တိုက်ခိုက်ရာ၌ ပျော်ရွှင်ခြင်းမှာ လူတို့ဆန္ဒ၏ တိုက်ရိုက်အကျဆုံး ထိတွေ့ခံစား၍အရဆုံး ဖြစ်သော အရာဖြစ်သည်ဟု ယူဆကြဟန် လက္ခဏာရှိခြင်းဖြစ်၏။

အခြားအကြောင်းတစ်ခုမှာ ဤသဘောတရားကို ထူထောင်သူများသည် အလုပ်မလုပ်သော လူတန်းစားအတွင်း၌ ပါဝင်နေခဲ့ကြခြင်းဖြစ်၏။ ဘဝအတွက် လိုအပ်သည့် အရာတို့ကို အခြားသူများက ထုတ်လုပ်ပေးခဲ့၏။ သူတို့က ဤထုတ်လုပ်သမျှကို ခံစားရုံသာဖြစ်ခဲ့၏။

စိတ်ဝါဒသမားများကား အလားတူလူမှု ချို့ယွင်းချက်များကြောင့် တနည်းတဖုံများယွင်းခဲ့ကြ၏။ သို့ရာတွင် သူတို့သည် လူ့အဖွဲ့အစည်းအား ထိန်းချုပ်မှုတာဝန်ကို ပိုမိုလေးနက်စွာ ယူခဲ့ကြ၏။ ဥပမာပလေတိုနှင့်အာရစ်စတိုတယ်တို့၏ တွေးခေါ်မှုအတွင်း၌ ဖောက်ပြန်၍ အသိရခက်သော အစိတ်အပိုင်းများ ပါဝင်နေလင့်ကစား သူတို့သည် အနည်းဆုံး လူ့ကျင့်ဝတ်ဆိုင်ရာပြဿနာကို လူ့ဘဝ၏ အကောင်းဆုံးသော အစီအစဉ်တရပ်အဖြစ် မြင်ခဲ့၏။ သို့ရာတွင် ဂရိတ်ပညာရှိကြီးများ လက်ထက်မှစ၍ ယနေ့ထိ အုပ်စိုးသော လူတန်းစား၏ အဘိဓမ္မာအတွင်း၌ ဖြစ်ပွားနေသော ဤဂိုဏ်းကြီးနှစ်ဂိုဏ်း၏ ဆန့်ကျင်မှုက ဖော်ပြနေသည်မှာ လူ့ကျင့်ဝတ်ဆိုင်ရာ ခံယူချက်များသည် အခြားသော ခံယူချက်များနည်းတူ လူတန်းစားအဖွဲ့အစည်း၏ ပြုပြင်မှုကို ခံယူခဲ့ကြရသည် ဆိုခြင်းဖြစ်၏။

ဒုတိယချို့ယွင်းချက်ကြီးမှာ ပထမချို့ယွင်းချက် အတွင်း၌ ထင်ရှားခဲ့သော အနုမြူဝါဒကိုတစ်နည်းတစ်ဖုံ ဖော်ပြထားခြင်းဖြစ်၏။ အနုမြူဝါဒဆိုသည်မှာ အနုမြူတစ်လုံးချင်း အလုပ်လုပ်သလို လူတို့သည်လည်း ကိုယ်ကောင်းဖို့ ကိုယ်လုပ်ကြသည် ဆိုသော ဝါဒဖြစ်၏။ ရှေးဂရိတ်များမှ *ဟယ်လ်ဗက်ကီးယပ်စ်* အထိအနုမြူဝါဒသည် ရုပ်ဝါဒအတွင်း၌ စွဲကပ် ပါလာနေခဲ့၏။ စိတ်ဆန်သော ရုပ်ဝါဒများသည် အချို့ လူမှုဆိုင်ရာ အခြေခံမှုများကို ထူထောင်ခဲ့ကြရာ၌ ဤသူများကို တဦးချင်းလူပုဂ္ဂိုလ်တို့

လိုလားချက် ပြည့်ဝမှုအတွက်လည်းကောင်း၊ တစ်ဦးချင်း လူပုဂ္ဂိုလ်တို့ လိုလားချက်များ အရ လှုပ်ရှားမှုသည် လူမှုစနစ် ခိုင်မြဲအောင်ဖြစ်ဖို့အတွက် လူ့အဖွဲ့အစည်းက အသုံးပြု သင့်သောမှုများ အဖြစ်လည်း၊ ထူထောင်ခဲ့ကြခြင်းဖြစ်၏။ ဤသဘောတရားသည် ခနရှင်အတွေး အခေါ်ကို ဖြစ်ပေါ်စေရာ၌ အရေးကြီးသောအခန်းကပါခဲ့၏။ "*လူတိုင်းဟာ ကိုယ့်ကိုယ်ကိုယ်အတွက် ကြည့်ရမယ်*"ဆိုသည်မှာ စံတော်ဝင်ရုပ်ဝါဒ၏ သင်ကြားချက် ကို ဖော်ပြခြင်းသာ ဖြစ်၏။ ပိုက်ဆံ တစ်ပြား၏ဘက်တစ်ဖက်ဖြစ်၏။ အခြားတစ်ဖက်ကမူ စိတ်ဝါဒကိုယ်ကျိုးမဖက်ဖို့၊ ရက်ရောဖို့၊ သဘောတရားကြီးဖို့ ဟောပြောနေပေသည်။ သို့ဖြစ်ရာ စာရိတ္တဆိုင်ရာ သဘောတရားနှင့် ပတ်သက်၍ လူတန်းစားလူ့အဖွဲ့အစည်း သည် ရုပ်ဝါဒကိုရော၊ စိတ်ဝါဒကိုရော လိုခဲ့လေသည်။ ရုပ်ဝါဒကအုပ်စိုးသော လူတန်းစား ထဲပါဝင်နေသူများကို ကိုယ်ကျိုးကြည့်ကြအောင် တိုက်တွန်းဖို့ဖြစ်၏။ စိတ်ဝါဒမူ လူတန်းစား သွေးစုတ်မှုကို ဖုံးကွယ်ထားရန်ဖြစ်ပေသည်။

မာ့က်စ်မတိုင်မီ ရုပ်ဝါဒက လူမှုတာဝန်ပြဿနာနှင့် ပတ်သက်လာသည့်အခါ ကိုယ့်ဘာသာကိုယ် ကောင်းဖို့ရှာကြံနေကြသူများကို သင့်တင့်ညီညွတ်အောင် လုပ်ပေး ရန်လိုသည့် ပြဿနာနှင့် ပတ်သက်၍လာသည့်အခါ အကောင်းဆုံးပေးနိုင်သည့် အဖြေ မှာ တစ်ဦးအကျိုးကို တစ်ဦးမကြည့်ကြလျှင် ကိုယ့်အကျိုးလည်းမရှိနိုင်ဟူ၍ဖြစ်၏။ ဟိုးလ်ဘက်က ဤသို့မေးခွန်းထုတ်ခဲ့၏။ "*လူယုတ်မာတစ်ယောက်သည် တကယ် ပျော်ရွှင်မှုကို ခံစားနိုင်ပါ၏လော*"။ ၎င်းမှာ တိုးလ်ဘက်သည် သူ၏ မွန်မြတ်သော စိတ်ဓာတ်ကိုသာ ဖော်ပြခြင်းဖြစ်ပြီး၊ ပြဿနာကိုမူ မဖြေရှင်းနိုင်ခဲ့ပေ။ သူဆိုလိုသည်မှာ လူမှုဆက်ဆံရေးကို ဆန့်ကျင်သူသည် မည်သူမျှ တကယ်စိတ်ချမ်းသာ ပျော်ရွှင်မှုကို မရနိုင်ဟူ၍ဖြစ်၏။ သို့ရာတွင် ပျော်ရွှင်မှုဆိုသောစကား၏အဓိပ္ပာယ်ကို ဖော်ပြခဲ့ပြီး ဖြစ်ပေသည်။

အာရစ်စတိုတယ်သည် ဟီရာကလစ်တပ်စ်၏ အနုပဋိလောမမူများကို ပယ်ခဲ့ သော်လည်း သူ၏ အချို့သော ဆန်းစစ်ချက်များ၌ ကျွမ်းကျင်သော အနုပဋိလောမ သမားတယောက်ဖြစ်နေခဲ့၏။ ထို့ကြောင့် သူသည် ပြဿနာတစ်ရပ်ကို ဖြေရှင်းနိုင်ခဲ့၏။ ဤပြဿနာမှာ ကိုယ်ကျိုးကြည့်မှုနှင့် ကိုယ်ကျိုးမကြည့်မှု ပြဿနာဖြစ်၏။ တစ်စုံ တစ်ယောက်သည် ကိုယ့်အတွက် ကိုယ်သာလုပ်သလား။ အခြားတစ်စုံတစ်ရာတွက် လုပ်သလား။ ဤပြဿနာမှာ ဤလှုပ်ရှားမှုသည် လူပုဂ္ဂိုလ်ဆိုင်ရာအလုပ်၏ "ငါ"ဆိုသည်ကိုလည်း နှစ်သိမ့်ပေး၏။ ထို့ပြင် လူတို့၏ ဝိဇ္ဇာပညာဆိုင်ရာသို့မဟုတ် ယဉ်ကျေးမှုဆိုင်ရာ ကောင်းသော အရာအတွက်လည်း လူတို့ ဆောင်ရွက်စေနိုင်၏။ ဤအချက်လို အာရစ်စတိုတယ်က မှန်ကန်စွာ သိမြင်ခဲ့၏။

အာရစ်စတိုတယ်သည် ကိုယ်ကျိုးရှိမှု၊ ကိုယ်ကျိုးမရှိမှုဆိုသော သင်ကြားချက်

များအတွင်းရှိ''ကိုယ်''သို့မဟုတ်''ငါ''ဆိုသော စကားနှစ်ခွကို သိမြင်ခဲ့၏။ လူပုဂ္ဂိုလ်တစ်စုံတစ်ယောက်သည် သူ့ကိုယ်သူ အနည်းနည်းနှင့် နှစ်သိမ့်မှုမဖြစ်စေသည့် မည်သို့သော အလုပ်ကိုမျှ မလုပ်နိုင်ဆိုသော အယူအဆနှင့် သူက ရုပ်ဝါဒသမားများကဲ့သို့ အစပြုခဲ့၏။ သို့ရာတွင် သူသည် တကယ့်ပြဿနာမှာ ထိုသူကို နှစ်သိမ့်စေသည့်အရာဖြစ်သည်။ ထိုသူ၏ ''ငါ'' ဆိုသော သဘာဝအပေါ်တွင် တည်နေခြင်း၊ ထိုသူ၏ ''ငါ''သည် ဘယ်လောက်ကျဉ်းမြောင်းသလဲ၊ ဘယ်လောက်ကျယ်ပြန့်သလဲဆိုသည့်အပေါ် တည်နေခြင်း ဖြစ်ကြောင်းကို မြင်ခဲ့၏။ ''ငါ''သည်''ငါ''၏ အကျိုးစီးပွားများအတိုင်းအတာအလိုက် ကျယ်ပြန့်မှုသို့မဟုတ် ကျဉ်းမြောင်းမှုရှိသည်ဟု တစ်စုံ တစ်ယောက်က ဆိုသည့်အခါ *(အာရစ်စတိုတယ်က သဘောအားဖြင့် ဤသို့ဆိုခဲ့သည်)* ကိုယ်ကျိုးသည် လုပ်ကိုင်ဆောင်ရွက်မှုအားလုံး၏ အခြေခံမှုဖြစ်သည် ဆိုချက်ကို အဓိပ္ပာယ်မရှိ ဖြစ်သွားပေသည်။ လူ့ကျင့်ဝတ်ဆိုင်ရာ ပြဿနာသည် ကိုယ်ကျိုးကြည့်မှုဆိုသည်ကို ဆန့်ကျင်ခြင်း၊ ကိုယ်ကျိုးမကြည့်ခြင်းဆိုသော ပြဿနာအဖြစ်မှ လူမှုပုဂ္ဂိုလ်တစ်ဦးချင်း၏ အကျိုးစီးပွားများ ကျယ်ပြန့်မှု ပြဿနာအဖြစ်သို့ ပြောင်းသွားတော့၏။ ဤအကျိုးစီးပွားများအတွင်းသို့ လူ့အဖွဲ့အစည်းနှင့် ၎င်း၏ တန်ဖိုးများ ပိုမိုကျယ်ပြန့်စွာ ပါဝင်လာရန် ချဲ့ထွင်သွားနိုင်သော နည်းလမ်းများ ပြဿနာအဖြစ်သို့ ပြောင်းလဲ၍သွားတော့၏။ အာရစ်တိုတယ်က လူတစ်ယောက်သည် အခြားသူများအတွက် ကောင်းသောအရာများကိုလည်း လုပ်နိုင်သည်ဟူ၍ ဆို၏။ ထို့ပြင် အချို့သောသူများ၏ အကျိုးစီးပွားများကို အန္တရာယ်ဖြစ်စေသည်ဆိုသည့် စကားမျိုးကိုလည်း ပြောခဲ့၏။

သို့ရာတွင် အာရစ်စတိုတယ်က ကိုယ်ကျိုးကိုသိပ်မလုပ်ကြဖို့ တားရမည့်သူများမှာ လူများစုကြီးဖြစ်သည်ဟု ဆိုလိုက်ပြန်ရာ ၎င်းမှာ သူ၏လူတန်းစားအစွဲများကို ဖော်ပြလိုက်ခြင်းဖြစ်ပေသည်။ ၎င်းမှာ အလုပ်သမားများနှင့် လယ်သမားများသည် တိုင်းပြည်ကို ကာကွယ်ဖို့အတွက် စိတ်မချရဆိုသော ပလေတို၏ အယူအဆနှင့် အလားတူပင်ဖြစ်ပေသည်။

''ကိုယ်ကျိုး''ဆိုသော ပြဿနာနှင့် ပတ်သက်သည့်အစစ်အမှန် အနုပဋိလောမနည်းအရ ချဉ်းကပ်ရန် သွေးစုတ်သော လူတန်းစားတရပ်အဖို့ မဖြစ်နိုင်ပေ။ သူတို့သည် ပြောင်အကျဆုံး ကိုယ်ကျိုးရှာရေးကိုလည်းကောင်း၊ သင်ကြားကြမည်။ သို့မဟုတ် ကိုယ်ကျိုးစွန့်လွှတ်မှုကိုသော်၎င်း၊ ချီးမွမ်းခန်းဖွင့်ကြမည်။ လူတို့သည် နှစ်ဦးစလုံးကို တစ်ပြိုင်တည်းသင်ကြားလေ့ရှိကြ၏။ ကိုယ်ကျိုးဆိုသည် နှင့် ပတ်သက်၍ အနုပဋိလောမနည်းကျကျ ခံနိုင်စွမ်းမရှိကြသည့်အတိုင်း ဓနရှင်လစ်ဘရယ်ဝါဒသမားများနှင့် ပြုပြင်ရေးသမားများသည် *စိတ်စေတနာကောင်းရှိသူများ* ညီညွတ်ပူးတွဲမိကြသည့် အခါကျမှသာလျှင် သို့မဟုတ် ခရစ်ယာန်ဘာသာအရေး ''သင်၏ အိမ်နီးချင်းကို

Burma Marxist Learner



ချစ်ပါ'' ဆိုသော တရားကို နေရာတိုင်းကျင့်သုံးသည့် အခါကျမှသာလျှင် သွေးစုတ်ခြယ်လှယ်မှုကို လွန်မြောက်နိုင်မည်ဖြစ်ကြောင်း၊ ဆင်းရဲမှုအတန်းအစားခွဲခြားမှုတို့ ပျောက်လိမ့်မည်ဖြစ်ကြောင်း သင်ပြကြ၏။ ယခုခေတ် စာရိတ္တပြုပြင်ရေးသမားများကဲ့သို့သော သူများသည် တစ်စုံတစ်ရာသော အခြေအနေများအောက်တွင် မှန်ကန်ခဲ့သော မူတစ်ခုကို ကိုင်ပြီး ဤမူသည် လူတန်းစားအသီးသီးနှင့် သူတို့၏အကျိုးစီးပွားချင်း ဆန့်ကျင်နေမှုတို့ကို အပထားပြီး ကျင့်သုံး၍ ရသောမူ ဖြစ်သည်ဟုဆိုကာ အခြားသူများကိုရော၊ သူတို့ကိုယ်သူတို့ရော လှည့်ဖျား၍ နေကြလေသည်။

''ကိုယ်ကျိုး''နှင့် ပတ်သက်၍ အနုပဋိလောမနည်းအရ အဓိပ္ပာယ်ဖော်ပြချက်သည်သာလျှင် အလုပ်သမားလူတန်းစား၏ လှုပ်ရှားမှုနှင့် ပတ်သက်၍ မှန်ကန်၍ အဓိပ္ပာယ်ရှိသော ရှင်းလင်းချက်ဖြစ်၏။ အလုပ်သမားများသည် သူတို့၏ တစ်ဦးချင်း အကျိုးစီးပွားများကို သူတို့လူတန်းစား၏ အကျိုးစီးပွားများနှင့် ထပ်တူထားကြ၏။ သူတို့ လူတန်းစားအတွက် မကောင်းသောအရာများကို သူတို့တစ်ဦးချင်းအတွက် ကောင်းသည်ဟု မယူဆကြပေ။ သူတို့သည် ကိုယ်ကျိုး ကြည့်သူများရော သို့မဟုတ် ကိုယ်ကျိုးမကြည့်သူများရော၊ အလုပ်သမားလူတန်းစား၏ တိုက်ပွဲများ ကိုလိုနီ လူထု၏ တိုက်ပွဲများကို ကြည့်လျှင် ဤမေးခွန်းသည် အဓိပ္ပာယ်မရှိ ဖြစ်နေပေသည်။ ဤအလုပ်သမားလူတန်းစား ကိုလိုနီ လူထုများသည် အလွန် တစ်ဖက်သတ်ကျသူများဖြစ်ကြ၏။ သို့ရာတွင် သူတို့၏ တစ်ဦးချင်းအကျိုးအတွက်မဟုတ်ဘဲ သူတို့ လူတန်းစား သို့မဟုတ် လူထုများ လွတ်မြောက်ရေး ကောင်းစားရေးတို့အတွက် ဖြစ်၏။ ဤအရေးများသည် သူတို့၏တစ်ဦးချင်း အကျိုးစီးပွားရည်ရွယ်ချက်များနှင့် လုံးဝကိုက်ညီ၏။

အရေးကြီးသော အချက်မှာ ဤသို့ဖြစ်၏။ လူတို့သည် ''မျှော်မှန်းချက်များ'' ထားရှိကြသည်။ ဤမျှော်မှန်းချက်များ အောင်မြင်ဖို့အတွက် မည်သို့သော အရာများကို စွန့်လွှတ်ရစေကာမူ၊ လောလောဆယ် မိမိတို့၏ အသက်ကိုပင် စွန့်လွှတ်ရစေကာမူ စွန့်လွှတ်၍၊ ဆောင်ရွက်ကြသည်ဆိုသော အချက်မှာ အမှန်ဖြစ်၏။ မျက်မြင်ဖြစ်၏။ ဤအချက်ကို တွေ့ရသည့်အခါ စံတော်ဝင်ရုပ်ဝါဒသမားများသည် မည်သို့မျှ မဖြေရှင်းနိုင်ဘဲ ရှိ၍ နေခဲ့ကြလေသည်။ ယခုခေတ် ခေရှင် ဆိုက်ကိုလိုဂျီစိတ်ပညာကလည်း စံတော်ဝင် ရုပ်ဝါဒကဲ့သို့ပင် ဒီအချက်ကို မဖြေရှင်းနိုင်ပေ။ လူတို့ကို လှုပ်ရှားအောင် တွန်းကန် လှုံ့ဆော်ပေးနေသည့်အရာမှာ ကိုယ်ကျိုးကိုယ်စီးပွားက လွဲ၍ တခြားမရှိဟု ဤစိတ်ပညာကဆိုလေသည်။ သို့ဖြစ်ရာ လူတို့သည် ကိုယ့်လူတန်းစားအတွက် ကိုယ်ကျိုးကို စွန့်လွှတ်ကြသည့် ပုံမျိုးရှိခြင်းမှာ တနည်းတဖုံ ကိုယ်ရေးကိုယ်တာ ကျေနပ်နှစ်သိမ့်မှုရှိနေသောကြောင့်သာဖြစ်သည်ဟု ဆိုပေသည်။ ဖရော့၏ ဝါဒမှာ အပြင်းအထန်ဆုံးဖြစ်၏။ ဤအမျိုးအစားပင်ဖြစ်၏။ ဤနေရာတွင် ခေရှင်အဘိဓမ္မာနှင့်

လူမှုဝိဇ္ဇာပညာတို့အတွင်း ချွတ်ခြုံကျမှုနှင့် လူမဆန်သော သဘော ထားတို့ကို ထပ်မံ ဖော်ပြခြင်းဖြစ်ပေသည်။

ဖရော့၏ ဝါဒနှင့် အလားတူပင် လူ့ကျင့်ဝတ်တရားများအတွင်း၌ တသီး *ပုဂ္ဂလဝါဒ(ဝါ)တစ်ဦးချင်းဝါဒ*ကို ဖော်ပြသူများမှာ *အက်ထရန်ရပ်ဆယ်၊ ဗွန်ဂျူဝီနှင့်* ရုပ်ဝတ္ထုကို အသိအမှတ်မပြုသော ခေတ်ပေါ် စိတ်ဝါဒသမားများ ဖြစ်ကြ၏။ သူတို့ အတွက် ရုပ်ဝတ္ထုကျသော သို့မဟုတ် တကယ့်အစစ်အမှန်ဖြစ်သော စိတ်ဓာတ်တန်ဖိုးဆို သည်မှာမရှိ၊ တကယ်အစစ်အမှန် ကောင်းတယ်ဆိုတာ မရှိ၊ စိတ်က ထင်ကြခြင်းမျှသာ ဖြစ်သည်ဟုဆို၏။

စက်ဆန်သော ရုပ်ဝါဒသည် သဘောတရားရေးတွင် တဦးချင်းဝါဒ၊ စိတ်ဝါဒ တို့မှ မတက်ခဲ့ပေ။ ဤဝါဒသည် တစ်ဦးချင်းကနေပြီး လူ့အဖွဲ့အစည်းကို ကြည့်ရန် မတက်နိုင်ခဲ့၊ အဘယ်ကြောင့်ဆိုသော် ဤဝါဒကို တွေးကြံသူများမှာ လူတန်းစား လူ့အဖွဲ့အစည်းအတွင်း၌ နေထိုင်၍ တွေးကြံခဲ့ရစေကာမူ လူတန်းစားများ၏ တကယ့် အမှန်ကို အသိအမှတ်မပြုရဲခဲ့သောကြောင့် ဖြစ်ပေသည်။ ဤကား သူတို့အဖို့ တစ်ဦးချင်း မှနေ၍ လူ့အဖွဲ့အစည်းကို ကြည့်ရန် ဝင်းဆက်ပြတ်နေခဲ့ခြင်းဖြစ်၏။ သို့ဖြစ်ရာ အတွေး အခေါ် ရာဇဝင်တစ်လျှောက်လုံး မဖြေရှင်းနိုင်ခဲ့သော ဤပြဿနာကြီးကို အလုပ်သမား လူတန်းစားကသာ ဖြေရှင်းနိုင်ခဲ့ကြောင်း တစ်ဖန် ကျွန်ုပ်တို့ တွေ့ရပြန်ပေသည်။

ယခုအခါ ကျွန်ုပ်တို့သည် မာ့က်စ်ဝါဒဆန်သော ကျင့်ဝတ်ဆိုင်ရာ သဘော တရား၏ ချို့ယွင်းချက်များကို အကျဉ်းချုပ်လိုက်နိုင်ပြီဖြစ်၏။ လူတို့သည် ဆန့်ကျင်ဘက် လူတန်းစားများအဖြစ် ကွဲပြားနေသည်ဆိုသော ရာဇဝင်အခြေခံအချက်ကြီးကို စံတော်ဝင် စာရိတ္တပြုပြင်ရေးသမားများသည် အသိအမှတ် မပြုခဲ့ကြသည့် အတိုင်း ကောင်းသည် ဆိုသော အရာသည် လူအားလုံးအတွက် ကောင်းသော အရာဖြစ်သည်ဟု သူတို့က သင်ကြားခဲ့ကြလေသည်။ သို့ဖြစ်ရာ ဤကောင်းသည်ဆိုသော အရာသည် ဝါးနေသည့် အတွက် မည်သူ့အတွင်းမှ ကောင်းသော အရာမဟုတ်ရင်လည်း ဖြစ်၍နေခဲ့၏။ သို့မဟုတ် လူထုများ ကျိုးနွံဖို့အတွက် ကောင်းသောအရာ အုပ်စိုးသော လူတန်းစားများကမူ ဥပေက္ခာပြု၍ ထားသောအရာလဲဖြစ်နိုင်၏။ သို့မဟုတ် အုပ်စိုးသော လူတန်းစားများ အတွက်သာကောင်းပြီး ကုန်ထုတ်လုပ်သော လူတန်းစားများအတွက်မူ လုံးဝအဓိပ္ပာယ် မရှိသောအရာ၊ လုံးဝမရနိုင်သောအရာဖြစ်နေခဲ့၏။ ပလေတို၏ အမြင့်ဆုံးသော စိတ်ဓာတ်ဆိုင်ရာ မျှော်မှန်းချက်ဖြစ်သော တရားမျှတမှုမှာ လူတိုင်း ကိုယ့်နေရာကိုနေ ကြရေး ဖြစ်၏။ လူထုများက သူတို့၏ *အကြီးအကဲများ*၏ အုပ်စိုးမှုကို လက်ခံရေးဖြစ် ၏။ အာရစ်စတိုတယ်၏ ခမ်းနားကြီးကျယ်သော လူပုဂ္ဂိုလ်မှာ ချမ်းသာကြွယ်ဝသော ကျွန်ပိုင်ရှင်အတွက်သာ စိတ်ကြိုက်မျှော်မှန်းနိုင်သော လူမျိုးဖြစ်၏။ ကန့်၏ စိတ်ကြိုက်

ဖြစ်သော လူပုဂ္ဂိုလ်မှာ သူ့ကိုယ်တိုင်ရော၊ သူ့အိမ်ထောင်ရော၊ သူ့လူတန်းစားရော သို့မဟုတ် သူ့တစ်မျိုးသားလုံးရော၊ ဘာပဲဖြစ်ဖြစ် သီလတရားကို စောင့်ထိန်းရှိသေသော သူဖြစ်၏။

ဤနေရာတွင် သင်ခန်းစာမှာ ရှေးရိုးဝါဒသမားရော၊ စိတ်ဝါဒသမားရော မည်သူမျှ လူတန်းစားတိုက်ပွဲကို လက်မခံနိုင်ခဲ့ဆိုသော အချက်ဖြစ်၏။ သို့ဖြစ်၍ သူတို့သည် ကမ္ဘာ့အညှည်းဆဲခံ လုပ်သားလူထုများက သူတို့ဘဝ ကောင်းစားရေးအတွက် ဆင်နွှဲကြသော ရာဇဝင်တွင်သော တိုက်ပွဲကြီးများနှင့်ဘာမျှ ဆက်စပ်မှုမရှိသော လူ့ကျင့်ဝတ်တရားများ၊ တန်ဖိုးများကို ထူထောင်ကြသည်ဆိုသော အချက်ဖြစ်၏။ ဤကမ္ဘာသူ ကမ္ဘာသားတို့၏ တိုက်ပွဲကို လမ်းညွှန်ရန်အတွက် တိကျသော စိတ်ဓာတ်ပန်းတိုင်ကို မည်သူမျှ မချနိုင်ခဲ့ကြပေ။

အခြားချွတ်ယွင်းချက်များလည်း ရှိသေး၏။ သို့ရာတွင် အားလုံးသော ချို့ယွင်းချက်များမှာ သွေးစုပ်သော လူတန်းစား လူ့အဖွဲ့အစည်းမှ အတွေးအခေါ်သမားများသည် အစစ်အမှန်ဖြစ်သော လူသားအားလုံးနှင့်ဆိုင်သော စာရိတ္တတရားကို ထူထောင်ရန် မတတ်နိုင်ရာမှနေ၍ ပေါ်လာကြခြင်းသာဖြစ်၏။ ယခင်က လူ့ကျင့်ဝတ်ဆိုင်ရာ အတွေးအခေါ်နှင့် စနစ်များ၏ ထင်ရှားသော လက္ခဏာများမှာ အောက်ပါတို့ပင် ဖြစ်၏။

*၁။ တစ်သီးပုဂ္ဂလဝါဒ (ဝါ) တစ်ဦးချင်းဝါဒ။* ။ ဤအချက်ကို ရုပ်ဝါဒသမားများက ကိုယ်ကျိုးကိုယ်စီးပွားဆိုသော အယူအဆ၊ ကိုယ်ရေးကိုယ်တာ ပျော်ရွှင်ရေးအတွက် ရှာကြံကြသည်ဆိုသော အယူအဆ ဖြစ်ပေါ်ပြခဲ့ကြ၏။ စိတ်ဝါဒသမားများကမူ တစ်ဦးချင်းကယ်တင်ရေးကို ကြိုးစားခဲ့ကြ၏။ လူအပေါင်းတို့၏ တကယ့်လိုအပ်ချက်၊ မျှော်လင့်ချက်များကိုမူ ဥပေက္ခာပြုခဲ့ကြလေသည်။ ဤသို့အားဖြင့် လူ့အဖွဲ့အစည်းကို အကဲဖြတ်နိုင်သည့်မှုများနေရာတွင် ''လူတော်လူကောင်း''၊ ''လူပုဂ္ဂိုလ်လွတ်လပ်ရေး''စသော အချက်များကို အစားထိုးခဲ့ကြလေသည်။

*၂။ မပြောင်းလဲဘဲတည်ရှိမှု။* ။စံတော်ဝင် လူ့ကျင့်ဝတ်တရားများသည် အကြွင်းမဲ့မပြောင်းမလဲဘဲ တည်ရှိသောအရာ မဟုတ်သမျှ ကောင်းသောမှုအဖြစ်၊ သို့မဟုတ် စိုးမိုးနေသောမှုအဖြစ် လက်မခံနိုင်ကြပေ။ ကောင်းသည်ဆိုသောအရာသည် ပျော်ရွှင်မှုပဲဖြစ်ဖြစ်၊ လူတို့ရရှိခံစားစံစားနိုင်သည့် အခြားမျှော်မှန်းချက်အမျိုးမျိုးပဲဖြစ်ဖြစ်၊ လွတ်လပ်ရေး သို့မဟုတ် တာဝန်ပဲဖြစ်ဖြစ် ပြောင်းလဲ၍ မနေရ။ ပြောင်းလဲနိုင်သော အရာမဟုတ်ရ။ အချုပ်ဆိုရလျှင် ကောင်းသောအရာသည် ပြောင်းလဲမှု မရှိနိုင်။ အကြောင်းမူကား အကယ်၍ ပြောင်းလဲမှုရှိနိုင်သောကြောင့် အကောင်းဘက်သို့ ပြောင်းသွားသည်ဟုဆိုလျှင် ယခင်က မကောင်းခဲ့၍ ဖြစ်ရမည်။ တကယ်ကောင်းသောအရာဖြစ်နေပြီဆိုရလျှင် မကောင်းသောအဖြစ်သို့ ပြောင်းမသွားနိုင်ပေ။

*အီပစ်ကြူးရပ်စ်မှ* ဒိုင်ဒီရော့အထိ ရုပ်ဝါဒသမားများသည် အမှားအမှန်ချင့်ချိန်မှုသည် ကာလဒေသကိုလိုက်၍ ပြောင်းလဲနိုင်ကြောင်းကို အသိအမှတ်ပြုခဲ့ကြ၏။ သို့ရာတွင် ရုပ်ဝါဒနှင့် စိတ်ဝါဒ စနစ်နှစ်ခုစလုံးတွင် ရှိနေသည့် ခံယူချက်မှာ လူတို့၏ သဘာဝသည် မပြောင်းမလဲ ရှိနေသည်။ ကောင်းသော အရည်အချင်းများရော၊ မကောင်းသော အရည်အချင်းများရော တိတိကျကျ ပုံသေတည်ရှိနေသည်ဆိုသော ခံယူချက်ဖြစ်၏။ ဤခံယူချက်အရ စာရိတ္တပြုပြင်ရေးသမားများသည် မည်သည့် အချိန်အခါမဆို မည်သည့် အခြေအနေမှာမဆို ကောင်းသော အရာနှင့် ဆိုးသော အရာတို့ကို သတ်မှတ်နိုင်ခဲ့ကြလေသည်။

*ဟွန်ဂျူဝီ*သည် ယခင်က လူ့ကျင့်ဝတ်တရား၏ ဖော်ပြပါအပိုင်းကို ဝေဖန်ခဲ့ပါ၏။ သို့ရာတွင် မည်သို့သောတိကျသည့် စာရိတ္တပန်းတိုင်မှ မရှိဟု ဆိုရန်အတွက် ဝေဖန်ခြင်းသာဖြစ်၏။ သူ၏ ကျင့်ဝတ်ဆိုင်ရာ အတွေးအခေါ်တစ်ရပ်လုံးမှာ အထက်ပါ ပုံကား၏ အခြားဘက်သာဖြစ်၏။ သူသည် ကောင်းသောအရာဆိုသည်များကို ထုထောင်းချေဖျက်ပစ်ကာ မည်သို့သော တိတိကျကျဖြစ်သည့် စာရိတ္တဆိုင်ရာ ညွှန်ပြချက်မှ မပါတော့ဘဲ ကောင်းတယ်ဆိုတာ အဆိုးထဲက ထွက်ခြင်းဖြစ်သည်။ အဖြစ်တစ်ခုက တစ်ခုသို့ ပြောင်းခြင်းဖြစ်သည်ဟု ဆိုတော့၏။ ဤနည်းအားဖြင့် စံတော်ဝင် လူ့ကျင့်ဝတ်များ၏ အကြွင်းမဲ့ ဝါဒနေရာတွင် အကြွင်းမဲ့ နှိုင်းယှဉ်ချက်ဝါဒကို သူက အစား ထိုးလိုက်လေသည်။ သို့ဖြစ်ရာ တစ်စုံတစ်ရာတန်ဖိုးများ၊ ကောင်းသော အရာများဆိုသည် တို့မှာ ပို၍ပျက်စီး၍ပင် သွားပေသည်။

*၃။ အကောင်အထည်မဲ့မှု။* ။ ရုပ်ဝါဒသမားများရော၊ စိတ်ဝါဒသမားများရော၊ စိတ်ဓာတ်ဆိုင်ရာကောင်းသော အရာများ သို့မဟုတ် လူသားတို့၏ ရည်မှန်းချက် ပန်းတိုင်းများသို့ အဓိပ္ပာယ်သတ်မှတ်ဖော်ပြရာ၌ အကောင်အထည်နှင့် လက်ဆုပ် လက်ကိုင် မရှိဘဲ၊ ဝါး၍နေခြင်း၊ ယေဘုယျကျနေခြင်းတို့ကြောင့် တိကျသော လူတို့၏ ဘဝအခြေအနေများအတွက် အဓိပ္ပာယ်မရှိ ဖြစ်၍နေခဲ့ပေသည်။ သူတို့သည် အစား အဝတ် အကာအကွယ်တို့ကို အခြေခံအကောင်းများအဖြစ် မည်သည့်အခါမျှ မယူဆပေ။ သူတို့သည် လူထုများက လိုလားတောင့်တသော တကယ့်အရာဝတ္ထုများနှင့် မည်သည့် အခါမျှ အမှန်တကယ် မဆက်သွယ်နိုင်ပေ။ လူတို့သည် အစား အဝတ် အကာအကွယ်လို၏။ သူတို့သည် ကျန်းမာရေး၊ လုံခြုံရေး၊ မေတ္တာ၊ အပေါင်းအသင်း မိတ်ဆွေဖြစ်မှု၊ သားသမီးရတနာများနှင့် သိုက်သိုက်ဝန်းဝန်း ဖြစ်မှုလို၏။ သူတို့သည် အလုပ်လုပ်မှု၊ အနားယူမှု၊ သူတို့ အပေါင်းအသင်းများ၏ လေးစားမှု၊ အသိဉာဏ်၊ စွမ်းရည်သတ္တိတိုးပွားမှု လို၏။ သူတို့သည် သူတို့၏ သားသမီးများကို သူတို့ထက် အဘက်ဘက်က သာစေလို၏။ လက်ဆုပ်လက်ကိုင် မဟုတ်ဘဲသာ

ကြည့်ပါက ရာဇဝင်တွင် မည်သည့် အဘိဓမ္မာဆရာအဖို့မဆို လူတို့၏ ဆန္ဒများနှင့် မျှော်မှန်းချက်များကို အယူဝါဒရေးရာအပေါ်တွင် လူတန်းစားဆက်ဆံရေးများက လွှမ်းမိုးနေသည့်အတွက် အဘိဓမ္မာဆရာများအဖို့ ဤကဲ့သို့ မဖြစ်နိုင်ခဲ့ပေ။

စံတော်ဝင်လူ့ကျင့်ဝတ်တရားများ၏ ချွတ်ယွင်းချက်များက လူ့ကျင့်ဝတ်ဆိုင်ရာ အတွေးအခေါ်တွင် ဖြစ်ပေါ်လာသော မာ့က်စ်ဝါဒအရ တော်လှန်ပြောင်းလဲမှုကြီးမားမှုအတိုင်းအတာကို ဖော်ပြနေကြ၏။ မာ့က်စ်ဝါသည် စံတော်ဝင်အစဉ် အလာထဲမှ အကောင်းဆုံးကို အသုံးချထား၏။ အထူးသဖြင့် လူ့တန်ဖိုးပြဿနာများနှင့် ပတ်သက်၍ လျို့ဝှက်နက်နဲ၍ ခေတ်နောက်ပြန်သော ချဉ်းကပ်မှုများကို ဆန့်ကျင်တိုက်ခိုက်ရာတွင် ရုပ်ဝါဒသမားများ၏ ဖြစ်ပေါ်တိုးတက်မှုများကို အသုံးချထား၏။ သို့ရာတွင် မာ့က်စ်ဝါဒ လူ့ကျင့်ဝတ်များသည် ဆိုရှယ်လစ်စနစ်အတွက် တိုက်ပွဲ၏ လူ့ကျင့်ဝတ်များဖြစ်သည့်အတိုင်း ချဉ်းကပ်မှုမှာရော၊ နည်းလမ်းမှာရော၊ ရည်မှန်းချက် ပန်းတိုင်များရော၊ ယခင်က လူ့ကျင့်ဝတ်ဆိုင်ရာဂိုဏ်းများနှင့် အခြေခံကစ၍ ခြားနားပေသည်။

*ယခုအချိန်အထိ တည်ရှိခဲ့သမျှ လူ့အဖွဲ့အစည်းအားလုံး၏ ရာဇဝင်သည် လူတန်းစား တိုက်ပွဲ၏* ရာဇဝင်ဖြစ်သည်ဆိုသော အချက်ကိုကိုင်လျက် မာ့က်စ်ဝါဒက ဤသို့သော လူ့အဖွဲ့အစည်းအတွင်း၌ လူတန်းစားအပေါ်ကရှိနေသော လူ့ကျင့်ဝတ်ဆိုတာမျိုးသည် မရှိနိုင်ဟု အခိုင်အမာဆို၏။ လူတန်းစားအမျိုးမျိုး၏ တန်ဖိုးများကို ကုန်ထုတ်လုပ်မှုအစဉ်အတွင်း၌ ဖြစ်သော လူတန်းစားတစ်ဦးနှင့်တစ်ဦး ဆက်ဆံမှုက ပြဌာန်းရာ လူတန်းစားတစ်ဦးနှင့် တစ်ဦးဆက်ဆံရေးများသည် ဆန့်ကျင်ဘက်ဖြစ်ကြသည့်အခါတွင် သူတို့၏တန်ဖိုးများသည်လည်း မတူရုံမကတော့ဘဲ ဆန့်ကျင်ဘက်ဖြစ်လာကြပေသည်။ သို့ရာတွင် မြင့်မားသော စိတ်ဓာတ်ဆိုင်ရာ တန်ဖိုးများကို ထုတ်လုပ်သူမှာ မလွဲမရှောင်သာဘဲ အဖိနှိပ်ခံ၊ အခြေယ်လှယ်ခံ လူတန်းစားများသာလျှင် ဖြစ်ကြ၏။ ဤတန်ဖိုးများမှာ လူများစုလူထုကြီး စုစည်းခြင်း၊ အဖိနှိပ်ခံဘဝကိုအဆုံးသတ်ရန် ရည်မှန်းခြင်းတို့ဖြစ်ကြ၏။ *(ဤနေရာတွင် မြင့်မားသော စိတ်ဓာတ်ဆိုင်ရာ တန်ဖိုးများကို လက်ဆုပ်လက်ကိုင် ဖမ်း၍ မရသောစကားများနှင့် သတ်မှတ်ဖော်ပြခြင်းမရှိဘဲ၊ လူသားတို့က သူတို့၏ဘဝကို ပို၍စိုးပိုင်နိုင်ရေးအတွက် ချီတက်သော လှုပ်ရှားမှုကြီး တစ်ခုလုံးကို အခြေခံ၍ သတ်မှတ်ဖော်ထား၏။)* ခေတ်သစ်လူတန်းစားအသိရှိသော စက်မှုအလုပ်သမား လူတန်းစားပေါ် ထွက်လာသည့်အခါတွင် အဖိနှိပ်ခံလူထုများသည် သူတို့၏ တန်ဖိုးများကို ကောင်းစွာနားလည်ကာ ဝိဇ္ဇာနည်းကျကျ ချမှတ်နိုင်ခဲ့ကြပေသည်။ ထိုအခါကျမှသာလျှင် ဤတန်ဖိုးများကို ရရှိနိုင်မည့် လုပ်ငန်းစဉ်ကို သူတို့ ချမှတ်နိုင်ခဲ့ကြပေသည်။

ဤသို့အားဖြင့် စက်မှုအလုပ်သမား လူတန်းစားသည် ရာဇဝင်တွင် ပထမဆုံး

ဝိဇ္ဇာနည်းကျသော ရုပ်ဝါဒ လူ့ကျင့်ဝတ်တရားများကို ရရှိခဲ့ပေသည်။ ဤသို့အားဖြင့် အလုပ်သမား လူတန်းစားသည် သူ့အတွက် ကျင့်ဝတ်တရားများကိုသာလျှင် ရရှိခြင်း မဟုတ်ဘဲ၊ တိုးတက်သော လူသားတစ်ရပ်လုံးအတွက် ရရှိခဲ့ခြင်းဖြစ်၏။ တစ်ကမ္ဘာလုံး ရှိအဖိနှိပ်ခံအမျိုးသားများအားလုံးအတွက် ရရှိခဲ့ခြင်းဖြစ်၏။ တစ်ချိန်တည်း၌ ဤကျင့်ဝတ် တရားတစ်ခုတည်းသာလျှင် အနုပညာသည်များနှင့် ဝိဇ္ဇာပညာသည်များ၏ အကျိုးစီးပွား များနှင့် ကိုက်ညီ၏။ သူတို့ အာဏာရှိသော လူတစ်စုအတွက် အသုံးတော်ခံ မဖြစ်စေဘဲ၊ လူအပေါင်းတို့အတွက် အကျိုးပြုနိုင်စေ၏။ ရှေ့တန်းကျသော အရင်းရှင်နိုင်ငံကြီးများမှ နိုင်ငံရေးနှင့် အယူဝါဒရေး ခေါင်းဆောင်ကြီးများသည် သန်းပေါင်းများစွာသော လူ အပေါင်းတို့က သူတို့နောက်သို့မလိုက်ဘဲ၊ အဘယ်ကြောင့် မာ့က်စ်ဝါဒသမားများ နောက်သို့ လိုက်နေကြသည်ဆိုခြင်းကို နားမလည်နိုင်ကြပေ။ ထမင်းဝရေး၊ ငြိမ်းချမ်းရေး၊ ဒီမိုကရေစီရေး၊ ဆိုရှယ်လစ်ရေး မျှော်မှန်းချက်များသည် လွတ်လပ်စွာ စီးပွားရေး လုပ်ကိုင်မှု၊ ပုဂ္ဂလိကပိုင်ဆိုင်မှု၊ ပုဂ္ဂလိကလွတ်လပ်မှုဆိုသော မျှော်မှန်းချက်များ ထက်မည်သည့်အတွက်ကြောင့်နှင့် မည်ကဲ့သို့ အလုပ်သမားများနှင့် လယ်သမားများ အားလုံးအတွက် ပို၍ အဓိပ္ပာယ်ရှိနေခြင်းဆိုခြင်းကို သူတို့ မမြင်နိုင်ကြသည်မှာ လူတန်း စား တိမ်သလ္လာဖုံးလွှမ်းနေသောကြောင့် ဖြစ်ပေသည်။

မာ့က်စ်ဝါဒသည် ၎င်း၏ တန်ဖိုးများ သဘောတရားအတွင်း၌ ဘက်လိုက်မှုနှင့် ရုပ်ဝတ္ထုကျမှု (ဝါ) ဓမ္မဓိဋ္ဌာန်ကျမှုတို့ကို ပူးပေါင်းထား၏။ ဤသဘောတရားသည် အလုပ်သမား လူတန်းစား၏ လိုအပ်ချက်များနှင့်အကျိုးစီးပွားများအပေါ်တွင် ခိုင်မြဲစွာ ရပ်တည်ထား၏။ အလုပ်သမား လူတန်းစားအတွက် ကောင်းသောအရာသည် ကောင်း သည်ဟု ဤသဘောတရားက ယုံကြည်၏။ အလုပ်သမား လူတန်းစားက လူတန်းစား အသိအတွင်း၌၊ အင်အားအတွင်း၌၊ ဘဝ၏ လိုအပ်မှုများ အတွင်း၌ တိုးတက်အောင် ပြုလုပ်သမျှသည် ကောင်းသည်။ ဆိုရှယ်လစ်စနစ်က အစစ်အမှန် တိုးတက်အောင် ပြုလုပ်သမျှသည် ကောင်းသည်ဟု ဤသဘောတရားက သင်ကြား၏။ သို့ရာတွင် မာ့က်စ်ဝါဒ ကျင့်ဝတ်များသည် ဤသို့ အလုပ်သမား လူတန်းစားဘက်က ဘက်လိုက်မှု ရှိရာ၌ ရာဇဝင်ဖြစ်စဉ်နှင့် လူသားအားလုံး၏ အနာဂတ်ကို မည်သည့်အခါမျှ မျက်ခြည် မပြတ်ပေ။ မာ့က်စ်ဝါဒ ကျင့်ဝတ်များသည် အလုပ်သမားလူတန်းစားနှင့် ရပ်တည်နေ၏။ အဘယ်ကြောင့်ဆိုသော် ဤကျင့်ဝတ်များသည် ဤလူတန်းစား၏ တွေးခေါ်မှုနှင့် သဘောတရားဖြစ်သောကြောင့်ဖြစ်၏။ စိတ်ကူးယဉ်ဆိုရှယ်လစ်များကဲ့သို့ အလုပ်သမား လူတန်းစားကို ဒုက္ခအရောက်ဆုံး၊ အဖိနှိပ်ခံရဆုံး လူတန်းစားအဖြစ် ကရုဏာ မေတ္တာ ပွားသောကြောင့် မဟုတ်ပေ။ မာ့က်စ်ဝါဒသဘောတရား လက်နက်တပ်ဆင်ထားသော လူတန်းစား စိတ်ဓာတ်ရှိသည့် အလုပ်သမားများသည် သူတို့၏ ရည်မှန်းချက်များ

တိုးတက်သော လူသားအားလုံးတို့၏ မျှော်မှန်းချက်များနှင့် ကိုက်ညီကြောင်း သိမြင်ခဲ့လေသည်၊ သူတို့၏ မာ့က်စ်ဝါဒသဘောတရား သူတို့၏တိုက်ပွဲမှာ လူသားတစ်ရပ်လုံးတို့၏ လွတ်မြောက်ရေးအတွက် တိုက်ပွဲဖြစ်ကြောင်း သိမြင်စေခဲ့ပေသည်။

တိုက်ပွဲများအတွင်းမှ အလုပ်သမား လူတန်းစား၏ အတွေ့အကြုံက မာ့က်စ်ဝါဒ သဘောတရားက သင်ကြားသည့်အရာများကို သူတို့အား ထပ်ခါထပ်ခါ သင်ကြားပေးပေသည်။ သူတို့သည် တိုက်ပွဲဆင်းရင်း ပိုမိုကျယ်ပြန့်သော အတွေ့အကြုံများကို ရရှိလာကာ အဖိနှိပ်ခံ အတန်းစား အသီးသီး၏ အကျိုးစီးပွားရေးကို ဆောင်ရွက်မှု ကိုယ်အကျိုးစီးပွားပါ အောင်မြင်နိုင်မည်ကို လက်တွေ့မြင်လာခဲ့ကြ၏။ လူမျိုးစုံချစ်ကြည် သွေးစည်းရေးဝါဒကိုမွေးလျက် တစ်မျိုးသားလုံး၏ အကျယ်ပြန့်ဆုံးသော အကျိုး စီးပွားကို ဆောင်ရွက်သူများ ဖြစ်လာကြ၏။ ကမ္ဘာ့ငြိမ်းချမ်းရေးကို တိုးတက် အာရုံ စိုက်လာကြ၏။

ဤသို့အားဖြင့် မာ့က်စ်ဝါဒသည် အလုပ်သမားလူတန်းစား၏ ကမ္ဘာ့အမြင် ဖြစ်သည့်အတိုင်း လူတန်းစား ဘက်လိုက်မှုနှင့် အကျယ်ပြန့်ဆုံးသော လူ့စိတ်ဓာတ် ဆိုင်ရာ မျှော်မှန်းချက်များကို ပူးပေါင်း၍ ပေးနိုင်ပေသည်။ ဤနည်းအားဖြင့် လူ့အဖွဲ့အစည်းအတွင်း၌ ရှိနေသော အလုပ်သမားလူတန်းစား၏ အနေအထားသည် သဘာဝနှင့် လူ့အဖွဲ့အစည်းတို့၏ ပုံသဏ္ဍာန်များအားလုံးကို ဝိဇ္ဇာနည်းကျကျ စူးစမ်း လေ့လာခြင်းအားဖြင့် အမှန်တရားကို ရှာဖွေနိုင်စွမ်းရှိစေ၏။ ရှာဖွေရန်လည်း လိုပေသည်။ သို့ဖြစ်ရာ အလုပ်သမားလူတန်းစားအဖို့ ဘက်လိုက်မှုနှင့် ရုပ်ဝတ္ထုကျမှု (ဝါ) ဓမ္မဓိဋ္ဌာန် ကျမှုတို့သည် အနုပဋိလောမနည်းအားဖြင့် ညီညွတ်နေ၏။ အရင်းရှင် လူ့အဖွဲ့အစည်း အတွင်း၌ ဘက်လိုက်မှုမပါဘဲ စာရိတ္တတရားအရ ဓမ္မဓိဋ္ဌာန်ကျမှုသည် အရာရာနေမြဲ အတိုင်းရှိအောင် ထောက်ခံခြင်းဖြစ်၍ တည်ရှိနေသော အုပ်စိုးနေသော လူတန်းစား ဘက်သို့ လိုက်ခြင်းပင်ဖြစ်ပေသည်။ အလုပ်သမားလူတန်းစားဘက်သို့ လိုက်ခြင်းသည် သာလျှင် ဝိဇ္ဇာနည်းကျကျ ဓမ္မဓိဋ္ဌာန်ကျဖို့အတွက် အခြေခံလဲဖြစ်၊ အာမခံချက်လဲ ဖြစ်ပေသည်။ ဘက်လိုက်မှုနှင့် ဓမ္မဓိဋ္ဌာန်ကျမှုတို့ကို ခွဲခြားလိုက်ခြင်းသည် လူတို့ကြိုးစား နေကြသော ရည်ရွယ်ချက်များ နှင့် ဤရည်ရွယ်ချက်များ အောင်မြင်အောင် ပြုလုပ်သည့် နည်းလမ်းများကို ခွဲခြား လိုက်ခြင်းဖြစ်သလိုပင် ဘက်လိုက်မှုနှင့် ဓမ္မဓိဋ္ဌာန်ကျမှုတို့၏ ညီညွတ်မှုသည် နည်းလမ်း များနှင့် ရည်ရွယ်ချက်များ၏ ညီညွတ်မှုကို ဖြစ်စေပေသည်။

ခေတ်ရှင်များက မာ့က်စ်ဝါဒနှင့် ကွန်မြူနစ်ဝါဒကို တိုက်ခိုက်ရာ၌ ပေးလေ့ရှိသည့် ဆင်ခြေမှာ မာ့က်စ်ဝါဒက ရည်ရွယ်ချက်အောင်မြင်ဖို့အတွက် ဆိုလျှင် ဘယ်လိုနည်း ကို သုံးသုံး တရားကြောင်း သင်ကြားသည်ဟူ၍ ဖြစ်၏။

ပထမဦးစွာအားဖြင့် ဤပြဿနာကို စေတနာကောင်းနှင့် ဖော်ထုတ်ခြင်း ဟုတ်မဟုတ် လေးနက်စွာ ကြည့်ရမည်ဖြစ်၏။ စင်စစ်အားဖြင့် ဤပြဿနာကို မကောင်း

သော စိတ်ဝါဒနှင့် ဖော်ထုတ်ခြင်းဖြစ်ပြီး ကွန်မြူနစ်များ အသုံးပြုသော နည်းလမ်းများထက် ရည်ရွယ်ချက်ကို ပိုပြီးသဘောမတူကြောင်းကိုပြသော ဆင်ခြေဖြစ်၏။ ဤဆင်ခြေမှာ အာဏာရနေသူများက အခြေခံပြောင်းလဲမှု ပြုလုပ်ရန် ကြိုးပမ်းနေကြသူများကို ဆန့်ကျင်တိုက်ခိုက်ရာ၌ အသုံးပြုလေ့ရှိသည့် ဆင်ခြေဖြစ်၏။

ယခုခေတ်အရင်းရှင်များ အသုံးပြုနေသည့် ဆင်ခြေဖြစ်၏။ သူတို့ကိုယ်တိုင်မှာ အလုပ်သမားများကို နှိမ်နင်းရာ၌ သူတို့ စွမ်းအားရှိသမျှ နည်းမျိုးစုံကို အသုံးပြုနေပြီး အလုပ်သမားများနှင့် မာ့က်စ်ဝါဒသမားများကိုမူ ရည်ရွယ်ချက်အောင်မြင်ဖို့ဆိုလျှင် ဘယ်လိုနည်းကိုသုံးသုံး တရားကြောင်း ယုံကြည်သူများဖြစ်သည်ဟု စွပ်စွဲနေ၏။ ဤစွပ်စွဲချက်သည် လူထုများ၏ ဘဝသစ်သို့ ချီတက်နေမှုကို ဆန့်ကျင်သူများက မကောင်းသော ရည်ရွယ်ချက်နှင့် ပြုလုပ်သည့် စွပ်စွဲချက်ဖြစ်ပေသည်။

ဒုတိယအချက်အားဖြင့် အသုံးဝင်မှုမရှိတော့၍ ကျဆင်းနေသော လူတန်းစားအဖို့ ဘက်လိုက်မှုသာရှိပြီး၊ ဝိဇ္ဇာနည်းအရ၊ ရာဇဝင်ရေးအရ ဓမ္မဓိဋ္ဌာန်ကျမှုရှိရန်ကား မဖြစ်နိုင်သည့်အတွက် အစဉ်သဖြင့် သူ့ရည်ရွယ်ချက် အောင်မြင်ဖို့အတွက် မည်သည့်နည်းကိုမဆို အသုံးပြုနေပေသည်။ ခြိမ်းခြောက်အုပ်စိုးခြင်း၊ ဖိနှိပ်ခြင်း၊ ညှဉ်းပန်းခြင်း၊ နှိပ်စက်ခြင်း၊ လူတို့၏တန်ဖိုးအားလုံးကို ဖျက်ဆီးပစ်ခြင်းတို့ကား ပြိုကျပျက်စီးနေသော လူတန်းစားက အသုံးပြုသည့် လက်နက်များပင်ဖြစ်၏။ ဤလူတန်းစားသည် သူ၏နည်းဟောင်းများနှင့် မအုပ်စိုးနိုင်တော့သဖြင့် အထက်ပါနည်းများကို အသုံးပြုကာ တက်လာသော စနစ်ကို တားဆီးရန်ကြိုးစားနေ၏။ ရည်ရွယ်ချက်သည် ကြောင်းကျိုးဆီလျော်မှုမရှိလျှင် ဤရည်ရွယ်ချက် အောင်မြင်အောင် အသုံးပြုသည့် နည်းလမ်းများသည်လည်း အလားတူ မှားယွင်းနေပေသည်။ ဖက်ဆစ်စနစ်နည်းလမ်းများနှင့် ကျဆုံးရပုံကို ကြည့်ပါ။

အခြားတစ်ဖက်က ကြည့်လျှင် ဝိဇ္ဇာနည်းအရ ရုပ်ဝတ္ထုကျမှု (ဝါ) ဓမ္မဓိဋ္ဌာန်ကျမှုသာရှိပြီး လူတန်းစားဘက်လိုက်မှု ရှိပြန်လျှင်လည်း လူတန်းစား လူ့အဖွဲ့အစည်းရှိနေသမျှ ဘာမျှမထိရောက်နိုင်ဘဲ၊ အနာဂတ် ဖြစ်သင့်တာလို့ စိတ်ကူးယဉ်ရုံလောက်သာ ရှိနိုင်ပေသည်။ လိုအပ်သော ရည်ရွယ်ချက်ပန်းတိုင်များကိုကား မြင်ပါ၏။ သို့ရာတွင် လူတန်းစား ဦးတည်မှုမရှိသဖြင့် တွန်းဆောင်သော အားမရှိတော့ဘဲ ရည်ရွယ်ချက်များသည် နည်းလမ်းများနှင့် ကင်းကွာနေပေတော့သည်။ ဖေဘီယန်ဆိုရှယ်လစ်ဝါဒမှာ ဤအတိုင်းပင်ဖြစ်၏။ အရင်းရှင်စနစ်အောက်တွင် ဝိဇ္ဇာနည်းကျသော လူမှုစီမံကိန်းလုပ်ဖို့ အကြံများမှာလည်း ဤသဘောပင်ဖြစ်ပေသည်။

ရည်ရွယ်ချက်အောင်မြင်ဖို့ဆိုလျှင် ဘယ်နည်းကိုပင်သုံးသုံး တရားသည်ဟု မည်သူကမျှ မဆိုပေ။ ဤပုံပြဿနာကို ဖော်လိုက်ခြင်းကပင် မိုက်မဲရာကျနေ၏။

ဤကဲ့သို့ ဖော်ခြင်းသည် ''ပစ္စည်းက တန်ရဲ့လား''ဟု မေးသလို ဖြစ်နေသည်ဟု ကောလစ်လာမောင့်က ဆို၏။ ဤမေးခွန်းကိုဖြေရန်မှာ ပစ္စည်းကဘာပစ္စည်း၊ အဖိုးက ဘယ်လောက်ဆိုသည်ကို တိတိကျကျ မသိသမျှ ဖြေနိုင်မည်မဟုတ်ဟု သူကဆိုလေသည်။ ထိုနည်းအတူ ရည်ရွယ်ချက်များနှင့် နည်းလမ်းများ ပြဿနာတွင်လည်း ရည်ရွယ်ချက်များကဘာတွေ၊ နည်းလမ်းများက ဘယ်လိုဆိုသည် တို့ကို တိတိကျကျသိရမှ ဖြေနိုင်မည်ဖြစ်ပေသည်။ ပြဿနာကို ဤကဲ့သို့ ဖော်လိုက်လျှင် ထိုပြဿနာတွင် အကျိုးဝင်သော လူတန်းစားများ၏ ဘက်လိုက်မှုများတွင် သူတို့အသီးသီးက အောင်မြင်အောင် ကြိုးစားနေကြသည်။ ရုပ်ဝတ္ထုကျကျ ကောင်းသောတရားများနှင့် ရည်ရွယ်ချက်များအရ ဖြေနိုင်မည် ဖြစ်ပေသည်။ မည်သည့်အုပ်စိုးသော လူတန်းစားမဆို အုပ်စိုးမှု တည်မြဲအောင်ပြုလုပ်သောနည်းလမ်းများကို ကောင်းသည်ဟုယူဆ၍ သူ့အုပ်စိုးမှုကို ဖယ်ရှားပစ်နိုင်သည့် နည်းလမ်း မှန်သမျှကို မကောင်းဟု ယူဆလေသည်။

ရာဇဝင်နှင့် လူ့အဖွဲ့အစည်း၏ ဝိဇ္ဇာပညာတစ်ရပ်ဖြစ်သော မာ့က်စ်ဝါဒ၏ အလိုအရ ရည်ရွယ်ချက်များနှင့် နည်းလမ်းများကို လက်ဆုပ်လက်ကိုင်မဟုတ်ဘဲ ခွဲခြား ပစ်ခြင်းလည်း မရှိနိုင်ပေ။ လူတန်းစားများက ထားရှိကြသော ရည်ရွယ်ချက်များကို သူတို့နေထိုင်ရာ လူ့အဖွဲ့အစည်း၏ ပုံသဏ္ဍာန်က ပြဋ္ဌာန်း၏။ အဓိကအားဖြင့် တည်ရှိနေသော စီးပွားရေး၊ ဆက်ဆံရေးများနှင့် အစိုးရအာဏာ၏ လက္ခဏာတို့က ပြဋ္ဌာန်း၏။ ဤအရာများကသည်ပင်လျှင် လူတန်းစား ရည်ရွယ်ချက်များ အောင်မြင်ဖို့အတွက် လိုအပ်သော နည်းလမ်းများကို ပြဋ္ဌာန်းပေးသည်။ ဤရာဇဝင်၏ ဖြစ်စဉ်များက ရည်ရွယ်ချက်များကိုရော၊ နည်းလမ်းများကိုရော ပုံသွင်းရာ ဤနှစ်ခုစလုံးသည် တစ်ခုတည်းသော လူမှုလှုပ်ရှားမှု၏ ဘက်နှစ်ဖက်ပင် ဖြစ်၍ စိတ်ထဲမှာသာ ခွဲနိုင်ပြီး လက်တွေ့တွင် မည်သည့်အခါမျှ မခွဲပေ။ လုပ်သားလူထုများအား ဆိုရှယ်လစ်စနစ် အတွင်းလည်းကောင်း၊ လူသားတစ်ရပ်လုံးအတွက် ငြိမ်းချမ်းရေးနှင့် ပေါများ ကြွယ်ဝရေး ရည်မှန်းချက်အတွက်လည်းကောင်း၊ ရာဇဝင်ဖြစ်စဉ်က တိုက်ပွဲဝင်စေခဲ့၏။ ဤရာဇဝင်ဖြစ်စဉ်အရပင် တိုက်ပွဲဝင်ရာ၌ လုပ်သားလူထုများသည် တစ်ကမ္ဘာလုံး မိမိတို့ ဘက်သို့ ပါဝင်လာရန် သိမ်းသွင်းဖို့ လိုပေသည်။ ဤအချက်က သည်လျှင် ယခင်က ဘယ်တော်လှန်သော လူတန်းစားမှ မရရှိခဲ့ဖူးသော လူထုကြီး၏ အကျိုးစီးပွားများ၊ လိုအပ်ချက်များနှင့် စိတ်ဓာတ်များကို ကိုယ်စားပြုသည့် စိတ်ဓာတ်ဆိုင်ရာ လိုအပ်ချက်များကို အလုပ်သမားလူတန်းစား၏ ခေါင်းဆောင်ဖြစ်သော မာ့က်စ်ဝါဒသမားများအား ရရှိစေပေသည်။ ဤအချက်အရ ဆိုရှယ်လစ်စနစ်အတွင်း၌ အများအယွင်း ကျူးလွန်ချက်များ လုံးဝမရှိတော့ဟုမဆိုလိုပေ။ သို့ရာတွင် အခြေခံစာရိတ္တ ဆိုင်ရာ မျှော်မှန်းချက်များကို ဖောက်ဖျက်မှုမျိုးမှာ ဆိုရှယ်လစ်စနစ်အတွင်း၌ ကာလဒေသရာဇဝင် အခြေအနေများအရ

သီးခြားပုဂ္ဂိုလ်ခေါင်းဆောင်များ၏ ချို့ယွင်းချက်များ အရသာပေါ်ပေါက်လာခြင်း ဖြစ်ပေသည်။ ထို့ပြင် ဤသို့သော ကျူးလွန်ချက်မျိုးမှာ လူ့အဖွဲ့အစည်း၏စနစ်သစ်ကို တည်မြဲအောင် ကြိုးစားရင်း အတွင်းအပြင်ရန်သူများကို ဆန့်ကျင်တိုက်ခိုက်ရင်း ပေါ်လာသည့် အမှားများဖြစ်ပေသည်။ သို့ရာတွင် ဤအမှားများ ကျူးလွန်ချက်များသည် ဆိုရှယ်လစ်စနစ် အောင်မြင်ရေးကို အန္တရာယ်ဖြစ်စေပေသည်။ ဤကား လူသားတို့အတွက် စာရိတ္တဆိုင်ရာ မှျော်မှန်းချက်များကို ကာကွယ်ရန် တိုးတက်စေရန် အကောင်းဆုံးသော အာမခံချက်ပင်ဖြစ်၏။ ယနေ့စနစ်နှစ်ခု ငြိမ်းချမ်းစွာ အတူတကွ တည်ရှိရန်၊ ယှဉ်ပြိုင်ရန်တို့အတွက် ဆိုရှယ်လစ်စနစ်ဘက်က တင်ပြနေခြင်းက နောက်ဆုံး ထင်ရှားစေသည့်အချက်ပင် ဖြစ်ပေသည်။

နည်းလမ်းများနှင့် ရည်ရွယ်ချက်များ၏ ဆက်သွယ်ရေး ပြဿနာတစ်ရပ်လုံးသည် မာ့က်စ်ဝါဒဖြစ်သော အလုပ်သမား လုပ်တန်းစား ရည်မှန်းချက်ပန်းတိုင်များ၏ ရာဇဝင်အရ၊ ဝိဇ္ဇာနည်းအရ ရုပ်ဝတ္ထုကျကျ တည်ရှိနေမှု ပြဿနာနှင့် ခွဲခြား၍ မရအောင် ဆက်သွယ်နေပေသည်။ တကယ့်ပြဿနာမှာ မာ့က်စ်ဝါဒသမားများသည် ရည်ရွယ်ချက် အောင်မြင်ဖို့ဆိုလျှင် ဘယ်လိုနည်းကိုသုံးသုံး တရားသည်ဟု ယုံကြည်သလားဆိုသော ပြဿနာမဟုတ်။ အလုပ်သမားလုပ်တန်းစားသည် ဆိုရှယ်လစ်စနစ် အောင်မြင်ခြင်းအားဖြင့်သာလျှင်၊ ဘဝကောင်းစားရေး၊ ငြိမ်းချမ်းရေးနှင့်ပျော်ရွှင်ရေးတို့အတွက် တိုက်ပွဲသည် အောင်မြင်နိုင်သည်ဆိုခြင်းမှာ မှန်သလား၊ မမှန်ဘူးဆိုသော ပြဿနာဖြစ်၏။ ထို့ပြင် ဆိုရှယ်လစ်စနစ်သည် လူလူချင်းသွေးစုပ်မှုမှ လူသားတစ်ရပ်လုံးကို လွတ်မြောက်စေ၍ လူ့အဖွဲ့အစည်းတစ်ရပ်လုံးကို မြင့်မားသော အဆင့်သို့ ရောက်အောင် မြင့်တင်ပေးပါမည်လား။ ကျွန်ုပ်တို့သည် *မြင့်မားသောအဆင့်*ဆိုသည့် စကား၏ အဓိပ္ပာယ်ကို တစ်ကမ္ဘာလုံးရှိ လူအပေါင်းတို့အတွက် နေထိုင်မှုအဆင့်အတန်း အစဉ်မြင့်မားသွားခြင်း၊ ရုပ်ဝတ္ထုဘဝနှင့်ယဉ်ကျေးမှုဘဝ အစဉ်တိုးတက်သွားခြင်း၊ ကျယ်ပြန့်သွားခြင်းဟူ၍ တိတိကျကျ၊ အဓိပ္ပာယ်သတ်မှတ်လိုက်သည်နှင့် တစ်ပြိုင်နက် ကျွန်ုပ်တို့သည် ကျင့်ဝတ်များဆိုင်ရာ နယ်ကို ချန်ထားခဲ့ပြီး တိကျသော စီးပွားရေးနှင့် နိုင်ငံရေးဆန်းစစ်ချက် နယ်အတွင်းသို့ ရောက်၍လာကြပေသည်။

ဤနေရာတွင် အရင်းရှင်စနစ်နှင့် ဆိုရှယ်လစ် စနစ်တို့၏ ဆောင်ရွက်ကြပုံများနှင့် ပတ်သက်၍ မာ့က်စ်ဝါဒက မည်ကဲ့သို့ သင်ကြားသည်ကို ဖော်ပြမည်ဖြစ်၏။ ဤစနစ်နှစ်ခုကို ဆန်းစစ်ခြင်းအားဖြင့် ဆိုရှယ်လစ်စနစ်က အရင်းရှင်စနစ်ထက် စိတ်ဓာတ်အရ သာလွန်သည်ဟူ၍လည်းကောင်း၊ မာ့က်စ်ဝါဒသည် လူမှုလှုပ်ရှားမှုအတွင်း ၌ နည်းလမ်းများနှင့် ရည်ရွယ်ချက်များ၏ ဝိဇ္ဇာနည်းကျကျ ညီညွတ်မှုကို ရရှိခဲ့သည်ဟူ၍လည်းကောင်း၊ မာ့က်စ်ဝါဒ၏ ကြွေးကြော်ချက်များသည် မှန်ကန်ကြောင်း တွေ့ရမည်ဖြစ်၏။

လူ့အဖွဲ့အစည်းအမျိုးမျိုးတိုင်းတွင် ယင်းလူ့အဖွဲ့အစည်း၏ လှုပ်ရှားမှုကို ချုပ်ကိုင်နေသော တိကျသော တရားများရှိသည်ဟု မာ့က်စ်ဝါဒသမားများက ယုံကြည်၏။ ဤတရားများဆိုသည်မှာ တိကျသော စီးပွားရေး၊ ဆက်ဆံရေးများ၏ အဆောက်အအုံတွင် လူ့အဖွဲ့အစည်း တည်တံ့ဖို့အတွက် ဤသို ဤသို့သော လိုအပ်ချက်များကို ဖြည့်စွမ်းရမည်ဆိုသည့် အဓိပ္ပာယ်ပင် ဖြစ်၏။ ဥပမာ အရင်းရှင်စနစ်သည် အမြတ်ရှာခြင်းအားဖြင့် ရပ်တည်နေ၏။ ခေတ်သစ်လက်ဝါးကြီးအုပ် အရင်းရှင်စနစ်သည် ဖြစ်နိုင်သမျှ အများဆုံး အမြတ်ကိုရှာ၏။ ထို့အတွက် လူအများစုကြီးဆင်းရဲခြင်း၊ ခေတ်နောက်ကျသော တိုင်းပြည်များကို လုယက်ခြင်း၊ စစ်အတွက်အမြဲ ပြင်ဆင်ခြင်းတို့ ဖြစ်လာ၏။ ဤစီးပွားရေး၊ ဆက်ဆံရေးအရ အခြားမဖြစ်နိုင်ပေ။

အရင်းရှင်စနစ်သည် သူ၏ အသက်တည်တံ့မှုအတွက် သွေးစုပ်မှုနှင့် စစ်ပြင်ဆင်မှုလိုသလို၊ ဆိုရှယ်လစ်စနစ်မှာလည်း လိုအပ်ချက်များရှိ၏။ ဤလိုအပ်ချက်များသာ မပြည့်စုံပါက ဆိုရှယ်လစ်စနစ်သည် ကျဆုံးသွားမည်ဖြစ်၏။ ဆိုရှယ်လစ်စနစ်၏ လိုအပ်ချက်များကား၊ လူအပေါင်းတို့၏ အစဉ်သဖြင့် တိုးတက်နေသော ရုပ်ဝတ္ထုဆိုင်ရာ၊ ယဉ်ကျေးမှုဆိုင်ရာ လိုလားချက်များကို ဖြည့်စွမ်းပေးရေးဖြစ်၏။ ဤသို့ဖြည့်စွမ်းနိုင်ရန်မှာ အဆက်မပြတ် ကုန်ထုတ်လုပ်မှု တိုးချဲ့ခြင်းအားဖြင့်သာလျှင် ဖြစ်နိုင်၏။

တစ်ဖက်က ဖြစ်နိုင်သမျှ အမြတ်အများဆုံးရရေး၊ အခြားတစ်ဖက်က အဆက်မပြတ် နေထိုင်မှုအဆင့်အတန်း တိုးတက်ရေး ဖြစ်၏။ စနစ်တစ်ခုက စစ်လို၏။ အခြားစနစ်တစ်ခုက ငြိမ်းချမ်းရေးကိုသာလို၏။ အမြတ်အများဆုံးရဖို့အတွက် ကြိုးစားခြင်းကြောင့်၊ လူထုများအတွက် မလုံခြုံမှု၊ ဆင်းရဲကျပ်တည်းမှု ဖြစ်လာ၏။ ဆိုရှယ်လစ်စနစ်၏ အခြေခံစီးပွားရေးတရားအရမူ၊ လူများသည် ပိုမိုကောင်းမွန်သော ဘဝကို တိုး၍ ခံစားလာကြရပေသည်။

ဤသို့လျှင် ကျွန်ုပ်တို့ ခေတ်၏ ဆန့်ကျင်နေသော လူမှုစနစ်နှစ်ခုကို ဆန်းစစ်ကြည့်ခြင်းအားဖြင့် မာ့က်စ်ဝါဒက လူမှုဝိဇ္ဇာပညာနှင့် လူ့ကျင့်ဝတ်ဆိုင်ရာ တန်ဖိုးများ၏ ညီညွတ်မှုကို ထူထောင်လိုက်ခြင်းဖြစ်၏။ နည်းလမ်းများနှင့် ရည်ရွယ်ချက်များသည် ရုပ်ဝတ္ထုကျကျ စုစည်းညီညွတ်မှုရှိသကဲ့သို့ လွတ်လပ်မှုနှင့် လိုအပ်မှုတို့သည်လည်း အလားတူပင်ဖြစ်၏။ (လိုအပ်မှုဆိုသည်မှာ မရှောင်မလွှဲသာရှိမည်။ ဖြစ်ရမည်။ မရှိမဖြစ်။ မလုပ်ဖြစ်တာကို လိုအပ်မှုဟုခေါ်၏) လိုအပ်မှုသည် လူ့အဖွဲ့အစည်းနှစ်ခုစလုံးအတွင်း၌ လှုပ်ရှားမှုရှိ၏။ သို့ရာတွင် လူ့အဖွဲ့အစည်းတစ်ခုအတွင်း၌ ၎င်းသည် လူအပေါင်းအား လူတို့၏ကောင်းကျိုးချမ်းသာဟူသမျှကို ကင်းမဲ့စေပြီး အခြားလူ့အဖွဲ့အစည်းတစ်ခုအတွင်း၌မူ ပြည့်ဝစေလေသည်။

မာ့က်စ်ဝါဒ အတွေးအခေါ်သည် လွတ်လပ်ရေးဆိုသော အဓိပ္ပာယ်ကို ခံယူရာ

၌ သဘောတရားအရ ကြွယ်ဝ ပြည့်စုံမှုရှိကာ သဘောတရားနှင့် လက်တွေ့ညီညွတ်မှု၊ ဝိဇ္ဇာပညာနှင့် လူ့ကျင့်ဝတ်ညီညွတ်မှု။ သဘာဝတရားနှင့် ရာဇဝင်၏ညီညွတ်မှုတို့ကို ချဉ်းကပ်ထားပေသည့် သူ့အဓိပ္ပာယ်သဘောသက်သက်အရသာဆိုလျှင် လွတ်လပ်ရေးသည် လူတို့က ရောက်ရှိအောင် ချီတက်ရမည့် ပန်းတိုင်ဖြစ်သည်ဟု မာ့က်စ်ဝါဒက ယုံကြည်၏။ သို့ရာတွင် မာ့က်စ်ဝါဒကို ထူထောင်သူများ၏ ခံယူချက်မှာ လွတ်လပ်ရေးသည် အဖိနှိပ်ခံ လူထုများ၏ ဘဝကောင်းစားရေး တိုက်ပွဲအတွင်း၌ လွတ်လပ်ရေးကို အကောင်အထည် ဖော်ရုံသာ မဟုတ် လွတ်လပ်ရေး၏သဘာဝကို တိုးတက်သိရှိပြီး၊ ရှေ့သို့ဆက်လက် ချီတက်ရန်ဖြစ်၏။ လွတ်လပ်ရေးနှင့် ပတ်သက်၍ ဤခံယူချက်သည် ခေတ်အဆက်ဆက်ကဖြစ်ပေါ်ခဲ့သော ရုပ်ဝါဒသမားများနှင့် စိတ်ဝါဒသမားများ၏ လူ့ကျင့်ဝတ်ဆိုင်ရာ ရည်မှန်းချက်များကို မာ့က်စ်ဝါဒနည်းအရ ပြောင်းလဲပစ်လိုက်ခြင်းဖြစ်၏။ ခိုင်မာအောင် ပြုလိုက်ခြင်းဖြစ်၏။ မာ့က်စ်ဝါဒသည် လွတ်လပ်ရေးကို ဝါးနေသော အဓိပ္ပာယ်မှ ဘက်စုံအောင် ကောင်းသော အရာအဖြစ် တင်ပြထား၏။ ဤလွတ်လပ်ရေးပန်းတိုင်သည် နှိုင်းယှဉ်ချက်အရလည်း ဖြစ်၏။ အကြွင်းမဲ့လည်းဖြစ်၏။

စံတော်ဝင် စာရိတ္တဆိုင်ရာ ပန်းတိုင်များ သို့မဟုတ် ရည်မှန်းချက်များအားလုံးသည် လူတို့၏ သဘာဝကို အသေငြိမ်နေသည်ဟု သဘောထားကာ ဘဝရည်မှန်းချက်များကို ပုံသေချထားခဲ့ကြ၏။ ထို့ပြင် တည်ရှိနေသော ကုန်လုပ်စွမ်းအားစုများနှင့် ဆက်ဆံရေးများကိုလည်း အသေယူဆကာ စာရိတ္တဆိုင်ရာ ရည်မှန်းချက်များအားလုံး အပေါ်တွင် အချုပ်အချယ်အဖြစ်ချထားခဲ့ကြပေသည်။ မာ့က်စ်ဝါဒသည် ဤသို့သော ချို့ယွင်းချက်များ မရှိပေ။ မာ့က်စ်ဝါဒ၏ လူ့ကျင့်ဝတ်ရည်မှန်းချက်သည် ဦးတည်ချက် အနေနှင့် လုံးဝတိကျကာ ဝိဇ္ဇာနည်းအရတိုင်းထွာပြီး၊ အနှစ်သာရအားဖြင့်ဆိုလျှင် လူသားတို့၏ တိုးတက်ဖြစ်ပေါ်နေသော ရည်မှန်းချက်များကို ကိုယ်စားပြုပေသည်။ ၎င်းသည် လှုပ်ရှားနေသော လောကကြီးအတွင်း၌ အကြွင်းမဲ့ဖြစ်နိုင်သလောက် အကြွင်းမဲ့ဖြစ်၏။ ၎င်းသည် အစဉ်ပြောင်းလဲနေသော လောကကြီးအတွင်း၌ အစဉ်တိုးတက်နေသော လူတို့၏ လိုအပ်ချက်အတိုင်း နှိုင်းယှဉ်ချက်အားဖြင့် ဖြစ်နေ၏။

လွတ်လပ်ရေးသည် လူတို့၏ လိုအပ်ချက်များနှင့် ဆန္ဒများပြည့်ဝရေးအတွက် လူတို့က မိမိတို့၏ဘဝလိုအပ်ချက်များကိုလည်းကောင်း လူတို့၏ဘဝနှင့်ဆက်ဆံရေး၊ လူလူချင်း ဆက်ဆံရေးတို့ကိုလည်းကောင်း၊ အစဉ်တိုးတက်၍ ပိုင်နိုင်လာနေသည့် ဖြစ်စဉ်ဖြစ်ပေသည်။ ဤသို့အားဖြင့် ကျွန်ုပ်တို့သည် သဘာဝနှင့် လူမှုဆက်ဆံရေးတို့ကို ပြောင်းလဲရင်းလိုအပ်ချက်အသစ်၊ ဆန္ဒသစ်၊ မျှော်လင့်ချက်အသစ်တို့ကို ရရှိလာ ကြ၏။ ဤအသစ်ရရှိလာသော ဆန္ဒများ၊ မျှော်လင့်ချက်များသည် ဘာဖြစ်လိမ့်မည်ဆိုသည်ကို ပြဋ္ဌာန်းရန်၏အတွက် မာ့က်စ်ဝါဒက နောင်လာနောင်သားများအတွက်

ချန်ထားခဲ့ပေသည်။ ဤအရာများကို ပိုင်ဆိုင်မည့်လွတ်လပ်သော နောင်လာနောင်သားများက ပြဋ္ဌာန်းကြလိမ့်မည်ဖြစ်၏။ အပြည့်စုံဆုံးဖြစ်သော ပန်းတိုင်နှင့် ပတ်သက်၍ မာ့က်စ်ကိုယ်တိုင် ကပေးခဲ့သည့်အထိ ကျဆုံးသတ်မှတ်ချက်မှာ လူ့စွမ်းအားတန်ခိုး တိုးတက်ရေးကို စွမ်းအားတန်းခိုး၏ ရည်ရွယ်ချက်အဖြစ် ထားရှိရေး ဖြစ်၏။

မာ့က်စ်က လွတ်လပ်ရေးသည် လိုအပ်မှုအပေါ်တွင် တည်နေကြောင်း ရှင်းပြရာ၌ ကျွန်ုပ်တို့၏လိုလားချက်များကို ပြည့်စွမ်းရန်အထွက် အလုပ်နှင့် ပတ်သက်၍ လိုအပ်မှုကို ဖော်ပြခဲ့၏။ ဤလိုအပ်မှုအတွင်း၌ လွတ်လပ်ရေးသည် ၁။ ကျွန်ုပ်တို့၏ လိုလားချက်များ ပြည့်ဝရေးအတွက် သဘာဝနှင့် ကျွန်ုပ်တို့၏ ဆက်ဆံရေးကို မှန်ကန်စွာ စုစည်းမှုအဖြစ်လည်းကောင်း၊ ၂။ ကျွန်ုပ်တို့၏ စွမ်းအားကို အနည်းဆုံးကုန်စေလျက် ကျွန်ုပ်တို့၏ ရည်မှန်းချက်များ ပန်းတိုင်များကိုရောက်အောင် ဆောင်ရွက်မှုအဖြစ် လည်းကောင်း၊ ၃။ ကျွန်ုပ်တို့၏ လူ့သဘာဝနှင့် အကိုက်ညီဆုံး အခြေအနေများ၏ အောက်တွင် ကျွန်ုပ်တို့၏ လိုအပ်သော အလုပ်ကို လုပ်ဆောင်မှုအဖြစ်လည်းကောင်း၊ ပေါ်လွင်နေပေသည်။ ဤအခြေခံ သုံးသပ်ချက်အပေါ်တွင် လွတ်လပ်ရေးသည် ပေါ်ထွက်လာပေသည်။

မကြာမီနှစ်များအတွင်းက ဆိုဗီယက်ယူနီယံတွင် ဆိုရှယ်လစ်စနစ်၏ တိုးတက်မှုသည် ဤလွတ်လပ်ရေး၏ နောက်ဆုံးနှင့် အမြင့်ဆုံးအဆင့်သို့ ရောက်၍ လာခဲ့၏။ ဆိုရှယ်လစ်စနစ်မှ ကွန်မြူနစ်စနစ်သို့ ကူးပြောင်းရေးသည် ကုန်ထုတ်လုပ်မှုအဆမတန် တိုးတက်နေရန်လို၏။ ဤသို့တိုးတက်နေခြင်းအားဖြင့် လူတိုင်း ပညာအရည်အချင်း စွမ်းရည်များရရှိပြီး ကုန်ထုတ်လုပ်မှုကို ဆက်လက်တိုးတက်ရန် ပြုလုပ်နိုင်သူများ ဖြစ်ကြရန်လို၏။ ဤသို့ဖြစ်ရန်အတွက် အလုပ်ချိန်လျှော့ရေး၊ လူတိုင်းစက်မှုလက်မှုပညာ မသင်မနေရရေး၊ နေအိမ်စနစ်တိုးတက်ရေး၊ တကယ့်လုပ်ခတိုးတက်ရေး စသည်များ တို့ လို၏။ မှတ်သားရန်အချက်မှာ မာ့က်စ်ဝါဒသဘောတရားနှင့် လက်တွေ့၏ ရာဇဝင် ဖြစ်ပေါ် တိုးတက်မှုသည် လိုအပ်မှုတည်းဟူသော နယ်ပယ်၏ အပေါ်က ဖြစ်သော မာ့က်စ်၏ အမြင့်ဆုံးဖြစ်သော လွတ်လပ်ရေးအဆင့်ကို နောက်ထပ် လူမှုပြောင်းလဲရေး အတွက် လိုအပ်မှုအဖြစ်သို့ ပြောင်းပစ်ခဲ့သည်ဆိုခြင်းဖြစ်၏။ ရည်ရွယ်ချက်တစ်ရပ်အနေနှင့် လူ့အဖွဲ့အစည်းအတွင်း၌ ပါဝင်သူအားလုံး၏ တစ်ဦးချင်းလိုက်အရည်အချင်းလိုက် အရည် အချင်းများကို ပြုစုပျိုးထောင်ပေးခြင်းသည် တိုးတက်မှု၏ ကြိုတင်လိုအပ်မှု ဖြစ်လာ၏။

ဆိုလိုသည်မှာ လိုအပ်မှု၏ တစ်ဖက်က ဖြစ်သော မာ့က်စ်၏ လွတ်လပ်ရေး နယ်သည် ရာဇဝင်အရ လိုအပ်မှုကိုယ်တိုင်၏ အစိတ်အပိုင်းဖြစ်၏။ ကျွန်ုပ်တို့သည် ရုပ်ဝတ္ထုဆိုင်ရာ လိုလာချက်များ အာလုံးပြည့်စုံအောင် ပြုလုပ်နိုင်သည့်အတွက်ကြောင့် လွတ်လပ်ရေးကို ရရှိကြသည်မဟုတ်၊ လွတ်လပ်ရေးကို မရှိခြင်းအားဖြင့်သာလျှင်

ကျွန်ုပ်တို့၏ ရုပ်ဝတ္ထုဆိုင်ရာ လိုအပ်မှုများပြည့်စုံအောင် ပြုလုပ်နိုင်ပေသည်။ အဓိပ္ပာယ်မှာ ရည်ရွယ်ချက်တစ်ရပ် အနေနှင့် လူတို့၏စွမ်းရည်များကို တိုးတက်အောင် ပြုလုပ်ခြင်းသည် ကျွန်ုပ်တို့က သဘာဝအပေါ်တွင် နိုင်နင်းရန်အတွက် မရှိမဖြစ်လိုအပ်သော အရာတစ်ခုဖြစ်၏။

သို့ရာတွင် မည်သို့သော စွမ်းရည်များကို ကျွန်ုပ်တို့ဖြည့်စွမ်းလိုကြသနည်း။ အနာဂတ်မှ ယောကျာ်းမိန်းမတို့သည် ဘာကိုအလိုရှိကြမည်နည်း။ လူကောင်း၊ ဘဝကောင်းဆိုသည်တို့ကို သူတို့သည် မည်သည့်စံနှင့် တိုင်းထွာကြမည်နည်း။

အိန်ဂျယ်သည် သူ၏ အိမ်ထောင်မှု၏အစကျမ်း၌ အနာဂတ် လူတို့၏ လိုအပ်ချက်များနှင့် ဆန္ဒများကို ဖော်ပြထား၏။ အနာဂတ် လိင်ဆက်ဆံရေးများနှင့် ပတ်သက်၍ သူက ဤသို့ရေးထား၏။

*(နောက်မျိုးဆက်ပေါ်ထွက်လာသည့်အခါတွင် ဤအချက်ကို အဖြေပေးကြလိမ့်မည်ဖြစ်၏။ ဤမျိုးဆက်မှ ယောကျာ်းများသည် မိန်းမများကို ငွေနှင့်ဝယ်ရန်၊ သို့မဟုတ် လူမှုဆိုင်ရာ အင်အားလက်နက်ကြီယာ တစ်ခုခုနှင့် ဝယ်ရန် ဆိုသည်မှာ ဘာဖြစ်သည် ဆိုသည်ကို လုံးဝသိကြတော့မည်မဟုတ်၊ ဤမျိုးဆက်မှ မိန်းမများသည် မေတ္တာစစ်ကြောင့်မှတစ်ပါး အခြားအကြောင်းများကြောင့် သူတို့ကိုယ် သူတို့ ယောကျာ်းတစ်ဦးထံ အပ်ရန် သို့မဟုတ် စီးပွားရေးအကြောင်းများကြောင့် သူတို့၏ ချစ်သူကို ငြင်းဆန်လိုက်သည် ဆိုသည်မှာ ဘာဖြစ်သည်ဆိုသည်ကို လုံးဝသိကြတော့မည် မဟုတ်။ ကမ္ဘာကြီးအတွင်း၌ ဤသို့သော သူများရှိလာကြသည့်အခါတွင် ယခုလူတို့က အဖိုးတန်သည်ဟု ထင်သော အရာများကို သူတို့က အဖိုးတန်သည်ဟု ယူဆထားကြမည်မဟုတ်။ သူတို့သည် သူတို့၏ ကိုယ်ပိုင်အလေ့အကျင့်များ ပြုလုပ်ကြကာ လူပုဂ္ဂိုလ်တစ်ဦးချင်း၏ အလေ့အကျင့်များနှင့် ပတ်သက်၍ လူတို့၏ထင်မြင်ယူဆချက်များကို သူတို့ဘာသာ သူတို့ ဖန်တီးကြလိမ့်မည်ဖြစ်၏။ ဤကား . . . အဖြေပင်တည်း။)*

လူလူချင်း သွေးစုပ်မှုမှ လွတ်မြောက်သွားသောသူများသည် မည်သို့သော ဆန္ဒများရှိ၍ မည်သည့်အရာများကို လုပ်ကြရမည်ဟူ၍ ကျွန်ုပ်တို့က မည်သို့ဆုံးဖြတ်နိုင်ပါမည်နည်း။ ဤသူများသည် သွေးစုပ်မှုအောက်မှ လွတ်မြောက်ရေးအတွက် တိုက်ခိုက်ရင်း သူတို့ကိုယ် သူတို့ ပြောင်းလဲပစ်ကြ၏။ ယခုအခါ ဤသို့သော လှုပ်ရှားမှုကို ကမ္ဘာအနှံ့အပြားတွင် ကျွန်ုပ်တို့တွေ့မြင်နေရ၏။ ဆိုရှယ်လစ်လူ့အဖွဲ့အစည်းကို တည်ဆောက်ရင်း လူများသည် သူတို့၏ စာရိတ္တတရားဆိုင်ရာ၊ ယဉ်ကျေးမှုဆိုင်ရာ အဆင့်အတန်းသစ်များကို ဖန်တီးကြလိမ့်မည်ဖြစ်၏။ သူတို့သည် ဆိုရှယ်လစ်စနစ်မှ ကွန်မြူနစ်စနစ်သို့ ကူးပြောင်းရာတွင်လည်း ဤသို့ ဖန်တီးကြလိမ့်မည်ဖြစ်၏။

အထက်တွင် ဖော်ပြချက်များအရ၊ လွတ်လပ်ရေးဆိုရာ၌ ကျင့်ဝတ်တရားများ

Burma Marxist Learner



အားလုံးပါဝင်သည့်ဟူသော မာ့က်စ်၏ ခံယူချက်ကို တစ်ဖက်က ထင်ရှားစေပြန်၏။ ဤသို့ လွတ်လပ်ရေးနှင့် ပတ်သက်၍ ခံယူချက်သည် စာရိတ္တဆိုင်ရာတန်ဖိုးများကို အခြားသော တန်ဖိုးများ (အနုပညာဆိုင်ရာ၊ ယဉ်ကျေးမှုဆိုင်ရာ၊ တန်ဖိုးများ)နှင့် ခွဲခြားထားမှုကို ဖြိုဖျက်၍ပစ်လိုက်၏။ ရုပ်ဝတ္ထုဆိုင်ရာ တန်ဖိုးများနှင့် စိတ်ဓာတ်ဆိုင်ရာ တန်ဖိုးများအကြား တံတိုင်းကြီးခြားနေမှုကို ဖယ်ရှားပစ်လိုက်၏။ မာ့က်စ်ဝါဒအတွက် လူ့ဘဝ၏ အရည်အချင်းကို အကျိုးပြုသော ဩဇာသက်ရောက်သော မည်သည့်အရာ မဆို ကျင့်ဝတ္တရားသို့မဟုတ် စာရိတ္တတရား နယ်အတွင်း၌ နေ၏။

ထို့ပြင် မာ့က်စ်ဝါဒအရ လွတ်လပ်ရေးဆိုသော အဓိပ္ပာယ်ကို ခံယူရာ၌ လူတို့နားလည်သိမြင်မှု၊ ရာဇဝင်အရမြင်ကွင်း၊ ဝိဇ္ဇာပညာ အသိနှင့် အလှအပကို သိမြင်နားလည်မှုတို့ပါဝင်၏။ အနုပညာနှင့် ယဉ်ကျေးမှုကို စက်ဆုတ်သော မာ့က်စ် ဝါဒသမားများဆိုသူသည် မာ့က်စ်ဝါဒသမားများ မဟုတ်ပေ။ အနုပညာနှင့် ယဉ်ကျေးမှု ကို စီးပွားရေးနှင့် လူမှုရေးအနှစ်သာရ လုပ်သားလူထုများ၏ ဘဝတို့နှင့် ခွဲခြားထားသော အနုပညာသမားသည် တကယ့်အနုပညာသမားမဟုတ်သကဲ့သို့ပင် ဖြစ်၏။ အချုပ်ဆိုရ လျှင် စာရိတ္တဆိုင်ရာ (ဝါ) စိတ်ဓာတ်ဆိုင်ရာ တန်ဖိုးများ၊ အလှအပဆိုင်ရာ တန်ဖိုးများ စသည်တို့သည် သီးခြားမရှိ၊ ဘက်အမျိုးမျိုး၊ ပုံသဏ္ဍာန်အမျိုးမျိုးနှင့်ဖြစ်သော လူ့တန်ဖိုး များသာရှိပေသည်။

အမေရိကန်တွင် ဤမာ့က်စ်ဝါဒ ခံယူချက်ကို အပြင်ထန်းဆုံး ဆန့်ကျင်သူမှာ *ဂျွန်ဂျူဝီ*၏ အဘိဓမ္မာဖြစ်၏။ *ဂျူဝီ*သည် စိတ်ဝါဒကျင့်ဝတ်များကို များစွာ ဝေဖန်ခဲ့ သည်မှာကား မှန်၏။ သို့ရာတွင် ဤကဲ့သို့ ဝေဖန်သည်မှာ လုပ်သားလူထုများ၏ လိုအပ်ချက်များနှင့် မျှော်လင့်ချက်များထဲ၌ အမြစ်တွယ်နေသော ခိုင်မာသော ရုပ်ဝါဒ ကျင့်ဝတ်များကို ထူထောင်ရန် မဟုတ်ဘဲ အလုံးစုံပါဝင်သော ကျင့်ဝတ်ဆိုင်ရာ ရည်မှန်း ချက်ပန်းတိုင် တစ်စုံတစ်ရာမရှိဟု ငြင်းဆိုရန် ဖြစ်လေသည်။ ဤအတိုင်းဆိုလျှင် အမေရိကန် နယ်ချဲ့သမားက စိတ်ကြိုက်တွေ့သည့် အရာမှန်သမျှ ကောင်းသည်ဟု ခေါ်ဆိုနိုင်တော့မည်ဖြစ်တော့၏။

*ဂျူဝီ*၏ တွေးခေါ်မှုတစ်ရပ်လုံး၏နောက်တွင် လက်ရှိ လူ့အဖွဲ့အစည်းကို ကျေနပ်နှစ်သိမ့်နေမှုနှင့် တော်လှန် ပြောင်းလဲမှုက ကြောက်ရွံ့မှုတို့ ရှိနေပေသည်။ ထို့ကြောင့် သူသည် ပြောင်းလဲမှုကို အစီအစဉ်နှင့် လုပ်၍မရနိုင်။ တော်လှန်ပြောင်းလဲမှု မဖြစ်နိုင်ဟု ဆိုလေသည်။

စံတော်ဝင် အဘိဓမ္မာတစ်ရပ်လုံးသည် လွတ်လပ်ရေးနှင့် လိုအပ်မှုတို့၏ ဆက်သွယ်ရေး ပြဿနာကို ဘယ်အခါမျှ မဖြေရှင်းနိုင်ခဲ့ပေ။ ဂျွန်ဂျူဝီအတွက်ရော၊ အခြားများစွာသော သူတို့အတွက်ရော၊ လွတ်လပ်ရေးနှင့်လိုအပ်မှုတို့သည် (ဝါ) လွတ်

လပ်ရေးနှင့် မရှောင်မလွှဲသာဖြစ်ရမည်ဆိုသော တရားတို့သည် လုံးဝဆက်စပ်၍ မရနိုင်ဟု ယူဆခဲ့ကြ၏။ အရာဝတ္ထုများသည် အဆုံးအဖြတ်ပေးသော တရားများ အတိုင်း မရှောင်မလွှဲသာဘဲ ဖြစ်ရသည်ဟုဆိုလျှင် လူတို့သည် မလွတ်လပ်နိုင်သော ပြောင်းပြန်ဆိုရလျှင် တစ်ဦးချင်း အလေ့အကျင့်နှင့် ပတ်သက်သော တရားများရော၊ လူမှုဖြစ်ပေါ် တိုးတက်မှုဆိုင်ရာ တရားများရော မရှိသာလျှင် လူတို့၏ လွတ်လပ်မှုသည် တည်ရှိနိုင်သည်ဟု သူတို့က ယူဆခဲ့ကြ၏။ စက်မှုအလုပ်သမား လူတန်းစား သဘောတရားရေး ဆရာများသည်သာလျှင် လွတ်လပ်ရေး၏ အဓိပ္ပာယ်ကို ဝိဇ္ဇာနည်းကျကျ ခံယူနိုင်ကာ လွတ်လပ်ရေးနှင့် လိုအပ်မှု *(မရှောင်မလွှဲသာ ဖြစ်ရမည်ဆိုသော တရား)* တို့၏ ဆက် သွယ်မှုတို့ ဖြေရှင်းနိုင်ပေသည်။ ဤကဲ့သို့ ဖြေရှင်းနိုင်ခြင်းမှာ အခြားကြောင့်မဟုတ်၊ ဤလူတန်းစားသည် ရာဇဝင်၌ပထမဦးဆုံး ထူးခြားသည့်အနေအထားတွင် ရှိနေ၏။ ဤလူတန်းစားသည် လူမှုဆိုင်ရာ လှုပ်ရှားမှုတရားများကို သိရှိပြီး၊ သူ၏ အနာဂတ် ၎င်းနှင့်တစ်ပါတည်း လူသားတစ်ရပ်လုံး၏ အနာဂတ်ကို လွတ်လပ်စွာ အစီအစဉ် ချရန် အနေအထားတွင် ရှိနေ၏။

ဤပြဿနာနှင့် ပတ်သက်၍ စိတ်ဝါဒသမားများ ဖြေရှင်းပုံမှာ ဖန်ဆင်းသော ဘုရားသခင်က လူတို့ကို လွတ်လပ်သော စိတ်ပေးထား၏။ ဤစိတ်က မည်သည့်အရာကိုမဆို သဘာဝ အကြောင်းတရားများ ပတ်ဝန်းကျင် အကြောင်းတရားများ နှင့် ကင်းလွတ်စွာ အဆုံးအဖြတ်ပေး၏။ ဂျူဝီကဲ့သို့သော ပရက်မက်တစ်ဝါဒသမားများက မူကား၊ သဘာဝ သို့မဟုတ် လူ့အဖွဲ့အစည်းအတွင်း၌ မလွှဲမရှောင်သာဖြစ်ရမည်ဆိုသော တရားမရှိဟု ဆိုခြင်းအားဖြင့် အထက်က စိတ်ဝါဒသမားများနှင့် တူညီသော အဖြေကို ရရှိခဲ့ကြလေသည်။

အခြားဘက်က ဆက်ဆံသော ရုပ်ဝါဒသမားများသည် စိတ်ဝါဒအယူများကို ဆန့်ကျင်ခဲ့ကြ၏။ သို့ရာတွင် လူတို့၏ စိတ်ဝါဒဆန်သော နည်းလမ်းများကြောင့် လူတို့၏ လွတ်လပ်ရေးကို အဓိပ္ပာယ် အမှန်အတိုင်း နားမလည်ခဲ့ကြပေ။ သူတို့သည် လွတ်လပ်ရေးနှင့် မရှောင်မလွှဲသာသော တရားတို့၏ ဆက်သွယ်မှုကို နားမလည်သည့်အတွက် လွတ်လပ်ရေးသည် လုံးလုံးမဖြစ်နိုင်ဟု ငြင်းဆိုခဲ့ကြလေသည်။

သူတို့အားလုံး မည်သူမျှ တကယ့်အစစ်အမှန် ပြဿနာများကို မဆုပ်ကိုင်နိုင်ခဲ့ကြပေ။ အဘယ်ကြောင့်ဆိုသော သူတို့အားလုံး တစ်ဦးချင်းဆန်သော၊ အကောင်အထည်မဲ့သော၊ ရာဇဝင်နှင့် မဆက်စပ်သောနည်းကို အသုံးပြုခဲ့ကြသောကြောင့်ဖြစ်၏။ သူတို့သည် လူပုဂ္ဂိုလ်တစ်ဦးချင်းကို သူတို့ အပေါင်းအသင်းများနှင့် ခွဲပစ်လိုက်ပြီး သီးခြားလူပုဂ္ဂိုလ်များအတွက် လွတ်လပ်ရေးကို ရှာရန် ကြိုးစားခဲ့ကြ၏။ သူတို့သည် လူပုဂ္ဂိုလ်၏ ဘေးပတ်ဝန်းကျင်နှင့် ဆက်စပ်မှုမရှိဘဲ စိတ်ဆန္ဒအတွင်း လွတ်လပ်ရေးကို

ရှာခဲ့ကြ၏။ သူတို့သည် လူတို့၏ ကုန်ထုတ်လုပ်မှုတွင် လူနှင့်သဘာဝဆက်ဆံမှု၊ လူလူချင်းဆက်ဆံမှုတည်းဟူသော လူမှုဖြစ်စဉ်နှင့် မဆိုင်သော နယ်အတွင်း၌ လွတ်လပ်ရေးကို ရှာခဲ့ကြ၏။ သူတို့သည် လွတ်လပ်ရေးကို လူ့ရာဇဝင်၏ တကယ့်ဖြစ်အတွင်း၌ မရှာဘဲ အသေဖြစ်သော အခြေအနေအတွင်း၌ ရှာခဲ့ကြလေသည်။

သွေးစုပ်နေသော လူတန်းစား၏ အယူဝါဒရေးဆရာတို့အဖို့ အခွင့်အလမ်း အသာဆုံးသော အခြေအနေများ အောက်မှာပင် အကျုံးဝင်နေသည့် တကယ့် ပြဿနာများကို လုံးဝဆုပ်ကိုင်ရန် မဖြစ်နိုင်ခဲ့ပေ။ *အီပစ်ကြူးရပ်စ်၊ ဖရန့်ဘေကွန်၊ စပင်နိုဇာ၊ ဒိုင်ဒီရော့နှင့် ဟီလ်ဂဲတို့သည်ပင်* အချို့အဖြေများမှန်ခဲ့သော်လည်း ပြဿနာများတို့ အပြည့်အစုံကား မဆုပ်နိုင်မိခဲ့ပေ။ သူတို့သည် ပြဿနာကို မှန်ကန်စွာ မမြင်နိုင်ခဲ့ကြ။ အဘယ်ကြောင့်ဆိုသော် ဤကဲ့သို့ မြင်ရန်မှာ စုပေါင်း လူသားတို့က မိမိတို့၏ ဘဝလိုအပ်ချက်များအားလုံးကို စည်းစည်းလုံးလုံးနှင့်တိုးတက်နိုင်နင်းအောင် လုပ်ဆောင်နေကြမှုကို မြင်ရန်လိုပေသည်။ စိတ်ဝါဒသမားများ၏ 'လွတ်လပ်သောစိတ်'ဆိုသော ဝါဒနှင့် ဆက်ဆံသော ရုပ်ဝါဒသမားများ၏ မရှောင်မလွှဲသာဖြစ်ရမည်ဆိုသော (ဝါ) ပြေးမလွတ်ဝါဒနှစ်ခုတို့သည် လူ့ဘဝနှင့် ပတ်သက်၍ လည်းကောင်း၊ လူ့ဘဝနှင့် သဘာဝတို့၏ ဆက်ဆံရေးနှင့် ပတ်သက်၍လည်းကောင်း၊ မှားယွင်းစွာ ခံယူမှု၏ အစွန်းနှစ်ဖက်ဖြစ်၏။ 'လွတ်လပ်သော စိတ်'ဆိုသော ဝါဒအရ၊ ဘာမဆို စိတ်က ရွေးချယ်မှုသာလျှင် ဖြစ်နိုင်၏။ ပြေးမလွတ်ဝါဒအရမူ ကျွန်ုပ်တို့သည် အခြေအနေများ၏ ကြိုတင်ဖန်တီးမှုကို ရှောင်၍မရ၊ ပြောင်း၍မရနိုင်ပေ။ ဟူမ်းဝါဒသမားများကား ဤမဖြစ်နိုင်သော အစွန်းနှစ်ခုအကြား၌ ယိမ်း၍နေကြပေသည်။

နှစ်ဖက်စလုံးမည်သူမှ အကျုံးဝင်နေသော တကယ့်ပြဿနာကို မဆုပ်ကိုင်မိကြပေ။ လူသားတို့သည် ဤကမ္ဘာမြေပေါ်တွင် ၎င်းတို့နေထိုင်ကြခြင်းကြောင့် ဖြစ်ပေါ်နေသော အကန့်အသတ်များအတွင်း၌ မိမိတို့၏ ကံကြမ္မာကို မိမိတို့စုပေါင်း၍ ဖန်တီးနိုင်ပါသလော၊ ဖန်တီးနိုင်သည်ဟူ၍ မာ့က်စ်ဝါဒက အခိုင်အမာ ဆိုကာ မည်သို့ဖန်တီးကြသည်ကို သဘောတရားရေးအရပြလျက် ဖန်တီးရန် ကြိုးပမ်းရာတွင် လက်တွေ့လမ်းညွှန်မှုကို ပေးပေသည်။ အိန်ဂျယ်က ဤသို့ဖော်ပြခဲ့၏။

*(လွတ်လပ်ရေးသည် သဘာဝတရားများနှင့် သီးခြားကင်းလွတ်သည့် အိပ်မက်ပေတည်။ ဤတရားများကို သိခြင်းဖြစ်၏။ ဤသို့သိပြီးလျှင် တိကျသော ရည်ရွယ်ချက်များအရ၊ ဤတရားများကို စနစ်တကျအလုပ်လုပ်နိုင်းဖြစ်၏။ ထို့ကြောင့် လွတ်လာပ် ရေးသည် ကျွန်ုပ်တို့ကိုယ်ဝိုင်လည်းကောင်း၊ အပြင်သဘာဝကိုလည်းကောင်း၊ ချုပ်ကိုင် ခြင်းဖြစ်၏။ ဤသို့ ချုပ်ကိုင်ခြင်းကို သဘာဝ၏ လိုအပ်မှုတရားကို သိခြင်းအပေါ်တွင် အခြေခံထား၏။ ထို့ကြောင့် လွတ်လပ်ရေးသည် မလွှဲမရှောင်သာဘဲ*

*ရာဇဝင် ဖြစ်ပေါ်မှု၏ ထုတ်လုပ်ချက်တစ်ခု ဖြစ်ပေသည်။)*

မာ့က်စ်ဝါဒ၏ ခွဲမရသော အစိတ်အပိုင်းတစ်ခုမှာ အလုပ်သမားလူတန်းစားနှင့် အဖိနှိပ်ခံလူသားများအားလုံး"လိုအပ်မှုနယ်မှနေ၍ လွတ်လပ်ရေး နယ်သို့" ဝင်ရောက်လာနိုင်သည့် နည်းလမ်းများနှင့် ဖြစ်စဉ်များကို လေ့လာခြင်းဖြစ်၏။

ယနေ့နှစ်ဆယ်ရာစုနှစ်၏ အလယ်ပိုင်း လူသားတစ်ရပ်လုံး၏ သုံးပုံတပုံက ဆိုရှယ်လစ် လမ်းပေါ်တွင် နိုင်ငံမြဲစွာ ရောက်နေသည့်အခါ *ဗမာပြည်က ဆိုရှယ်လစ် ပန်းတိုင်သို့ ချီတက်မည်ဟု ကြေညာထားသည့်အခါ* အရင်းရှင်နှင့် ကိုလိုနီတိုင်းပြည်များရှိ သန်းပေါင်းများစွာသော လူတို့က ဆင်းရဲခြင်းမှ လွတ်ကင်းအောင် ထွက်ရပ်လမ်းရှာနေကြသည့်အခါ၊ ဤလွတ်လပ်ရေးပြဿနာသည် သဘောတရားရေးပြဿနာ ဖြစ်လာပေသည်။ ဤရာစုနှစ်ကား လူသားတို့၏ ရာဇဝင်မတိုင်မီခေတ်မှ ရာဇဝင်ခေတ်သို့ ကူးပြောင်းသည့် ရာစုနှစ်ဖြစ်၏။ ဤရာဇဝင်ခေတ် အတွင်း၌ ကမ္ဘာ့လူအပေါင်းတို့သည် မိမိတို့ရာဇဝင်ကို မိမိတို့ ဘာသာရေးဆွဲပြဋ္ဌာန်းကြလိမ့်မည်ဖြစ်သည်။

သို့သော်လည်း "*ဒါက ကျင့်ဝတ်တရားတွေနဲ့ ဘာဆိုင်သလဲ*"ဟူ၍ ရိုးအ. သူအနေနှင့်မေးပေမည်။ အဖြေမှာ လူတို့၏ ဘဝကောင်းစားရေးအတွက် ရှာဖွေသော သဘောတရားအနေနှင့် ကျင့်ဝတ်တရားများနှင့် အဘက်ဘက်က ဆိုင်သည်ဟူ၍ဖြစ်၏။ လူတို့သည် ကျေးကျွန်ခေတ်မှစ၍ ပင်ပန်းဆင်းရဲစွာ အလုပ်လုပ်ခဲ့ရခြင်း၊ သွေးစုပ်ခံခဲ့ကြရခြင်း အဖြစ်မှနေ၍ ယခုအခါ မိမိတို့အလုပ်၏ အသီးအပွင့်များကို လူအားလုံး ခံစားနိုင်ရန်အတွက် ကမ္ဘာမြေကြီးကို ဥယျာဉ်ကြီးအဖြစ် ဖန်တီးပစ်ရန် အလို့ငှာ ခေတ်အဆက်ဆက်မှ အတော်ဆုံးသော အတွေးအခေါ်သမားများ၏ အကြီးအကျယ်ဆုံးသော စာရိတ္တဆိုင်ရာ စိတ်ကူးများကို သေးသိမ်၍သွားစေလေပြီ၊ စက်မှုအလုပ်သမား လူတန်းစားသည်သာလျှင် ဤသို့သော အမြင်ကို ရရှိနိုင်၍ ဤအမြင်ကို အကောင်အထည်ဖြစ်လာအောင် ပြုလုပ်ရန်အတွက် ခေါင်းဆောင်မှုပေးနိုင်ပေသည်။ ခေတ်သစ်အလုပ်သမားလူတန်းစား၏ သဝေဘာတရားရေးနှင့် နိုင်ငံခေါင်းဆောင်များသည် သာလျှင် လူ့ကျင့်ဝတ်များကို လူနည်းစုကောင်းစားရေး မျှော်မှန်းချက်အဖြစ်မှ ဤကမ္ဘာမြေပေါ်ရှိ မိန်းမယောက်ျား၊ ကလေးသူငယ်များအားလုံးအတွက် ပိုမိုတိုးတက်ကောင်းမွန်သွားသော ဘဝကို ထူထောင်ရန် လုပ်ငန်းစဉ်တစ်ရပ်အဖြစ်သို့ ပြောင်းပစ်နိုင်ပေသတည်း။

⚒ ⚒ ⚒